ထိုင်းနိုင်ငံ မဟာစုဠာလင်္ကရဏ
ရာဇဝိဇ္ဇာလယ တက္ကသိုလ်မှ ပါရဂူဘွဲ့ရ
[illegible]

# အရှင်သုမင်္ဂလာလင်္ကာရ (Ph.D.)

၏

# မြေမြှုတ်မဟာ တရားမြှုတ်ဒေသနာ

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၂ ခရစ် ၂၀၁၀

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ ၊ အဘိဓမ္မပါဠိပါရဂူ

ပရိယတ္တိသာသနာလင်္ကာရအကျော်

# အရှင်သုမင်္ဂလာလင်္ကာရ (Ph.D.)

၏

## ''မြေမြွက်မဟာ တရားမြွက်ဒေသနာ''

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄ ခရစ် ၂၀၀၃

ဘာသာရေးစာမူခွင့်ပြုချက်အမှတ်   ၁၃၆/၂၀၀၃ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၁၃၂/၂၀၀၃ (၂)

ထုတ်ဝေသူ   အရှင်သုမင်္ဂလာလင်္ကာရ (Ph.D)
ပဓာနနာယကဆရာတော်
တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်   ဦးအုန်းဇော် (ယာယီ-၁၉၆၁)
အတွင်းပုံနှိပ်သူ   နဝရတ်ပုံနှိပ်တိုက်
အမှတ် (၁၈)၊ သင်္ဂဟာလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ   အရှင်ပညာသာမိ (တိပိဋကဓရ)

၁၃၆၅-ခုနှစ်၊ ကဆုန်လဆန်း (၁၀) ရက်
မွေ့ဒါနေ့
ပထမအကြိမ်၊ အုပ်ရေ-၈၀၀၀

# " မာတိကာ "


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | မြေမြှုပ်မဟာ တရားမြှုပ်ဒေသနာ | - - - | ၁ |
| ၂။ | ပဋိစိတ်တာ | - - - | ၅ |
| ၃။ | ဝိရှုရှန်တိကျောင်း | - - - | ၁၃ |
| ၄။ | ဝိရှုရှန်တိဝိဟာရကြိုဆိုပွဲ | - - - | ၁၄ |
| ၅။ | ချမ်းသာလေးမျိုး | - - - | ၁၅ |
| ၆။ | ဘုရားဖူးခြင်း | - - - | ၁၉ |
| ၇။ | ဒေါ်ဓမ္မဝတီ၏ကျောင်း | - - - | ၂၀ |
| ၈။ | သာသနာ့ဂုဏ်ရည်တရားတော် | - - - | ၂၀ |
| ၉။ | ရွှေပန်းတိမ်သည်သား ရဟန်းဝေယံဝဏ္ဏ | - - - | ၂၃ |
| ၁၀။ | မဟာမောရဇာတ်တော် | - - - | ၂၆ |
| ၁၁။ | ဒုလ္လဘတရားတော် | - - - | ၄၁ |
| ၁၂။ | နိယတဗျာဒိတ်ပန် | - - - | ၄၂ |
| ၁၃။ | လေးအသချေနှင့် ကမ္ဘာတစ်သိန်း | - - - | ၄၄ |
| ၁၄။ | လေးအသချေ | - - - | ၄၅ |
| ၁၅။ | ပါရမီ | - - - | ၄၈ |
| ၁၆။ | ပါရမီဆယ်ပါး | - - - | ၄၈ |
| ၁၇။ | ဥပေက္ခာပါရမီဖြစ်ပုံ | - - - | ၄၉ |
| ၁၈။ | ပါရမီဖြည့်ပုံ | - - - | ၅၀ |
| ၁၉။ | အကြောင်းအင်္ဂါလေးမျိုး | - - - | ၅၁ |
| ၂၀။ | ဝိရှုရှန်တိဝိဟာရ ကထိန်အလှူတော် | - - - | ၆၉ |

၂၁။ ကထိန်အနုမောဒနာ --- ၇၁
၂၂။ ပါတန်တရားပွဲ (Nagbahal in Patan)-- ၉၁
၂၃။ သုတော်ကောင်းလက္ခဏာတရားတော် --- ၉၂
၂၄။ သုမင်္ဂလဝိဟာရကထိန်အလှူတော် --- ၁၀၅
၂၅။ တော်ဝင် နီပေါလ် အကယ်ဒမီ တရားပွဲ
(Royal Nepal Academy) --- ၁၀၇
၂၆။ ဒုလ္လဘာလေးပါး တရားတော် --- ၁၁၁
၂၇။ ဒုက္ခာဗဟာဒုရ် --- ၁၂၆
၂၈။ လုမ္ဗိနီနှင့် ကပိလဝတ္ထု --- ၁၂၆
၂၉။ အနုမောဒနာတရားတော် --- ၁၃၁
၃၀။ လုမ္ဗိနီ ခရီးတာယ် --- ၁၃၄
၃၁။ ကဋ္ဌမဏ္ဍူမြို့သို့ အပြန် --- ၁၃၄
၃၂။ တရားစကား မြွက်ကြား --- ၁၃၆
၃၃။ သြဝါဒတရားတော် --- ၁၃၇
၃၄။ နှုတ်ဆက်ပွဲ --- ၁၄၀
၃၅။ သပ္ပုရိသဘူမိတရားတော် --- ၁၄၁
၃၆။ အရှင်ဥပဒေသာနုမထေရ် --- ၁၄၆
၃၇။ သုဘဒ္ဒရဟန်းကြီး --- ၁၅၀
၃၈။ စိတ်ဝင်စားဖွယ်ရာ မေးခွန်းများ --- ၁၅၂
၃၉။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌
ကထိန်အလှူတော် --- ၁၆၁
၄၀။ အမိမြန်မာ ပြန်အလာ --- ၁၆၃
၄၁။ နိဂုံးနှင့် ပတ္ထနာ --- ၁၆၅

ရန်ကုန်မြို့ + ကမ္ဘာအေး

**တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏**

ဦးစီးပဓာနနာယက ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ ၊ အဘိဓမ္မပါဠိပါရဂူ

ပရိယတ္တိသာသနာလင်္ကာရအကျော်

**အရှင်သုမင်္ဂလာလင်္ကာရ (Ph.D.)၏**

**ထေရုပ္ပတ္တိအကျဉ်းချုပ်**

✿ ✿ ✿

၁။ တိပိဋကဓရဆရာတော် အရှင်သုမင်္ဂလာလင်္ကာရသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ကျေးရွာ၊ ခမည်းတော် ဦးအောင်+ မယ်တော်ဒေါ်ခင်ကြည်–တို့မှ ၁၃၀၈–ခုနှစ်၊ ကဆုန်လဆန်း ၁၀–ရက်၊(၁၀–၅–၄၆) သောကြာနေ့တွင် ဖွားသန့်စင်သော ဒုတိယမြောက် သားရတနာ ဖြစ်ပါသည်။

၂။ ၁၃၂၀–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁–ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ကျေးရွာ၊ ရွှေစည်းခုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ–ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်၊ ဘွဲ့တော်မှာ **"ရှင်သုမင်္ဂလ"** ဖြစ်ပါသည်။

၃။ ၁၃၂၈–ခုနှစ်၊ ဝါဆိုလဆန်း ၉–ရက်နေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ မဟာဓေတီကျောင်းတိုက်၊ ဓမ္မသိမ်တော်၌ ဘာသာဋီကာကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနကာဘိဝံသ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ရွှေမာလာ (ပထမကျော်+ဓမ္မာစရိယ)၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကမ္မဝါစာဆရာတော်အဖြစ် ချီးမြှင့်မှုဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၄။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး ဝဏ္ဏဝါစက မူလတန်း။ သာမဏေ သကျသီဟအဆင့်မှ အစိုးရပါဠိ ပထမပြန် အတန်းစုံကို ဂုဏ်ထူးများဖြင့်ချည်း အောင်မြင် ခဲ့ပါသည်။

၅။ ၁၃၂၇–ခုနှစ်တွင် ပရိယတ္တိသာသနာလင်္ကာရစာအကျော်ဘွဲ့၊ ၁၃၂၈–ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ၁၃၃၁–ခုနှစ်တွင် သာသနဓဇဓမ္မာစရိယ အဘိဓမ္မပါဠိပါရဂူဘွဲ့တို့ကို ရရှိခဲ့ပါသည်။

၆။ ၁၃၃၀–ခုနှစ်မှစ၍ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုရာ အပိုင်းလေးပိုင်းလုံး အာဂုံ/ရေးဖြေ တွဲလျက်ချည်း အောင်မြင်၍ တိပိဋကဓရစာမေးပွဲ အစအဆုံး ပထမ နေရာမှချည်း အောင်စာရင်းကြေညာ ခြင်းခံခဲ့ရပါသည်၊ ဝိနယဓရ ဝိနယကောဝိဒ၊ အဘိဓမ္မိက၊ အဘိဓမ္မကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တော်များကို ၁၃၃၅–ခုနှစ်၊ သက်တော် ၂၇–နှစ်တွင် အစုံအလင် ရရှိခဲ့ပါသည်။ သက်တော် ၂၂–နှစ်အရွယ်မှစ၍ လစဉ်

ဆွမ်းဆန်တော်များနှင့် မိရေတာ၊ မိသေဘော် အထက်တန်း အစလွှတ် ခရီးသွားလာခွင့် လက်မှတ်များကို လည်းကောင်း၊ ၂၇-နှစ်အရွယ်မှစတင်၍ မိရေတာ၊ မိသေဘော်၊ လေယာဉ်ပျံ အခလွှတ်ခရီးသွား၊ လာခွင့် လက်မှတ်များကိုလည်းကောင်း နိုင်ငံတော် အစိုးရမှ လှူဒါန်းသည်ကို လက်ခံရရှိခဲ့ပါသည်။

၇။ ၁၃၅၁-ခုနှစ်၊ သက်တော် ၅၃-နှစ်အရွယ်တွင် "**အဂ္ဂမဟာ ပဏ္ဍိတ**" ဘွဲ့တော်ကို ရရှိခဲ့ပါသည်။

၈။ ၁၃၆၀-ခုနှစ်၌ "**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက**" ဘွဲ့တော်ကြီးကို ရရှိခဲ့ပါသည်၊ ၎င်းနှစ်၌ပင် "ဗုဒ္ဓစာပေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူ (Ph.D.) ဒေါက်တာဘွဲ့"ကိုလည်း ရရှိခဲ့ပါသည်။

၉။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၊ စစ်ကိုင်း တောင်ရေဦး တိုက်ဝါကြီး၊ ဗဟန်းမဟာဝိသုဒ္ဓါရုံကျောင်း တိုက်ကြီးတို့၌ သက်တော် ၁၇-နှစ်မှစ၍ မိမိအတွက် စာမေးပွဲများ ဖြေဆိုရန်ကြိုးစားဝင် တစ်နေ့လျှင် အနည်းဆုံး တနှစ်ဝါ ပို့ချခဲ့ပါသည်၊ သက်တော် ၂၈-နှစ်အရွယ်မှစ၍ ကမ္ဘာအေး "**တိပိဋကမဟာ ဂန္ဓာရုံကျောင်းတိုက် ကြီး**"ကို နောက်ပါတပည့် လေးပါးမျှဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုအခါ သံဃာတော် ၄၀၀-ခန့် သီတင်း သုံးရာ အောင်မြင်သော ကျောင်းတိုက်ကြီး ဖြစ်နေပါပြီ။

၁၀။ တိပိဋကဓရဆရာတော် အရှင်သုမင်္ဂလာလင်္ကာရသည်---

(က) သီလက္ခန်ဋီကာသစ် ကောက်နုတ်ရှင်းလင်းချက်၊

(ခ) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်းချက် (ပထမတွဲ)

(ဂ) ဝိနည်းဋီကာ ကောက်နုတ်ရှင်လင်းချက် (ဒုတိယတွဲ)

(ဃ) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်းချက်
(ဒုတိယတွဲ- ပထမပိုင်း)

(င) ဝိနည်းဋီကာ ကောက်နုတ်ရှင်းလင်းချက်
(ဒုတိယတွဲ-ဒုတိယပိုင်း)

(စ) ခြေဝါဒကထာ၊

(ဆ) တိပိဋက၊

(ဇ) ရာပြည့်သဘင်မဟာ မေ့မှုစာ

(ဈ) သုတ်မဟာဝါဋီကာ ပို့ချစဉ်ရှင်းလင်းချက် (ပထမတွဲ)

(ည) သုတ်မဟာဝါဋီကာ ပို့ချစဉ်ရှင်းလင်းချက် (ဒုတိယတွဲ)

(ဋ) ပါထိကဝဂ္ဂဋီကာ ပို့ချစဉ်ရှင်းလင်းချက် (ပထမတွဲ)

(ဌ) ပါထိကဝဂ္ဂဋီကာ ပို့ချစဉ်ရှင်းလင်းချက် (ဒုတိယတွဲ)

(ဍ) မြေမြှုပ်မဟာ တရားမြွက်ဒေသနာ-စသော ကျမ်းစာများ
ကိုလည်း ရေးသား ပြုစုခဲ့ပါသည်။

၁၁။ ယခုအခါ တိပိဋကဓရဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ
သည်---

(က) ရန်ကုန်မြို့ ကမ္ဘာအေး၊ တိပိဋကမဟာဂန္ဓာရုံကျောင်း
တိုက်ကြီး၌ စာပေပို့ချခြင်း၊ စာပေရေးသား ခြင်းစသော
သာသနာ့တာဝန်များကို ထမ်းဆောင်ကာ သီတင်းသုံးလျက်
ရှိပါသည်။

(ခ) မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာနှင့်မှော်ဘီမြို့
စသည်တို့၌လည်း တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်
ခွဲများ ထူထောင်၍ သာသနာ ပြုလျက်ရှိပါသည်။

## "ဓမ္မမြတ်မဟာ တရားမြတ်ဓနသနှာ"

## အခြေခံနိဒါန်း

မြတ်စွာဘုရား၏ ဖွားရာဇာတိမြေဖြစ်သော နီပေါလ်နိုင်ငံသို့ ရောက်ရှိစဉ်အတွင်းမှာ မိမိကိုပင့်ဖိတ်သူများတွင် ပဓာနတာဝန်ခံ ဖြစ်သော နီပေါလ်နိုင်ငံ ကတ္တမန္ဒူမြို့ ဝိရှုရှန်တိဝိဟာရ ပဓာနနာယက ဆရာတော် အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, M.A)၏ ကြိုတင်စီစဉ်ချက်အရ အကြိမ်ပေါင်းများစွာ တရားဟောခဲ့ရပါသည်၊ တရားပွဲတိုင်းမှာပင် ဘုရားဟောပိဋကမှ ဗုဒ္ဓပါဝစနပါဠိတော်များကို မှတည်ထား၍ ဟောကြားပေးခဲ့ရာ တရားနာယူသူများအထံမှ ကျေနပ်နှစ်သက်ကြကြောင်း လျှောက်ထားသည်ကို များစွာကြားသိရပါသည်။

ကျေးဇူးတော်ရှင် ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယကဘဒ္ဒန္တဇနကာ ကျမ်းပြုအကျော် ဆရာတော်ဘုရားကြီး၏ "**တရားဟောရာမှာ မိမိစိတ်ဝင်စားသည့်အကြောင်းအရာများကို မိမိနားလည်သလို နားလည်ပါစေ ဟူသော စေတနာဖြင့် ဟောပါ**"ဆိုသော ညွှန်ကြားချက်နှင့်အညီ ဟောကြားပေးခဲ့သဖြင့် ပရိသတ်အများ စိတ်ပါဝင်စားနှစ်ခြိုက်ကြသည်ဟု ယူဆပါသည်။

ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးကပင် မိမိအား ငယ်စဉ်က **"ဘုရားဟော ပါဠိတော်ဂါထာတွေကို ကျက်ထားရတယ်၊ ကြီးလာသည့်အခါ ရထားတဲ့ဘုရားဟော ပါဠိတော်ဂါထာတွေကို ရွတ်ဖတ်နေရတာ အလွန် ကြည်နူးစရာကောင်းတယ်"** ဟု မိန့်ကြားခဲ့သောစကားကိုလည်း နီပေါလ်ခရီးစဉ်မှာ အမြဲလိုပင် အမှတ်ရနေခဲ့ပါသည်၊ နီပေါလ်မှာတရားပွဲ အကြီး၊ အသေး များစွာ ဟောပြခဲ့ရာ ဘုရားဟောပါဠိတော် ဂါထာများကို အာဂုံဆောင်တက် ရမထားလျှင် မလွယ်ကူပါ၊ ဘုရားဟောပိဋကပါဠိတော်မပါဘဲ ဟောရလျှင် လေးနက်မှုမရှိဟု ခံယူချက်ရှိသဖြင့် ဘုရားဟောပိဋက အထောက်အထားမပါဘဲ မဟောတတ်ပါ၊ မဟောရဲပါ၊ နီပေါလ်မှာ ကြိုးကြိုးစားစား ဟောကြားခဲ့သော တရားဒေသနာများသည် ဗုဒ္ဓဘာသာများအတွက် အလေးအနက် သိမှတ် လိုက်နာသင့်သော အချက်များဟု ယုံကြည်သဖြင့် **"မြေမြတ်မှာ တရားမြတ်ဒေသနာ"** ဟူသော အမည်ဖြင့် ကျမ်းစာအုပ် တစ်အုပ် ဖြစ်အောင် စီစဉ်ကာ ဓမ္မဒါန ပြုအပ်ပါသည်။

ကျမ်းစာဖြစ်အောင် စီစဉ်ရာ၌ ဟောစဉ်ကနှင့် နေရာတိုင်းမှာ မတူညီတော့ပါ၊ အထောက်အထား ခိုင်လုံအောင် ကျမ်းစာအကိုးအကား ဖော်ပြခြင်း၊ မြန်မာစာဖတ်ပရိသတ်အတွက် သံပေါက်လက်ကလေးများ ဖြည့်စွက်ခြင်း၊ စသည်တို့ဖြင့် တန်ဆာဆင်ကာ ကျမ်းစာဖြစ်အောင် စီစဉ်လိုက်ပါသည်။


ယခင်က ထုတ်ဝေခဲ့သော ကျမ်းစာများနည်းတူ တိုက်အုပ် ဘုန်းကြီး အရှင်ကာဝိဓဇ (မဟာဂန္ထဝါစကပဏ္ဍိတ)၊ တရားဘုန်းကြီး အရှင်

ပညာသာမိ, အရှင်ကာဝိန္ဒာလင်္ကာရ, အရှင်တေဇဝန္တစသော တပည့်များနှင့် ဒကာအုန်းဒေါ် (နဝရတ်ပုံနှိပ်တိုက်၊ နဝရတ်စက္ကူရောင်းဝယ်ရေးနှင့် ဗိတ်တာ ဖြန့်ချိရေး) တို့၏ စေတနာထက်သန်စွာ ဆောင်ရွက်မှု, စာအုပ်၏ နောက်ပိုင်း၌ ဖော်ပြထားသော မိမိ၏ ရဟန်းဒကာ ကျောင်းဒကာစသော မိမိ၏ သာသနာပြုလုပ်ငန်းများတွင် တက်ကြွစွာ အားပေးလှူရှိကြသော ပစ္စည်းလေးပါး ဒကာ, ဒကာမများ၏ ဓမ္မဒါနပြုမှုတို့ကြောင့် "**မြေမြတ်မဟာ တရားမြတ်ဒေသနာ**" ဟူသော ကျမ်းစာလေးသည် တရားတော်ကို ခင်မင်ကြသော သူတော်စင်များ၏ လက်ဝယ်သို့ ရောက်ရှိ နေခြင်းဖြစ်ပါသည်။ "**မြေမြတ်မဟာ တရားမြတ်ဒေသနာ**" ကို ဖတ်ရှုလေ့လာကြသော ပုဂ္ဂိုလ်များသည် သူတော်ကောင်းအဖြစ် ဖြစ်ကြပြီးသကာလ အမြတ်နိဗ္ဗာန်သို့ လွယ်ကူချမ်းသာ လျှင်မြန်စွာ ရောက်ရှိနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပြုအပ်ပါသတည်း။


အရှင်သုမင်္ဂလာလင်္ကာရ(Ph.D.)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ



ဆရာတော်အား နီပေါလ်နိုင်ငံသူ နိုင်ငံသားများ ဖူးမြော်
ကြည်ညိုကြစဉ်




နီပေါလ်နိုင်ငံ၌ တရားဟောနေစဉ်



နီပေါလ်နိုင်ငံ ၊ ဝိရုဠှ ကျောင်းတိုက်ဆရာတော်

ဘဒ္ဒန္တ ဥာဏပုဏ္ဏိက




ဒေါ်ဥပ္ပလာဝဏ္ဏာ (ဒေါ်စိန်)



ရဟန်းမယ်တော်ကြီး ဒေါ်ရူပမာလာ၏ တပည့် ဒေါ်မာဓဝီ၏
ယသော်ဓရာဝိဟာရ




တရုပတ်စေတီတော်
အသောကမင်းကြီး၏ သမီးတော်ကာသိုလ်



လုမ္ဗိနီ - ဗုဒ္ဓဖွားတော်မူရာဌာန




ရဟန်းမယ်တော်ကြီး ဒေါ်ရူပမာလာ (ပဌမကျော်၊ ဓမ္မာစရိယ)
၏
တပည့် ဒေါ်မာဓဝီ၏ ကျောင်းသို့ရောက်စဉ်



ဝိရုဠှကျောင်းတိုက်၊ နှုတ်ဆက်ပွဲ အခမ်းအနား
ဆရာတော် ဘဒ္ဒန္တဉာဏပုဏ္ဏိက ဘာသာပြန်ပေးနေပုံ



ဝိရုဠှကျောင်းတိုက်မုခ်ဦး




ဝိရုဠှကျောင်းတိုက်မှထုတ်ဝေသော စာစောင်ကို
လက်ခံရယူစဉ်



ဝိရုဠှကထိန် အလှူတော်၌ နီပေါလ်နိုင်ငံမြန်မာသံအမတ်ကြီး
ကထိန်သင်္ကန်းကပ်လှူစဉ်



ဝိရုဠှိကျောင်း ကထိန်အလှူတော်၌ ကထိန်အလှူရှင် မလေးရှားအကာ
လှူဒါန်းသော ကထိန်လျာသင်္ကန်းကို အကပ်ခံပုံ



ဝိရုဠှိကျောင်း ကထိန်၌ ဒေါ်အဂ္ဂဉာဏီ (သာသနဓဇ ဓမ္မာစရိယ)
ဘာသာပြန်ပေးနေပုံ



အကယ်ဒမီခန်းမ၌ ဒုတိယဥက္ကဋ္ဌ က ဂုဏ်ပြုလွှာဆက်ကပ်စဉ်



အကယ်ဒမီခန်းမ၌ တရားဟောစဉ် တရားနာပရိသတ်များ



အကာယ်ဒမိခန်းမကြီး၌ အမှတ်တရ



ဘာတာဘူမြို့သို့ တရားဟောရန်အသွား ကြိုဆိုကြခြင်း



ဘာတာဘာဂျုမြို့၌ တရားဟောကြားနေစဉ်




ဘာတာဘာဂျုမြို့ရှိ မြို့သားများ တရားနာယူနေကြစဉ်




ပါတန်မြို့၊ နာဂဘာလ(လ်)၌ တရားဟောကြားနေစဉ်



ပါတန်မြို့၊ နာဂဘာလ(လ်)၌ တရားဟောကြားနေစဉ်
တရားနာပရိသတ်များ



တရုမဟီဒေဝီတော်အား ဖူးမြော်ကြည်ညိုစဉ်



တရုမဟီဒေဝီတော်ဖူးရန်အကြွ ကြိုဆိုကြစဉ်



ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ (ခွဲ) နီပေါလ်၌
ကထိန်အနုမောဒနာ တရားဟောကြားနေစဉ်



ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ (ခွဲ) နီပေါလ် ကထိန်
ဒေါ်မှုဝတီ (သမီးချစ်) ဘာသာပြန်ပေးနေပုံ



ဘုရားအလောင်း တောထွက်တော်မူသည့် အရှေ့မုခ်



လုမ္ဗိနီအနီး မဟာယာနကျောင်း၌ တရားဟောကြားနေစဉ်




သကျသီဟကျောင်း



ပိဋကတော်များကို နီပေါလ် ဘာသာပြန်ဆိုထားသော
ဓမ္မဗဟာဒုရ်၏ စာကြည့်တိုက်



သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူနေကြစဉ်




YEMPINP - ဝိဟာရ ကထိန်





လုမ္ဗိနီသို့အသွား



သိဒ္ဓတ္ထမြို့၊ ဂေါတမလေဆိပ်၌ ကြိုဆိုကြပုံ



နိဂြောဓာရုံကျောင်းတော်



နိဂြောဓာရုံကျောင်းတော်အတွင်း ကျန်ရှိနေသော
အနုပညာလက်ရာများကို ကြည့်ရှုနေပုံ



နဂရကုတ် (ခေါ်) တောင်ပေါ်မြို့၌ တစ်ညတာ တည်းခိုစဉ်



ဘန်ကောက်မြို့တော်၊ မဟာစူဠာလောင်ကွန်း ရာဇဝိဇ္ဇာလယယူနီဗာစီတီ
အသစ်ဆောက်လုပ်ရေးအတွက် ကျင်းပနေသော အခမ်းအနားတွင်
လေ့လာနေစဉ်

...ational Daily ☐ Kathmandu, Thursday, 24 October, 2002 ☐ पृष्ठ संख्या १२ ☐ मूल्य रु. ४।-

# माओवादी 'दृष्टिकोण रिनु उपयुक्त'

# 'राजाले चाहे संविधानसभाप्रति आपत्ति छैन'

## सम्पत्ति जाँचबुझ आयोगमा पूर्वमन्त्री शर्माको बयान



## चन्द सरकार गठनविरुद्धको रिटमा दरपीठ

နီပေါလ်သတင်းစာများ၌ ဖော်ပြထားသော ကတ္တမန္ဒူမြို့
လေဆိပ်မှ ကြိုဆိုစဉ်ပုံ

## “မြေမြတ်မဟာ တရားမြတ်ဒေသနာ”

မိမိသည် နှစ်ထောင်ခုနှစ်၌ အမေရိကန်နိုင်ငံ နယူးယောက်မြို့တော် ကမ္ဘာ့ကုလသမဂ္ဂကြီးဝယ် ကျင်းပအပ်သော နိုင်ငံပေါင်းတစ်ရာကျော်မှဘာသာရေးခေါင်းဆောင်အကြီးအကဲပေါင်းနှစ်ထောင်ခန့်တက်ရောက်သောဘာသာရေးညီလာခံကြီးသို့တက်ရောက်ခွင့်ရခဲ့ခြင်း,ထိုနှစ်၌ပင်ဘန်ကောက်မြို့တော်နခုမ်ပထုမ်,ဗုဒ္ဓမွန်ထုမ်၌ကျင်းပအပ်သော နိုင်ငံပေါင်း တစ်ဆယ့် ရှစ်နိုင်ငံမှ ဗုဒ္ဓဘာသာခေါင်းဆောင်အကြီးအကဲပေါင်းတစ်ထောင်ကျော်တက်ရောက်သောဗုဒ္ဓဘာသာညီလာခံသို့တက်ရောက်ခွင့်ရခဲ့ခြင်း,ဘန်ကောက်မြို့တော်မဟာချူဠာလောင်ကွန်းရာဇဝိဇ္ဇာလယယူနီဗာစီတီမှအပ်နှင်းသောဗုဒ္ဓစာပေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာ (Ph.D.)ဘွဲ့ကိုလက်ခံရန်အတွက် ဘန်ကောက်မြို့တော် နခုမ်ပထုမ် ဗုဒ္ဓမွန်ထုမ်၌ကျင်းပအပ်သောသံဃာတော်နှစ်ထောင်ကျော်တက်ရောက်သောဘွဲ့နှင်းသဘင်သို့တက်ရောက်ခွင့်ရခဲ့ခြင်း,အိန္ဒိယနိုင်ငံမဇ္ဈိမဒေသသို့ဘုရားဖူးသွားရောက်ခဲ့ခြင်းစသည်ဖြင့်ပြည်ပနိုင်ငံများသို့အကြိမ်များစွာသွားရောက်ခဲ့ပါသည်။ပြည်ပခရီးသွားမှတ်တမ်းများမရေးသားခဲ့ဖူးပါ။ရေးသားရန်ကြံစည်စိတ်ကူးမှုပင်မဖြစ်ပေါ်ခဲ့ဖူးပါ။

## (၂) တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏

ချင်းမိုင်မြို့တော်ရာပြည့်ပွဲတော်ကြီးနှင့်ပိဋကတော်များကိုချင်းမိုင် အကၡရာဖြင့်ပြန်ဆိုမှုအောင်ပွဲတော်ကြီးသို့တက်ရောက်စဉ်ကြိုတင်၍ အထူးပြင်ဆင်ကာ တရားဟောပေးခဲ့ရပါသည်၊ ထိုစဉ်ကလည်း မှတ်တမ်းဆရေးသားဖြစ်ခဲ့ပါ၊ပြည်ပသို့ပ၄မဆုံးအကြိမ်သွားရောက် စဉ်က သံဃရာဇာဆရာတော်ဘုရားကြီး ဖရာဝိမလဓမ္မ (အဂ္ဂမဟာ ပဏ္ဍိတ)၏ တိုက်တွန်းချက်အရ ဘန်ကောက်မြို့တော်ရှိ ပညာရှင် ဆရာတော်နှစ်ရာခန့်တို့အားဆကားပြန်မပါ၊ပါဠိဘာသာဖြင့်နာရီဝက် ခန့်ကြာအောင်မိတ်ဆက်စကား ပြောဟောခဲ့ဖူးပါသည်၊ထိုစဉ်က မိမိ၏အသက်သည်လေးဆယ့်သိက္ခာနှစ်ဆယ်မျှသာရှိပါသေးသည်၊ မိမိ၏ ပါဠိဘာသာဖြင့် ဟောပြောပြီးချိန်တွင် ဆရာတော်တစ်ပါးက အမြဲတမ်းပါဠိဘာသာဖြင့်ပြောဟောပါသလား ? စသည်ဖြင့်မေးကြား ခြင်းကို ခံခဲ့ရပါသည်၊ ထိုအကြောင်းအရာများကိုလည်း မှတ်တမ်း မတင်ဖြစ်ခဲ့ပါ။

ယခုနီပေါလ်နိုင်ငံခရီးစဉ်တွင်မှု ထူးထူးခြားခြား မှတ်တမ်းပြုစု လိုစိတ် ဖြစ်ခဲ့ပါသည်၊ နီပေါလ်ခရီးစဉ်တွင် မိမိမှန်းမျှော်သည်ထက် များစွာပိုမို၍တရားဟောခွင့်သာသနာပြုခွင့်ရရှိခဲ့ပါသည်၊မိမိမှန်းမျှော် သည်ထက်များစွာ ပိုမို၍ မိမိအပေါ်မှာလေးစားမြတ်နိုးကြသည်ကို တွေ့ခဲ့ရပါသည်၊မိမိအပေါ်မှာများစွာမြတ်နိုးကြခြင်းသည်ဗုဒ္ဓဘာသာ တကယ်ထွန်းကားရာဖြစ်သောမြန်မာနိုင်ငံမှပိဋကသုံးပုံဆောင်အထူး လေးစားအပ်သောဆရာတော်တစ်ပါးဖြစ်သည်ဟူသော အသိအမြင် ကြောင့်ဖြစ်သည်ဟုယူဆပါသည်၊နီပေါလ်နိုင်ငံသူနိုင်ငံသားအများ၏

သန္တာန်၌ ဗုဒ္ဓ–မြတ်စွာဘုရား၏အပေါ်၌ လေးစားသောစိတ်ဓာတ် ကိန်းဝပ်မှုအားကြီးမားမှုကြောင့်မိမိအားအထူးလေးစားကြီးကျယ် ခမ်းနားစွာ ကြိုဆိုမှု, မိမိဟောအပ်သမျှတရားတော်များကို အထူး လေးစားစွာနာယူမှုပြုကြသည်ဟုယုံကြည်ပါသည်။နီပေါလ်နိုင်ငံဝယ် တရားပွဲကြီးများဟောရချိန်မှာမိမိအလွန်ကြည်နူးခဲ့ခြင်းသည်ဗုဒ္ဓ၏ ဖွားရာမြေရှိ ဗုဒ္ဓ၏ ဆွေမျိုးဆက်များ၏ ရင်းနှီးမှု,လေးစားမှု, တရားတော်ကိုအာရုံစိုက်မှုများကိုမျှော်မှန်းသည်ထက်များစွာပိုမို၍ ရရှိခြင်းကြောင့်ဖြစ်ပါသည်။မိမိရေးသားအပ်သောဤခရီးမှတ်တမ်း ကိုဖတ်ရသူများမှာလည်းမိမိနည်းတူဝမ်းသာမှုပီတိထူးကိုခံစားရ မည်ဟုယူဆပါသဖြင့်“ **မြေမြတ်မဟာတရားမြတ်ဒေသနာ** ”အမည် ဖြင့်နီပေါလ်ခရီးစဉ်မှတ်တမ်းကိုရေးသားပြုစုပါသည်။

နီပေါလ်နိုင်ငံသို့သွားစဉ်အကြောင်းအရာကိုအခြေခံကာရေးသား သဖြင့်ခရီးစဉ်မှတ်တမ်းဟုဆိုအပ်သော်လည်းနီပေါလ်၌ဟောကြား ခဲ့သောတရားဒေသနာများကိုအဓိကထားကာရေးသားပြုစုခြင်းဖြစ်၍ **“မြေမြတ်မဟာ တရားမြတ်ဒေသနာ”** ဟု အမည်သညာပြုလိုက် ပါသည်။နီပေါလ်နိုင်ငံသည်ဘုရားရှင်၏ဖွားတော်မူရာလုမ္ဗိနီမြေပါဝင် ရာနိုင်ငံဖြစ်၍ **“မြေမြတ်မဟာ”**ဟုဂုဏ်ပြုစကားဖြင့်ဆိုအပ်ပါသည်။

မိမိသည်စာပေပို့ချခြင်းအလုပ်ကိုအလွန်မြတ်နိုးသည့်အတွက် ခရီးသွားရန် ဆန္ဒအလွန်နည်းပါးပါသည်၊ နီပေါလ်နိုင်ငံသို့ သွားဖြစ် ခြင်းမှာ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ ဖွားရာဇာတိနိုင်ငံ ဖြစ်သည်ဟူသောအသိနှင့်မြန်မာနိုင်ငံသို့လာရောက်ပညာသင်ကြား၍

(၄) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

ဓမ္မာစရိယဘွဲ့ရသွားကြသော နီပေါလ်နိုင်ငံဇာတိ ဆရာတော်နှင့် သီလရှင်များအပေါ်သာသနာတော်နှင့်စပ်၍မျှော်လင့်ချက်,လေးစား ချက်ကြီးမားမှုများကြောင့်ဖြစ်ပါသည်ပြည်ပနိုင်ငံသားရဟန်းတော် များတွင်နီပေါလ်နိုင်ငံသားဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ,MA)သည်ပဌမဦးဆုံးဓမ္မာစရိယဘွဲ့ကိုဆွတ်ခူး ခဲ့သောရဟန်းတော်ဖြစ်ပါသည်ဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ, MA)သည်မိမိ၏တိပိဋကဓရဘွဲ့ဆွတ်ခူး ရာရန်ကုန်မြို့ဗဟန်းမဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်၌နေထိုင်ပညာ သင်ကြား၍အစိုးရဓမ္မာစရိယဘွဲ့ကိုဆွတ်ခူးခဲ့ပါသည်။

ဆရာတော်အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)စသော နီပေါလ်နိုင်ငံသား အများစုသည် ဗုဒ္ဓဘာသာနှင့်စပ်၍ မြန်မာနိုင်ငံအပေါ်အလွန်လေးလေးစားစားမြတ်နိုးစွာတန်ဖိုးထားကြ ပါသည်မြန်မာနိုင်ငံ၏ကျေးဇူးပြုမှုကြောင့်မိမိတို့၏နီပေါလ်နိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည် ပေါ်ပေါက် စည်ပင်ထွန်းကားလာ သည်ဟုနီပေါလ်ဗုဒ္ဓဘာသာဝင်များကလေးနက်စွာခံယူထားကြသဖြင့် မြန်မာနိုင်ငံအပေါ်အထူးလေးစားကြပါသည်မြန်မာနိုင်ငံမှထင်ရှားသော ဆရာတော်ဘုရားကြီးများကြွရောက်ခြင်းသည်နီပေါလ်နိုင်ငံထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားခြင်း၏ အကြောင်းတစ်ချက် ဖြစ်သည်ဟူသောယုံကြည်ချက်ဖြင့်ဆရာတော်အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)၏သြဝါဒကိုခံယူကာနီပေါလ် နိုင်ငံကတ္တမန္ဒူမြို့ဝိရှုရှန်တီကျောင်းတိုက်၏တာဝန်ခံများကမိမိကို

နီပေါလ်နိုင်ငံသို့ကြွရောက်ရန်ပင့်ဖိတ်၍ခရီးစဉ်အတွက်လိုအပ်ချက်အားလုံးကိုတာဝန်ယူစီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

## <u>ပင့်ဖိတ်စာ</u>

ရက်စွဲ၊ ၂၀၀၂–ခုနှစ်၊ဇွန်လ ၂၂–ရက်

တိပိဋကမဟာဂန္ဓာရုံတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော်

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအရှင်သုမင်္ဂလာလင်္ကာရ (Ph.D.)

တိပိဋကဓရတိပိဋကကောဝိဒ၊အဂ္ဂမဟာပဏ္ဍိတ၊

အဘိဓမ္မပါဠိပါရဂူ၊ဗုဒ္ဓစာပေဆိုင်ရာဂုဏ်ထူးဆောင်ပါရဂူ

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ရန်ကုန်မြို့။

ဆရာတော်အရှင်သူမြတ်ဘုရား၊ဘုရားတပည့်တော်ရှိသေလေးမြတ်စွာစာရေးလျှောက်ထားအပ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့နီပေါလ်နိုင်ငံတွင်ထေရဝါဒသာသနာကိုပြန်လည်စတင်ဖော်ထုတ်ခဲ့သည်မှာနှစ်ပေါင်း(၆၀)ရှိသွားပြီးဆရိယတ္တိ,ပဋိပတ္တိသာသနာတော်တဖြည်းဖြည်းစတင်ထွန်းကားလာပြီဖြစ်ပါသည်ဘုရား။ထိုသို့တဖြည်းဖြည်းပြန်လည်တိုးတက်ထွန်းကားလာရခြင်းမှာမြန်မာနိုင်ငံမှကြွရောက်တော်မူလာကြသည့်ဆရာတော်ဘုရားကြီးများ၏ကျေးဇူးတော်ကြောင့်လည်းကောင်း,မြန်မာနိုင်ငံတွင်ပညာရင်နို့သောက်စို့ခဲ့ပြီးနီပေါလ်နိုင်ငံသို့ပြန်လည်ရောက်ရှိလာကြသည့်

(၆) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

ဆရာတော်ဘုရားများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်လည်းကောင်း ဖြစ်ပါသည်ဘုရား။

ထိုပြင်နိုင်ငံရပ်ခြားဒကာဒကာမများနှင့်ဆက်သွယ်မှုများရရှိလာသည့်အလျောက်စင်္ကာပူ,ယိုးဒယား,မလေးရှားစသည့်နိုင်ငံများမှ ဒကာဒကာမများကလည်းနီပေါလ်နိုင်ငံတွင်ဝါဆိုသင်္ကန်း,ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲများကျင်းပလာကြပါသည်ဘုရား။

ဘုရားတပည့်တော်၏ဝိရှုရှုန်တိပိဋကဓရကျောင်းတိုက်တွင်နှစ်စဉ်ဆိုသလို မလေးရှားနိုင်ငံမှ ဒကာ ဒကာမတို့သည် ကထိန်သင်္ကန်းကပ်လှူပွဲ ကျင်းပလာခဲ့သည်မှာ (၁၀)ကြိမ်မြောက် ရှိပြီဖြစ်ပါသည်ဘုရား။ယခုနှစ်အောက်တိုဘာလ(၂၆)ရက်၊စနေနေ့တွင်မလေးရှားမှ ဒကာဒကာမများကကထိန်သင်္ကန်းကပ်လှူပွဲကျင်းပမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်ဘုရားအနေဖြင့်နီပေါလ်နိုင်ငံသို့ကြွရောက်၍နီပေါလ်ဒကာဒကာမများအားတရားဓမ္မများချီးမြှင့်ပေးတော်မူပါရန်နှင့်ဘုရားတပည့်တော်တို့၏ ဝိရှုရှုန်တိပိဋကဓရကျောင်းတိုက်တွင် ကျင်းပမည့် ကထိန်သင်္ကန်းကပ်လှူပွဲသို့ကြွရောက်ချီးမြှင့်ပေးတော်မူပါရန်ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားနှင့်အတူ ပဉ္စင်းသာမဏေရဟန်းတော်တစ်ပါးပါ ကြွရောက်တော်မူပါရန်အတွက် ဘုရားတပည့်တော်တို့မှ လေယာဉ်လက်မှတ်အပါအဝင်ဗီဇာတင်းသုံးနေထိုင်ရေးကိစ္စအဝဝတို့ကိုတာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်ဘုရား။ဆရာတော်ဘုရားမှနိုင်ငံကူး

လက်မှတ်ကိုစွဲအပါအဝင်ပြည့်ဝင်ဗီဇာကိစ္စရပ်များကိုကြိုတင်ဆောင်ရွက်ထားရှိနိုင်ပါရန်ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားနှင့်တကွ အားလုံး ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်တာဝန်များကို ဆထက်ထမ်းပိုး တိုးတက်ကြီးပွားသန့်ရှင်းတည်တံ့အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုပါသည်ဘုရား။

ရိုသေစွာဖြင့်

(ပရေမလာလ်ခရစ်စ်ဠ)

ဥက္ကဌ

ကျောင်းတိုက်ဒါယကာအဖွဲ့

ဝိရှရှန်တိဝိဟာရ

ကတ္တမန္ဒူးမြို့

Tentative Programme for
venerable Tipitatadhara Dhammabhandagarika
Aggamahapandita Sayadaw
Bhaddanta Sumangalalankar
to visit Nepal from Oet 23rd to n0v 2rd 2002

1. 23rd Oct 2002 (wednesday)-Arrive in Kathmandu Welcome to Vishwa Shanti Vihar
2. 24th Oct 2002 (Thursday)-
   a) Sight seeing in Kathmandu & Patan city.
   b) Rest at nagarkot in the evening.
3. 25th Oct 2002 (Friday)-
   a) Sight seeing at nagarkot.
   b) Sight seeing in Bhaktapur and Dhamma talk in the evening.
4. 26th Oct 2002 (Saturday)-
   a) Kathina ceremony at Vishwa Shanti Vihara in the morning
   b) Dhamma talk at Nagbahal in Patan in the evening

5. 27th Oct 2002 (Sunsday)-
   a) Kathina ceremony at Sumangala Vihara in the morning.
   b) Dhamma talk at Royal Nepal Academy in the evening.
6. 28th Oct 2002 (Monday)- 30th Oct (Wednes day)-Visit to Lumbini &Kapilavastu
7. 31st Oct 2002 (Thursday)-Mountain Flight in the morning;Gathering With Nepalese Sangha and Nun
8. 1st Nov 2002 (Friday)-Farewell ceremony at Vishwa Shanti Vihara in the evening
9. 2nd Nov 2002 (Saturday)-Kathina ceremony at I.B.M.C; Farewell/ Flight back t0 Bangkok & Myanmar.

ဖေါ်ပြပါပင့်ဖိတ်စာအတိုင်း ၁၃၆၄–ခုနှစ်၊ သီတင်းကျွတ်လပြည့် ကျော် ၁–ရက်နေ့(၂၂.၁၀.၂၀၀၂)နေ့ရန်ကုန်မင်္ဂလာဒုံအပြည်ပြည် ဆိုင်ရာလေဆိပ်မှနံနက်၁၀း၃၀–နာရီအချိန်တွင်တီ–ဂျီလေယာဉ် ကြီးဖြင့် ပဋ္ဌာနာမဏ္ဍာ တိုက်ကြပ်နာယကဘုန်းကြီး အရှင်ဉာဏိဿရ, ကပ္ပိယကာရက မောင်ကျော်သူရထွန်းတို့နှင့်အတူ ဘန်ကောက်မြို့ တော်သို့ထွက်ခွာခဲ့ပါသည်၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တိုက်အုပ်နာယကဘုန်းကြီးအရှင်ကဝိဓဇစသောတပည့်သံဃာများ, သာသနာရေးဝန်ကြီးဌာနသာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်, ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး, အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်ဒေါက်တာလှဖေ,ကာကွယ်ရေးဝန်ကြီးဌာနကကလှမ်းမှ ဗိုလ်မှူးမြင့်ဌေး, နီပေါလ်ခရီးစဉ် အတွက် အထူးကူညီကြသော နီပေါလ်နိုင်ငံ, ကတ္တမန္ဒူမြို့ဝိရှရှန်တိဝိဟာရ ပဓာနနာယကဆရာ တော်၏ဒကာ,ဒကာမများဖြစ်ကြသောဦးငွေစန်း+ဒေါ်စန်းနွဲ့(၅–က၊ ကန်ရိပ်သာလမ်း)–စသော ဒကာဒကာမများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြပါသည်။

မိမိတို့စီးလာသော တီ–ဂျီလေယာဉ်ကြီးသည် တစ်နာရီခန့်မျှ ပျံသန်း၍ ဘန်ကောက်မြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသို့ ရောက်သည့်အခါ ဘန်ကောက်လေဆိပ်ကြီးတွင် ဝပ်မဟာဓာတ် ကျောင်းတော်ကြီးအဆောင်နှစ်ဆယ့်ငါးမှာုန်းတော်ကြီးဆရပညာဂုဏ် နှင့် ဒကာများ, မြန်မာ စစ်သံမှူးကြီး ဗိုလ်မှူးကြီးကိုကိုမောင်အမှူး ပြုသောသံရုံးဝန်ထမ်းများကကြိုဆိုကြပါသည်။

မိမိတို့အဖွဲ့သည်မြဘုရားအနီးဆပ်မဟာဓာတ်ကျောင်းတော်ကြီး အဆောင်နှစ်ဆယ့်ငါး၌ပင် ရှေ့အခေါက်များနည်းတူ တစ်ညတာ တည်းခိုပါသည်၊ ဘန်ကောက်၌ တစ်ညတာတည်းခိုသည့် (၂၂.၁၀. ၂၀၀၂)ညနေပိုင်းတွင်ထပ်မဟာဓာတ်ကျောင်းတော်ကြီးအနီးနှင့်ကြီး တစ်ခု၌ကျင်းပနေသောမဟာစူဠာလောင်ကွန်ဆရာဇဝိဇ္ဇာလယယူနီ ဗာစီတီအသစ်တည်ဆောက်ရေးအတွက်အလှူခံဌာနသို့သွားရောက် လေ့လာခဲ့ပါသည်၊ တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အစရှိသော ဆရာတော်,သံဃာတော်များဆက်ကြွစွာအလှူခံဌာနတွင်ဖဆောင်ရွက် ကြပုံ တရားဟောပလ္လင်များပေါ်တွင် ဝေဿန္တရာဇာတ်တော်စသော တရားတော်များကိုမဟောနိုင်မပမ်းနိုင်အားရပါးရဟောနေကြပုံကို တွေ့ရပါသည်၊တရားပွဲများပြီးသည့်အခါပါမောက္ခချုပ်ဆရာတော်၏ အစီအစဉ်ဖြင့် ပြခန်း အသီးသီးသို့သွားရောက်လေ့လာခဲ့ပါသည်၊ ပါမောက္ခချုပ်ဆရာတော်ကိုယ်တိုင်မိမိအတွက်သုံးနာရီခန့်မျှအချိန် ပေး၍ ပို့ဆောင်ကာ ရှင်းလင်းပြသဖြင့် မိမိဘက်မှလည်း စိတ်ပါ ဝင်စားစွာလေ့လာခဲ့ပါသည်၊ကွန်ပျူတာများဖြင့်မှတ်တမ်းပြုထား သည်များနှင့် အသစ်နည်းစနစ် ထွင်ထားသည်များကို တွေ့ရှိခဲ့ရ ပါသည်။

၂၃.၁၀.၂၀၀၂-နေ့ နံနက် ၁၀း၃၀-နာရီတွင် ဘန်ကောက် လေဆိပ်မှတီဂျီလေယာဉ်ကြီးဖြင့်မိမိတို့အဖွဲ့သည်နီပေါလ်နိုင်ငံကာတ္တ မန္ဒူမြို့သို့ခရီးဆက်ခဲ့ပါသည်၊လေယာဉ်ကြီးပေါ်တွင်နေ့ဆွမ်းစားရ သည်မှာအလွန်ကောင်းမွန်ပြည့်စုံပါသည်၊မိုင်ပေါင်း၁၃၆၆-မိုင်

ဝေးကွာသဖြင့်သုံးနာရီခန့်ကြာပါသည်၊ ကတ္တမန္ဒူလေဆိပ်မှ မိမိကို ပင့်ဖိတ်ရာ၌ အဓိကပဓာနဦးဆောင်သူ ကတ္တမန္ဒူမြို့ ဝိရှုရှန်တီ ကျောင်းတိုက်၏ပဓာနနာယကဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ,MA) စသောဆရာတော် သံဃာတော်များ, သီလရှင်ဆရာကြီး ဆရာလေးများ သံအမတ်ကြီး ဦးနေဝင်း စသော မြန်မာ သံရုံးဝန်ထမ်းများ, ဝိရှုရှန်တီကျောင်းတိုက် ဒကာ, ဒကာမများစွာတို့ကကြီးကျယ်သောအနီရောင်ထီးကြီးမိုးကာကြိုဆိုကြပါသည်၊လေဆိပ်မှအထွက်ထီးကြီးမိုးကာကြိုဆိုသည့်ပုံများကို နီပေါလ်နိုင်ငံထုတ်မြင်သံကြားများမှထုတ်လွှင့်ပေးသည်ဟုသိရပါသည်၊ နေ့စဉ်ထုတ်သတင်းစာများ၌ဓာတ်ပုံများနှင့်တကွသတင်းများဖော်ပြသည်ကိုကားမိမိကိုယ်တိုင်ပင်ကြည့်ရှုခဲ့ရပါသည်၊ကားများပေါ်သို့ မတက်ခင်လမ်း၏ဝဲ-ယာမှပန်းများနှင့်ပုဝါစများဆက်ကပ်ကာ ကြိုဆိုကြသူများ အလွန် များပါသည်၊ မိမိတို့တည်းခိုးရာ ဝိရှုရှန်တီ ကျောင်းတိုက်သို့ကားအစီးပေါင်းဆယ်စီးခန့်တန်းစီကာပင့်ဆောင်ကြပါသည်၊ ကျောင်းတိုက် ရောက်ရန် ကိုက်တစ်ရာခန့်အလိုတွင် ကားများအပေါ်မှဆင်းကာကြိုဆိုပွဲအခမ်းအနားတစ်ခုထပ်မံပြုလုပ်ကြသည်ကို တွေ့ရပါသည်၊ ဤအခမ်းအနား၌ သံဃာတော်များ, သီလရှင်များပါများစွာပါဝင်လာပါသည်။အားလုံးပေါင်း၄၀၀ခန့်အထိရှိမည်ဟုထင်ပါသည်၊

## ဝိရှုရှန်တီကျောင်း

ဝိရှုရှန်တီကျောင်းတိုက်သည်ငယ်စဉ်ကမြန်မာနိုင်ငံတွင်ပညာ သင်ကြား၍ဓမ္မာစရိယဘွဲ့နှင့်မြန်မာအစိုးရမှ ဆက်ကပ်သော အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇဟူသော သာသနာပြုဘွဲ့များရရှိထားသော ခေတ်ပညာလည်းတတ်ကျွမ်းသော,အင်္ဂလိပ်ဘာသာစသည်ဖြင့်တရား ဟောနိုင်သော နီပေါလ်ဇာတိ ဆရာတော် အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)၏ကျောင်းတော်ဖြစ်ပါသည်၊ ကျောင်းတော်သည်ကျောင်းဝင်းအပြည့်လေးဘက်ပတ်လည်အလျား နှစ်ဘက်၌ ပေတစ်ရာ, အနံနှစ်ဘက်၌ ပေရှစ်ဆယ်ရှိ သုံးထပ် ဆောက်ထားသောတိုက်ကျောင်းကြီးဖြစ်ပါသည်၊ကျောင်းတိုက်၏ အမြင့်ဆုံးနေရာတွင်သယမ္ဘူစေတီတော်တည်ထားပါသည်၊ကျောင်း တိုက်၏အလယ်ကွက်လပ်တွင်အခမ်းအနားကြီးများကျင်းပသည့်အခါ ပရိသတ်များ ထိုင်လို့အဆင်ပြေအောင် ကွန်ကရီ အကောင်းစား အပြည့်ခင်းထားပါသည်၊လှပသောအရိပ်ရသောသစ်ပင်များအတွက် မြေနေရာများချန်ထားပါသည်၊အလယ်ကွင်းတွင်ပရိသတ်ခုနစ်ရာခန့် ထိုင်လောက်မည်ဟုမှန်းရပါသည်၊ဝိရှုရှန်တီကျောင်းသည်ကျောင်း အဆောက်အဦများ ကောင်းသလို ကျောင်း အသုံးအဆောင်များ, စာအုပ်စာတန်းများ အလွန်ပေါများပါသည်၊ အားလုံးပင် စည်းကမ်း ကျစွာထားသည်ကိုတွေ့ရပါသည်၊ဆရာတော်အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)သည်အရာရာမှာသေသေ

### (၁၄) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

သပ်သပ်ဖြစ်အောင်စီမံတတ်ပါသည်၊ရဟန်း,သာမဏေလေးဆယ်ခန့်လောက်ရှိပါသည်။ရဟန်း,သာမဏေများသည်အနေအထိုင်အချိုးကျ၍ ဝတ္တရား ကျေပွန်ကြပါသည်၊ မိမိတို့အတွက် လိုအပ်ချက်ကို ကူညီမှုပေးရန်အားလုံးပင်အဆင်သင့်ပုံစံဖြင့်နေကြသည်ကိုတွေ့ရပါသည်။မြန်မာနိုင်ငံတွင်ငါးနှစ်ခန့်မျှပညာသင်ကြားခဲ့သောသီလရှင်ဆရာကြီး ဒေါ်ဥပ္ပလဝဏ္ဏာကလည်း ဆရာတော်အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)၏ သာသနာပြုလုပ်ငန်း အောင်မြင်ရေးအတွက်စွမ်းအားရှိသမျှကူညီနေသည်ကိုတွေ့ရပါသည်၊ ဒေါ်ဥပ္ပလဝဏ္ဏာသည်ပင်္ဂနီပေါလ်တွင်မိမိနေထိုင်ခဲ့သောဆယ်ရက်တာ အတွင်းမှာမိမိအတွက်လည်းအချမ်းသာဆုံး,ကျန်းမာရေးနှင့်လည်း အသင့်လျော်ဆုံးဖြစ်အောင် အများဆုံး ဆောင်ရွက်ပေးပါသည်၊ ဆရာကြီးဒေါ်ဂုဏဝတီ,ဆရာကြီးဒေါ်ဓမ္မဝတီ(သမီးချစ်),ဆရာလေး မအဂ္ဂဉာဏီ,မစာရုဉာနီ–စသောဆရာကြီးဆရာလေးများကလည်း မိမိတို့အတွက်အခက်အခဲမရှိအောင်နေ့စဉ်လိုပင်ကူညီဆောင်ရွက် ပေးကြပါသည်။

## ဝိရှုရှန်တီဝိဟာရကြိုဆိုပွဲ

ဝိရှုရှန်တီဝိဟာရသို့ရောက်လျှင်ရောက်ချင်းဘုရားဝတ်ပြုပြီး နောက်ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနားကျင်းပပါသည်၊အခမ်းအနား တွင်ဆရာတော်သံဃာတော်များသီလရှင်ဆရာကြီးဆရာလေးများ သတင်းထောက်များအပါအဝင်ဒကာဒကာမများစွာတက်ရောက်

ကြပါသည်၊ ဝိရှုရှန်တီကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)နှင့်ဝိရှုရှန်တီ ကျောင်းတိုက်ဒါယကာအဖွဲ့ဥက္ကဌတို့ကကြိုဆိုနှုတ်ခွန်းဆက်စကား, ကြွရောက်လာသည့်အတွက် ဝမ်းသာကြည်နူးကြောင်း စကားများ ပြောကြားပြီးနောက်မိမိအားဩဝါဒစကားပြောကြားပါရန်လျှောက် ထားသဖြင့် ချမ်းသာလေးမျိုးဂါထာတော်ဖြင့် ဩဝါဒတရားစကား ပြောကြားခဲ့ပါသည်။

## ချမ်းသာလေးမျိုး

**သုခေါဗုဒ္ဓါနမုပ္ပါဒေါ,သုခါသဒ္ဓမ္မဒေသနာ။**
**သုခါသံဃဿသာမဂ္ဂီ,သမဂ္ဂါနံတပေါသုခေါ။**

ဒီတရားဂါထာကလေးကသဗ္ဗညုတဉာဏ်တော်သခင်ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဂါထာတော်လေး ဖြစ်ပါတယ်။

**သုခေါဗုဒ္ဓါနမုပ္ပါဒေါ-----**

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာကျော်ကျော်က ဒီနီပေါလ်နိုင်ငံနယ်မြေအတွင်းမှာပါဝင်တဲ့ကပိလဝတ္ထုပြည်ရှင်သုဒ္ဓေါ ဒနဘုရင်ကြီးနှင့် မဟာမာယာမိဖုရားကြီးတို့မှ ဖွားသန့်စင်ခဲ့သော သိဒ္ဓတ္ထမင်းသားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ပတ်လုံး ပါရမီတော်များကိုအကြွင်းအကျန်မရှိအောင်အဆက်မပြတ်ရအောင် စွဲစွဲမြဲမြဲဖြည့်ဆည်းတော်မူခဲ့ပြီးဖြစ်လို့တစ်လောကလုံးမှာအတူမရှိ

အမြတ်ဆုံးသော သဗ္ဗညုတဉာဏ်တော်သခင်ဘုရားစင်စစ်အဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်၊ ထိုကဲ့သို့ တစ်လောကလုံးမှာ အတူမရှိ သဗ္ဗညုတဉာဏ်တော်သခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးလောကဌ် ပွင့်ပေါ်တော်မူခြင်းသည် လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ချမ်းသာကြောင်းကောင်းအမှန်ဖြစ်ပါတယ်။

## သုခါသဒ္ဓမ္မဒေသနာ---------

သဗ္ဗညုတဉာဏ်တော်သခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် တရားတော်များကို ဟောကြားတော်မမူဘဲ သမာပတ်ချမ်းသာကိုသာ ခံစားနေတော်မူ မည်ဆိုလျှင်သတ္တဝါတွေမှာစိတ်ကောင်းထားကြသော်လည်းဤကား ကုသိုလ်, ဤကား အကုသိုလ်, ကုသိုလ်ပြုမှ ကောင်းကျိုးရတယ်, အကုသိုလ်ပြုကမကောင်းကျိုးခံရမယ်စသည်ဖြင့်အမှန်မသိကြသဖြင့် အသိမှား,အကျင့်မှားပြီးဆင်းရဲဒုက္ခများခံစားကြရပါမယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးပွင့်ထွန်းပေါ်ပေါက်၍လေးဆယ့် ငါးဝါပတ်လုံးမနေမနားတရားတော်များကိုဟောကြားတော်မူခြင်း ကြောင့်သတ္တဝါတို့မှာကုသိုလ်,အကုသိုလ်ကိုသိကြရ,ကုသိုလ်, အကုသိုလ်တို့၏ဖြစ်ကြောင်းတရားများနှင့်ကုသိုလ်,အကုသိုလ်တို့၏ အကျိုးတရားများကို သိကြရပါတယ်၊ ဤကဲ့သို့ သိကြသဖြင့် အကုသိုလ်များကိုရှောင်ရှားကုသိုလ်တရားများကိုကြိုးစားပွားများ နိုင်ကြပါတယ်အကုသိုလ်များကိုရှောင်ရှားသဖြင့်ယစ္စုပ္ပန်မှာချမ်းသာ ရသလိုသံသရာချမ်းသာ,နိဗ္ဗာန်ချမ်းသာများကိုရရှိခံစားကြရပါတယ်၊

ယခုပြောပြခဲ့သောဘုရားပွင့်တော်မူခြင်းချမ်းသာနှင့်သူတော်ကောင်း တရားဟောကြားခြင်းဆိုတဲ့ချမ်းသာနှစ်မျိုးကိုလွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ခြောက်ရာကျော်အချိန်က နီပေါလ်နယ်မြေမှာ ဖွားမြင် တော်မူခဲ့သော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ ကြိုးစား မှုကြောင့်အားလုံးရရှိခံစားနေကြရပါတယ်။

## သုခါသံဃဿသာမဂ္ဂီ-----

အရာရာမှာညီညွတ်ရေးသည်အရေးကြီးပါတယ်၊မညီညွတ်မှု, ဆန့်ကျင်ဘက်ဖြစ်မှုများသည်အားလုံးအတွက်ဘေးဒုက္ခကိုဖြစ်စေ ပါတယ်ညီညွတ်မှုကတော့ဘေးရန်ကင်းကွာချမ်းသာမှုကိုဖြစ်ပေါ် စေနိုင်ပါတယ်၊ယနေ့အချိန်အခါမှာမိမိတို့တစ်တွေသည်အားလုံး ညီညွတ်မှုရရှိအောင် အမြဲသတိထား၍ ကြိုးစားကြရပါမယ်၊ ယနေ့ ဒီနေရာမှာညီညွတ်ပျော်ရွှင်စွာစုရုံးနေကြသည်ကိုမြင်ရသည်ကပင် ချမ်းသာမှုကိုဖြစ်စေပါတယ်။

## သမဂ္ဂါနံတပေါသုခေါ-----

ညီညွတ်မှုရရှိပြီးတဲ့အခါမှာ အပြစ်ကင်းသောအလုပ်များကို ညီညွတ်စွာကြိုးစားဆောင်ရွက်ကြရပါမယ်၊ညီညွတ်မှုရရှိပြီးနောက် ကြိုးစားမှုမရှိကြလျှင်လည်းချမ်းသာသုခအပြည့်အဝရရှိနိုင်ကြပါဘူး။

ဒီဂါထာတော်လေးမှာပါတဲ့ချမ်းသာလေးမျိုးအနက်ရှေ့ချမ်းသာ နှစ်ပါးကိုဘုရားရှင်ကိုယ်တော်မြတ်ကြီးဆောင်ရွက်ပေးတော်မူခဲ့လို့ အားလုံးရရှိနေကြပါပြီ၊နောက်ချမ်းသာနှစ်ပါးကိုကားမိမိတို့ကြိုးစား

ကြရမည်ဖြစ်ပါတယ်။ယနေ့ဒီနေရာမှာညီညွတ်စွာကြိုးစားကြ,ဘုရား ရှိခိုးကြ,တရားတော်နာကြ,သြဝါဒခံယူကြ,လှူဒါန်းဖွယ်ရာများလှူဒါန်း ကြစသည်ဖြင့် ကုသိုလ်ကောင်းမှုများကို ပြုနေကြခြင်းသည် မိမိတို့ ကြိုးစားရမည့်ချမ်းသာနှစ်မျိုးကိုမိမိတို့တစ်တွေကြိုးစားနေကြခြင်းပါပဲ၊ သို့အတွက်ယနေ့ဒီနေရာနီပေါလ်နိုင်ငံကတ္တမန္ဒူမြို့တော်ဝိရှုရှန်တီ ကျောင်းတော်ကြီးမှာချမ်းသာလေးမျိုးစုံညီစွာရရှိခံစားနေကြပြီလို့ ကြည်နူးကြရပါမယ်၊နောင်အခါများမှာလည်းချမ်းသာလေးမျိုးစုံညီစွာ ခံစားကြရအောင် ဤကဲ့သို့ အမြဲမပြတ် ညီညွတ်စွာ ကြိုးစား ဆောင်ရွက်ကြပါ၊ဤကဲ့သို့ကြိုးစားကြခြင်းဖြင့်ဘုရားရှင်၏သာသနာ တော်ကြီး၏အနှစ်ကေန်ဖြစ်သောမဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရှိခံစားနိုင် ကြပါစေသတည်း။

ဒီတရားပွဲမှာဝိရှုရှန်တီကျောင်းတိုက်၏ပဓာနနာယကဆရာတော် အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)ကိုယ်တိုင် နီပေါလ်ဘာသာပြန်ဆို၍ပေးပါသည်။

ဝိရှုရှန်တီကျောင်းတိုက်သည်အဖက်ဖက်မှဒေါ်စုံအောင်စဉ်းစား ကာဆောက်လုပ်ထားသောကျောင်းဖြစ်၍တည်းခိုရသည်မှာအလွန် အဆင်ပြေပါသည်၊ဘုရားခန်း,ဘုရားဆောင်,ဆရာတော်အဆောင်, အာဂန္တုကဆောင်,ဧည့်ဆောင်,စာသင်ဆောင်,သံဃာဆောင်,ဆွမ်း စားဆောင်, ဆွမ်းချက်ဆောင်, စာကြည့်ဆောင်, ပိဋကတိုက် စသည်အားဖြင့်သူ့အကန့်နှင့်သူခွဲခြားထားသည်မှာအလွန်အချိုးကျ သလိုအလွန်လည်းပြည့်စုံလှပါသည်၊အာဂန္တုကဆောင်မှာပင်

ထေရ်ကြီးဝါကြီးအတွက် သီးသန့်ဆောင်, ပဋ္ဌာနမဏ္ဍာ, ကပ္ပိယ ကာရကဆောင်စသည်ဖြင့်နေရာချထားသည်မှာလည်းအလွန်အဆင် ပြေပါသည်ဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ, MA)၏သာသနာပြုလုပ်ငန်းများတွင်များစွာအထောက်အကူ ပြုနေသောဆရာကြီးဒေါ်ဥပ္ပလဝဏ္ဏာသည်မိမိတို့အတွက်လိုအပ်ချက် များကို မိခင်စိတ်ဖြင့် လိုလေသေးမရှိရအောင် စီစဉ်ပေးပါသည်၊ စားစရာအတွက် မြန်မာပြည်ပြန်ဆရာကြီးဖြစ်၍ မြန်မာအကြောင်း ကောင်းကောင်းသိသဖြင့်အဆင်ပြေအောင်စီစဉ်ပေးနိုင်သလိုအလွန် အေးလှတဲ့ နီပေါလ်ကတ္တမန္ဒူ၏ ရာသီဥတုဒဏ်ကို ခံနိုင်အောင် မိမိတို့အတွက်လိုအပ်သောအနွေးထည်များကိုလည်းပြည့်စုံအောင် စီစဉ်ပေးသဖြင့်မိမိတို့မှာအမိမြေမှာနေရသလိုပင်ချမ်းသာပျော်ရွှင် ခဲ့ပါသည်၊ မိမိ သွားဖူးသမျှ ပြည်ပခရီးစဉ်များတွင် အချမ်းသာဆုံး ခရီးစဉ်ဟုမိမိ၏စိတ်တွင်မှတ်ယူခဲ့ပါသည်။

## ဘုရားဖူးခြင်း

၂၄.၁၀.၂၀၀၂–နံနက်ပိုင်းတွင်ကြိုတင်စီစဉ်ထားသည့်အတိုင်းဆိုရှ ရှန်တီကျောင်းတိုက်မှ မြန်မာစကား ပြောနိုင်သော အရှင်နိဂြောဓ လိုက်ပါ၍ဆိုရှရှန်တီကျောင်းဒကာတစ်ဦးပိုင်ဆိုင်သောကောင်းမွန်သော ကားတစ်စီးဖြင့် နံနက်ပိုင်းတွင် ကတ္တမန္ဒူနှင့် ပါတန်မြို့တို့၌ ထင်ရှားသောမဟာဗုဒ္ဓေါ,သယမ္ဘူ,စာရုမတီစသောဘုရားများကို သွားရောက်ဖူးမျှော်ပါသည်၊မဟာဗုဒ္ဓေါစေတီတော်ကြီးသည်

(၂၀) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏** ညာဏ်တော်ကြီးကျယ်သဖြင့် နီပေါလ်ရွှေတိဂုံဟု တင်စားပြောဆိုကြသည်ဟုကြားသိရပါသည်၊ဘုရားဖူးသူများတွင်မဟာယာနများကပိုမို၍များပါသည်၊သယမ္ဘူစေတီတော်ကားရှေးဟောင်းစေတီဖြစ်၍လည်းကောင်း,တောင်ပေါ်တွင်တည်ရှိ၍လည်းကောင်းဘုရားဖူးသူများ အလွန်စိတ်ဝင်စားကြသဖြင့် သယမ္ဘူစေတီတော်၏ ပုံတူစေတီငယ်များကို ပူဇော်ကြသည်ကို များစွာတွေ့ရပါသည်၊ သယမ္ဘူစေတီတော်၏အနီးမှကြည့်လျှင်ကတ္တမန္ဒူမြို့ကိုအပေါ်စီးမှအားလုံးမြင်ရပါသည်၊ ကထိန်ဒါယကာ ဂျပန်မဟာယာန ဘုန်းကြီး၏ စိတ်အားထက်သန်စွာ ပင့်လျှောက်မှုကြောင့် ဆွမ်းမစားမီပင် ပါတန်မြို့တော် YEMPINPမည်သောကျောင်း၌ကျင်းပသောကထိန်ပွဲတော်သို့ခေတ္တမျှတက်ရောက်အားပေးခဲ့ပါသည်၊သံဃာတော်များနှင့်သီလရှင်များသည်မြို့လုံးကျွတ်နီးပါးကြွရောက်ကြသလိုဒကာဒကာမများလည်း များစွာတက်ရောက်ကြသဖြင့် ကျောင်းဝင်းအပြည့် ဖြစ်နေပါသည်၊ဝိရှရှန်တီကျောင်းသို့ပြန်ရောက်မှနေ့ဆွမ်းစားပါသည်။

## ဒေါ်ဓမ္မဝတီ၏ကျောင်း

၂၄.၁၀.၂၀၀၂–နေ့လည်ပိုင်းတွင်မြန်မာပြည်သို့တောလမ်းခရီးမှသက်စွန့်ကြိုးပမ်းလာရောက်၍ပညာသင်ကြားကာပြည်ပမှပဌမဆုံးဓမ္မာစရိယဘွဲ့ကိုဆွတ်ခူးနိုင်ခဲ့သောမြန်မာပြည်တွင်ဒေါ်သုဓမ္မဝတီဟုထင်ရှားကျော်ကြားသော  ဆရာကြီး ဒေါ်ဓမ္မဝတီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ဓမ္မကိတ္တိကျောင်းတိုက်သို့သွားရောက်ပါသည်၊

သုံးထပ်ကျောင်းကြီးကိုငါးထပ်ဖြစ်အောင်ပြန်လည်ဆောက်လုပ်နေသည်ကို တွေ့ခဲ့ရပါသည်၊ ပြီးကာနီးနေပါပြီ၊ အလှူရှင်တစ်ဦးတည်းက တာဝန်ယူလှူဒါန်း ဆောက်လုပ်ပါသည်၊ နီပေါလ်နိုင်ငံသုံးငွေအားဖြင့် တစ်ကုဋေ ခြောက်သန်း၊ အမေရိကန်ဒေါ်လာအားဖြင့် နှစ်သိန်းကျော်ကုန်ကျမည်ဟုသိခဲ့ရပါသည်။ဆရာတော်အရှင်ဉာဏ ပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)ကိုယ်တိုင်လိုက်ပါပို့ဆောင် အားပေးပါသည်၊ ကျောင်းအဝင်မှ ကြိုဆိုကြသူများပြားပါသည်၊ကြိုဆိုပွဲပြီးနောက်တရားစကားအနည်းငယ်ဟောပေးပါရန် လျှောက်ထားသဖြင့်သာသနာ့ဂုဏ်ရည်တရားကိုဟောကြားခဲ့ပါသည်။

## သာသနာ့ဂုဏ်ရည်တရားတော်

**ဗုဒ္ဓသုဗုဒ္ဓတာလောကေ,ဓမ္မသစသုဓမ္မတာ။**
**သံဃသသုပ္ပဋိပတ္တိ,သောသာသနသမ္ပဒါ။**

ကြည်ညိုကိုးကွယ်အပ်သောသာသနာတော်၏ပြည့်စုံရမည့်အင်္ဂါ သုံးချက်ရှိပါတယ်၊ဒီအင်္ဂါသုံးချက်နှင့်ပြည့်စုံသောသာသနာတော်ကို ကြည်ညိုကိုးကွယ်ဆည်းကပ်မှ ကြည်ညိုကိုးကွယ် ဆည်းကပ်သူများမှာအကျိုးတရားကောင်းစွာရနိုင်ပါတယ်။

**ဗုဒ္ဓသုဗုဒ္ဓတာ**---သာသနာတော်ကို တည်ထောင်တော်မူသော ဘုရားရှင်၏ဘုရားစစ်ဘုရားမှန်ဖြစ်ခြင်း,

**ဓမ္မသဿသုဓမ္မတာ---** သာသနာတော်၏ကျင့်စဉ်တရားတော် ကလည်းကျင့်သလောက်အကျိုးရစေနိုင်မည့်တရားစစ်တရားမှန် ဖြစ်ခြင်း,

**သံဃဿ သုပ္ပဋိပတ္တိ---** သာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်သော သာသနာ့ရှေ့ဆောင် သံဃာတော်များကလည်း ဘုရားရှင်၏ဟောကြားချက်အမိန့်တော်ဥပဒေသများကိုအတိအကျ လေးစားလိုက်နာခြင်းဆိုတဲ့အင်္ဂါသုံးချက်နှင့်ညီညွတ်သောသာသနာ တော်ဖြစ်မှ ကြည်ညိုကိုးကွယ်ဆည်းကပ်သူများမှာ ထိုက်တန်သော အကျိုးတရားများကိုရရှိခံစားကြရပါမယ်၊မိမိတို့ကိုးကွယ်ဆည်းကပ် နေတဲ့ ဗုဒ္ဓသာသနာတော်ကြီး၏ ကိုးကွယ်ဆည်းကပ်ထိုက်တဲ့ အင်္ဂါ ရပ်များနှင့်ညီညွတ်ပုံကိုဆက်လက်ဟောပြပါမယ်။

**ဗုဒ္ဓသုဗုဒ္ဓတာ---**အစစ်အမှန် ဗုဒ္ဓဖြစ်တော်မူခြင်းသည် ပဓာန အားဖြင့်ဉာဏ်တော်နှင့်ဆက်စပ်ပါတယ်၊ထို့သော်ခေါင်းဆောင်များမှာ ဉာဏ်နှင့်ကရုဏာ နှစ်မျိုးစုံရှိမှ မှီခိုသူများမှာ ဘေးရန် ကင်းကွာ၍ ကောင်းကျိုးတရားများ တိုးပွားနိုင်မည်ဖြစ်ပါတယ်၊ သို့အတွက် ဗုဒ္ဓအစစ်ဖြစ်ပုံနှင့် ဆက်စပ်၍ ဉာဏ်တော်နှင့် ကရုဏာ နှစ်မျိုးကို ထုတ်ဖော်ပြောပြလိုပါတယ်။

ဘုရားရှင်၏ ဉာဏ်တော်သည် သဗ္ဗညုတဉာဏ်တော်ကြီး ဖြစ် ပါတယ်၊သဗ္ဗညုတဉာဏ်တော်ကြီးသည်---

၁။ သိရန်မှန်က,မကျန်ရအောင်,လုံးဝစုံလင်,အကုန်မြင်,သဗ္ဗဉ် ဉာဏ်တော်အစွမ်းတည်း။

၂။ သိသည့်တရား,များအပြား၌ဟောထားစဖွယ်,နည်းသွယ် သွယ်ကို,ချယ်လှယ်စုံလင်,အကုန်မြင်,သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ,များဝေနေ၏,ဣန္ဒြေစရိုက်,သူ့အကြိုက် ကို,နှိုက်ချွတ်စုံလင်,အကုန်မြင်,သဗ္ဗညုဉာဏ်တော်အစွမ်း

တည်း–ဟု ကျေးဇူးတော်ရင် အမရပူရမြို့ ဘာသာဋီကာကျမ်းပြု အကျော်မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏လင်္ကာလေးများအတိုင်း

၁။ သိရန်မှန်သမျှ မကျန်ရအောင် အစုံအလင်အကုန်အစင် သိမြင်တော်မူသည့်အစွမ်းသတ္တိ။

၂။ သိတော်မူအပ်သည့်တရားများစွာ၌ ဟောနည်းအမျိုးမျိုးကို အစုံအလင်အကုန်မြင်နိုင်သည့်အစွမ်းသတ္တိ။

၃။ ကျွတ်တန်းဝင်ကြမည့်ဝေနေယျသတ္တဝါများ၏ဣန္ဒြေစရိုက် အနုအရင့်စသည်ကို အတိအကျ ထိုးထွင်း၍ သိနိုင်သည့်

အစွမ်းသတ္တိဟူသောအစွမ်းသတ္တိသုံးပါးနှင့်ပြည့်စုံတော်မူပါတယ်။

သဗ္ဗညုတဉာဏ်တော်ကြီး၏အစွမ်းသတ္တိကြီးမားပုံကိုအနည်းငယ် ဆက်လက်ပြောပြပါဦးမယ်–––

## ရှေ့ပန်းတိမ်သည်သား ရဟန်းငယ်ဝတ္ထု

ဘုရားရှင်လက်ထက်တော်အချိန်အခါက အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး၏ တပည့်ရဟန်းတော်လေးတစ်ပါး အကြောင်းဖြစ်ပါ တယ်အရှင်သာရိပုတ္တရာသည်ဘုရားရှင်၏သာသနာတော်မှာပညာ

အရာဝယ် အကြီးအကျယ်ဆုံး ပညာတေဇင်္ဂရ အရှင်မြတ်ကြီးဖြစ်ပါ တယ်၊ တစ်ကမ္ဘာလုံးမှာ ရှာချလိုက်တဲ့ မိုးကြီး၏ မိုးပေါက်တွေကို အတိအကျ ရေတွက် ပြနိုင်လောက်အောင် ကြီးကျယ်ထူးချွန်သော ပညာပိုင်ရှင်အရှင်မြတ်ကြီးဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး၏ အထံမှာ ရွှေပန်းတိမ် သည်တစ်ဦး၏သားငယ်ဖြစ်သောရုပ်ရေရူပကာယချောမောလှပသော အမျိုးသားငယ်တစ်ဦး ရှင်ရဟန်းပြုလာပါတယ်၊ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးကငယ်ရွယ်သူများ၏သန္တာန်၌ရာဂများတတ်သည်ဟု တွေးတောဆင်ခြင်ကာထိုရဟန်းငယ်လေးအားရာဂကိုပယ်သတ်ခြင်း ငှါအသုဘကမ္မဋ္ဌာန်းပေးလိုက်ပါတယ်၊ထိုရဟန်းငယ်လေးသည်အရှင် သာရိပုတ္တရာပေးအပ်သော အသုဘကမ္မဋ္ဌာန်းကိုယူ၍ သင့်လျော် လျောက်ပတ်သော တောအရပ်သို့ဝင်ရောက်ကာ သုံးလပတ်လုံး ကြိုးကြိုးစားစားအားထုတ်ပါသော်လည်းစိတ်တည်ကြည်မှုမျှမရရှိ၍ တဖန်အရှင်သာရိပုတ္တရာအထံ ပြန်လာပါတယ်၊အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကရဟန်းငယ်လေးမှာကမ္မဋ္ဌာန်းမပြီးဆုံးခဲ့ကြောင်း သိသဖြင့်မူလကပေးအပ်သောအသုဘကမ္မဋ္ဌာန်းကိုပင်ကောင်းစွာ နားလည်အောင်ရှင်းလင်းပြကာပေးလိုက်ပါတယ်၊တောသို့တဖန် ပြန်ဝင်ကာရဟန်းငယ်လေးကြိုးစားပါသော်လည်းတစုံတစ်ခုသော တရားထူးကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်၍ အရှင်သာရိပုတ္တရာအထံ ပြန်လာပြန်ပါတယ်၊ဒီအကြိမ်မှာအရှင်သာရိပုတ္တရာကိုယ်တော်မြတ် သည်ပိုမိုပြီးအသိရှင်းအောင်အကြောင်းအကျိုးဥပမာအမျိုးမျိုးပြကာ

ကမ္မဋ္ဌာန်းပေးပါတယ်၊တောသို့တဖန်ပြန်ကာအားထုတ်ပါသော်လည်း ရဟန်းငယ်လေးမှာ ကမ္မဋ္ဌာန်းမပြည့်စုံသဖြင့် တစ်ဖန်ပြန်ကာ ဆရာ သမားဖြစ်သော အရှင်သာရိပုတ္တရာအထံ ပြန်လည်၍ ကမ္မဋ္ဌာန်း အားထုတ်မှုကိစ္စမပြီးစီးခဲ့ကြောင်းလျှောက်ထားပြန်ပါတယ်။

သုံးကြိမ်မြောက်ဖြစ်တဲ့ယခုတစ်ကြိမ်မှာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည်“ကမ္မဋ္ဌာန်းအလုပ်ကိုကြိုးစားအားထုတ်သူ သည်အသိမှန်ကိုရရမယ်ဒီရဟန်းငယ်လေးသည်ကြိုးစားအားထုတ် သူဖြစ်ပါလျက်အသိမှန်ကိုမရဖြစ်နေတယ်၊ငါသည်ဤရဟန်းငယ်၏ အဇ္ဈာသယဓာတ်ကိုမသိ၊ဤရဟန်းငယ်သည်ဘုရားရှင်ကိုယ်တော် တိုင်ဆုံးမအပ်သူဖြစ်လိမ့်မည်”ဟုစဉ်းစားဆင်ခြင်ပြီးရဟန်းငယ် တပည့်ကိုခေါ်၍ဘုရားထံမှောက်သို့သွားရောက်ကာဘုရားရှင်အား ဖြစ်ပုံအကြောင်းစုံကိုလျှောက်ထားလိုက်ပါတယ်။

ဘုရားရှင်သည် ရဟန်းငယ်၏ အတိတ်ဘဝစသည်ကို ဆင်ခြင် တော်မူသည့်အခါမှာရဟန်းငယ်လေး၏အလှအပကိစ္စအထုံများမှုကို သိမြင်တော်မူ၍ ရွှေကြာပန်း ဖန်ဆင်းတော်မူကာ ကြာပန်းကို “လောဟိတကံ–အနီရောင်ရှိသောကြာပန်း,လောဟိတကံ–အနီရောင် ရှိသောကြာပန်း”ဟု ပရိကံပြုစေတော်မူရာ မကြာမီပင် ဈာန်ရ၍ ဈာန်မှတဆင့်တက်ပြီး ဝိပဿနာရှုစေကာ တရားတော်ဟောပြ၍ ညနေပိုင်း အချိန်တွင်းမှာပင် ရဟန္တာဖြစ်သွားစေတော်မူခဲ့ပါတယ်၊ ဤဝတ္ထုကြောင်းကိုလေ့လာကြည့်ပါကပညာတေဇ်ရှေအရှင်မြတ်ကြီး ဖြစ်သောအရှင်သာရိပုတ္တရာသည်လေးလတိုင်တိုင်ကမ္မဋ္ဌာန်းပေး၍

မအောင်မြင်ခဲ့သော ရဟန်းတော်လေးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ညနေပိုင်းအချိန်တိုလေးအတွင်းမှာပင် အရဟတ္တဖိုလ်အထိရောက်စေတော်မူသည်ကို တွေ့ရပါတယ်။ ဘုရားရှင်၏ အတုမရှိဉာဏ်တော်ရှင်ဖြစ်ကြောင်းထင်ရှားသည့်အချက်တစ်ချက်ဖြစ်ပါတယ်၊ ဘုရားရှင်၏ဉာဏ်တော်ကြီးကြောင်းအချက်များကများလွန်းသဖြင့်ပြော၍ ကုန်နိုင်ဖွယ်မရှိပါ၊ သို့အတွက် အလောင်းတော်ဘဝကပင်ဉာဏ်တော်ကြီးကျယ်တော်မူခဲ့သည့်အကြောင်းအရာတစ်ခုမျှကိုသာဆက်လက်ပြောပြပါမည်---

ဘုရားအဖြစ်သို့မရောက်မီ ပါရမီများကို ဖြည့်တော်မူစဉ်တိရစ္ဆာန်မျိုး၌ ဖြစ်သည့်အခါများ၌သော်မှ ဘုရားအလောင်းတော်၏ဉာဏ်တော်သည် ကြီးကျယ်ပါတယ်၊ ဘုရားအလောင်းတော်၏ဉာဏ်တော်ကြီးကျယ်ပုံကိုသိရှိကြည်ညိုနိုင်ကြအောင်မဟာမောရဇာတ်တော်ကိုအကျဉ်းချုပ်ကာပြောပြပါမည်---

## မဟာမောရဇာတ်တော်

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းပြုအုပ်ချုပ်စဉ် ဘုရားအလောင်းတော်သည် တိုင်းပြည်၏အစွန်အဖျားအရပ် ဥဒေါင်းမျိုး၌သန္ဓေယူကာ ဖွားမြင်လာပါတယ်၊ ဖွားမြင်လာသည့်အခါမှာ အလွန်ထူးခြားစွာ တင့်တယ်လှပ ခန့်ငြားလှပါတယ်၊ မျက်လုံးများကဇန်ရွှေးသီးကဲ့ပမာလှပကြ၍နှုတ်သီးကသန္တာရောင်အဆင်းရှိပါတယ်၊ ငြိမြန်းသောအရေးအကြောင်းသုံးခုတို့ကလည်ဆလည်ပင်းကို

ရစ်ပတ်၍ကျောက်ကုန်းအလယ်ဖြင့်ဖြာပြီးကျနေကြပါတယ်၊အရှယ်ရောက်သည့်အခါမှာဝန်တင်သည့်လှည်းကြီးလောက်ကြီးမားသည့် ရွှေအဆင်းရှိသည့် ခန္ဓာကိုယ်ကို ပိုင်ဆိုင်လာပါတယ်၊ ဤကဲ့သို့ တင့်တယ်လှပခန့်ငြားလှသောအလောင်းတော်ဥဒေါင်းကိုအခြားဥဒေါင်းများကမင်းအဖြစ်တင်မြှောက်ကာဝန်းရံခစားနေကြပါတယ်၊တစ်နေ့ ရေအိုင်တစ်ခုမှာရေသောက်စဉ်ရေအိုင်တွင်ထင်ပေါ်ထင်နေသောမိမိ၏ ရုပ်အဆင်းပမာဏကိုကြည့်ကာ တင့်တယ်ချောမောလှပသော မိမိအတွက် လူအများနှင့် နီးသောအရပ်မှာနေလျှင် အန္တရာယ်ရှိမည်ဟု ဆင်ခြင်စဉ်းစား၍အခြားဥဒေါင်းများအိပ်ချိန်မှာတစ်စီးတည်းပျံသန်းကာဟိမဝန္တာတောင်၏သုံးခုသောအရေးအပိုင်းအခြားကိုကျော်ကာ လေးဆင့်မြောက်အရေးမှာ ပဒုမ္မာကန်ကြီး၏အနီး ညောင်ပင်ကြီး၏ အကိုင်းတစ်ခုမှာနား၍ကြောင်ဘေး,မြွေဘေး,လူဆိုးဘေးမှလွတ်မြောက်နိုင်သည့်ဂူတစ်ခုမှာ နေပါတယ်၊ နံနက်ပိုင်းမှာ နေ့လည်ချိန်အတွက် အစောင့်အရှောက်အကျိုးငှာ တက်လာသောနေမင်းကြီးကို ကြည့်ကာ “ဥဒေတယံစက္ခုမာကေရာဇာ” စသောပရိတ်တော်ကို လည်းကောင်း,နေဝင်ချိန်ညပိုင်းအတွက်အစောင့်အရှောက်အကျိုးငှာ ဝင်ဆဲနေမင်းကြီးကိုကြည့်ကာ “အပေတယံစက္ခုမာကေရာဇာ” စသော ပရိတ်တော်ကိုလည်းကောင်း ရွတ်ပွားကာ အေးချမ်းစွာ နေထိုင်ပါတယ်။

တစ်နေ့မှာ မုဆိုးတစ်ယောက်သည် တော၌ လှည့်လည်ရင်း တောင်ထိပ်၌နေထိုင်သောအလောင်းတော်ဥဒေါင်းမင်းကိုမြင်တွေ့၍

မိမိ၏အိမ်သို့ပြန်ရောက်ပြီးသေခါနီးအခါ၌သူ၏သားအား–––

"သားမောင်ဟိမဝန္တာတောင်၏စတုတ္ထအရစ်၌ရွှေအဆင်းနှင့်တူသောအဆင်းရှိသောဥဒေါင်းတစ်ကောင်ရှိတယ်၊ဘုရင်ကမေးခဲ့လျှင်ပြောရစ်လေ"ဟုမှာကြားခဲ့ပါတယ်။

ဘုရင်၏ ခေမာမည်သောမိဖုရားက ရွှေဥဒေါင်း၏တရားကို သာဓုခေါ်ကာ နာယူရတယ်ဟု အိပ်မက်မြင်မက်ရာ အိပ်မက် မြင်မက်သည်ဟု ပြောလျှင် လေးနက်မှုမရှိမည်စိုး၍ ရွှေဥဒေါင်း၏ တရားကိုနာရန်ချင်ခြင်းတပ်သည်ဟုဘုရင်အားသံတော်ဦးတင်ရာ ဘုရင်က"ရွှေဥဒေါင်းရှိ–မရှိ"ဟုအမတ်များအားမေးရာအမတ်များက ပြာဟ္မဏများသိပါလိမ့်မည်ဟုသံတော်ဦးတင်ကြသဖြင့်ပြာဟ္မဏများ အားမေးသည့်အခါ–––

ကျမ်းစာများ၌ရွှေငါး,ရွှေလိပ်,ရွှေပုဇွန်,ရွှေဟင်္သာ,ရွှေသမင်, ရွှေဥဒေါင်း,ရွှေခါ,ရွှေအဆင်းရှိသူသားဟူ၍ရွှေနှင့်စပ်သောသတ္တဝါများ ပါရှိကြပါသည်ဟုပြာဟ္မဏများကသံတော်ဦးတင်ကြပါတယ်။

ထို့နောက်မိမိ၏တိုင်းနိုင်ငံတွင်းမှာရှိသမျှမုဆိုးများကိုစုဝေးစေ၍ ရွှေဥဒေါင်းကိုတွေ့ဖူးမြင်ဖူးကြသလားဟုမေးသည့်အခါဖခင်အထံမှ ရွှေဥဒေါင်းရှိကြောင်း ကြားဖူးထားသော မုဆိုးတစ်ဦးကသာ ရွှေဥဒေါင်းကို ကိုယ်တိုင်တော့ မမြင်ဖူးပါ၊ ဖခင်၏ပြောစကားအရ ရွှေဥဒေါင်းရှိသည့်နေရာကိုသိပါသည်ဟုသံတော်ဦးတင်ရာထိုမုဆိုး အား များစွာသောဥစ္စာများကိုပေး၍ ရွှေဥဒေါင်းကို ဖမ်းရန် အမိန့် ချမှတ်လိုက်ပါတယ်မုဆိုးသည်လည်းဘုရင်ပေးလိုက်သောဥစ္စာများကို

မိသားစုအားပေး၍ရွှေဥဒေါင်းကိုဖမ်းရန်လိုအပ်သောကျော့ကွင်း စသော လက်နက် ကိရိယာစုံလင်စွာယူ၍ ဟိမဝန္တာတောသို့ ထွက်လာကာကျော့ကွင်းထောင်၍ရွှေဥဒေါင်းကိုဖမ်းမိရန်မနေမနား ကြိုးစားရင်းရွှေဥဒေါင်းကိုမိအောင်မဖမ်းနိုင်ဘဲမုဆိုးကွယ်လွန်သွားပါ တယ်၊မိဖုရားလည်းသူ၏ဆန္ဒအတိုင်းရွှေဥဒေါင်း၏တရားနာလိုမှုဆန္ဒ မပြည့်ဝသဖြင့် ကွယ်လွန်ရှာပါတယ်၊ မိမိ ချစ်ခင်နှစ်သက်အပ်သော မိဖုရားကွယ်လွန်ရခြင်းသည်ရွှေဥဒေါင်းမင်းကြောင့်ဖြစ်သည်ဟုတွေး၍ ဘုရင်သည် ရွှေဥဒေါင်းမင်းအပေါ် စိတ်ဆိုး အာဃာတထားကာ ''ဟိမဝန္တာတောင်၏ စတုတ္ထအဆင့်၌ ရွှေဥဒေါင်း တစ်ကောင် လှည့်လည်ကျက်စား နေတယ်၊ ထိုရွှေဥဒေါင်း၏ အသားကို စားရသူများသည် မအို, မသေကြ''ဟု ရွှေပေလွှာ၌ ရေးသား၍ အရေးကြီး ပစ္စည်းများ ထည့်ထားရာဖြစ်တဲ့ ရွှေသေတ္တာအထဲမှာ ထည့်ထား ခဲ့ပါတယ်၊ နောက် တက်လာသော ဘုရင်တွေကလည်း ဒီရွှေပေလွှာကို ဖတ်ရပြီးနောက် မအိုလို, မသေလိုကြသဖြင့် ရွှေဥဒေါင်းကိုဖမ်းရန်ဆက်လက်၍အမိန့်ချမှတ်ကြပါတယ်၊ဖမ်းရန် ကြိုးစားကြတဲ့မင်းခြောက်ဆက်,မုဆိုးခြောက်ယောက်ကွယ်လွန်သွား ကြပါတယ်။

ခုနစ်ဆက်မြောက်ဘုရင်ကစေလွှတ်အပ်သောမုဆိုးကခုနစ်နှစ် တိုင်တိုင်ကြိုးစားပြီးဖမ်းသော်လည်းမမိသဖြင့်အကဲခပ်စဉ်းစားရာ နေ့စဉ် နံနက် တစ်ကြိမ်, ညတစ်ကြိမ် နေဖက်သို့မျက်နှာမူကာ ပရိတ်ရွတ်မှုနှင့်တစ်စီးတည်းနေကာကျင့်ကြံသောဗြဟ္မစရိယ

အကျင့်မြတ်တို့ကြောင့်ကျော့ကွင်း၌မမိခြင်းဖြစ်မည်ဟုစဉ်းစားမိသဖြင့် ဥဒေါင်းမလေးတစ်ကောင်ကိုရှာကာလက်ဖျစ်တီးလျှင်တွန်မြူးအောင်, လက်ခုပ်တီးပေးလျှင်က,တတ်အောင်သင်ပေးကာရွှေဥဒေါင်းမင်းကြီး ပရိတ်တော်ရွတ်ဖတ်မှုမပြုခင်ကျော့ကွင်းထောင်လက်ဖျစ်တီးပေးကာ ဥဒေါင်းမလေးကိုတွန်မြူးစေပါတယ်။ရွှေဥဒေါင်းမင်းကြီးသည်ဒေါင်းမ လေး၏ အသံကိုကြားရသည့်အခါ နှစ်ပေါင်း ခုနစ်ရာတိုင်တိုင် ထိမ်းသိမ်းထားသောကိလေသာများထကြွဖြစ်ပေါ်ကာအရှိန်အဟုန် ဖြင့် ဒေါင်းမလေးရှိရာသို့ သက်ဆင်းလိုက်ရာ ကျော့ကွင်းမိကာ ခေါင်းငိုက်စိုက်ကျသွားရှာပါတယ်။မုဆိုးသည်ကျော့ကွင်း၌မိနေသော ဥဒေါင်းမင်းကြီးကိုကြည့်ကာ---

ဒီရွှေဥဒေါင်းမင်းကြီးကိုမုဆိုးခြောက်ယောက်တို့သည်ဖမ်းခြင်းငှာ မစွမ်းနိုင်ကြဘဲကွယ်လွန်သွားရှာကြပြီ။ငါသည်လည်းခုနစ်နှစ်တိုင်တိုင် ဖမ်းခြင်းငှာမစွမ်းနိုင်ခဲ့,ယနေ့ဒေါင်းမလေးကိုမှီကာကိလေသာဖြင့် နှိပ်စက်၍ဥဒေါင်းမင်းကြီးပရိတ်ကိုမပြုနိုင်သဖြင့်ကျော့ကွင်းမိကာ ခေါင်းငိုက်စိုက်ကျနေရရှာပြီ၊ ငါသည် ဤမျှလောက်သီလရှိသော ရွှေဥဒေါင်းမင်းကြီးကို ညှင်းဆဲအပ်ပြီ၊ ငါသည် လက်ဆောင်ပဏ္ဏာ အကျိုးငှာဤရွှေဥဒေါင်းမင်းကြီးကိုဘုရင်အားဆက်သခြင်းငှာမသင့်၊ ငါ့အားဘုရင်ကပေးအပ်မည့်လက်ဆောင်ပဏ္ဏာဖြင့်အကျိုးမရှိ၊ငါသည် ဤရွှေဥဒေါင်းမင်းကြီးကိုလွှတ်တော့မည်ဟုစဉ်းစားပြီးလျှင်ရွှေဥဒေါင်း မင်းရှိရာသို့ငါသွားလျှင်ရွှေဥဒေါင်းမင်းကြီးရုန်းကန်သဖြင့်အတောင် ကျိုး,ခြေကျိုးဖြစ်ရရှာပေမည်။ငါသည်ဤနေရာမှပင်ကျော့ကွင်းကို

မြားဖြင့်ပစ်၍ လွတ်စေမည်ဟု စဉ်းစားကာ မြားဖြင့် ကျော့ကွင်းကို ချိန်ရွယ်လိုက်ပါတယ်။အဲဒီအချိန်မှာပဏ္ဍဲရွှေဒေါင်းမင်းကြီးကသူ့ကို ဖမ်းနေသော မုဆိုးသည် သူ့အထံ မုချလာတော့မည်ဟုတွေးကာ ကြည့်လိုက်ရာမုဆိုးကမြားဖြင့်ချိန်ရွယ်နေသည်ကိုမြင်ရသည့်အခါ သေဘေးကို ကြောက်ရွံ့ရှာသဖြင့် မသတ်ပါရန် အရှင်လတ်လတ် ဘုရင်အထံဆက်လျှင်သင်သည်ဥစ္စာဓနများရမည်ဟုပြောကြားရာ မုဆိုးကသတ်ရန်မြားဖြင့်ချိန်ရွယ်သည်မဟုတ်ပါ။သင့်အားလွတ်ရန် မိနေသော ကျော့ကွင်းကို ဖြတ်ရန် ချိန်ရွယ်ခြင်းပါဟု ပြောကြား သည့်အခါ–––

သင်သည်ခုနစ်နှစ်တိုင်တိုင်အစားအသောက်အဆင်းအရဲခံကာ ကြိုးစားခဲ့ပြီးလို့ မိနေမှ လွှတ်မည်ဟု ကြံစည်ခြင်းသည် သူတစ်ပါး အသက်ကိုသတ်ဖြတ်ခြင်း၏အပြစ်ကိုသိလို့ပါလော။သူတစ်ပါးအား ဘေးမဲ့ပေးခြင်း၏အကျိုးကိုသိမြင်လို့ပါလော–ဟုမေးရာ

မုဆိုးကအလောင်းတော်မြတ်၏အမေးကိုမဖြေဘဲသူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်နေသူသည်, သူတစ်ပါးအား ဘေးမဲ့ ပေးသူသည်အဘယ်သို့သောအကျိုးမျိုးကိုရနိုင်ပါသနည်း။ဤဘဝမှ စုတေကွယ်လွန်သော် အဘယ်သို့သော ချမ်းသာကို ရပါမည်နည်း– ဟုအလောင်းတော်မြတ်အားပြန်လည်မေးခွန်းထုတ်ရာအလောင်း တော်ရွှေဒေါင်းမင်းကြီးက–––

ပါဏာတိပါတမှ ရှောင်သူ, သူတပါးအား ဘေးမဲ့ပေးသူသည် ဤဘဝ၌ပညာရှိများ၏ချီးမွမ်းမှုကိုခံရခြင်းအကျိုး,ကွယ်လွန်သည့်

အခါနတ်ပြည်ရောက်ခြင်းအကျိုးကိုရမည်ဟုဟောကြားသည့်အခါ–

တပည့်တော်ကိုးကွယ်ဆည်းကပ်သည့်ရဟန္တာကြီးများက–နတ်မရှိ၊နောက်ဘဝမရှိ၊ကံကံ၏အကျိုးမရှိ၊ဒါနပြုစရာမလိုစသည်ဖြင့်ဟောပြောကြသဖြင့် တပည့်တော်သည် ငှက်များကို သတ်ဖြတ်ကာအသက်မွေးပါတယ်ဟု မုဆိုးက ရှေ့ဒေါင်းမင်းကြီးအား ပြောကြားပါတယ်၊ဒီမုဆိုးသည်သာမန်ပုဂ္ဂိုလ်မဟုတ်၊ယခုဘဝမှာပင်ပစ္စေကဗုဒ္ဓါဖြစ်မည့် ပုဂ္ဂိုလ်ထူးဖြစ်ပါလျက် ဥစ္ဆေဒဒိဋ္ဌိအယူအဆရှိကြသောအဝတ်မဝတ်အချီးနှီးသောတိတ္ထိဆရာများကိုကိုးကွယ်မိသဖြင့်ကံနှင့်နောက်ဘဝကိုမယုံကြည်ဘဲဥစ္ဆေဒဒိဋ္ဌိကိုယုံကြည်လက်ခံနေပါတယ်။

## “ဇဝိ မဟာသာဝဇ္ဇာ သော အသပ္ပုရိသသံသေဝနာနာမ”–

ဒီနေရာမှာ ပစ္စေကဗုဒ္ဓါဖြစ်မည့်ဆဲဆဲ မုဆိုး၏ ဥစ္ဆေဒဒိဋ္ဌိ လက်ခံနေမှု ယုံကြည်နေမှုကို အကြောင်းပြု၍ အဋ္ဌကထာဆရာကြီးက “ဤသူယုတ်မာများကို ပေါင်းသင်းမှီဝဲခြင်းမည်သည် ဤမျှလောက်အထိအပြစ်ကြီးတယ်၊ယခုဘဝမှာပင်ပစ္စေကဗုဒ္ဓါဖြစ်မည့်အလောင်းတော်ကိုပင်ဥစ္ဆေဒဒိဋ္ဌိဆရာဆိုးများကအယူမှားစေပါတယ်”ဟုမှတ်ချက်ချတော်မူပါတယ်၊ဒါ့ကြောင့်အပေါင်းအသင်းအရေးကြီးလှကြောင်းကိုဆရာကောင်းသမားကောင်းများကဆုံးမစကားပြောကြားကြခြင်းဖြစ်ပါတယ်။

အလောင်းတော်ရှေ့ဥဒေါင်းမင်းကြီးက---

လနှင့်နေကိုပြကာ တပါးသောလောကနှင့် နတ်များရှိကြောင်း, ကံ၏အကျိုးရှိကြောင်းများကိုဟောပြရာမုဆိုးသည်တမလွန်လောကနှင့်ကံကံ၏အကျိုးကိုယုံကြည်လာပြီးနောက်သူပြုလုပ်ခဲ့တဲ့ပါဏာတိပါတအမှုကြောင့်ငရဲရောက်နိုင်ကြောင်းသိမြင်သဖြင့်ငရဲသို့မရောက်နိုင်သည့်နည်းလမ်းကိုဟောကြားရန်ရှေ့ဥဒေါင်းမင်းအားတောင်းပန်သဖြင့် ဖန်ရည်ဆိုးအဝတ်ကို ဝတ်ရုံကာ ဆွမ်းခံစားကြသော ညစာစားခြင်းမှ ရှောင်ကြဉ်ကြသော သူတော်ကောင်းအရှင်မြတ်ကြီးများဖြစ်ကြတဲ့ပစ္စေကဗုဒ္ဓါအရှင်မြတ်များအထံမေးရန်ဟောပြရာ

မုဆိုးသည်အလောင်းတော်ရှေ့ဥဒေါင်းမင်း၏တရားကိုနာယူစဉ်သင်္ခါရတရားတို့ကိုဝိပဿနာရှုကာပစ္စေကဗောဓိဉာဏ်ကိုထိုးထွင်း၍သိမြင်သွားပါတယ်၊ပစ္စေကဗုဒ္ဓါအရှင်မြတ်ဖြစ်သွားပါတယ်၊မုဆိုး၏စိတ်အစဉ်သည် ကိလေသာများမှ လွတ်မြောက်သွားသည်နှင့်ရှေ့ဥဒေါင်းမင်းကြီးကျော့ကွင်းမှလွတ်မြောက်သွားခြင်းသည်ပြိုင်တူ,တစ်ချိန်တည်းဖြစ်ပါတယ်၊ပစ္စေကဗုဒ္ဓါဖြစ်ပြီးသောမုဆိုးသည်သူ၏အိမ်၌ဖမ်းထားသောငှက်များကိုအဘယ်ကဲ့သို့လွှတ်ရမည်နည်းဟုရှေ့ဥဒေါင်းမင်းကိုမေးမြန်းပါတယ်။

**''ပစ္စေကဗုဒ္ဓတောဗိသမ္ဗုဒ္ဓဗောဓိသတ္တာနညေတုပါယ ပရိဂ္ဂဟာဉာဏံ မဟန္တတာရံ ဟောတိ''---**

''ပစ္စေကဗုဒ္ဓါဖြစ်ပြီးသော ပုဂ္ဂိုလ်ထက်လည်း သဗ္ဗညုဘုရားအလောင်းတို့၏အကြောင်းမှန်ကိုသိမ်းဆည်းသိမြင်သောဉာဏ်သည်

ပိုမို၍ ကြီးကျယ်သည်ဖြစ်တယ်’’ဟု အဋ္ဌကထာဆရာကြီးက မှတ်ချက်ပြုထားပါတယ်ဒီဇာတ်တော်မှာဘုရားအလောင်းတော်သည် ဥဒေါင်းမင်းပါ၊ အမျိုးအားဖြင့် တိရစ္ဆာန်မျိုးပါ၊ တိရစ္ဆာန်မျိုးမှာဖြစ်ခိုက် ဥဒေါင်းမျိုးမှာဖြစ်ခိုက် အချိန်မှာတောင် ဘုရားအလောင်းတော်၏ ဉာဏ်သည်ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ဉာဏ်ထက်ပိုမို၍ကြီးကျယ်သည် ကို တွေ့ရပါတယ်၊ မုဆိုးမှ ဖြစ်လာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ မေးမြန်းချက်အရ အလောင်းတော်ဥဒေါင်းမင်းကြီးက သင်တို့၏ မဂ်ဉာဏ်ဖြင့်ကိလေသာများကိုဖြတ်တောက်၍ပစ္စေကဗောဓိဉာဏ် သိမြင်မှုကိုသစ္စာပြုလျှင်အနှောင်အဖွဲ့ခံသတ္တဝါများအားလုံးလွတ်မည် ဟု နည်းလမ်းပေးလိုက်ရာ အလောင်းတော်ဥဒေါင်းမင်းကြီး၏ နည်းပေးလမ်းပြသည့်အတိုင်းပစ္စေကဗုဒ္ဓါအရှင်မြတ်သည်သစ္စာပြု၍ အနှောင်အဖွဲ့ခံတိရစ္ဆာန်များကိုလွတ်မြောက်စေပါတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်လက်ကိုမြှောက်၍ခေါင်းကိုသုံးသပ် ရာလူ့အသွင်ပျောက်၍ရဟန်းအသွင်ရောက်ကာဝါတော်ခြောက်ဆယ် ရမထေရ်မြတ်ကြီးကဲ့သို့အသွင်နှင့်ပြည့်စုံသော ပရိက္ခရာရှစ်ပါးကို ဆောင်သော အရှင်မြတ်ကြီးဖြစ်ပေါ်လာ၍ ရွှေဥဒေါင်းမင်းကြီးအား လက်အုပ်ချီကာအရိုအသေပြု၍ကောင်းကင်သို့တန်ခိုးဖြင့်တက်ကာ နန္ဒမူတောင်ဝှမ်းသို့ကြွရောက်သွားပါတယ်ဒီမဟာမောရဇာတ်တော်ကို လေ့လာကြည့်လျှင် ဘုရားရှင်၏ ဉာဏ်တော်သည် ဘုရားမဖြစ်မီ အလောင်းတော်ဘဝကပင်အလွန်ကြီးကျယ်ကြောင်းသိနိုင်ပါတယ်။

ဘုရားရှင်၏ ကရုဏာတော်ကြီးကျယ်ပုံကို အနည်းငယ်မျှ ဆက်လက်ပြောပါဦးမည်။

ဘုရားဖြစ်တော်မူပြီးစ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောရန်မဟာဗောဓိမှဗာရာဏသီမြို့မိဂဒါဝုန်တောသို့ကြွတော်မူရာ၌ကိုယ်တော်မြတ်၏သက်သာမှုကိုရှေ့ရှု၍တန်ခိုးတော်ဖြင့်ကြွနိုင်ပါလျက်တန်ခိုးတော်ဖြင့်ကြွတော်မမူဘဲဥပကတက္ကဝွန်းကြီး၏နောင်အခါတရားထူးရရှိမည့်အရေးကိုမျှော်တွေးထောက်ထားငဲ့ညှာတော်မူကာခြေလျင်ကြွတော်မူပါတယ်။

ပရိနိဗ္ဗာန်ဝင်စံခါနီး အားတော်အလွန်နည်းနေချိန်မှာ ပြဿနာမေးရန်ရောက်လာသောသုဘဒ္ဒပရိဗ္ဗိုဇ်အားဘုရားရှင်ပင်ပန်းတော်မူမည်စိုး၍ဝင်ခွင့်မပေးသောအရှင်အာနန္ဒာအားဝင်ခွင့်ပေးလိုက်ရန်မိန့်ကြားတော်မူ၍သုဘဒ္ဒပရိဗ္ဗိုဇ်မေးအပ်သမျှပြဿနာများကိုဖြေဆိုတော်မူကာသုဘဒ္ဒပရိဗ္ဗိုဇ်အားတရားထူးရစေတော်မူခဲ့ပါတယ်ဥပကတက္ကဝွန်းကြီးကိုအကြောင်းပြု၍ခြေလျင်ကြွတော်မူခြင်းနှင့်သုဘဒ္ဒပရိဗ္ဗိုဇ်၏ ပြဿနာများကို ဖြေပေးတော်မူခြင်းတို့သည် ဘုရားရှင်ဖြစ်တော်မူပြီးချိန်မှာကရုဏာတော်များအနက်သိသာထင်ရှားလှသောအစဦးဆုံးကရုဏာတော်နှင့် နောက်ဆုံးကရုဏာတော်များ ဖြစ်ကြပါတယ်။

ဘုရားမဖြစ်မီအလောင်းတော်ဘဝကကရုဏာတော်များကလည်းအလွန်ကြီးမားလှပါတယ်လွန်ခဲ့သောလေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်အချိန်အခါဒီပင်္ကရာဘုရားရှင်လက်ထက်တော်သုမေဓာရသေ့

ဖြစ်စဉ်ဘဝကပင်နိဗ္ဗာန်ကိုယူလျှင်ရနိုင်သောဉာဏ်စွမ်းရှိပါလျက် နိဗ္ဗာန်ကိုယူတော်မမူခဲ့ဘဲ သံသရာလည်ပတ်ရခြင်း၏ ဒုက္ခများပုံ အလုံးစုံကိုရှင်းရှင်းလင်းလင်းသိမြင်တော်မူပါလျက်ဝေနေယျတို့ကို သံသရာဆင်းရဲမှကယ်တင်လိုသောမဟာကရုဏာတော်ကြီးကြောင့် ကိုယ်တော်မြတ်ပင်ပန်းမည်ကိုအလေးမပြုဘဲဘုရားဆုပန်တော်မူခဲ့ ပါတယ်၊ ပါရမီဖြည့်စဉ် ဘဝများစွာတို့၌ အလွန်ချစ်ခင်အပ်သော သားသမီးဇနီးမယား စသည်တို့ကို အလွန်ချစ်ခင်နှစ်သက်ပါလျက် မချစ်မနှစ်သက်သကဲ့သို့စွန့်လှူတော်မူခြင်း,ထီးနန်းစည်းစိမ်များကို အကြိမ်များစွာ စွန့်လှူခြင်း, မိမိ၏အသက်ခန္ဓာကို စွန့်လှူခြင်းတို့ကို ကရုဏာတော်ကြီးမားမှုကြောင့်ပြုလုပ်ဖြည့်ဆည်းတော်မူနိုင်ခဲ့ပါတယ်၊ မိမိတို့၏ ကိုးကွယ်ဆည်းကပ်အပ်သော သာသနာတော်ကို တည် ထောင်သော ဘုရားရှင်သည် ဤကဲ့သို့ကြီးမားသော သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့်မဟာကရုဏာတော်ကြီးတို့၏ပိုင်ရှင်ဘုရားအစစ် ဖြစ်တော်မူပါတယ်။

**တရားတော်----**

သာသနာတော်ကြီး၏ ကျင့်စဉ်တရားတော်ကလည်း လိုက်နာ ကျင့်ကြံအားထုတ်သူအားဆိုက်တန်သောကောင်းကျိုးသုခအာဝဝကို ကေန်မုချရစေနိုင်သောတရားစစ်တရားမှန်ဖြစ်တော်မူပါတယ်။

သရဏဂုမ်မြဲလျှင်ပင် ခန္ဓာပျက်ကြွေ စုတေသည့်အခါမှာ အပါယ်လေးပါးသို့မရောက်ဘဲသုဂတိသို့ရောက်ရပါမယ်၊ကိုးကွယ် အပ်သောဘုရား,တရား,သံဃာရတနာသုံးဖြာ၏စစ်မှန်သော

ဂုဏ်တော်သတ္တိများ အပြည့်အဝရှိမှုကြောင့် သရဏဂုမ်မြဲသူများ ကွယ်လွန်လျှင်အပါယ်ဆင်းရဲသို့မရောက်ဘဲသုဂတိဘုံများသို့ရောက်ကြရပါမယ်၊ထို့ထက်ပို၍သီလကိုလုံခြုံစွာထိမ်းသိမ်းနိုင်လျှင်ထိုမို၍သံသရာမှာအထက်တန်းကျကျမျက်နှာပန်းလှလှဖြင့်အမျိုးဘာသာသာသနာအကျိုးကိုစွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နိုင်သောပုဂ္ဂိုလ်များဖြစ်ကြရပါမယ်၊သီလထက်ပိုမို၍ဘာဝနာအဆင့်သို့တက်လှမ်းကြမည်ဆိုလျှင်ဘာဝနာများရဲ့ကြီးကျယ်လှသောအကျိုးတရားများကိုရရှိခံစားကြရပါမယ်၊သမထဘာဝနာကိုအောင်မြင်စွာပွားများနိုင်လျှင်ဈာန်တရားများရရှိပြီးကွယ်လွန်သည့်အခါဗြဟ္မာ့ပြည်သို့ရောက်ပြီးကမ္ဘာများစွာ သေခြင်းဆင်းရဲ ကင်းကြရပါမယ်၊ ဝိပဿနာဘာဝနာကတော့စွမ်းရည်အကြီးဆုံးပါပဲ၊ဗုဒ္ဓဘာသာများရဲ့အဓိကလုပ်ငန်းစဉ်ကလည်းဝိပဿနာဘာဝနာပါပဲ၊ဝိပဿနာလုပ်ငန်းစဉ်ကိုတကယ်ကြိုးကြိုးစားစားဖြည့်ဆည်းပူးလို့တရားထူးများရပြီဆိုလျှင်သံသရာဆင်းရဲအားလုံးကိုကျော်လွှားလွန်မြောက်ပြီးဆင်းရဲလုံးဝမရှိတဲ့နိဗ္ဗာန်ချမ်းသာကြီးကိုရရှိကြမည်ဖြစ်ပါတယ်၊ဗုဒ္ဓသာသနာတော်၏ကျင့်စဉ်တရားတော်သည် ကျင့်ကြံလိုက်နာသူများကို ကျင့်ကြံလိုက်နာသလောက်ကောင်းကျိုးကိုရရှိစေနိုင်သောနိယျာနသတ္တိအပြည့်အဝရှိသောတရားတော်ဖြစ်ပါတယ်။

**သံဃာတော်---**

သာသနာတော်ကြီးကိုဆက်လက်ထိမ်းသိမ်းစောင့်ရှောက်တော်မူကြသောသံဃာတော်အရှင်မြတ်များကလည်းဆုရေးရှင်၏ဟောကြား

ချက်,ဆုံးမတော်မူချက်များကိုအတိအကျလိုက်နာ၍ဖြောင့်မတ်စွာ ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြသောသံဃာစစ်သံဃာမှန်များ ဖြစ်တော်မူကြပါတယ်။၎င်းသို့လျှင်မိမိတို့၏ကိုးကွယ်ရာဗုဒ္ဓသာသနာ တော်ကြီးသည်ပြည့်စုံသင့်သောအင်္ဂါရပ်အားလုံးနှင့်ပြည့်စုံနေသဖြင့် ကိုးကွယ်ဆည်းကပ်ပူဇော်အပ်ပူဇော်သင့်သောသာသနာတော်မြတ် ကြီးဖြစ်ပါတယ်။

ဤကဲ့သို့စစ်မှန်သောသာသနာတော်ကြီး၌ကြိုးစားအားထုတ် သူများသည်ပစ္စုပ္ပန်မှာချမ်းသာသလိုနောင်အခါမှာလည်းချမ်းသာ ပါမည်၊စစ်မှန်သောသာသနာတော်ကြီး၌လှူဒါန်းသမျှကောင်းကျိုး ရစေမည် ဖြစ်ပါတယ်၊ သာသနာတော်ကြီးက စစ်မှန်သောကြောင့် သာသနာတော်ကြီး၌ကြိုးစားသမျှလှူဒါန်းသမျှချမ်းသာသုခအဝဝကို မုချရရှိကြမည်ဖြစ်ပါတယ်၊လူချမ်းသာနတ်ချမ်းသာနိဗ္ဗာန်ချမ်းသာ ဆိုတဲ့ချမ်းသာအားလုံးကိုရရှိစေနိုင်ပါတယ်၊ချမ်းသာအမျိုးမျိုးတွင် နိဗ္ဗာန်ချမ်းသာသည်သာအိုခြင်းဆင်းရဲ,နာခြင်းဆင်းရဲ,သေခြင်းဆင်းရဲ စသော ဆင်းရဲအားလုံး ကင်းရှင်းပြီး ဖြစ်ပျက်နှင့် မဆက်စပ်တဲ့ အငြိမ်းဓာတ်အစစ်ဖြစ်ပါတယ်။ဖို့ကြောင့်ပြုအပ်သမျှကုသိုလ်ကောင်းမှု မှန်သမျှသည် နိဗ္ဗာန်ချမ်းသာအတွက် အထောက် အပံ့ကောင်း ဖြစ်ပါစေဟုတောင်းဆုဆိုကြကုန်ရာသတည်း။

ယခု ဖော်ပြခဲ့သောတရားတော်ကို ဒေါ်ဓမ္မဝတီ (သမီးချစ်ဟု ကျော်ကြားသော ပြည်ပဇာတိများတွင် ပဌမဦးဆုံး ဓမ္မာစရိယ ဘွဲ့တံဆိပ်ကိုဆွတ်ခူးနိုင်သောသီလရှင်ဆရာကြီး)ကနီပေါလ်ဘာသာ ဖြင့်ပြန်ဆိုပေးပါသည်။

၂၄.၁၀.၂၀၀၂–ညနေပိုင်းတွင် Nagarkot (နဂရကုတ်)ဟု ခေါ်သောတောင်ပေါ်မြို့သို့တက်ရောက်၍တောင်ပေါ်မြို့ရှိဟိုတယ် တစ်ခုမှာညအိပ်တည်းခိုးပါသည်၊ထိုဟိုတယ်ကိုသိက္ခမ်ဆရင်းနှီးသော ဘန်ကောက်မြို့သားမစ္စတာအေတိချတ်ပိုင်ဆိုင်၍ပိုင်ရှင်ကိုယ်တိုင် ကြိုတင်လျှောက်ထားချက်အရသွားရောက်တည်းခိုအနားယူပါသည်၊ အဆောက်အဦမှာသေးသေးဖြစ်၍သဟာသေယျအာပတ်လွတ်သဖြင့် တည်းခိုရသည်မှာ အလွန် ရှင်းလင်းပါသည်၊ ၂၅.၁၀.၂၀၀၂– အရုဏ်ဆွမ်း, နေ့ဆွမ်းများကို ထိုဟိုတယ်မှာပင် အကောင်းဆုံး ဖြစ်အောင် စီစဉ်ဆက်ကပ်ကြပါသည်၊ အားလုံးအဆင်ပြေပါသည်၊ မွန်းလွဲ ၂း၀၀–နာရီခန့်တွင်တောင်ပေါ်မှဆင်းလာခဲ့ကြပါသည်။

နဂရကုတ်သို့အသွား/အပြန် လမ်းများ၌ နီပေါလ်ဘာသာဖြင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီးအားကြိုဆိုပါ၏ ဟု ရေးသားထားသော စာတမ်းများကို များစွာ တွေ့ရပါသည်၊ ညနေပိုင်းမှာဘာတာပူ (Bhak tapur)၌တရားဟောရန်အစီ အစဉ်ရှိပါသည်၊နိုင်ငံရပ်ခြားသို့မိမိသည်အကြိမ်များစွာရောက်ဖူး ပြီးဖြစ်၍ တရားဟောရမည်ဟု ဆိုသော်လည်း တရားဆွေးနွေး ပွဲဖြစ်မည်ဟု ယူဆခဲ့ပါသည်၊ သို့သော် ယခု အကြိမ် ဘာတာပူမြို့ တရားဟောရာဌာနသို့သွားရာ အခါမှာ အဝေးမှပင် သာသနာ့အလံ များကို လမ်းပေါ်မှာ ချိတ်ဆွဲလျက်လည်းကောင်း, လူများစွာ၏ လက်များတွင် သာသနာအလံငယ်များကိုကိုင်ကာ ဗျော့ရှမ်းလျက် လည်းကောင်းကြိုဆိုနေကြသည်ကိုတွေ့မြင်ရပါသည်၊သာသနာ့

အလံများမှာအလွန်များပြားသဖြင့်မြန်မာပြည်တိပိဋကဓရပူဇော်ပွဲကြီးများကျင်းပစဉ်ကကြိုဆိုပွဲကြီးများကိုပပြန်လည်ရှုမြင်ယောင်စေပါသည်ပြည်ပနိုင်ငံတစ်ခုမှာဤမျှလောက်များပြားသောသာသနာ့အလံများဖော့ရမ်းကာကြိုဆိုသူများကိုတွေ့ရလိမ့်မည် မထင်မိ၍အံ့ဩစိတ်ကြည်နူးစိတ်များစွာဖြစ်ခဲ့ပါသည်တူရိယာများဆိုင်းလင်စွာတီးမှုတ်ကာ ကြိုဆိုကြသူများ ပါဝင်ကြပါသည်၊ ပုလွေ မှုတ်သူချည်းသက်သက်ခုနစ်ယောက်ရှိသည်ကိုသတိထားလိုက်မိခဲ့ပါသည်၊ မိမိမြင်လိုက်သမျှဖော်ပြခြင်းပါပဲပုလွေမှုတ်သူချည်းခုနစ်ယောက်ထက်ပိုချင်လည်း ပိုကြပါမည်၊ အခြားတူရိယာများလည်း များစွာ ပါဝင်ပါသည်ကြိုဆိုသူများ၏အနီးသို့ရောက်သည့်အခါမိမိသည်ကားပေါ်မှဆင်း ထိးမိုးသမား, တူရိယာသမားစသော ကြိုဆိုရေးအဖွဲ့ဝင်များနှင့်အတူခြေကျင်သွားရပါသည်၊ကိုက်တစ်ရာခန့်လောက်ခြေကျင်သွားရမည်ဟု ထင်မိရာ တကယ်သွားရသည်မှာ တစ်မိုင်ကျော်နှစ်မိုင်နီးနီး ရှိမည်ဟု ခန့်မှန်းရပါသည်၊ ပင်ပန်းမှု ရှိသော်လည်းထေရဝါဒဗုဒ္ဓဘာသာအင်အား နည်းပါးနေသော နိုင်ငံ တစ်ခုမှာထေရဝါဒဗုဒ္ဓဘာသာဆရာတော်တစ်ပါးအား တက်ကြွ ခမ်းနားစွာကြိုဆိုသည့်ပွဲသည်လုပ်သင့်သည်ဟုယူဆသဖြင့်မိမိသည်ကျေနပ်ဝမ်းသာစွာဖြင့်သူတို့အစီအစဉ်အတိုင်းလိုက်ပါဆောင်ရွက်ခဲ့ပါသည်၊ ကြိုဆိုရေးအခမ်းအနားတွင်အနည်းဆုံးလူငါးရာလောက်ပါဝင်မည်ဟုခန့်မှန်းပါသည်၊ အချို့နေရာများတွင် ဘေးမှစိတ်ဝင်စားသူများနှင့်ပေါင်းသော်ထောင်ကျော်ဖွယ်ရှိပါသည်ဘေးမှကြည့်သူဓာတ်ပုံရိုက်သူ

များတွင်အနောက်နိုင်ငံသားများလည်းအတော်များစွာပါဝင်သည်ကို သတိထားမိခဲ့ပါသည်၊လှူဖွယ်များလည်းလှူကြပါ၏၊ထိုသော်မိမိသည် ပန်းများနှင့် ပုဝါလေးများကိုသာ လက်ခံ၍ ဝတ္ထုငွေများကို လုံးဝ အလှူမခံခဲ့ပါ၊အတူပါသောပုဂ္ဂိုလ်များကဝတ္ထုငွေလှူသူများကို ''နိုး ရူပီ,နိုးရူပီ'' စသည်ပြောကာဟန့်တားကြပါသည်၊တရားပွဲတိုင်းမှာပင် ဝတ္ထုငွေလုံးဝလက်မခံခဲ့ပါ။

တရားပွဲကျင်းပရာအဆောက်အဦးသည်အလွန်မကြီးကျယ်သော်လည်း သေးငယ်လည်း မသေးငယ်ပါ၊ အလျားပေတစ်ရာ, အနံပေ လေးဆယ်ရှိအဆောက်အဦးဟုမျက်စိဖြင့်မှန်းကာမှတ်သားခဲ့ပါသည်၊ ထိုအဆောက်အဦတွင်လူအပြည့်ဟုဆိုရပါမည်၊အခမ်းအနားမတိုင်မီ ကအချိုးတကျလမ်းနေရာစသည်ချန်ကာခင်းထားသောသလပ်စတစ် ခုံများဖြင့်မလောက်၍ခုံများစွာထပ်မံချပေးရသည်ကိုတွေ့မြင်ခဲ့ရ ပါသည်၊ (Bhak tapur)ဘာတာပူမြို့၌ကျင်းပသော၄ါတရားပွဲ၌ ဒုလ္လဘဝါးပါးအစချီကာဟောကြားခဲ့ပါသည်။

## ဒုလ္လဘတရားတော်

**ဒုလ္လဘောဗုဒ္ဓုပ္ပါဒေါလောကသ္မိံ၊**

**ဒုလ္လဘောမနုဿတ္တပဋိလာဘော။**

**ဒုလ္လဘာသဒ္ဓါသမ္ပတ္တိ (ခဏသမ္ပတ္တိ)**

**ဒုလ္လဘာပဗ္ဗဇ္ဇာ။(ပဗ္ဗဇိတဘာဝေါဒုလ္လဘော)။**

**ဒုလ္လဘံသဒ္ဓမ္မဿဝနံ၊(သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ)၊**

ဟူသောဒုလ္လဘတရားငါးမျိုးကိုဘုရားရှင်ကိုယ်တော်မြတ်သည် နေ့စဉ်ဩဝါဒပေးသောအားဖြင့် ဟောကြားတော်မူခဲ့ပါတယ်၊ အရေးတကြီးမှတ်သားသင့်လေးလေးစားစားအရေးထားကာလိုက်နာ သင့်၍နေ့စဉ်ဩဝါဒပေးတော်မူခြင်းဖြစ်ပါတယ်။

**ဒုလ္လဘောဗုဒ္ဓုပ္ပါဒေါလောကသ္မိံ–** လောကတစ်ခွင်မှာသဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင်၏ ပွင့်ထွန်းပေါ်ပေါက်တော်မူခြင်းကို အလွန်ရခဲပါတယ်၊ ဘုရားရှင်ပွင့်ပေါ်တော်မူခြင်း၏ ရခဲလှပုံကို အနည်းငယ်ပြောပြပါမည်၊ဘုရားရှင်သည်လေးအသင်္ချေနှင့်ကမ္ဘာ တစ်သိန်း ပါရမီဖြည့်တော်မူရတယ်ဟူသောစကားကို လူအများပင် ကြားဖူးကြပါတယ်၊လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းဆိုတာနိယတ ဗျာဒိတ်ရပြီးအချိန်မှစတင်၍ရေတွက်ခြင်းဖြစ်ပါတယ်။

## "နိယတဗျာဒိတ်ပန်"

နိယတဗျာဒိတ်ရတဲ့ဘဝရောက်အောင် ပါရမီများစွာ ဖြည့်ခဲ့ပြီး ဖြစ်ပါတယ်၊နိယတဗျာဒိတ်ပန်ဆင်တဲ့ဘဝမှာပင်လိုချင်လျှင်နိဗ္ဗာန်ကို ရယူနိုင်လောက်အောင် ပါရမီဖြည့်ပြီး ဖြစ်ပါတယ်၊ နိယတဗျာဒိတ် ပန်ဆင်တဲ့ဘဝမှာပင်အဆင့်အတန်းအလွန်မြင့်မားနေပါပြီ၊နိယတ ဗျာဒိတ်ရဖို့ရာအင်္ဂါရှစ်ချက်ညီဖို့လိုအပ်ပါတယ်။

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ, ဟေတုသတ္ထာရဒဿနံ၊**
**ပဗ္ဗဇ္ဇာဂုဏသမ္ပတ္တိ, အဓိကာရောစဆန္ဒတာ၊**
**အဋ္ဌဓမ္မသမောဓာနာ, အဘိနီဟာရောသမိဇ္ဈတိ။**

ဟူသောဒုလ္လဘတရားငါးမျိုးကိုဘုရားရှင်ကိုယ်တော်မြတ်သည် နေ့စဉ်ဩဝါဒပေးသောအားဖြင့် ဟောကြားတော်မူခဲ့ပါတယ်၊ အရေးတကြီးမှတ်သားသင့်လေးလေးစားစားအရေးထားကာလိုက်နာ သင့်၍နေ့စဉ်ဩဝါဒပေးတော်မူခြင်းဖြစ်ပါတယ်။

**ဒုလ္လဘောဗုဒ္ဓုပ္ပါဒေါလောကသ္မိံ–** လောကတစ်ခွင်မှာသဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ ပွင့်ထွန်းပေါ်ပေါက်တော်မူခြင်းကို အလွန်ရခဲပါတယ်၊ ဘုရားရှင်ပွင့်ပေါ်တော်မူခြင်း၏ ရခဲလှပုံကို အနည်းငယ်ပြောပြပါမည်၊ဘုရားရှင်သည်လေးအသင်္ချေနှင့်ကမ္ဘာ တစ်သိန်း ပါရမီဖြည့်တော်မူရတယ်ဟူသောစကားကို လူအများပင် ကြားဖူးကြပါတယ်၊လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းဆိုတာနိယတ ဗျာဒိတ်ရပြီးအချိန်မှစတင်၍ရေတွက်ခြင်းဖြစ်ပါတယ်။

## "နိယတဗျာဒိတ်ပန်"

နိယတဗျာဒိတ်ရတဲ့ဘဝရောက်အောင် ပါရမီများစွာ ဖြည့်ခဲ့ပြီး ဖြစ်ပါတယ်၊နိယတဗျာဒိတ်ပန်ဆင်တဲ့ဘဝမှာပင်လိုချင်လျှင်နိဗ္ဗာန်ကို ရယူနိုင်လောက်အောင် ပါရမီဖြည့်ပြီး ဖြစ်ပါတယ်၊ နိယတဗျာဒိတ် ပန်ဆင်တဲ့ဘဝမှာပင်အဆင့်အတန်းအလွန်မြင့်မားနေပါပြီ၊နိယတ ဗျာဒိတ်ရဖို့ရာအင်္ဂါရှစ်ချက်ညီဖို့လိုအပ်ပါတယ်။

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ, ဟေတုသတ္ထာရဒဿနံ၊**
**ပဗ္ဗဇ္ဇာဂုဏသမ္ပတ္တိ, အဓိကာရောစဆန္ဒတာ၊**
**အဋ္ဌဓမ္မသမောဓာနာ, အဘိနီဟာရောသမိဇ္ဈတိ။**

ဘုရားဖြစ်မည်ကဲ့သို့ ထက်သန်မှုဆန္ဒ ပိုမိုကြီးကျယ်လာပါတယ်၊ နိယတဗျာဒိတ်ပန်းကိုပန်ဆင်တော်မူရာအခါမှစ၍လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင်ဘုရားအလောင်းတော်မြတ်သည်ပါရမီတော် ဆယ်ပါး,စွန့်ခြင်းကြီးငါးပါး,စရိယသုံးပါးနှသောဘုရားဖြစ်ကြောင်း အကျင့်ထူး အကျင့်မြတ်များကို အကြွင်းအကျန်မရှိအောင် အဆက် မပြတ် လေးလေးနက်နက် ထက်ထက်သန်သန် ကြိုးစားဖြည့်ကျင့် တော်မူခဲ့ရပါတယ်။

## လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း

လေးအသင်္ချေဆိုတဲ့စကားအဓိပ္ပါယ်ကိုရှင်းမပြမီကမ္ဘာတစ်သိန်း၏ အဓိပ္ပါယ်ကိုရှင်းပြပါဦးမည်၊ကမ္ဘာသည်၁။အာယုကပ် ၂။အန္တရကပ် ၃။အသင်္ချေယျကပ်၄။မဟာကပ်အားဖြင့်လေးပါးအပြားရှိပါတယ်၊ ထိုလေးပါးတွင်အာယုကပ်ဟူသည်သတ္တဝါများ၏သက်တမ်းဖြစ်ပါ တယ်၊ အန္တရကပ်ဆိုတာကတော့ တဖြေးဖြေးချင်း သတ္တဝါတွေ အကုသိုလ်အားကြီးလာလို့၁။သတ္ထ–လက်နက်၊၂။ရောဂ–ရောဂါဆိုး ၃။ဒုဗ္ဘိက္ခ–ငတ်မွတ်ခေါင်းပါးအစာရှားမှုဆိုတဲ့ပျက်စီးကြောင်းသုံးမျိုး တွင်တစ်မျိုးမျိုးကြောင့်သတ္တဝါအများပျက်စီးကုန်ကြရာမသေဘဲ ကျန်ရစ်သော သတ္တဝါများပွားများသော ကုသိုလ်ကံ၏ အာနုဘော် ကြောင့်အစဉ်အားဖြင့်အသင်္ချေအသက်တမ်းတိုင်အောင်သက်တမ်း မြင့်တက်ပြီးနောက်တဖန်မသူတော်တရားပွားများမှုကြောင့်အစဉ် အားဖြင့်ဆုတ်ယုတ်၍ဆယ်နှစ်တမ်းသို့ပြန်ရောက်ကာပျက်စီးချိန် အထိအချိန်အခါဖြစ်ပါတယ်။

အန္တရကပ်ပေါင်းခြောက်ဆယ်လေးကပ်ကြာရာအချိန်အခါသည် အသင်္ချေယျကပ်ဖြစ်၍ မဟာကပ်ကတော့ အသင်္ချေယျကပ် ထက် လေးဆမျှပိုမိုကြာမြင့်ပါတယ်။

တနည်းအားဖြင့် အလျားတစ်ယူဇနာ, အနံတစ်ယူဇနာရှိသော မုန်ညှင်းစေ့အပြုံအပုံကြီးမှနှစ်ပေါင်းတစ်ရာတစ်ရာကြာမှတစ်စေ့ကျ တစ်စေ့ကျ ယူပစ်ပါ၊ ဒီလို နှစ်ပေါင်းတစ်ရာတစ်ရာမှာတစ်စေ့ကျ တစ်စေ့ကျယူပစ်လာရာထိုမုန်ညှင်းစေ့အပုံကြီးသာကုန်သွားမယ် မဟာကပ်လို့ခေါ်ဆိုအပ်သောကပ္ပါကြီးကမကုန်ပါ။ကပ္ပါ၏ကြာမြင့် သော ကာလသည် ဤမျှလောက် ကြာမြင့်ပါတယ်၊ ဤမျှလောက် ကြာမြင့်သောကပ္ပါပေါင်းတစ်သိန်းဖြစ်ပါတယ်။ကပ္ပါ–ကမ္ဘာဟုနှစ်မျိုး အခေါ်ရှိပါတယ်။ပါဠိသုံးကိုလိုက်၍“ကပ္ပါ”ဟုသုံးထားပါတယ်။ကမ္ဘာ ဟုသုံးလျှင်လည်းအတူပင်ဖြစ်ပါတယ်။

## လေးအသင်္ချေ

အသင်္ချေဆိုသောစကား၏အဓိပ္ပါယ်ကို မှတ်သားကြရပါမယ်၊ ရေတွက်လို့မရသည်ကို အသင်္ချေယျဟု ဆိုပါတယ်၊ ရာ,ထောင်, သောင်း, သိန်း,သန်း, ကုဋေစသည်ဖြင့် ရေတွက်၍ မရသည်ကို အသင်္ချေယျဟု ဆိုရပါတယ်၊ အသင်္ချေယျဟူသည် အဘယ်နည်း၊ ရေတွက်လို့မရခြင်းသည်အဘယ်အရာနည်းဟုစဉ်းစားဖွယ်ရာရှိပါ တယ်။စာပေမှာအနီးအနားမှာရှိသောစကားဖြင့်ထွဲယှဉ်၍အဓိပ္ပါယ် ယူရပါတယ်။လေးအသင်္ချေဆိုသောစကား၏အနီးမှာကပ္ပါတစ်သိန်း

ဟူသောစကားရှိသဖြင့်လေးအသင်္ချေသည်ကပ္ပါပေါင်းလေးအသင်္ချေ ဟု မှတ်ယူရပါတယ်၊ ဒီနေရာမှာ စဉ်းစားဖွယ်ရာရှိလာပြန်ပါတယ်၊ ရေတွက်လို့ရသည်ကိုအသင်္ချေယျဟုဆိုလျှင်လေးခုဟူသောဂဏန်း မထည့်စွက်ပဲအသင်္ချေယျဟုဆိုသင့်သည်ဟုစဉ်းစားဖွယ်ရာရှိပါတယ်၊ ရေတွက်လို့မရသောအသင်္ချေယျသည်အဘယ်သို့နည်းဖြင့်လေးခု ဖြစ်ရ, လေးအသင်္ချေ ဖြစ်ရသနည်းဟု တွေးတောဖွယ် ရှိသည်ကို ရှေးကပယ်ညာရှင်ကြီးများဆဉ်းစားခဲ့,အဖြေရှာခဲ့ပြီးဖြစ်ကြပါတယ်။ ဉာနလေးခုတို့၌ အသင်္ချေယျအဖြစ်ကို အလိုရှိအပ်သောကြောင့် အသင်္ချေယျလေးခုလေးအသင်္ချေဖြစ်ရပါတယ်။

**ဒီပင်္ကရဿဘဂဝတော,ကောဏ္ဍညဿစသတ္ထုနော၊**
**ဧတေသံ အန္တရာကပ္ပါ၊ဂဏနာတောအသင်္ချိယာ။**
**ကောဏ္ဍညဿအပရေန,မင်္ဂလောနာမနာယကော၊**
**တေသမ္ပိ အန္တရာကပ္ပါ,ဂဏနာတောအသင်္ချိယာ၊**
**သောဘိတဿအပရေန,အနောမဒဿီမဟာယသော။**
**တေသမ္ပိ အန္တရာကပ္ပါ,ဂဏနာတောအသင်္ချိယာ၊**
**နာရဒဿဘဂဝတော,ပဒုမုတ္တရဿသတ္ထုနော၊**
**တေသမ္ပိ အန္တရာကပ္ပါ,ဂဏနာတောအသင်္ချိယာ–** ဟု

ရေတွက်မှုကိုလွန်မြောက်သွားသောကြောင့်အသင်္ချေယျဖြစ်ရာ၌လည်း လေးခုသောဉာနတို့၌မဟာကပ်အရေအတွက်ကိုလွန်ခဲ့သောကြောင့် လေးအသင်္ချေဟုဆိုခြင်းဖြစ်ပါတယ်။အသင်္ချေယျဟူသည်သောင်း,

သိန်း,သန်း,ကုဋေစသည်တို့ကဲ့သို့သင်္ချာတစ်မျိုးမဟုတ်ပါဗြဲဖြေရှင်း ချက်များကိုစရိယာပိဋကအဋ္ဌကထာအကိတ္တိဝဂ်၌ပြဆိုထားပါတယ်။

လေးအသင်္ချေဖြစ်ပုံမှာ၁။ဒီပင်္ကရာဘုရားရှင်နှင့်ကောဏ္ဍညဘုရား ရှင်တို့၏အကြား၌မဟာကပ္ပါပေါင်းမရေမတွက်နိုင်အောင်ဘုရား မပွင့်သောသုညကပ္ပါများတည်ရှိခဲ့ခြင်းသည်အသင်္ချေယျတစ်ခု,

၂။ ကောဏ္ဍညဘုရားရှင်နှင့် မင်္ဂလဘုရားရှင်တို့၏ အကြားကာလ၌ ထိုနည်းအတူပင်မရေမတွက်နိုင်အောင်ဘုရားမပွင့်သောသုညကပ္ပါပေါင်း များစွာတည်ရှိခဲ့ခြင်းသည်အသင်္ချေယျတစ်ခု,

၃။ သောဘိတဘုရားရှင်နှင့် အနောမဒဿီဘုရားရှင်တို့၏ အကြား ကာလ၌ရေတွက်လို့မရနိုင်အောင်အလွန်များပြားသောဘုရားမပွင့် သောသုညကပ္ပါပေါင်းများစွာတည်ရှိခဲ့ခြင်းသည်အသင်္ချေယျတစ်ခု,

၄။ နာရဒဘုရားရှင်နှင့် ပဒုမုတ္တရာဘုရားရှင်တို့၏ အကြားကာလ၌ ရေတွက်လို့မရနိုင်လောက်အောင် အလွန်များပြားသော ဘုရားမပွင့် သော သုညကပ္ပါပေါင်းများစွာ တည်ရှိခြင်းသည် အသင်္ချေယျတစ်ခု ဤသို့ အားဖြင့် အသင်္ချေယျလေးခု ဖြစ်ပါတယ်၊ ကပ္ပါပေါင်း လေးအသင်္ချေယျနှင့်ကပ္ပါပေါင်းတစ်သိန်းတို့တိုင်တိုင်ပါရမီဆယ်ပါး, စွန့်ခြင်းကြီးငါးပါး,စရိယာသုံးပါးသောဘုရားဖြစ်ကြောင်းအကျင့်ထူး အကျင့်မြတ်များကို အကြွင်းအကျန်မရှိအဆက်မပြတ် လေးလေး နက်နက်စွဲစွဲမြဲမြဲဖြည့်ကျင့်တော်မူခဲ့လို့သဗ္ဗညုသူစင်စစ်ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်းဖြစ်ပါတယ်။

## (၄၈) တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏ ပါရမီ

**ပရမောဥတ္တမဋ္ဌေန,တဿာယံပါရမီတထာ၊**

**ကမ္မံဘာဝေါတိဒါနာဒိ,တဒ္ဓိတတောတိဓာမတာ။**

ပါရမီဆိုတဲ့စကားသည် ပရမမှ ဖြစ်ပေါ်လာပါတယ်၊ ဘုရားအလောင်းတော်မြတ်သည်ဒါနသီလစသောဂုဏ်ထူးဝိသေသများနှင့် ယှဉ်သည့်အတွက်သတ္တဝါအားလုံးတို့ထက်မြင့်မြတ်သောကြောင့်ပရမ မည်တော်မူပါတယ်။

**ပရမဿအယံပါရမီ–** ပရမမည်သောဘုရားအလောင်းတော်၏ ဥစ္စာဖြစ်သောကြောင့်ဒါနစသောကျင့်စဉ်များသည်ပါရမီမည်၏။

**ပရမဿကမ္မံပါရမီ–** ပရမမည်တော်မူသောဘုရားအလောင်းတော်မြတ်၏လုပ်ငန်းစဉ်ဖြစ်သောကြောင့်ဒါနစသောကျင့်စဉ်များသည် ပါရမီမည်၏။

**ပရမဿဘာဝေါပါရမီ–** ပရမမည်တော်မူသောဘုရားအလောင်းတော်၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဒါနစသောကျင့်စဉ်များသည် ပါရမီမည်၏။

### ပါရမီဆယ်ပါး

ပါရမီသည်––––

**ဒါနံသီလဉ္စနေက္ခမ္မံ,ပညာဝီရိယေနပဉ္စမံ၊**

**ခန္တိသစ္စမဓိဋ္ဌာနံ,မေတ္တုပေက္ခာတိတေဒသ။** (ဗု,ဝံ,၁.၇၆)

ဒီဂါထာလေးမှာလာသည့်အတိုင်းပင် ပါရမီသည် ဆယ်ပါးရှိပါတယ်၊ပါရမီဆယ်ပါး၏အဓိပ္ပါယ်အကျဉ်းမှာ---

၁။ ဒါနပါရမီ – စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။

၂။ သီလပါရမီ – ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ စသောဆိုင်ရာသီလများကိုစောင့်ထိန်းခြင်း။

၃။ နေက္ခမ္မပါရမီ – ထီးနန်းစသော စည်းစိမ်များကို စွန့်ခွာ၍ တောထွက်တော်မူခြင်း။

၄။ ပညာပါရမီ – အရာရာ၌တတ်သိနားလည်ကျွမ်းကျင်ခြင်း။

၅။ ဝီရိယပါရမီ – ကုသိုလ်ကိစ္စတို့၌မကြောက်မရွံ့နောက်မတွန့် ဘဲသက်စွန့်ကြိုးပမ်းအားထုတ်တော်မူခြင်း။

၆။ ခန္တီပါရမီ – သူတပါးကနှိပ်စက်သည်ကိုသည်းခံခြင်း။

၇။ သစ္စပါရမီ – မှန်ကန်ဖြောင့်မတ်စွာပြောဆိုလုပ်ကိုင်ခြင်း။

၈။ အဓိဋ္ဌာနပါရမီ – မိမိရည်မှန်းအပ်သော ကောင်းသောအလုပ်၌ မပြစ်မနေစွဲမြဲစွာဆောင်ရွက်ခြင်း။

၉။ မေတ္တာပါရမီ – သတ္တဝါတို့၏အကျိုးစီးပွားကိုလိုလားခြင်း။

၁၀။ ဥပေက္ခာပါရမီ – မုန်းအောင်ပြုသည်ကိုလည်းမမုန်း,ချစ်အောင် ပြုသည်ကိုလည်းမချစ်ဘဲလစ်လျူရှုခြင်း။

## ဥပေက္ခာပါရမီဖြစ်ပုံ

ဘုရားအလောင်းတော်ကြီးများသည် သတ္တဝါအားလုံးအပေါ်၌ မိမိတို့၏သားရင်းများနှင့်မခြားမေတ္တာကရုဏာကြီးမားတော်မူကြပါ

လျက် အဘယ်သို့ဥပေက္ခာပြုတော်မူကြသနည်း၊ အဘယ်နည်းဖြင့် ဥပေက္ခာပါရမီဖြည့်တော်မူသနည်း ? ဟု စဉ်းစားဖွယ်ရာရှိပါတယ်၊ အဖြေကို သီလက္ခန်ဋီကာသစ်၌ ပြဆိုထားပါတယ်၊ နှစ်မျိုးနှစ်နည်း ဖြေဆိုထားသည်ကိုတွေ့ရပါတယ်၊ကေစိဟုခေါ်ဆိုအပ်သောဆရာများ ကဥပေက္ခာပြုသင့်သောပုဂ္ဂိုလ်တို့၌ရံဖန်ရံခါဥပေက္ခာပြုကာဥပေက္ခာ ပါရမီဖြည့်တော်မူကြ၏၊ပုဂ္ဂိုလ်အားလုံးတို့၌အခါခပ်သိမ်းဥပေက္ခာပြု တော်မူကြသည်မဟုတ်ဟုဖြေဆိုတော်မူကြပါတယ်။

အပရေဟု ခေါ်ဆိုအပ်သော ဆရာမြတ်တို့ကမူ သတ္တဝါတို့၌ ဥပေက္ခာပြုတော်မူကြသည်မဟုတ်၊သတ္တဝါတို့ပြုအပ်သောဖောက်ပြန် သောအမှု, မကောင်းသောအမှုတို့၌ ဥပေက္ခာပြုကာ ဥပေက္ခာပါရမီ ဖြည့်တော်မူကြသည်ဟုဖြေဆိုတော်မူကြပါတယ်။

အပရေဆရာမြတ်တို့ဖြေဆိုအပ်သော အဖြေသည်သာ အသင့် လျော်ဆုံးသော အဖြေဟု ဋီကာဆရာက ကောက်ချက်ချပြပါတယ်၊ ဒါကြောင့် ဘုရားအလောင်းတော်ကြီးများသည် သတ္တဝါတို့အပေါ်၌ ဥပေက္ခာပြုတော်မူကြသည်မဟုတ်၊သတ္တဝါတို့ပြုအပ်သောဖောက်ပြန် သောအမှု, မကောင်းသောအမှုတို့၌ ဥပေက္ခာပြုကာ ဥပေက္ခာပါရမီ ဖြည့်တော်မူကြသည်ဟုမှတ်သားကြရပါတယ်။

## ပါရမီဖြည့်ပုံ

ပါရမီဖြည့်ရာအချိန်ကာလနှင့် ပါရမီတော်များကို ပြောကြားပြီး နောက်ပါရမီဖြည့်တော်မူပုံကိုအနည်းငယ်မျှဆက်လက်ပြောပြပါဦး မည်–––

ပါရမီတော်များကို ပြည့်အောင်ဖြည့်ဆည်းရာ၌ အကြောင်းအင်္ဂါ လေးချက်ကို အစုံအလင် အကုန်အစင် အတိအကျ ပြည့်ဝအောင် ဖြည့်ကျင့်ရမည်ဖြစ်ပါတယ်။

## "အကြောင်းအင်္ဂါလေးမျိုး"

၁။ အနဝသေသသမ္ဘရဏံ – ဘုရားအဖြစ်ကို ရည်ရွယ်၍ အလုံးစုံ သောကုသိုလ်ကောင်းမှုပါရမီအဆောက် အဦများကိုချို့ယွင်းမှုမရှိအပြည့်အဝဖြည့်ကျင့်ဆည်းပူးရခြင်း။

၂။ သက္ကစ္စကာရိတာ – ပါရမီ ကုသိုလ်များ၌ ရိုရိုသေသေ လေးလေးစားစားဖြည့်ကျင့်ရခြင်း။

၃။ သာတစ္စကာရိတာ – ပါရမီများကို မဖြည့်ကျင့်သော အချိန် အခါမရှိအကြားမလပ်အဆက်မပြတ် အားထုတ်ဆည်းပူးဖြည့်ကျင့်ရခြင်း။

၄။ စိရကာလာဒိယောဂေါ – ကပ္ပါပေါင်းလေးအသင်္ချေနှင့်တစ်သိန်း စသည်ကြာအောင်အလွန်ကြာမြင့်စွာ ဖြည့်ကျင့်တော်မူရခြင်း။ဤသို့ဖြည့်ကျင့်တော်မူမှတစ်လောကလုံးမှာ အတူမရှိအမြတ်ဆုံးသောသဗ္ဗညုစင်စစ်ဘုရားအဖြစ်သို့ရောက်တော် မူရပါတယ်၊ ဒီအချက်များကို လေ့လာပါက ဘုရားပွင့်တော်မူခြင်း၏ ဒုလ္လဘ–ရခဲပုံကို အားလုံးပင် လက်ခံယုံကြည် ကြပါမယ်၊ ယနေ့ အချိန်အခါမှာအလွန်တရာမှရခဲကြုံခဲတဲ့ဘုရားပွင့်တော်မူခြင်းဆိုတဲ့ ဒုလ္လဘတရားကြီးကိုအားလုံးရရှိနေကြပါပြီ။

## (၅၂) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ခြောက်ရာကျော်ကျော်က ဒိနိပေါလ်နယ်မြေထဲမှာပါဝင်တဲ့ကာပိလဝတ္ထုပြည်ရှင်သုဒ္ဓေါဒနဘုရင်ကြီးနှင့်မိဖုရားခေါင်ကြီးမယ်တော်မာယာတို့မှဖွားသန့်စင်ခဲ့သောအလောင်းတော်မြတ်သိဒ္ဓတ္ထမင်းသားသည်ပါရမီတော်များပြည့်တော်မူပြီးဖြစ်၍ တစ်လောကလုံးတွင် အမြတ်ဆုံးသော သဗ္ဗညုတဉာဏ်တော်သခင်ဘုရားစင်စစ်အဖြစ်သို့ ရောက်တော်မူခဲ့ပြီးဖြစ်၍ မိမိတို့အားလုံးမှာ အလွန်ရခဲလှသောဗုဒ္ဓုပ္ပါဒကိုရရှိနေကြပြီဖြစ်ပါတယ်ဗုဒ္ဓုပ္ပါဒဒုလ္လဘ၏ အဓိပ္ပါယ်အတော်လေးစုံပြီမို့မနုဿတ္တပဋိလာဘဒုလ္လဘကိုဆက်ကြပါဦးစို့---

### **ဒုလ္လဘော မနုဿတ္တပဋိလာဘော----**

လူ့အဖြစ်ကိုရမှုသည်အလွန်ခဲယဉ်းသည်ဟုဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်၊ကြီးကျယ်စွာ လုလ္လစိုက်ထုတ်မှ, ကြီးကျယ်သောကုသိုလ်ကံရှိမှလူ့ဘဝကိုရရှိနိုင်ပါတယ်။

ယောကျ်ားတစ်ယောက်က မဟာသမုဒြာ၌ ပစ်ချထားသဖြင့် မျောနေသောအပေါက်တစ်ခုသာပါသော ထမ်းပိုး၏ အပေါက်ထဲသို့ အနှစ်တစ်ရာအနှစ်တစ်ရာကြာမှ တစ်ခါတစ်ခါသာ ပေါ်လာသော ကန်းနေသောလိပ်၏ဦးခေါင်းဖြင့်ဝင်မိဖို့ရာခက်ခဲသည်ထက်လူ့ဗာလတစ်ဦး၏လူ့ဘဝကိုတဖန်ပြန်လည်ရရှိဖို့ရာခက်ခဲကြောင်းဘုရားရှင်ကိုယ်တော်တိုင်ဟောကြားတော်မူခဲ့ပါတယ်။

(သစ္စသံယုတ်ပဥ္စမဆိဂ္ဂဠ္ဍယုဂသုတ်)

တစ်မြေပြင်လုံးပြည့်နေသောရေပြင်ကြီးထဲသို့ယောကျ်ားတစ်ဦး ပစ်ချထားသောအပေါက်တစ်ခုသာပါသောထမ်းပိုးတစ်ခုသည်လေပြင်း ကြောင့်အရပ်လေးမျက်နှာသို့မငြိမ်မသက်မျောနေရာအနှစ်တစ်ရာ အနှစ်တစ်ရာကြာမှ တစ်ခါတစ်ခါသာ ပေါ်လာသော လိပ်ကန်း၏ ဦးခေါင်းဖြင့်ထိုထမ်းပိုး၏အပေါက်ထဲသို့စွပ်မိသကဲ့သို့တစ်ရံတစ်ခါ သာလူ့ဘဝကိုရရှိနိုင်ပါတယ်ဟုလည်းဘုရားရှင်ကိုယ်တော်တိုင်ပင် ဟောကြားတော်မူခဲ့ပါတယ်။(သစ္စသံယုတ်ဒုတိယဆိဂ္ဂဠယုဂသုတ်)

လူ့ဘဝသည် ရဖို့ရာခက်ခဲ၍ တန်ဖိုးကြီးမားသလို လူ့ဘဝကို ရရှိခိုက်ကြိုးစားလိုက်လျှင်ကြိုးစားသလောက်အကျိုးအမျိုးမျိုးရရှိ နိုင်သဖြင့်လည်းအလွန်တန်ဖိုးကြီးသောဘဝဖြစ်ပါတယ်၊လူ့ဘဝသည် ပါရမီဖြည့်ကျင့်လို့အကောင်းဆုံးဘဝဖြစ်ပါတယ်၊လူ့ဘဝ၌တည်၍ သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိဆိုတဲ့ ဗောဓိဆုကြီး များကိုပြည့်အောင်ပါရမီကုသိုလ်အမျိုးမျိုးကိုဖြည့်ဆည်းနိုင်သဖြင့် လူ့ဘဝသည် တန်ဖိုးကြီးမားလှပါတယ်၊ ဤကဲ့သို့ တန်ဖိုးကြီးမား လှသော၊ရခဲသောလူ့ဘဝကိုမိမိတို့တစ်တွေရရှိနေကြပါပြီ၊ရရှိသည့် အခိုက်မှာ ထိုက်တန်သော ကုသိုလ်ပါရမီများကို ကြိုးစားဖြည့်ကျင့် ကြရပါမယ်။

## ဒုလ္လဘာသဒ္ဓါသမ္ပတ္တိ (ခဏသမ္ပတ္တိ)––

လူ့အဖြစ်ကိုရလာပြန်သော်လည်းသဒ္ဓါတရားနှင့်ပြည့်စုံမှုကိုရခဲလှ ပါတယ်၊ဒါ့ကြောင့်“ဒုလ္လဘာသဒ္ဓါသမ္ပတ္တိ”ဟုဘုရားရှင်ဟောတော်

မူခဲ့ပါတယ်။သဒ္ဓါတရားနှင့်ပြည့်စုံမှုဟူသည်ရတနာသုံးပါး၏ဂုဏ်တော်နှင့်ကံကံ၏အကျိုး၊ဤလောကတမလွန်လောကတို့ကိုယုံကြည်မှုဖြစ်ပါတယ်။

၁။ ငါတို့ကိုးကွယ်ဆည်းကပ်အပ်သော ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကြီး၏ပိုင်ရှင်ဖြစ်၍တစ်လောကလုံးတွင်အမြတ်ဆုံးအသာဆုံးဘုရားစင်စစ်ကေန်ဖြစ်တော်မူပါပေ၏ဟုဘုရားကိုယုံကြည်မှုသဒ္ဓါတရားရှိရပါမယ်။

၂။ ငါတို့ကိုးကွယ်ဆည်းကပ်အပ်သောတရားတော်သည်သဗ္ဗညုဘုရားရှင်ကိုယ်တော်တိုင်ထုတ်ဖော်ဟောကြားတော်မူ၍အမှားမရှိအမှန်ချည်းသာဖြစ်သောတကယ်လိုက်နာကျင့်ကြံသူများကိုတကယ်ပင်ကယ်တင်ထုတ်ဆောင်နိုင်သောတရားစစ်တရားမှန်ကေန်ဖြစ်တော်မူပါပေ၏ဟုတရားကိုယုံကြည်မှုသဒ္ဓါတရားရှိရပါမယ်။

၃။ ငါတို့ကိုးကွယ်ဆည်းကပ်အပ်သောသံဃာတော်သည်သဗ္ဗညုဘုရားရှင်၏ဟောကြားဆုံးမမှုကိုအတိအကျလိုက်နာကျင့်ကြံသဖြင့်တကယ်ပင်မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သောသံဃာစစ်သံဃာမှန် ဖြစ်တော်မူပါပေ၏ဟု သံဃာကို ယုံကြည်မှု သဒ္ဓါတရားရှိရပါမယ်။

၄။ ကံဟူသည် စေတနာ၏သတ္တိဖြစ်၏၊ စေတနာသည် နာမ်တရားဖြစ်သော်လည်း အခြားနာမ်တရားတို့ထက် အရှိန်ပိုမိုကြီးမားသဖြင့်ချုပ်သည့်အခါမှာပြီးပြီးပျောက်ပျောက်ချုပ်သွားသည်မဟုတ်၊ နောင်အခွင့်သင့်သည့်အခါအကျိုးပေးရန်သတ္တိကိုဖြစ်ရာသန္တာန်မှာ

ချန်ထားပြီးမှချုပ်ပါတယ်၊ထိုကဲ့သို့ချန်ထားခဲ့သောသတ္တိကအကျိုး
ပေးပါတယ်၊ထိုအကျိုးပေးသောသတ္တိကိုကံဟုခေါ်ပါတယ်၊ဤကဲ့သို့
ကံတရား၏ရှိကြောင်းကိုလည်းယုံကြည်လက်ခံရပါမယ်။

ကံရှိသလိုကံ၏အကျိုးရှိပုံကိုလည်းယုံကြည်ရပါမယ်။

**ကလျာဏကာရီကလျာဏံ,ပါပကာရီစပါပကံ၊**
**ယာဒိသံဝပတေဗီဇံ,တာဒိသံဟရတေဖလံ။**

အချိုမျိုးစေ့ကိုစိုက်ပျိုးလျှင်အချိုသီးကိုရ၍အခါးမျိုးစေ့ကိုစိုက်ပျိုး
လျှင်အခါးသီးကိုရသကဲ့သို့ဒါနသီလစသောကုသိုလ်ကောင်းမှုကို
ပြုလုပ်သူသည်လူနတ်နိဗ္ဗာန်သုံးတန်သောချမ်းသာကိုရ၍သူတပါး၏
အသက်ကိုသတ်မှုစသောမကောင်းမှုကိုပြုလုပ်သူသည်အပါယ်ငရဲ
စသောဆင်းရဲဒုက္ခကိုရရှိမည်ဟုကံ၏အကျိုးကိုယုံကြည်ရပါမည်။

ဤလောက တမလွန်လောကကိုလည်း ယုံကြည်ရပါမည်၊
ဤလောကရှိသလိုမိမိတို့၏ပကတိမျက်စိဖြင့်မမြင်ရသောတမလွန်
လောကလည်းရှိတယ်၊ဤဘဝရှိသလို နောက်ဘဝလည်းရှိတယ်ဟု
ယုံကြည်ရပါမယ်၊ဤကဲ့သို့ရတနာသုံးဖြာ၏ဂုဏ်တော်ကိုယုံကြည်
သောသဒ္ဓါတရား,ကံနှင့်ကံ၏အကျိုးကိုယုံကြည်သောသဒ္ဓါတရား,
ဤလောက တမလွန်လောကကို ယုံကြည်သောသဒ္ဓါတရားတို့နှင့်
ပြည့်စုံမှုသည်လည်း ရခဲသောဒုလ္လဘတရားပင် ဖြစ်ပါတယ်၊ ယနေ့
မိမိတို့တစ်တွေသည် ဤကဲ့သို့ ရခဲလှသော ဒုလ္လဘတရားဖြစ်သော
သဒ္ဓါသမ္ပတ္တိ–သဒ္ဓါတရားနှင့်ပြည့်စုံခြင်းကိုလည်းဆိုင်ဆိုင်ရရှိနေကြပါပြီ။

**ဒုလ္လဘာ ခဏသမ္ပတ္တိ---**

ဒုလ္လဘာသဒ္ဒါသမ္ပတ္တိ၏နေရာမှာအချို့ကျမ်းစာများ၌‘‘ဒုလ္လဘာ ခဏသမ္ပတ္တိ’’ဟု တွေ့ရပါတယ်၊ မဂ်ဖိုလ်ရရန် အခွင့်ပြည့်စုံခြင်းကို ခဏသမ္ပတ္တိဟုခေါ်ပါတယ်၊ကျမ်းစာများ၌ခဏသမ္ပတ္တိကို‘‘ကုသလုပ ပတ္တိ-ကုသိုလ်ဖြစ်ပေါ်မှု’’ဟု ဖွင့်ဆိုပါတယ်၊ ဖိုလ်သည် အဘိဓမ္မာ သဘောအရဝိပါကဖြစ်သော်လည်း၊မဂ်ကုသိုလ်နှင့်တစ်ဆက်တည်း ဖြစ်သောကြောင့်၊မဂ်ဖိုလ်ရရန်ဟုသုံးနှုန်းပြောဆိုပါတယ်၊ဒီနေရာမှာ မဂ်ဖိုလ်ရခွင့်မရှိသောအရပ်နှင့်၊မဂ်ဖိုလ်ရခွင့်ရှိသောအရပ်ကိုခွဲခြားသိဖို့ လိုပါတယ်၊မဂ်ဖိုလ်ရခွင့်မရှိသောအရပ်များကိုပါဠိတော်ပိဋကကျမ်းစာ များ၌အက္ခဏဟုမိန့်တော်မူကြပါတယ်၊မြန်မာများကတော့ထိုအရပ် သို့ရောက်နေလျှင်မင်္ဂဖိုလ်ရအောင်တရားအားထုတ်ခွင့်မရသော ကြောင့်အပြစ်ရှိသောအရပ်များဆိုတဲ့အဓိပ္ပါယ်အရ‘‘ရပ်ပြစ်ရှစ်ပါး’’ ဟုခေါ်ဆိုကြပါတယ်။

**ဘုရားပွင့်ခါ၊ပါယ်သုံးရွာနှင့်၊ဒီဃာယုနတ်၊ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ဉာဏ်မရှိသား၊ဉာဏ်ရှိငြားလည်း၊ဘုရားမပွင့်၊ ကျမ်းဂန်လှစ်သည်၊ရပ်ပြစ်ရှစ်ပါးသရုပ်တည်း။**

(ရတနာ့ဂုဏ်ရည်ကျမ်းစာမှ)

**ဘုရားပွင့်ခါ၊ပါယ်သုံးရွာနှင့်** ။ ။ဘုရားပွင့်နေဆဲအချိန်အခါမှာ ငရဲ တိရစ္ဆာန် ပြိတ္တာဆိုတဲ့ အပါယ်သုံးဘုံ၌ဖြစ်နေကြသူများသည်မဂ်ဖိုလ်ကိုမရနိုင်ကြပါဘူး၊

**ဒုလ္လဘာ ခဏာသမ္ပတ္တိ---**

ဒုလ္လဘာသဒ္ဒါသမ္ပတ္တိ၏နေရာမှာအချို့ကျမ်းစာများ၌“ဒုလ္လဘာ ခဏာသမ္ပတ္တိ”ဟု တွေ့ရပါတယ်၊ မဂ်ဖိုလ်ရရန် အခွင့်ပြည့်စုံခြင်းကို ခဏာသမ္ပတ္တိဟုခေါ်ပါတယ်၊ကျမ်းစာများ၌ခဏာသမ္ပတ္တိကို“ကုသလုပ ပတ္တိ-ကုသိုလ်ဖြစ်ပေါ်မှု”ဟု ဖွင့်ဆိုပါတယ်၊ ဖိုလ်သည် အဘိဓမ္မာ သဘောအရဝိပါကဖြစ်သော်လည်းမဂ်ကုသိုလ်နှင့်တစ်ဆက်တည်း ဖြစ်သောကြောင့်မဂ်ဖိုလ်ရရန်ဟုသုံးနှုန်းပြောဆိုပါတယ်။ဒီနေရာမှာ မဂ်ဖိုလ်ရခွင့်မရှိသောအရပ်နှင့်မဂ်ဖိုလ်ရခွင့်ရှိသောအရပ်ကိုခွဲခြားသိဖို့ လိုပါတယ်။မဂ်ဖိုလ်ရခွင့်မရှိသောအရပ်များကိုပါဠိတော်ပိဋကကျမ်းစာ များ၌အက္ခဏဟုမိန့်တော်မူကြပါတယ်မြန်မာများကတော့ထိုအရပ် သို့ရောက်နေလျှင်မဂ်ဖိုလ်ရအောင်တရားအားထုတ်ခွင့်မရသော ကြောင့်အပြစ်ရှိသောအရပ်များဆိုတဲ့အဓိပ္ပါယ်အရ“ရပ်ပြစ်ရှစ်ပါး” ဟုခေါ်ဆိုကြပါတယ်။

**ဘုရားပွင့်ခါ,ပါယ်သုံးရွာနှင့်,ဒီဃာယုနတ်,ဖြစ်လတ်ပစ္စန်, မိစ္ဆာဉာဏ်ရှိ,ဉာဏ်မရှိသား,ဉာဏ်ရှိငြားလည်း,ဘုရားမပွင့်, ကျမ်းဂန်လှစ်သည်,ရပ်ပြစ်ရှစ်ပါးသရုပ်တည်း။**

(ရတနာ့ဂုဏ်ရည်ကျမ်းစာမှ)

**ဘုရားပွင့်ခါ,ပါယ်သုံးရွာနှင့်** ။ ။ဘုရားပွင့်နေဆဲအချိန်အခါမှာ ငရဲ တိရစ္ဆာန် ပြိတ္တာဆိုတဲ့ အပါယ်သုံးဘုံ၌ဖြစ်နေကြသူများသည်မဂ်ဖိုလ်ကိုမရနိုင်ကြပါဘူး၊

(၃၈) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

**ဖြစ်လတ်ပစ္စန်**။ ။ဖြစ်လတ်ပစ္စန်ဆိုတာကတော့ဘုရားရှင်နှင့်ရဟန်းတော်များ မရောက်နိုင်ရာဖြစ်တဲ့ တောတောင်

အကြားအရပ်များကိုဆိုလိုပါတယ်၊မြန်မာနိုင်ငံပေါ်လ်စသောမိမိတို့တိုင်းပြည်များသည်သာသနာတော်စည်ပင်ရာဖြစ်လို့ပစ္စန္တရစ်စာရင်းတွင်မပါဝင်ပါဘူး၊ဘုရားရှင်နှင့်ရဟန်းတော်များမရောက်ရာအစွန်အဖျားအရပ်များကိုသာပစ္စန္တရစ်ဟုခေါ်ဆိုရပါတယ်၊ထိုကဲ့သို့သောအစွန်အဖျားပစ္စန္တရစ်အရပ်များ၌ဖြစ်သူများသည်ဘုရားအမျိုးရှိသောရဟန်း သံဃာများကို မဖူးမျှော်ရ, တရားတော်ကို မနာရသဖြင့်မင်္ဂဖိုလ်နိဗ္ဗာန်ကိုမရနိုင်ကြပါ၊ဘုရားပွင့်နေသောအချိန်အခါဖြစ်သော်လည်း ပစ္စန္တရစ် အရပ်၌ ဖြစ်နေသူသည် မင်္ဂဖိုလ်နိဗ္ဗာန်ရရန် အခွင့်အရေးမရှိသဖြင့်ပစ္စန္တရစ်အရပ်သည်ရပ်ပြစ်ရှစ်ပါးတွင်ပါဝင်ပါတယ်။

**မိစ္ဆာဒိဋ္ဌိရှိ**။ ။ဘုရားပွင့်ဆဲအခါမှာ မိစ္ဆာဒိဋ္ဌိရှိ နေသူများသည်လည်း မင်္ဂဖိုလ်နိဗ္ဗာန်ကို မရနိုင်ကြပါ၊ မိ စ္ဆာဒိဋ္ဌိ

ဆိုတာမိစ္ဆာအယူ၁၀ပါးပဲ။

မိစ္ဆာအယူ၁၀ဖြစ်ပုံမှာ----

နတ္ထိဒိန္နံ –စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၏အကျိုးမရှိ၊

နတ္ထိယိဋ္ဌံ – ကြီးကျယ်စွာလှူဒါန်းပူဇော်ခြင်း၏အကျိုးမရှိ၊

နတ္ထိဟုတံ – လက်ဆောင်ပဏ္ဏာပေးခြင်းစသောနည်းဖြင့် အနည်းငယ်ပေးကမ်းစွန့်ကြဲခြင်း၏အကျိုးမရှိ၊

နတ္ထိသုကတဒုက္ကဋာနံကမ္မာနံဖလံဝိပါကော–ကောင်းစွာပြုအပ်မကောင်းသဖြင့်

ပြုအပ်ကုန်သောကံတရားတို့၏အကျိုးရင်းအကျိုးဆက်မရှိ၊ကံကို လုံးဝပယ်ခြင်းပါပဲ၊

နတ္ထိအယံလောကော – ဤပစ္စုပ္ပန်လောကမရှိ၊အခြားလောကကို ပယ်ခြင်းဖြင့်ဤလောကကိုပါပယ်သည်။

နတ္ထိပရောလောကော – ယခုမျက်မြင်လောကမှတပါးအခြားသော လောကမရှိ၊ ယခုဘဝမှတပါး အခြား သောနောက်ဘဝမရှိ။

နတ္ထိမာတာ – အမိ၌ကောင်းစွာပြုစုလုပ်ကျွေးခြင်း၏ကောင်းကျိုး မရှိ၊အမိအပေါ်၌မကောင်းသဖြင့်ပြုကျင့်ဆက်ဆံ ခြင်း၏ဆိုးကျိုးမရှိ၊

နတ္ထိပိတာ – အဖ၌ကောင်းစွာပြုစုလုပ်ကျွေးခြင်း၏ကောင်းကျိုး မရှိ၊အဖအပေါ်၌မကောင်းသဖြင့်ပြုကျင့်ဆက်ဆံ ခြင်း၏ဆိုးကျိုးမရှိ၊

နတ္ထိသတ္တာဩပပါတိကာ –အခြားဘဝမှရုန်လွှားကျလာသကဲ့သို့ ချက်ချင်းအရွယ်ရောက်ပြီးထင်ရှားစွာ ဖြစ်လာသောသတ္တဝါများမရှိကြ၊ဥပပါတ်ပဋိသန္ဓေနေသူများသည် ပဋိသန္ဓေစိတ္တက္ခဏ၌ပင်ရိုးရာဂဗ္ဘသေယျကပဋိသန္ဓေနေသူများထက် ရုပ်တရားများဆိုမိုများကြသည်အားလျော်စွာချက်ချင်းဆိုသလိုအရွယ် ရောက်ပြီးအနေဖြင့်ထင်ထင်ရှားရှားပေါ်လာကြပါတယ်၊ထိုသို့သော ဥပပါတ်ပဋိသန္ဓေနေသောသတ္တဝါများ မရှိဟု မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်က ယူဆ ပါတယ်။

နတ္ထိလောကေသမဏဗြာဟ္မဏာသမ္မဂ္ဂတာသမ္မာပဋိပန္နာဃေ ဣမဉ္စလောကံပရဉ္စလောကံသယံအဘိညာသ ဒိဋ္ဌိဂတစ္စာပဝေဒေန္တိ– ဤလောကကိုလည်းကောင်း, တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်မျက်မှောက်ထင်ထင်သိမြင်နိုင်ကြသော ကောင်းစွာကျင့်ကြံတော်မူကြသော သမဏ, ဗြာဟ္မဏများ မရှိကြ စသည်ဖြင့်ယူဆပြောဆိုခြင်းသည်မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်။ဘုရားပွင့်တော်မူခိုက်မှာ မိစ္ဆာဒိဋ္ဌိ ဖြစ်နေလျှင်လည်း မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ပါ။ သို့အတွက်မိစ္ဆာဒိဋ္ဌိရှိနေခြင်းသည်လည်းရပ်ပြစ်တစ်ခုပင်ဖြစ်ပါတယ်။

**ဉာဏ်မရှိသာ။** ။ဘုရားပွင့်ဆဲအခါမှာ တရားတော်ကို နားလည် လောက်သောဉာဏ်မရှိသူများသည်လည်းမဂ်ဖိုလ် နိဗ္ဗာန်ကိုမရနိုင်ကြပါ။ဉာဏ်ပါသောတိဟိတ်ပဋိသန္ဓေဖြင့်ပဋိသန္ဓေ နေခဲ့မှတရားထူးကိုရနိုင်ပါတယ်။ဉာဏ်မပါသောအဟိတ်ပဋိသန္ဓေ, ဒွိဟိတ် ပဋိသန္ဓေများဖြင့် ပဋိသန္ဓေနေခဲ့သူများသည် တရားထူးကို မရနိုင်ကြပါ။ဖို့ကြောင့်ဘုရားပွင့်ဆဲအခါမှာတရားတော်ကိုနားလည် လောက်သောဉာဏ်မရှိသူများဖြစ်နေခြင်းသည်လည်းရပ်ပြစ်ရှစ်ပါး တွင်ပါဝင်ပါတယ်။

**ဉာဏ်ရှိပြားလည်းဘုရားမပွင့်** ။ ။မိမိမှာတရားတော်ကိုနားလည် လောက်သောဉာဏ်ရှိသော်လည်း ဘုရားပွင့်ခိုက်ဗုဒ္ဓုပ္ပါဒခေတ်ကြီးနှင့်မကြုံမဆုံရလျှင်လည်းမဂ်ဖိုလ် နိဗ္ဗာန်တရားထူးကိုမရနိုင်ပါ။တရံတစ်ခါမှာတစ်ကမ္ဘာပတ်လုံးဆုံဘုရား

ရှင်များ ပွင့်တော်မမူကြ၊ လေးအသင်္ချေအကြောင်းကို ရှင်းပြစဉ်က ပြောပြခဲ့သည့်အတိုင်းကမ္ဘာပေါင်းမရေမတွက်နိုင်အောင်ဘုရားမပွင့် သောအခါများကမ္ဘာများလည်းရှိတတ်ကြပါတယ်။ဤကဲ့သို့ဘုရား ရှင်များ ပွင့်ပေါ်တော်မမူပြန်လျှင် ဉာဏ်ရှိသော်လည်း တရားထူးကို မရနိုင်ပါ။ဉာဏ်ရှိပါလျက်တရားထူးကိုမရနိုင်ရာအခါဖြစ်သောကြောင့် ဘုရားပွင့်တော်မမူသည့်အခါကိုရုပ်ပြစ်ရှစ်ပါးတွင်ထည့်သွင်းဟောပြ တော်မူခဲ့ပါတယ်။

ယခုပြောပြခဲ့တဲ့ရုပ်ပြစ်ရှစ်ပါးနှင့်ကြုံကြိုက်သည့်အခါမျိုးဖြစ်နေ လျှင်မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကိုမရနိုင်ပါ။မဂ်ဖိုလ်နိဗ္ဗာန်တရားထူး ကိုရရှိနေသောခဏသမ္ပတ္တိကိုရရှိရန်မှာမလွယ်ကူပါ။ဘုရားပွင့်တော် မူရာခေတ်အခါနှင့်လည်းကြုံ၊မိမိမှာလည်းမျက်စိ၊နားစသောဣန္ဒြေ များနှင့်ပြည့်စုံ၊တရားတော်ကိုနားလည်နိုင်သောဉာဏ်ရှိပါမှကုသိုလ် တရားထူးကိုရရှိနိုင်ပါတယ်။ဒါ့ကြောင့်ကုသိုလ်တရားထူးဖြစ်ပေါ်ခွင့် ဆိုတဲ့ခဏသမ္ပတ္တိသည်ဒုလ္လဘပင်ဖြစ်ပါတယ်။

**ဒုလ္လဘာ ပဗ္ဗဇ္ဇာ (ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော)–** ရဟန်းအဖြစ် သည် ရခဲသော ဒုလ္လဘတစ်မျိုးဖြစ်သည်ဟု ဘုရားရှင်ဟောတော် မူပါတယ်။ရဟန်းအဖြစ်သည်စောစောကပြောပြခဲ့တဲ့ဘုရားပွင့်တော် မူရာခေတ်အခါတည်းဟူသောဒုလ္လဘ၊လူ့အဖြစ်ကိုရရှိခြင်းဟူသော ဒုလ္လဘ၊သဒ္ဓါတရားနှင့်ပြည့်စုံမှုဟူသောဒုလ္လဘသုံးမျိုးစုံညီမှရနိုင်လို့ ဒုလ္လဘ ဖြစ်သည်မှာ သေချာပါတယ်၊ မိမိတို့၏ မြတ်စွာဘုရား ကိုယ်တော်တိုင်ပါရမီဖြည့်တော်မူခဲ့တဲ့လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း

အတွင်းမှာဘုရားပွင့်တော်မူရာအခါနှစ်ဆယ့်သုံးခါသာကြုံခဲ့ရပါတယ်၊ ဘုရားပွင့်တော်မူရာအခါများနှင့်ကြုံခိုက်မှာမိမိတို့ကိုယ်တိုင်ကလူသား စင်စစ် ဖြစ်နေမှ ရဟန်းပြုခွင့် ရမှာပါ။ လူသားစင်စစ်ဖြစ်မနေလျှင် ရဟန်းပြုခွင့်မရနိုင်၊ဂေါတမမြတ်စွာဘုရားအလောင်းတော်တောင်မှ ဘုရားပွင့်တော်မူရာအခါတိုင်းမှာလူ့အဖြစ်ကိုရခဲ့သည်မဟုတ်ပါ။ဘုရား အလောင်းတော်သည်လေးအသင်္ချေကမ္ဘာတစ်သိန်းအတွင်းမှာရဟန်း အဖြစ်ကိုရခဲ့သည့်ဘဝမှာအလွန်နည်းပါးလှပါတယ်။

ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်းနိယတဗျာဒိတ်ခံယူရာနှစ်ကျိပ်လေးဆူသောဘုရားများတွင် ၁။ ကောဏ္ဍညမြတ်စွာဘုရား ၂။ မင်္ဂလမြတ်စွာဘုရား ၃။ သုမေဓ မြတ်စွာဘုရား ၄။ သုဇာတမြတ်စွာဘုရား ၅။ ဖုဿမြတ်စွာဘုရား ၆။ ဝေဿဘူမြတ်စွာဘုရား ၇။ ကကုသန်မြတ်စွာဘုရား ၈။ ကောဏာဂုံမြတ်စွာဘုရား ၉။ ကဿပမြတ်စွာဘုရားဆိုတဲ့ ကိုးဆူ သော မြတ်စွာဘုရားတို့၏ အထံတော်၌ နိယတဗျာဒိတ်ခံယူစဉ်သာ ရဟန်းဘဝကိုရရှိခဲ့ပါတယ်။

**မဃဒေဝ။ ။လေးအသင်္ချေ, တစ်သိန်းကျော်အောင်,**
**လွန်လေခဲ့လျှင်း, ကမ္ဘာတွင်းက, ထွန်းလင်း**
**ရှေးဉာဏ်,ပွင့်ကြလွန်သား,ငါးမာရ်ပယ်နှိပ်,အောင်တံဆိပ်နှင့်,**
**နှစ်ကျိပ်သုံးပါး,ရှင်တော်များတွင်,ရှေ့ဖျားနာမ,ကောဏ္ဍညနှင့်,**
**မင်္ဂလမြတ်စွာ,သုမေဓာသုဇာတ,ဖုဿဝေဿဘူ,သုံးဆူ**

**တဘန်,ကကုသန်,ကောဏာဂမန,ကဿပတို့,လောကသုံးပါး, ပွင့်ထင်ရှားစဉ်, ပယ်ရှားအိမ်ရာ, သာသနာသမယ, ဒုလ္လဘ၌ အရတော်လစ်,ရဟန်းဖြစ်၍။**

(သံဝေဂါကာရခဏ်းအပိုဒ်–၁၃၈)

ဘုရားပွင့်တော်မူရာအခါဒုလ္လဘ,မိမိကိုယ်တိုင်လူသားစင်စစ် ဖြစ်ခြင်းဒုလ္လဘ,သဒ္ဓါတရားနှင့်ပြည့်စုံမှုဒုလ္လဘဒီဒုလ္လဘသုံးမျိုးစုံညီမှ ရဟန်းဘဝကိုရရှိနိုင်ပါတယ်။ရှေးဒုလ္လဘသုံးမျိုး၏ရခဲပုံဒုလ္လဘဖြစ်ပုံကို သေသေချာချာ စဉ်းစားကြည့်လျှင်ရဟန်းဘဝ၏ ဒုလ္လဘဖြစ်ပုံသည် အလွန်ပင်ထင်ရှားလှပါတယ်။

**ဒုလ္လဘံ သဒ္ဓမ္မဿဝနံ–** ဒုလ္လဘံသဒ္ဓမ္မဿဝနံနေရာ၌သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံဟုလည်းရွတ်ဆိုကြပါတယ်၊သူတော်ကောင်းတရားကို နာကြားရခြင်းသည်ရခဲလှ၏၊အလွန်တရာရခဲလှ၏လို့ဆိုလိုပါတယ်၊ ဘုရားပွင့်တော်မူမှဘုရားပွင့်တော်မူပြီးနောက်ဘုရားရှင်ကိုယ်တော် တိုင်တရားဟောတော်မူမှဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက်တရား တော်ကိုရှင်းလင်းတိကျစွာဟောနိုင်သောပုဂ္ဂိုလ်နှင့်တွေ့ရမှတရား တော်ကိုနာကြားခွင့်ရနိုင်ပါတယ်။ဘုရားရှင်၏တရားတော်ကိုတိကျ ပြတ်သားစွာဟောကြားနိုင်သောပုဂ္ဂိုလ်သည်လည်းဒုလ္လဘဟုဘုရား ရှင်ကိုယ်တော်တိုင်ဟောကြားတော်မူခဲ့ပါတယ်။မိမိကိုယ်တိုင်ကလည်း ပါရမီဓာတ်ခံသဒ္ဓါတရားအမှန်ရှိမှတရားတော်ကိုနာကြားနိုင်ပါတယ်၊ ယနေ့မိမိတို့တစ်တွေသည်ရခဲလှသောဒုလ္လဘတရားများကိုစုံလင်စွာ

ရနေကြလို့တရားတော်ကိုနာကြားနေကြရခြင်းဖြစ်ပါတယ်ဘုရားရှင်၏ဒေ့ဒေသနာတော်ထွက်တရားတော်တစ်မျိုးမျှဆက်လက်နာယူကြပါဦးစို့–

## သဗ္ဗပါပဿ အကရဏံ, ကုသလဿူပသမ္ပဒါ၊
## သစိတ္တပရိယောဒပနံ, ဧတံ ဗုဒ္ဓါန သာသနံ။

ဤတရားဂါထာတော်လေးကဘုရားရှင်အားလုံးဟောကြားဆုံးမတော်မူတဲ့ ဂါထာတော်လေး ဖြစ်ပါတယ်၊ ဒီဂါထာတော်လေးရဲ့အဓိပ္ပါယ်က–––

၁။ အကုသိုလ်အားလုံးကို မပြုလုပ် မပြောဆို မကြံစည်မိအောင် ရှောင်ကြဉ်ရခြင်း။

၂။ ကုသိုလ်အားလုံးကိုမိမိ၏သန္တာန်၌အပြည့်အစုံဖြစ်ပွားရရှိစေခြင်း။

၃။ မိမိ၏စိတ်ကိုဖြူစင်စေခြင်းဆိုတဲ့အချက်သုံးချက်သည်ပွင့်တော်မူသမျှ ဘုရားအားလုံးတို့၏ အဆုံးအမဖြစ်ပါတယ်ဟု ဆိုလိုပါတယ်။

အကုသိုလ်ဆိုတာ အပြစ်ရှိပြီး မကောင်းကျိုးကို ရရှိစေသောသူတစ်ပါးအသက်ကို သတ်ခြင်း, သူတပါးဥစ္စာကို မတရားယူခြင်း, သူတပါး၏သားမယားကိုမတရားပြုကျင့်ခြင်း,မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်း,မူးယစ်သေစာသောက်စားသုံးစွဲခြင်းစသောအကျင့်ဆိုးများဖြစ်ပါတယ်၊ထိုအကျင့်ဆိုးများကိုကိုယ်နှုတ်စိတ်သုံးပါးလုံးဖြင့်မပြုလုပ်မပြောဆိုမကြံစည်မိအောင်ထိမ်းသိမ်းစောင့်ရှောက်ရပါမယ်။

ကုသိုလ်ဆိုတာ အပြစ်မရှိ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိသောစွန့်ကြဲပေးကမ်းလှူဒါန်းမှု,ညှပုသ်သီလစောင့်ထိန်းမှု, တရားဘာဝနာ ပွားများမှုစသော အကျင့်ကောင်းများဖြစ်ပါတယ်၊ ထိုအကျင့်ကောင်းများကိုမိမိ၏သန္တာန်၌များသထက်များပွားသထက် ပွားအောင်ကြိုးစားအားထုတ်ရပါမယ်။

မိမိ၏စိတ်ကိုဖြူစင်စေခြင်းဆိုတဲ့စကားရဲ့ဆိုလိုရင်းကိုနားလည် အောင်ဤမဆုံးဆိတ်ညစ်ပုံကိုစဉ်းစားကြည့်ရအောင်စိတ်ညစ်တယ် ဆိုတာမိမိ၏စိတ်၌လောဘ,ဒေါသ,မောဟစတဲ့စိတ်ကိုညစ်နွမ်း စေတတ်သောတရားဆိုးများဖြစ်ပေါ်နေခြင်းပါဘဲ၊ လောဘ, ဒေါသ, မောဟစသော တရားဆိုးများကို စိတ်ကို ညစ်နွမ်းစေတတ်သော တရားဆိုးများဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော် မူခဲ့ ပါတယ်၊စိတ်ကိုညစ်နွမ်းစေတတ်သောလောဘ,ဒေါသ,မောဟ စသော တရားဆိုးများ ရှင်းသွားအောင် ဒါန,သီလ,ဘာဝနာစသော ကုသိုလ်များကိုကြိုးစားပွားများရပါမယ်၊ ဒါနသည် မိမိ၏ပစ္စည်းကို သူတစ်ပါးအား ပေးကမ်းစွန့်ကြဲခြင်း ဖြစ်ပါတယ်၊ ပစ္စည်းအပေါ်၌ တွယ်တာမက်မောသောလောဘရှိနေလျှင်ပေးကမ်းစွန့်ကြဲမှုမပြုနိုင်ပါ၊ မတွယ်တာသောအလောဘရှိမှပေးကမ်းစွန့်ကြဲနိုင်ပါတယ်၊ပေးကမ်း စွန့်ကြဲချိန်မှာအလောဘတရားဖြစ်ပွားနေတော့စိတ်ညစ်နွမ်းကြောင်း လောဘတရားဆိုး ကင်းဝေးသွားလို့ စိတ်သည် မညစ်နွမ်းတော့ဘဲ ဖြူစင်လာပါတယ်၊ သီလသည် အဒေါသ မေတ္တာတရား အခြေခံ ရှိပါတယ်၊မေတ္တာဟုခေါ်တဲ့အဒေါသတရားရှိလျှင်သူတစ်ပါး

အသက်ကို သတ်ခြင်း, သူတပါးဥစ္စာကို မတရား ယူခြင်းစသော တရားဆိုးများကင်းဝေးပြီးသီလလုံခြုံလာပါတယ်၊သီလလုံခြုံနေသူ၏ သန္တာန်၌ မေတ္တာတရား အားကောင်းလာလျှင် မေတ္တာ အဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ်ညစ်နွမ်းကြောင်းဒေါသကင်းဝေးသွားလို့ စိတ်သည်မညစ်နွမ်းတော့ဘဲဖြူစင်လာပါတယ်၊ပညာအဖြစ်များလာ လျှင်ပညာ၏ဆန့်ကျင်ဘက်မောဟတရားဆိုးကင်းဝေးသွားပါတယ်၊ မောဟတရားဆိုးကင်းဝေးသွားလျှင် စိတ်သည် မညစ်နွမ်းတော့ဘဲ ဖြူစင်လာပါတယ်၊ ယခုပြောပြခဲ့တဲ့ ဖြူစင်ပုံများကတော့ အခြေခံ ဖြူစင်စေပုံဖြစ်ပါတယ်၊ ဒီဒေသနာတော်ရဲ့ ဆိုလိုရင်း ဖြူစင်စေနည်း ကတော့ မဂ်ဖိုလ်တရားရရှိပြီး လုံးဝအညစ်တရားများ ကင်းစင်ပြီး ဖြူစင်ခြင်း ဖြစ်ပါတယ်၊ မဂ်ဖိုလ်တရားများ ဖြစ်ပေါ်အောင် ကျင့်စဉ် အနေဖြင့်ဘုရားရှင်ကိုယ်တော်တိုင်ကျင့်သုံးခဲ့သောကျင့်စဉ်နှစ်ခုကို လိုက်နာကျင့်ကြံကြဘို့လိုပါတယ်။

၁။ အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု– ကုသိုလ်တရားတို့၌ ရောင့်ရဲအားရမှု မထားဘဲ ကုသိုလ်တရားများ ရနိုင်သမျှ ရအောင် ကြိုးစားအားထုတ်ခြင်း, မကြာမကြာ ကုသိုလ်ပြုခြင်း, ကုသိုလ် ပြုလုပ်ရန်စိတ်ဆန္ဒအမြဲထားရှိခြင်း။

၂။ အပ္ပဋိဝါနိတာပဓာနသ္မိံ–ကမ္မဋ္ဌာန်းအားထုတ်မှု၌အရိုးကျေကျေ အရေခန်းခန်း နောက်မဆုတ်တမ်း အားထုတ်ခြင်းဆိုတဲ့ ကျင့်စဉ် နှစ်ပါးကို အားထုတ်ကြရပါမယ်၊ ဒီကျင့်စဉ်တရားနှစ်ပါးကို ဘုရား အလောင်းတော်သည် ကျင့်သုံးပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော် မူခဲ့ပါတယ်။

လောကမှာအများနှင့်ဆက်ဆံနေခိုက်မှာမိမိ၏စိတ်ကိုဖြူစင်အောင်ကြိုးစားမယ်ဆိုရင်----

**အက္ကောဓေနဇိနေကောဓံ,အသာဓုံသာဓုနာဇိနေ၊**

**ဇိနေကဒရိယံဒါနေန,သစ္စေနာလိကဝါဒိနံ–** ဆိုတဲ့

ဘုရားဟောဒေသနာတော်အတိုင်း---

အမျက်ဒေါသဖြင့်စော်ကားမော်ကားပြုလုပ်လာသူကိုဒေါသဖြင့်တုံ့ပြန်မှုမပြု,မေတ္တာတရားပွားများပို့သခြင်းဖြင့်အနိုင်ယူရမည်။ဒေါသဖြင့်စော်ကားမော်ကားပြုနေသူကိုကြည့်၍မိမိသန္တာန်၌ဒေါသမဖြစ်စေဘဲမေတ္တာတရားကိုကြိုးစားပွားများလျှင်မိမိစိတ်အစဉ်မှာဖြူစဉ်နေသလိုစော်ကားသူ၏ဒေါသသည်လည်းလျော့နည်းသွားကာသူ၏အမှားကိုသူသိလာကာဝန်ချတောင်းပန်သည့်အနေသို့ရောက်လာပါမည်။ဘုရားရှင်လက်ထက်တော်အချိန်အခါကမိမိအပေါ်၌အာဃာတထားကာထောပတ်အပူဖြင့်လောင်းသောသိရိမာကိုမေတ္တာတရားပွားများခြင်းဖြင့်ဥတ္တရာကအနိုင်ယူခဲ့ပါတယ်။သိရိမာသည်အမှားကိုဝန်ချကာဥတ္တရာ၏စကားကိုနာခံ၍သောတာပန်ဖြစ်သွားပါတယ်။

ဆဲရေးခြိမ်းခြောက်စော်ကား နှိပ်စက်လာသောသူကို ပြန်လှန်ဆဲရေးမှု,ခြိမ်းခြောက်မှုမပြုဘဲသည်းခံခြင်းခန္တီတရားဖြင့်အနိုင်ယူရပါမည်၊ဓမ္မအဓမ္မနှစ်မျိုးတွင်ဓမ္မသည် အားကြီး၍ဓမ္မကအနိုင်ရသည့်နိယာမသဘာဝအတိုင်း သည်းခံခြင်းဓမ္မက ဆဲရေးခြိမ်းခြောက်ခြင်းအဓမ္မကိုအနိုင်ယူမည်ဖြစ်ပါတယ်။

နှမြောစေးနှဲဝန်တိုသူကိုစွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့်အနိုင်ယူရပါမည်။စွန့်ကြဲပေးကမ်းမှုသည်အင်အားကိုဖြစ်စေတတ်၍နှမြောစေးနှဲမှုကရှိပြီးအင်အားကိုပင်ဆုတ်ယုတ်စေတတ်ပါတယ်။ဒါ့ကြောင့်နှမြောစေးနှဲဝန်တိုသူကိုစွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့်အနိုင်ယူရပါမည်။

လိမ်ညာ၍ပြောဆိုတတ်သောပုဂ္ဂိုလ်ကိုမှန်ကန်စွာပြောဆိုမှုသစ္စာတရားဖြင့်အနိုင်ယူရပါမည်။အကုသိုလ်နယ်တွင်မုသားပြောဆိုမှုသည်အပြစ်အကြီးဆုံးဖြစ်သကဲ့သို့ ကုသိုလ်နယ်တွင် သစ္စာတရားသည်စွမ်းအားအကြီးဆုံးဖြစ်ပါတယ်။စွမ်းအားကြီးမားသောသစ္စာတရားဖြင့်အပြစ်အကြီးဆုံးဖြစ်သော မုသားစကား ပြောကြားသူကိုအနိုင်ယူရပါမည်။

ဒေသနာဂါထာတော်မှာ လာရှိသောမေတ္တာတရား, ခန္တီတရား, ဒါနတရား,သစ္စာတရားများကိုအမြဲလက်ကိုင်ထားကာသွားများခြင်းဖြင့်လောကမှာတွေ့ရှိရတတ်သောလောကဓံတရားဆိုးများကိုအနိုင်ယူနိုင်ကြပါစေ။လောကဓံတရားဆိုးများကိုအနိုင်ယူပြီးသကာလမိမိတို့၏သန္တာန်၌ဖြစ်တတ်သောတရားဆိုးအားလုံးကိုပယ်ခွာရှင်းလင်းနိုင်ကြ၍ သန္တိသုခ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

ဘာသာပြန်သူ။ ။ဤတရားတော်ကို မိမိကမြန်မာဘာသာဖြင့်ဟောကြား၍ ဒေါ်အင်္ဂညာဏီ (သာသနဓဇ ဓမ္မာစရိယ)ကနိုင်ပေါလ်ဘာသာဖြင့်ပြန်ဆိုပေးပါသည်။ဒေါ်အင်္ဂညာဏီသည်

နီပေါလ်သကျဇာတိရှိသူဖြစ်၍လောကီဘွဲ့ရပြီးမှမြန်မာနိုင်ငံရန်ကုန်မြို့ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌စာသင်ကာ အစိုးရဓမ္မာစရိယဘွဲ့ရရှိသူဖြစ်ပါသည်။ယခုအခါဒေါ်အဂ္ဂဉာဏီ(ဓမ္မာစရိယ)သည်အမိမြေဖြစ်သော နီပေါလ်နိုင်ငံ၌ ထေရဝါဒသာသနာ ပြန်လည်တိုးတက်ထွန်းကားလာရေးအတွက်ပရိယတ္တိ,ပဋိပတ္တိနှစ်မျိုးစုံလွှမ်းအားကုန်ကြိုးစားနေပါသည်။

တရားဟောပြီးချိန်မှာ တရားဟောရာခမ်းမတွင် ဆက်လက်၍ ဘကတ္တပုရဗုဒ္ဓဘာသာအဖွဲ့, ဘကတ္တပုရယုဝဗုဒ္ဓဘာသာအဖွဲ့, မေတ္တေယျယုဝအဖွဲ့,ဘကတ္တပုရအမွေအနှစ်ဗုဒ္ဓဘာသာအဖွဲ့,ဒီပင်္ကရဉာဏမာလာရွတ်ဆိုရေးအဖွဲ့စသောဘာသာရေးအသင်းများကဂုဏ်ပြုစကား,ချီးကျူးစကားစသည်ပြောကြား၍ကြိုတင်၍ပြင်ဆင်ထားသော ဂုဏ်ပြုမှတ်တမ်းလွှာများကို စည်းစနစ်ကျစွာ ဆက်ကပ်ကြပါသည်။

## ဝိရှရှန်တီဝိဟာရ ကထိန်အလှူတော်

Vishwa Shanti Vihara-ဝိရှရှန်တီဝိဟာရသည် မြန်မာနိုင်ငံအစိုးရသာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော အစိုးရပဌမပြန်ဓမ္မာစရိယစာမေးပွဲများကိုအပြီးအစီးအောင်မြင်သဖြင့် သာသနဓဇဓမ္မာစရိယဘွဲ့ကိုနိုင်ငံခြားသားရဟန်းတော်များတွင်ပဌမဆုံးဆွတ်ခူးနိုင်သောဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)၏ကျောင်းတော်ဖြစ်ပါသည်။ကျောင်းတိုက်၏

(၇၀) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

ပြည့်စုံပုံကို ရှေး၌ ဖော်ပြခဲ့ပါပြီ၊ ဆရာတော် အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)၏ အရည်အချင်းပြည့်ဝမှု, ကျောင်းတိုက်၏ ခံ့ညား ထည်ဝါမှုတို့နှင့် လိုက်လျောမှုရှိအောင်ပင် ဝိရှုရှန်တိဝိဟာရကထိန်အလှူတော်သည်ကြီးကျယ်စည်ကားပါသည်၊ မြို့လုံးကျွတ်ပင့်ဖိတ်ထား၍သံဃာတော်များနှင့်သီလရှင်များသည် များပြားကြသလိုလာရောက်ကြည်ညိုသူ,လှူဒါန်းသူများလည်းများပြား ကြပါသည်၊ ကထိန် အလှူရှင်များမှ မလေးရှားနိုင်ငံမှာ ဆရာတော် အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)၏သာသနာ ပြုလုပ်ငန်းများအတွက် များစွာအထောက်အကူပြုနေသော ဒကာ ဒကာမများ ဖြစ်ကြပါသည်၊ ထိုကထိန်အလှူတော်၌ သံအမတ်ကြီး ဦးနေဝင်းစသောမြန်မာသံရုံးမိသားစုများလည်းဆုံညီစွာတက်ရောက် ကြ၍ သံအမတ်ကြီးဦးနေဝင်းက အင်္ဂလိပ်ဘာသာဖြင့် ပြောကြား လျှောက်ထားပါသည်၊နီပေါလ်ကထိန်အလှူတော်အတွက်ဝမ်းသာ ကြောင်း အမိမြန်မာနိုင်ငံမှာလည်း ကထိန်အလှူတော်များ များစွာ ကျင်းပကြကြောင်းနှင့် ကထိန်အလှူတော်၏ ထူးခြားမှုစသည်ကို ပြောကြားပါသည်၊ကထိန်အခမ်းအနားအစတွင်အားလုံးပင်ဘုရား ဂုဏ်တော်ရွတ်ဆိုကာ ဆွမ်းတော်, ရေတော် စသည်ဆက်ကပ်ကြ သည်မှာကြည်နူးဖွယ်ရာအလွန်ကောင်းပါသည်၊မိမိကအနုမောဒနာ တရားဟောကြားခဲ့ပါသည်။

**ဝိရှုရှန်တီကျောင်းတိုက် ကထိန်အလှူရှင်များမှာ---**

ဆဘာ (Sabah)မလေးရှားနိုင်ငံအရှေ့ပိုင်းမှ

1. LAIKING CHUONG/ LOUISLAI
2. CHUI KOK KIM
3. KHOO GUAN LEONG -တို့ဖြစ်ကြပါသည်။

## ကထိန်အနုမောဒနာ

ယနေ့သာသနာတော်နှစ်အားဖြင့်၂၅၄၆-ခုနှစ်

မြန်မာသက္ကရာဇ်အားဖြင့်၁၃၆၄-ခုနှစ်

သီတင်းကျွတ်လပြည့်ကျော်၅-ရက်

ခရစ်နှစ်အားဖြင့်(၂၆.၁၀.၂၀၀၂)

ကထိန်အနုမောဒနာဆိုတာ ယနေ့ကထိန်အလှူတော်ကြီးကို အကြောင်းပြု၍ အလှူရှင်များ၏ သန္တာန်မှာ မဟာကုသိုလ်ပီတိသောမနဿဖြစ်ပွားစေမယ့်တရားစကားဖြစ်ပါတယ်ဗျာတော့ကထိန ဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်ကစပြီးစဉ်းစားကြည့်ကြရအောင်---

ကထိနသဒ္ဒါသည် ခိုင်မြဲဆိုတဲ့အနက်ကိုပြပါတယ်၊ ငါးပါးသောအကျိုးအာနိသင်တရားတို့ကိုအတွင်း၌ပြုခြင်းငှာစွမ်းနိုင်သောကြောင့် ခိုင်မြဲသည်ဟုဆိုလိုပါတယ်။

တနည်း-**ကထတိပဉ္စာနိသံသေအညတ္ထဂန္တုံအဒတွာသင်္ဂဏှာတီတိ ကထိနံ** -ငါးပါးသောအကျိုးအာနိသင်တို့ကို အခြားနေရာသို့ သွားခွင့်မပေးဘဲသိမ်းယူထားတတ်သောကြောင့်ကထိနမည်၏။

(၇၂) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**
တနည်း–**ဗုဒ္ဓေဟိ ကတ္တိယတော သိလာဃိယတောတိ ကထိနံ** –
ဘုရားရှင်တို့သည် ချီးမွမ်းတော်မူအပ်သောကြောင့် ကထိနမည်၏၊
ဤကထိနဝတ်ကို ဘုရားရှင်များ အထူးချီးမွမ်းတော်မူပါတယ်၊
ကထိန်အလှူတော်ရဲ့ မွန်မြတ်ပုံမှာ ဘုရားရှင်များ ချီးမွမ်းတော်
မူအပ်ဟူသောအနက်အဓိပ္ပါယ်အရပင်သိသာလှပါတယ်၊ဘုရားရှင်တို့၏
ချီးမွမ်းမှုသည်တကယ်ပင်အကျိုးတရားကြီးမားလို့ချီးမွမ်းခြင်းဖြစ်
ပါတယ်၊ပညာရှိများ၏ချီးမွမ်းမှုသည်အားလုံးအလေးပြုရမည့်အချက်
ဖြစ်ပါတယ်၊ပညာရှိများသည်တကယ်အမှန်တရားကိုသိမြင်၍အမှန်
အတိုင်းချီးမွမ်းလေ့ရှိကြပါတယ်၊ဘုရားရှင်များသည်ကေန္တပဏ္ဍိတ
ပညာရှိအစစ်ကြီးများဖြစ်တော်မူကြပါတယ်။

သို့ဖြစ်၍ဘုရားရှင်ကြီးတို့၏ချီးမွမ်းမှုကိုရသောကထိန်အလှူ
တော်ဆိုသောစကားတစ်ရပ်နှင့်ပင်ကထိန်အလှူတော်၏ထူးမြတ်ပုံ,
အကျိုးကြီးမားပုံမှာသိသာထင်ရှားလှပါတယ်။

နောက်တစ်ချက်ပြောရရင် ကထိန်အလှူတော်မှာ အလှူရှင်
အတွက် အကျိုးရရုံသာမက ကထိန်ခံယူသော ရဟန်းသံဃာတော်
အတွက်ပါဘုရားရှင်၏အာဏာတော်မှသက်သာခွင့်ဆိုတဲ့ထူးမြတ်
သောအကျိုးကိုရစေနိုင်လို့လည်းကထိန်အလှူတော်သည်ထူးမြတ်
လှပါတယ်။

ဘုရားရှင်၏အာဏာတော်သည်အလွန်တိကျခိုင်မြဲပါတယ်၊ဘုရား
ရှင်သည်ဉာဏ်တော်နှင့်ကရုဏာတော်ကြီးမားတော်မူသောကြောင့်
အာဏာရဟာမည်တော်မူပါတယ်၊အာဏာရဟာဆိုတာအာဏာထုတ်

ဆင့်ထိုက်သူဆိုတဲ့အဓိပ္ပါယ်ပါ။ဘုရားရှင်၏ဉာဏ်တော်သည်---

သိရန်မှန်က,မကျန်ရအောင်,လုံးဝစုံလင်,အကုန်အစင်သိမြင်တော်မူသောသဗ္ဗညုတဉာဏ်တော်ကြီးဖြစ်ပါတယ်။သဗ္ဗညုတဉာဏ်တော်ကြီးသည် တရားအလုံးစုံကိုသိရှိသာမက သိသည့်တရားကိုအများနားလည်အောင် ဟောရန်နည်းကိုပါ အစုံအလင်သိပါတယ်၊ တရားနာယူသည့်ပရိသတ်တို့၏ကုသိုလ်စရိုက်စသည်ကိုလည်းအတိအကျသိတော်မူပါတယ်။

ကရုဏာတော်ကလည်းမဟာပုဒ်ဖြင့်ဂုဏ်ပြုရသည့်ကြီးကျယ်လှသောမဟာကရုဏာတော်ကြီးဖြစ်ပါတယ်။သဗ္ဗညုတဉာဏ်တော်ကြီးနှင့်မဟာကရုဏာတော်၏ပိုင်ရှင်ဖြစ်တော်မူ၍ဘုရားရှင်၏အာဏာတော်သည် အလွန်တိကျမှန်ကန် ခိုင်မာသော အာဏာတော် ဖြစ်ပါတယ်၊ ဤကဲ့သို့တိကျခိုင်မာသော အာဏာကို မည်သည့်ပုဂ္ဂိုလ်မျှဖျက်လို့မရပါ။တိကျခိုင်မာလှသောဘုရားရှင်၏အာဏာတော်မှရဟန်းတော်များကိုသက်သာခွင့်ရစေဘို့ရာမှာကထိန်အလှူမှတပါးအခြားနည်းလမ်းမရှိပါ။ကထိန်သင်္ကန်းလှူဒါန်းမှုကိုအကြောင်းခံကာကထိန်ခင်း၍ကထိန်အာနိသင်ရထားသောရဟန်းတော်များသည်ဘုရားရှင်၏အာဏာတော်များမှသက်သာခွင့်ရနိုင်ပါတယ်၊အာဏာတော်များမှသက်သာခွင့်ရခြင်းများကိုပင် ကထိန်အာနိသင် ငါးမျိုးဟု မိန့်တော်မူခြင်းဖြစ်ပါတယ်။

**ကထိန်အာနိသင်ငါးမျိုး။** ။၁။ **အနာမန္တစာရော-ထင်ရှားရှိမှန်**
**ရဟန်းထံဝယ်,မပန်ကြားဘဲ,**

(၇၄) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏ ရှာတွင်းသို့သွားနိုင်ခြင်းသည်လည်းကောင်း** ဒီအချက်သည် ကထိန်ခင်းခြင်း၏ အမှတ်တစ်အကျိုးဖြစ်ပါတယ်၊ ထင်ရှားရှိသော ရဟန်းကို ခွင့်မပန်ဘဲ ရွာတွင်းအိမ်တို့၌ သွားလာလှည့်လည်လျှင် ပါစိတ်အာပတ်သင့်စေဟူသောဘုရားရှင်၏အာဏာတော်ရှိပါတယ်၊ ကထိန်အလှူခံ၍ကထိန် ခင်းလိုက်သည့်အတွက် ကထိန်ခင်းသော ရဟန်းတော်များမှာထင်ရှားရှိသောရဟန်းကိုခွင့်မပန်ဘဲရွာတွင်းသို့ သွားသော်လည်းပါစိတ်အာပတ်သင့်စေဟူသောဘုရားရှင်၏အာဏာ တော်မှ ကင်းလွတ်ခွင့် သက်သာခွင့် ရရှိပါတယ်၊ ဒီအချက်သည် ကထိန်ကြောင့်ရရှိသည့်ထူးမြတ်သောအကျိုးအာနိသင်ဖြစ်ပါတယ်။

**အသမာဒါနစာရော–အဓိဋ္ဌာန်တင်အပ်,သင်္ကန်းမြတ်ကို,အရပ် တပါးမယူဘဲသွားနိုင်ခြင်းလည်းကောင်း** အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းကို သွားလေရာသို့ယူ၍ အရုဏ်တက်ချိန်၌ မိမိနှင့် မကင်း အောင် နေရပါတယ်၊ ကင်း၍နေလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်စေ ဟူသောဘုရားရှင်၏အာဏာတော်ရှိပါတယ်၊ကထိန်အလှူခံ၍ကထိန် ခင်းလိုက်သည့်အတွက်ကထိန်ခင်းသောရဟန်းတော်များမှာအဓိဋ္ဌာန် တင်အပ်သောသင်္ကန်းကိုသွားလေရာသို့မယူဘဲအရုဏ်တက်ချိန်၌ မိမိနှင့် ကင်းနေသော်လည်း နိဿဂ္ဂိပါစိတ်အာပတ်သင့်စေဟူသော ဘုရားရှင်၏အာဏာတော်မှကင်းလွတ်ခွင့်သက်သာခွင့်ရရှိပါတယ်၊ ဒီအချက်သည် ကထိန်ကြောင့် ထူးမြတ်သော အမှတ်နှစ် အကျိုး အာနိသင်ဖြစ်ပါတယ်။

ဒီအမှတ်စဉ်နှစ်အကျိုးအာနိသင်သည်ကထိန်ခွင့်ပြုတော်မူခြင်း၏ အဓိကအကျိုးဟုဆိုနိုင်ပါတယ်ဒီအကျိုးအာနိသင်လည်းပိုမိုရှင်းလင်း သွားအောင်ကထိန်ခွင့်ပြုတော်မူခြင်း၏အကြောင်းဝတ္ထုကိုပြောကြား လိုပါတယ်။

ဘုရားရှင်လက်ထက်တော်အချိန်အခါက ပါဝေယျတိုင်းသား ရဟန်းတော်သုံးကျိပ်ဝါဆိုခါနီးဘုရားဖူးရန်သာဝတ္ထိသို့လာကြရာ ဝါဆိုရန်ရက်ရောက်လာသဖြင့်ဝါဆိုရန်နီးကပ်လာသဖြင့်သာဝတ္ထိမြို့သို့ မရောက်မီလမ်းခရီးအကြားသာကေတမြို့မှာပင်ပန်းငြီးငွေ့စွာဝါကပ် တော် မူကြရပါတယ်၊ ဒီရဟန်းတော်များသည် ကောသလဘုရင်၏ ဖအေတူညီတော်များဖြစ်ကြ၍အားလုံးအရိယာဖြစ်ပြီးဓုတင်အားလုံး ကို ဆောင်ကြသော ရဟန်းတော်များ ဖြစ်ကြပါတယ်၊ ဘုရားရှင် သီတင်းသုံးတော်မူရာသာဝတ္ထိမြို့နှင့်နီးကပ်ပါလျက်ခြောက်ယူဇနာ မျှသာဝေးကွာပါလျက်ဘုရားရှင်ကိုဖူးခွင့်မရဘဲဝါကပ်ရခြင်းအတွက် ငြီးငွေ့ပင်ပန်းတော်မူကြပါတယ်၊ ဝါကျွတ်သည့်အခါ မိုးတွေရွာလို့ မြေတွေစိုရေတွေရွံ့တွေများချိန်မှာ တိစီဝရိတ်ဓုတင်ဆောင်ရဟန်း တော်များဖြစ်၍သင်္ကန်းသုံးထည်ဆောင်ကာပင်ပန်းဆင်းရဲစွာသာဝတ္ထိ မြို့ဇေတဝန်ကျောင်းတော်ဘုရားရှင်ရှိတော်မူရာသို့ချဉ်းကပ်ကာ ဘုရားရှင်ကိုရိုသေစွာရှိခိုးဝပ်ချပြီးထိုင်နေကြသည့်အခါဘုရားရှင် များ၏အလေ့အကျက်တော်အတိုင်း၊ ရဟန်းတို့ကျန်းမာခန့်ကျမ်း ကြရဲ့လား၊ မျှတကြရဲ့လား၊ ညီညီညွတ်ညွတ်ဆမ်းမြောက်ဝမ်းသာ မငြင်းမခုံကြဘဲချမ်းသာစွာဝါတွင်းကာလပတ်လုံးနေခဲ့ကြရဲ့လား

၄။ဆွမ်းဖြင့်မပင်ပန်းဘဲအဆင်ပြေပြေမျှမျှတတဖြစ်ခဲ့ကြရဲ့လား–
ဟုဘုရားရှင်ကမေးတော်မူရာ–––

မြတ်စွာဘုရား တပည့်တော်များ ကျန်းမာခန့်ကျန်းကြပါသည် ဘုရား။မျှတကြပါသည်ဘုရား။ညီညီညွတ်ညွတ်ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံကြဘဲဝါတွင်းကာလပတ်လုံးနေခဲ့ကြပါသည်ဘုရား။ဆွမ်းဖြင့် လည်းမပင်ပန်းခဲ့ကြပါဘုရား။

ဒီလောက်ဆိုလျှင်ဘုရားရှင်၏အမေးတော်အတွက်အဖြေစုံလင် ပါပြီ။ဒါပေမဲ့ဘုရားရှင်၏မေးခွန်းတော်အမှတ်သုံးအဆုံးမှာချမ်းသာစွာ နေခဲ့ကြရဲ့လားဟု ''ချမ်းသာစွာ''ဟူသော စကားတော်ပါပါတယ်၊ ရဟန်းတော်များ၏အဖြေစကားဘက်၌ချမ်းသာစွာဟူသောစကားပါ မလာပါဘူး၊ပါမလာတာက သူတို့မှာသာကေတမြို့ဝယ်အာဂန္တုက ဌာန၌ ကျောင်းနေရာချမ်းသာမှုမရှိခြင်း, ဘုရားရှင်ကို ဖူးမျှော်ခွင့် မရသည့်အတွက်ငြီးငွေ့ခြင်းတို့ကြောင့်ချမ်းသာစွာမနေခဲ့ကြရလို့ပါဘဲ။

ရဟန်းတော်များက ဘုရားရှင်၏ အမေးတော်များကို ဖြေဆို ပြီးနောက်–––

မြတ်စွာဘုရား။တပည့်တော်များညီနောင်သုံးကျိပ်တို့သည်ဘုရား ရှင်ကိုဖူးမျှော်ရန်သာဝတ္ထိမြို့သို့လာခဲ့ကြရာဝါကပ်ချိန်နီးကပ်သည့် အတွက် သာဝတ္ထိမြို့၌ ဝါဆိုရန်မမီကြပါဘုရား၊ လမ်းခရီးအကြား သာကေတမြို့မှာငြီးငွေ့စွာဝါကပ်ခဲ့ကြပါသည်ဘုရား၊''ငါတို့ဝါကပ်ရာ သာကေတမြို့မှခြောက်ယူဇနာမျှသာဝေးကွာသောအရပ်၌ဘုရားရှင် သီတင်းသုံးတော်မူတယ်၊ငါတို့သည်ဘုရားရှင်ကိုဖူးခွင့်မရကြ''ဟု

တွေးတောကာငြီးငွေ့စွာဝါကပ်ခဲ့ကြပါသည်ဘုရားတပည့်တော်များ သည်ဝါကျွတ်ချိန်မှာပဝါရဏာပြုပြီးမိုးရွာနေစဉ်ရွံ့ထဲဗွက်ထဲရေများ ရွဲစိုကာရေတွေအပြည့်စုပ်ထားသောရေစိုနေသဖြင့်အလွန်လေးလံ လှသော သင်္ကန်းများဖြင့် ပင်ပန်းကြီးစွာ ခရီးကို လာခဲ့ကြရ ပါသည်ဘုရားဟုဆက်လက်လျှောက်ထားကြပါတယ်။

ထိုအခါဘုရားရှင်က---

ကထိန်ခင်းမှုကိုခွင့်ပြုတော်မူလိုက်လျှင်ဤရဟန်းတော်များသည် နှစ်ထပ်သင်္ကန်းကြီးတစ်ထည်ကိုထားခဲ့၍သင်းပိုင်,ကေသီနှစ်ထည် ဖြင့်လာကြရလျှင်ဤကဲ့သို့မပင်ပန်းကြရာ၊ဤကထိန်မည်သည်ကို လည်း ပွင့်တော်မူသမျှ ဘုရားရှင်အားလုံးပင် ခွင့်ပြုတော်မူသည်ဟု စဉ်းစားတော်မူကာ---

**''ရဟန်းတို့ ဝါကျွတ်ပြီသောရဟန်းတို့အား ကထိန်ကို ခွင့်ပြုတော်မူ၏၊ ကထိန်ခင်းသော ရဟန်းတို့အား ကထိန် အာနိသင်ငါးမျိုး ရရှိလိမ့်မည်''** စသည်ဖြင့် မိန့်ကြားတော်မူကာ ကထိန်ကိုခွင့်ပြုတော်မူခဲ့ပါတယ်။

ဘုရားဖူးလာကြတဲ့ ပါဝေယျကရဟန်းတော်များ၏ တိစီဝရိတ် သင်္ကန်းဆောင်ယူကာပင်ပန်းကြီးစွာလာခဲ့ကြရမှုကိုအကြောင်းပြုကာ ကထိန်ကိုခွင့်ပြုတော်မူခြင်းဖြစ်သည့်အတွက်''အသမာဒါနစာရော- အဓိဋ္ဌာန်တင်အပ်သင်္ကန်းမြတ်ကိုအရပ်တစ်ပါးမယူဘဲသွားနိုင်ခြင်း လည်းကောင်း''ဆိုတဲ့အမှတ်စဉ်နှစ်အကျိုးအာနိသင်သည်ကထိန် ခွင့်ပြုခြင်း၏ အကြောင်းဝတ္ထုနှင့် တူညီသော သိသာထင်ရှားသော အကျိုးတရားဖြစ်ပါတယ်။

(၇၈) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏ ဂဏာဘောဇနံ။ ။လေးပါးမှစ,ဂိုဏ်းဂဏအား,အကပ္ပိယ,ဝစန ဖြင့်,လျှကြဖိတ်ပြား,ဘောဇဉ်များကို,လေးပါး အတူ, ခံယူသုံးဆောင်နိုင်ခြင်းလည်းကောင်း** ဤအချက်ကား ကထိန်၏တတိယမြောက်အကျိုးအာနိသင်ဖြစ်ပါတယ်။

မအပ်သောနည်းဖြင့် ''ထမင်းစားကြွပါ''ဟု ပင့်ဖိတ်သည်ကို ရဟန်းလေးပါးအတူခံယူ၍မစားကောင်း၊စားလျှင်ပါစိတ်အာပတ် သင့်စေဟူသောဘုရားရှင်၏အာဏာတော်,ဥပဒေတော်,အမိန့်တော် ရှိပါတယ်၊ ကထိန်လျှာသက်န်း အလှူခံ၍ ကထိန်ခင်းလျှင် ကထိန် ခင်းသောရဟန်းများမှာမအပ်သောနည်းဖြင့်''ထမင်းစားကြွပါ''ဟု ပင့်ဖိတ်သည်ကို ရဟန်းလေးပါး အတူခံယူ၍ စားသော်လည်း အာပတ်မသင့်တော့ပါ၊ ဘုရားရှင်၏ အာဏာတော်မှ ကင်းလွတ်ခွင့်, သက်သာခွင့်ရသွားပါတယ်ဒီအချက်သည်ကထိန်အလှူတော်ကြောင့် ကထိန်ခင်းမှုကြောင့် ကထိန်ခင်းသော ရဟန်းတော်များမှာ ရရှိသည့်ထူးမြတ်သောအမှတ်စဉ်သုံးအကျိုးအာနိသင်ဖြစ်ပါတယ်။

**ယာဝဒတ္ထစီဝရံ။ ။မိဋ္ဌာန်ဝိကပ်, မပြုလတ်ဘဲ, လိုအပ်အများ, သင်္ကန်းကိုထားနိုင်ခြင်းလည်းကောင်း** ရလာ သောသင်္ကန်းကိုအဓိဋ္ဌာန်မတင်ဝိကပ္ပနာမပြုဘဲဆယ်ရက်လွန်အောင် မထားရ၊ထားလျှင်နိဿဂ္ဂိပါစိတ်အာပတ်သင့်စေဟူသောဘုရားရှင် အာဏာတော်,ဥပဒေတော်ရှိပါတယ်၊ကထိန်ခင်းပြီးလျှင်ကထိန်ခံရ သောရဟန်းများမှာအဓိဋ္ဌာန်မတင်ဝိကပ္ပနာမပြုဘဲသင်္ကန်းများကို

အလိုရှိသလောက် ထားနိုင်ပါတယ်၊ ထိုသို့အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သင်္ကန်းများကို ထားသည့်အတွက် အာပတ်မသင့်တော့ခြင်းသည် ကထိန်အလှူတော်ကြောင့် ကထိန်ခင်းမှုကြောင့် ကထိန်ခင်းသောရဟန်းတော်များမှာရရှိသည့်ထူးမြတ်သောအမှတ်စဉ်လေးအကျိုးအာနိသင်ဖြစ်ပါတယ်။

**ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ---**

**တတ္ထ-ထိုကထိန်ခင်းရာကျောင်းတိုက်၌၊ ယော စီဝရုပ္ပါဒေါ-အကြင်သင်္ကန်း၏ ဖြစ်ပေါ်ခြင်းသည်၊ (အတ္ထိ-ရှိ၏)၊ သော စ-ထိုသင်္ကန်း၏ဖြစ်ပေါ်ခြင်းသည်လည်း၊ နေသံ-ထိုကထိန်ခင်းပြီးသော ရဟန်းတို့အတွက်၊ ဘဝိဿတိ-ဖြစ်လိမ့်မည်။**

ကထိန်မခင်း၍ကထိန်အာနိသင်မရလျှင်ကျောင်းတိုက်၌ဖြစ်ပေါ်လာသမျှသံဃိကသင်္ကန်းအဝတ်အထည်များကိုကျောင်းတိုက်အတွင်းရှိသံဃာအားလုံးခွဲဝေ၍ယူရပါတယ်၊ကထိန်ခင်း၍ကထိန်အာနိသင်ရလျှင်ကားကထိန်ခင်းရာကျောင်းတိုက်၌ဖြစ်ပေါ်လာသမျှသံဃိကသင်္ကန်းများကိုကထိန်အာနိသင်ရထားသောရဟန်းများသာခွဲဝေ၍ယူနိုင်ပါတယ်၊ကထိန်အာနိသင်ရသောရဟန်းများသည်ကထိန်ခင်းရာကျောင်းတိုက်၌ဖြစ်ပေါ်လာသမျှသင်္ကန်းကိုကထိန်အာနိသင်မရသောရဟန်းများနှင့် အာဂန္တုကရဟန်းများအား ခွဲဝေ၍ ပေးဖွယ်မလို၊ ကထိန်အာနိသင်ရသော ရဟန်းတို့ချည်းသာ ကထိန်အာနိသင်ရရာအခိုက်၌ သံဃိက သင်္ကန်းများကို ဝေငှ၍ ယူနိုင်ခြင်းသည် ကထိန်ကြောင့်ကထိန်ခင်းသောရဟန်းတော်များမှာရအပ်သော

ထူးခြားသော အခွင့်အရေးဖြစ်သော အမှတ်ငါး အကျိုးအာနိသင်ဖြစ်ပါတယ်။

ဤအကျိုးအာနိသင်ငါးမျိုးသည်ကထိန်အလှူခံသောကထိန်ခင်းသောရဟန်းတော်များ၏ရအပ်သောအကျိုးများဖြစ်ကြပါတယ်၊ကထိန်လှူသောအလှူရှင်များမှာ အဘယ်သို့သော အကျိုးများ ရသလဲဟု ဆက်လက်စဉ်းစားကြပါဦးစို့---

အခြားမည်သည့်ဒါနနှင့်မှမတူဘဲအလှူခံရတဲ့ရဟန်းတော်များမှာဘုရားရှင်၏အာဏာတော်မှုသက်သာခွင့်ရစေတဲ့အလှူဖြစ်တယ်လို့စောစောကပြောပြခဲ့ပါပြီ။မိမိ၏လှူဒါန်းမှုကြောင့်အလှူခံရသူများမှာ ထူးခြားသောအကျိုးရရင် အလှူရှင်များမှာလည်း ထူးခြားသောအကျိုးရမည်မှာ နိယာမသဘာဝပါပဲ၊ အများကြားဖူးသိဖူးကြတဲ့ဘောဇနသုတ်တော်ကိုမှီငြမ်းပြုစဉ်းစားနိုင်ရန်ပြောပြပါဦးမယ်---

ဘောဇနသုတ်ဆိုတာ အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်မှာ ပါရှိပါတယ်၊အင်္ဂုတ္တရနိကာယ်ပဉ္စကနိပါတ်ဘောဇနသုတ်တော်၌ဘုရားရှင်က ရဟန်းတို့ ဘောဇဉ်ကို လှူသော အလှူရှင်သည် အလှူခံပုဂ္ဂိုလ်တို့အားအသက်ရှည်ခြင်း,အဆင်းလှခြင်း,ကိုယ်ချမ်းသာစိတ်ချမ်းသာခန္ဓာကိုယ်အားဉာဏ်ပညာကိုလှူသည်မည်၏၊အလှူခံပုဂ္ဂိုလ်များ၏အသက်ရှည်ကြောင်းဘောဇဉ်ကိုအလှူခံပုဂ္ဂိုလ်များအားလှူဒါန်းခြင်းကြောင့်အလှူရှင်သည်နတ်၌ဖြစ်သောအသက်ရှည်မှု,လူ၌ဖြစ်သောအသက်ရှည်မှု၏ အဖို့ရှိသည်ဖြစ်၏၊ [အလှူခံပုဂ္ဂိုလ်များသည်ဘောဇဉ်ကိုစားရလျှင်ယိုမို၍အသက်ရှည်သည့်အတွက်ဘောဇဉ်အလှူ

သည်အလှူခံများ၏အသက်ရှည်ကြောင်းဖြစ်ပါတယ်၊အလှူခံများ၏ အသက်ရှည်ကြောင်းဖြစ်သောဘောဇဉ်ကိုလှူခြင်းကြောင့်အလှူရှင် သည်အသက်ရှည်ရ၏ဟုဆိုလိုပါတယ်။ ]

အလှူခံပုဂ္ဂိုလ်များ၏အဆင်းလှကြောင်းဘောဇဉ်ကိုလှူဒါန်းခြင်း ကြောင့် အလှူရှင်သည် နတ်၌ဖြစ်သောအဆင်းလှမှု, လူ၌ဖြစ်သော အဆင်းလှမှု၏အဖို့ရှိသည်ဖြစ်၏၊ [အလှူခံပုဂ္ဂိုလ်များသည်ဘောဇဉ်ကို စားရလျှင်ပိုမို၍အဆင်းလှသည့်အတွက်ဘောဇဉ်အလှူသည်အလှူခံ ပုဂ္ဂိုလ်များ၏ အဆင်းလှကြောင်း ဖြစ်ပါတယ်၊ အလှူခံပုဂ္ဂိုလ်များ၏ အဆင်းလှကြောင်းဖြစ်သောဘောဇဉ်ကိုလှူဒါန်းခြင်းကြောင့်အလှူရှင် သည်အဆင်းလှ၏၊ ]အလှူခံပုဂ္ဂိုလ်များ၏ချမ်းသာကြောင်းဘောဇဉ်ကို လှူဒါန်းခြင်းကြောင့်နတ်၌ဖြစ်သောချမ်းသာ,လူ၌ဖြစ်သောချမ်းသာ၏ အဖို့ရှိ၏၊ [အလှူခံပုဂ္ဂိုလ်များသည်ဘောဇဉ်ကိုစားရလျှင်ချမ်းသာသည့် အတွက်ဘောဇဉ်အလှူသည်အလှူခံပုဂ္ဂိုလ်များ၏ချမ်းသာကြောင်း ဖြစ်ပါတယ်၊ အလှူခံပုဂ္ဂိုလ်များ၏ ချမ်းသာကြောင်းဘောဇဉ်ကို လှူဒါန်းခြင်းကြောင့်အလှူရှင်သည်ချမ်းသာ၏၊ ]အလှူခံပုဂ္ဂိုလ်များ၏ ခန္ဓာကိုယ်ခွန်အားကြီးမားကြောင်းဘောဇဉ်ကိုလှူဒါန်းခြင်းကြောင့် အလှူရှင်သည် နတ်၌ဖြစ်သော ခွန်အား, လူ၌ဖြစ်သောခွန်အား၏ အဖို့ရှိသည်ဖြစ်၏၊ [အလှူခံပုဂ္ဂိုလ်များသည် ဘောဇဉ်ကို စားရလျှင် ခွန်အားပြည့်ဝလာသည့်အတွက်ဘောဇဉ်အလှူသည်အလှူခံပုဂ္ဂိုလ်များ ၏ခွန်အားကြီးမားကြောင်းဖြစ်ပါတယ်၊အလှူခံပုဂ္ဂိုလ်များ၏ခွန်အား ကြီးမားကြောင်းဖြစ်သောဘောဇဉ်ကိုလှူဒါန်းခြင်းကြောင့်အလှူရှင်သည်

ခွန်အားကြီးမားသူဖြစ်ရ၏၊]အလှူခံပုဂ္ဂိုလ်များ၏ဉာဏ်ပညာထက်ကြောင်းဘောဇဉ်ကိုလှူဒါန်းခြင်းကြောင့်အလှူရှင်သည်နတ်၌ဖြစ်သောဉာဏ်ပညာ, လူ၌ဖြစ်သောဉာဏ်ပညာ၏ အဖို့ရှိသူဖြစ်၏၊ [အလှူခံပုဂ္ဂိုလ်များသည်ဘောဇဉ်ကိုစားရလျှင်ဉာဏ်ပညာထက်မြက်သည့်အတွက် ဘောဇဉ်အလှူသည် အလှူခံပုဂ္ဂိုလ်များ၏ ဉာဏ်ပညာထက်မြက်ကြောင်း ဖြစ်ပါတယ်၊ အလှူခံပုဂ္ဂိုလ်များ၏ ဉာဏ်ပညာထက်မြက်ကြောင်း ဘောဇဉ်ကို လှူဒါန်းခြင်းကြောင့် အလှူရှင်သည် ဉာဏ်ပညာထက်မြက်သူဖြစ်ရ၏ ]ဟုဟောတော်မူပါတယ်။

ဒီဘောဇနသုတ်တော်သည် ဗုဒ္ဓဘာသာများအတွက် အလေးအနက်မှတ်သားရမည့်သုတ်တော်ဖြစ်ပါတယ်၊ဗုဒ္ဓဘာသာများအတွက်အဘယ်အလှူမှာဘဲဖြစ်ဖြစ်ဆွမ်းစသောဘောဇဉ်အလှူကပါနေကြဖြစ်နေလို့လဲအလေးအနက်မှတ်သားသင့်ပါတယ်၊နည်းမှိုပြီးဆဉ်းစားဘို့လည်းမှတ်သားသင့်ပါတယ်၊ယနေ့ဝိရှုရှန်တီဝိဟာရမှာကျောင်းပတဲ့ကထိန်အလှူတော်ကြီးမှာလည်းသံဃာတွေ, သီလရှင်တွေ လူဝတ်ကြောင်တွေ တစ်ထောင့်ငါးရာလောက်အထိ ရှိမယ်ထင်ပါတယ်၊ အားလုံးသောပုဂ္ဂိုလ်တို့အားဆွမ်းကျွေးမှုဘောဇနဒါနထက်ထက်သန်သန်လှူဒါန်းကျွေးမွေးနေတာအားလုံးမြင်တွေ့နေကြရတာပါပဲ။

နည်းမှိုပြီး စဉ်းစားဘို့ဆိုတာ−−ဘောဇနသုတ်တော်မှာ အလှူခံများအားအသက်ရှည်စေမည့်ဘောဇဉ်ကိုလှူသူသည်အသက်ရှည်၏စသည်ဖြင့်ဟောကြားတော်မူသည်ကိုနည်းမှိုပြီးကထိန်အလှူခံရရှိသောရဟန်းတော်များအားထင်ရှားရှိသောရဟန်းကိုမပန်ပြောဘဲ

သွားသော်လည်း ဘုရားရှင်ပညတ်တော်မူအပ်သော အာပတ်မှ ကင်းလွတ်ခွင့်အကျိုးကိုရစေနိုင်သောကထိန်သက်နိုးကိုလျှဒါန်းသော ကထိန်အလှူရှင်သည်ခွင့်တောင်းမှုခွင့်ပန်မှုမပြုသော်လည်းပြစ်ဒဏ် မရှိကင်းလွတ်ခွင့်ချမ်းသာကိုရရှိမယ်လို့သိနိုင်ပါတယ်။

ကထိန်အလှူခံရရှိသောရဟန်းတော်များအား အဓိဋ္ဌာန်တင်အပ် သောသင်္ကန်းကိုမယူဘဲသွားသော်လည်းဘုရားရှင်ပညတ်တော် မူအပ်သောအာပတ်မှကင်းလွတ်ခွင့်အကျိုးကိုရစေနိုင်သောကထိန် သင်္ကန်းကိုလှူဒါန်းသောကထိန်အလှူရှင်သည်အပိုပစ္စည်းများမယူဘဲ ပေါ့ပေါ့ပါးပါးသွားလာသော်လည်းအခက်အခဲမရှိအပြစ်မရှိချမ်းသာ စွာသွားလာနိုင်ခြင်းအကျိုးကိုရရှိမယ်လို့လည်းသိနိုင်ပါတယ်။

ကထိန်အလှူခံရရှိသောရဟန်းတော်များအား ဂဏဘောဇဉ်ကို စားသော်လည်း ဘုရားရှင်ပညတ်တော်မူအပ်သော အာပတ်မှ ကင်းလွတ်ခွင့်အကျိုးကိုရစေနိုင်သောကထိန်သင်္ကန်းကိုလှူဒါန်းသော ကထိန်အလှူရှင်သည် အစားအသောက်ကို အကြောင်းပြု၍ တစ်စုံ တစ်ရာဘေးဥပါဒ်မဖြစ်ခြင်း,ချမ်းသာစွာစားသောက်နိုင်ခြင်းအကျိုးကို ရရှိမယ်လို့လည်းသိနိုင်ပါတယ်။

ကထိန်အလှူခံရရှိသောရဟန်းတော်များအား အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲသင်္ကန်းများကိုထားသော်လည်းဘုရားရှင်ပညတ် တော်မူအပ်သောအာပတ်မှ ကင်းလွတ်ခွင့် အကျိုးကို ရစေနိုင်သော ကထိန်သင်္ကန်းကိုလှူဒါန်းသော ကထိန်အလှူရှင်သည် ပစ္စည်းများ များစွာစုဆောင်းထားသော်လည်းအပြစ်တစ်စုံတစ်ရာမရှိချမ်းသာခြင်း အကျိုးကိုရရှိမယ်လို့လည်းသိနိုင်ပါတယ်။

ကထိန်အလှူခံရရှိသောရဟန်းတော်များအားကထိန်အာနိသင်ရရာကျောင်းတိုက်အတွင်းဖြစ်ပေါ်လာသမျှသံဃိကသင်္ကန်းများကိုအခြားရဟန်းများအားခွဲဝေမပေးဘဲကထိန်အာနိသင်ရသောရဟန်းများချည်းသာခွဲဝေသုံးစွဲခွင့်အကျိုးကိုရစေနိုင်သောကထိန်သင်္ကန်းကိုလှူဒါန်းသော ကထိန်အလှူရှင်သည် မိမိတို့၏ ပစ္စည်းကို မိမိတို့သဘောကျသုံးစွဲနိုင်ခြင်းစသောအကျိုးကိုရရှိမယ်လို့လည်းသိနိုင်ပါတယ်၊ ဤအကျိုးများကား ဘောဇနသုတ်တော်ကိုအမှီပြု၍ရှေးပညာရှိဆရာတော်ကြီးများရဲ့ အယူအဆအတိုင်း ပြောပြခြင်းပါပဲ၊ ဒီပြောနည်းကအလွန်လည်းသဘာဝကျပါတယ်ဘုရားရှင်၏ဒေသနာတော်ဆိုတာဒီလိုပဲတစ်ခုနှင့်တစ်ခုနည်းယူကာမှတ်သားရအောင်ပြပါယ်ရှင်းရတာပါပဲ။

တနည်း–ကထိန်ရဲ့အကျိုးကြီးပုံကိုပြောရမယ်ဆိုလျှင်ကထိန်သင်္ကန်းကိုသံဃာအားသာသံဃိကစစ်စစ်လှူဒါန်းရခြင်းကြောင့်ရပါမယ်၊ ကထိန်သင်္ကန်းကိုအခြားသင်္ကန်းများကိုလှူသလိုမိမိတို့ကြည်ညိုရာပုဂ္ဂိုလ်,မိမိတို့ကြည်ညိုရာဂိုဏ်းအားလှူဒါန်းလို့မရပါဘူးသံဃာအားရည်မှန်းပြီး သံဃိကစစ်စစ် လှူဒါန်းမှသာ ကထိန်မြောက်ပါတယ်၊ သံဃာအားရည်မှန်းပြီးသံဃိကစစ်စစ်ဖြစ်အောင်လှူဒါန်းလို့လည်းကထိန်အလှူတော်သည် အကျိုးကြီးလှပါတယ်၊ ပုဂ္ဂလိကအလှူ, သံဃိကအလှူနှစ်မျိုးတွင်ပုဂ္ဂလိကအလှူသည်အဘယ်နည်းအဘယ်အကြောင်းကြောင့်မျှသံဃိကအလှူထက်သာလွန်သည်ဟုငါဘုရားဟောတော်မမူဟုဘုရားရှင်ကိုယ်တော်တိုင်ဟောတော်မူချက်ရှိပါ

တယ်၊ဒီတော့ ကထိန်အလှူတော်သည် အကျိုးအကြီးဆုံးအလှူဖြစ် တယ်ဆိုတာအလွန်သေချာလှပါတယ်။

ဆင့်ဂ်ဒါနသုတ်တော်မှာအင်္ဂါခြောက်ချက်နှင့်ညီသောအလှူတော် သည် မဟာသမုဒ္ဒရာရေကဲ့သို့ ရေတွက်တိုင်းတာမရအောင် အကျိုး တရားကြီးမားတယ်လို့ဟောကြားတော်မူပါတယ်၊အင်္ဂါခြောက်ချက် ကိုမှတ်သားရလွယ်ကူအောင်လင်္ကာလေးများပြုလုပ်ထားပါတယ်။

၁။ မလှူသေးခင်,လှူရေးပြင်,ကြိုတင်ဝမ်းသာပါ။

၂။ လှူဒါန်းဆဲမှာ,ဝန်တိုခွာ,သဒ္ဓါကြည်ရွှင်သာ။

၃။ လှူဒါန်းပြီးလဲ,ဒါနထဲ,စွဲမြဲဝမ်းမြောက်ပါ။

၄။ ရာဂကင်းကွာ,ကင်းဖို့ရာ,မှန်စွာကျင့်ကြသည်။

၅။ ဒေါသကင်းကွာ,ကင်းဖို့ရာ,မှန်စွာကျင့်ကြသည်။

၆။ မောဟကင်းကွာ,ကင်းဖို့ရာ,မှန်စွာကျင့်ကြသည်။

၇။ အင်္ဂါခြောက်ဝ,ပြည့်ညီက,ကျိုးရများလှသည်။

၈။ မဟာသမုဒ္ဒြာ,ရေပမာ,ရေကာတိုင်းလို့မရပြီ။

အင်္ဂါခြောက်ချက်မှာအလှူရှင်ဘက်မှအင်္ဂါသုံးချက်၊အလှူခံဘက်မှ အင်္ဂါသုံးချက်၊တစ်ဘက်မှာသုံးချက်စီပြည့်စုံရပါမယ်။

**အလှူရှင်အင်္ဂါ။** ။အလှူရှင်သည်မလှူခင်လှူရန်ပြင်ဆင်သည့်အချိန် အခါမှစ၍ငါသည်အလှူတစ်ခုလှူရတော့မည်ဟု တွေးတောဆင်ခြင်စဉ်းစားကာကြိုတင်ဝမ်းမြောက်ဝမ်းသာထက်ထက် သန်သန်ဖြစ်နေရပါမယ်၊ဒီလိုမလှူခင်ကကြိုတင်၍ဝမ်းမြောက်

ဝမ်းသာထက်သန်စွာဖြစ်နေခြင်းကို"ပုဗ္ဗစေတနာ"ဟုခေါ်ပါတယ်၊ ပုဗ္ဗစေတနာထက်သန်စွာဖြစ်နေရခြင်းသည်အလှူရှင်ဘက်မှပြည့်စုံရန်လိုအပ်သောအမှတ်စဉ်တစ်အင်္ဂါဖြစ်ပါတယ်။

လှူဒါန်းစဉ်လှူဒါန်းဆဲအချိန်အခါမှာနမြောမှု,စေးနှဲမှု,ဝန်တိုမှု, တွန့်တိုမှု မစ္ဆရိယတရားဆိုးကို မိမိသန္တာန်၌ မဖြစ်စေဘဲ မစ္ဆရိယတရားဆိုးကိုပယ်ခွာ၍သဒ္ဓါတရားဖြင့်မိမိ၏စိတ်ကိုကြည်လင်စေရပါမယ်၊ ဒီလို လှူဒါန်းစဉ် လှူဒါန်းဆဲအချိန်မှာ မစ္ဆရိယတရားဆိုးကိုပယ်ခွာ၍ သဒ္ဓါတရားဖြင့် စိတ်ကို ကြည်လင်စေကာ ထက်သန်စွာဖြစ်နေခြင်းကို"မုဉ္စစေတနာ"ဟုခေါ်ပါတယ်။မုဉ္စစေတနာထက်သန်စွာဖြစ်နေရခြင်းသည်အလှူရှင်ဘက်မှပြည့်စုံရန်လိုအပ်သောအမှတ်စဉ်နှစ်အင်္ဂါဖြစ်ပါတယ်။

လှူဒါန်းပြီးတဲ့အခါမှာလည်းဒီအလှူကိုမမေ့မသွားစေဘဲဒီအလှူကိုအကြောင်းခံ၍ အမြဲတွေးတောကာ ငါသည် ဘယ်နေ့ဘယ်ရက်က ဘယ်လိုပစ္စည်းတွေကိုလှူခဲ့တယ်လို့ဆင်ခြင်၍ဝမ်းမြောက်ဝမ်းသာဖြစ်နေရပါမယ်၊ ယနေ့ အလှူတော်ကြီးနှင့်ဆက်စပ်ပြီး ငါသည် သာသနာတော်နှစ်နှစ်ထောင့်ငါးရာလေးဆယ့်ခြောက်ခုနှစ်၊ခရစ်နှစ်အားဖြင့်နှစ်ဆယ့်ခြောက်ရက်အောက်တိုဘာလနှစ်ထောင့်နှစ်ခုနေ့မှာနီပေါလ်နိုင်ငံကာတ္တမန္ဒူမြို့ဝိရှုရှန်တိဝိဟာရကထိန်အလှူတော်ကြီးကိုသာသနာတော်ဂုဏ်သိက္ခာတက်လောက်အောင်ကြီးကျယ်ခမ်းနားစွာလှူခဲ့ပြီလို့ တွေးတောဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေရပါမယ်၊ ဤကဲ့သို့အလှူလှူပြီးနောက်မှာအလှူကိုအကြောင်းပြု၍အမြဲ

တွေးတောဝမ်းသာကြည်နူးထက်သန်စွာ ဖြစ်နေခြင်းကို ''အပရ စေတနာ''ဟု ခေါ်ပါတယ်၊ အပရစေတနာထက်သန်စွာဖြစ်နေရခြင်း သည်အလှူရှင်ဘက်မှပြည့်စုံရန်လိုအပ်သောအမှတ်စဉ်သုံးအင်္ဂါ ဖြစ်ပါတယ်။ဒီအင်္ဂါသုံးချက်လုံးဃနေ့အလှူတော်ကြီးမှာအလှူရှင်များ ဘက်မှပြည့်စုံနေပါပြီ။

**အလှူခံအင်္ဂါသုံးပါး။** ။အလှူရှင်များဘက်မှအင်္ဂါသုံးချက်ပြည့် စုံရန် လိုအပ်သလို အလှူခံများဘက်မှ လည်း အင်္ဂါသုံးချက် ပြည့်စုံရန် လိုအပ်ပါတယ်၊ အလှူခံများဘက်မှ ပြည့်စုံရမည့်အင်္ဂါများကတော့---

၁။ ရာဂကင်းပြီးဖြစ်ကြခြင်း သို့မဟုတ် ရာဂကင်းဘို့ရာ ကျင့်ကြံ ကြိုးကုတ်အားထုတ်နေကြခြင်း၊

၂။ ဒေါသကင်းပြီးဖြစ်ကြခြင်းသို့မဟုတ်ဒေါသကင်းဘို့ရာကျင့်ကြံ ကြိုးကုတ်အားထုတ်နေကြခြင်း၊

၃။ မောဟကင်းပြီးဖြစ်ကြခြင်းသို့မဟုတ်မောဟကင်းဘို့ရာကျင့်ကြံ ကြိုးကုတ်အားထုတ်နေကြခြင်းဆိုတဲ့အင်္ဂါသုံးချက်ဖြစ်ပါတယ်၊

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကရာဂကင်းပြီး၊ဒေါသကင်းပြီး၊မောဟ ကင်းပြီးအရိယာအရှင်မြတ်ကြီးကဲ့သို့ရာဂကင်းဘို့ရာ၊ဒေါသကင်းဘို့ရာ မောဟကင်းဘို့ရာကျင့်ကြံကြိုးကုတ်အားထုတ်နေသောပုဂ္ဂိုလ်များကို အလှူခံပုဂ္ဂိုလ်ကောင်းများအဖြစ်ဟောကြားတော်မူခဲ့ကြပါတယ်၊ဃနေ့ အလှူတော်မှာရာဂကင်းပြီး၊ဒေါသကင်းပြီး၊မောဟကင်းပြီးအရိယာ သံဃာတော်တွေလည်းပါချင်ပါကြပါမယ်၊ရာဂကင်းဘို့ရာဒေါသ

ကင်းဘို့ရာမောဟကင်းဘို့ရာကျင့်ကြံကြိုးကုတ်အားထုတ်နေသော သံဃာတော်တွေဖြစ်တယ်ဆိုတာကတော့ အလွန်သေချာပါတယ်၊ ယနေ့ သံဃာတော်တွေသည် ပရိယတ် ပဋိပတ်သာသနာ့တာဝန်နှစ်ရပ်ကို ထမ်းဆောင်နေသော သံဃာတော်တွေဖြစ်လို့ ရာဂကင်းဘို့ရာ ဒေါသကင်းဘို့ရာ မောဟကင်းဘို့ရာ ကျင့်ကြံကြိုးကုတ်အားထုတ်နေတယ်ဆိုတာသေချာပါတယ်။ပဋိပတ်သည်ရာဂ,ဒေါသ, မောဟကင်းဘို့ရာ ကျင့်ကြံကြိုးကုတ် အားထုတ်နေတယ်ဆိုတာ ထင်ထင်ရှားရှားသိသာလှပါတယ်။ပရိယတ်အားထုတ်နေသောရဟန်းသံဃာတော်များလည်း ရာဂ,ဒေါသ,မောဟကင်းဘို့ရာ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတာပါပဲ၊ မှန်ပါတယ်၊ ရဟန်းသံဃာတော်များသင်အံ့ကျက်မှတ်ပို့ချလေ့လာနေတဲ့ပိဋကတ်တော်များသည် ဘုရားရှင်ကိုယ်တော်တိုင်ရာဂ,ဒေါသ,မောဟကင်းဘို့ရာဟောကြားတော်မူအပ်သောတရားစာပေများဖြစ်လို့ပရိယတ်တာဝန်ကိုထမ်းဆောင်သောရဟန်းသံဃာတော်များလည်းရာဂကင်းဘို့ရာကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြခြင်း, ဒေါသကင်းဘို့ရာ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြခြင်း, မောဟ ကင်းဘို့ရာ ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြခြင်းဆိုတဲ့အလျှုံများဘက်မှပြည့်စုံရန်လိုအပ်သောအင်္ဂါသုံးချက်နှင့်ပြည့်စုံတော်မူကြပါတယ်။

ယနေ့ကထိန်အလှူတော်ကြီးသည်ဆဋ္ဌင်္ဂဒါနအင်္ဂါခြောက်ချက်နှင့်ပြည့်ညီသော အလှူတော်ကြီးဖြစ်တဲ့ အတွက်ကြောင့်လည်း အကျိုးတရားအလွန်ကြီးမားပါတယ်၊မဟာသမုဒ္ဒရာကြီးထဲမှရေများပမာ

ချင့်ခွက်နှင့်ဇရေတွက်လို့မရ,ပေကြိုးနှင့်ထိုင်းလို့လဲမရအောင်အကျိုး တရားကြီးမားများပြားမည်မှာသေချာလှပါတယ်၊ပစ္စုပ္ပန်ချမ်းသာ, သံသရာချမ်းသာ ,လူ့ချမ်းသာ,နတ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာအကျိုး တရားအားလုံးကိုရစေနိုင်ပါတယ်။ပစ္စုပ္ပန်ချမ်းသာ,သံသရာချမ်းသာ, လူ့ချမ်းသာ,နတ်ချမ်းသာစတဲ့လောကီချမ်းသာများသည်အို,နာ,သေ ချမ်းသာတွေမို့ချမ်းသာအစစ်မဟုတ်ကြပါဘူး၊နိဗ္ဗာန်ချမ်းသာသည် သာအိုနာသေကင်းသောချမ်းသာ,အပူကင်းသောအေးမြသောသန္တိ သုခချမ်းသာအစစ်ဖြစ်ပါတယ်၊ပညာရှိအစစ်သူတော်ကောင်းအစစ် သူတော်ကောင်းစိတ်ဓာတ်သတ္တုကျအမတေတည်နေအောင်ထိုင်မာတဲ့ ပညာရှိအစစ်ကြီးများသည်လောကီချမ်းသာများ၏ချမ်းသာစစ်မဟုတ် ပုံ, အပေါ်စားဖြစ်ပုံ, အနှစ်မရှိအကာများသာဖြစ်ပုံကိုသိမြင်ကြလို့ နိဗ္ဗာန်ချမ်းသာကို လိုချင်တောင်းတကြပါတယ်၊ သာမန်လူတွေမှာ ဒုက္ခနှင့်တွေ့မှနိဗ္ဗာန်ရဲ့သဘောလေးပေါ်လာတတ်ပါတယ်၊ဒုက္ခက လည်းဆာခါတစ်ရံမခံမရပ်နိုင်အောင်ပြုံဆုံပြီးကြုံတွေ့တတ်ပါတယ်၊ ဇာတိမကင်းသေးသမျှ,ရုပ်,နာမ်ရှိနေသမျှဒုက္ခရှိနေမှာပါပဲ၊နိဗ္ဗာန်ကျ တော့သူလို့ဆိုစရာ,ငါလို့ဆိုစရာရုပ်,နာမ်များချုပ်ငြိမ်းသွားပြီဖြစ်လို့ အေးမြလှပါတယ်။သူ,ငါဟုဆိုစရာရုပ်နာမ်များချုပ်ငြိမ်းရာအေးမြသော နိဗ္ဗာန်၏သဘာဝကိုအာရုံပြု၍တရားသိမ်းကြစို့----

**နိဗ္ဗာနံ ပရမံ သန္တိံ၊ သန္တသန္တောဘိ ပတ္ထိတံ။**

**ဒုက္ခိ နော ဒုက္ခမာသန္နေ၊ တသာရသော ပကာသတေ။**

**ပရမ်သန္တိ–** ဇာတိက္ခာကင်း, ဇရာရှင်း၍, နာခြင်း သေရေး, အရှေဝေးလျက်,အအေးဓာတ်တို း,မပြတ်သုံးဖို့,အမြတ်ဆုံးမှန်သည့်, သန္တိလက္ခဏာ, ငြိမ်သက်လှစွာသော ၊ **နိဗ္ဗာနံ–** တစ်ဆယ့်တစ်သီး, မီးအဆူဆူ, အပူဓာတ်ကိန်း, တစ်ဇာတ်သိမ်း၍, ပြတ်ငြိမ်းရာမှန်, အေးနိဗ္ဗာန်ကြီးကို၊**သန္တသန္တောဘိ–** သူတော်သေတ္တု,အနှစ်စုသည့်, ယခုရှေးခေတ်,ပညာရှိအစစ်တို့သည်၊ **ပတ္တိတံ–** လောကီဇာတ်ကျော, ဓာတ်သဘောကို,ခပ်ပေါ်ပေါ်ထင်မြင်၍ခင်မင်တောင့်တအာပ်ခဲ့လေပြီ၊ **ဒုက္ခိနော–**တစ်ရံတစ်ခါ, မခံသာအောင်, ဖန်လာစုပုံ, ဒုက္ခစုံနဲ့ ကြုံ၍နေသော ပုထုဇဉ်လူပြိန်းအား၊ **ဒုက္ခမာသန္တေ–** ဇာတိမကင်း, အကြောင်းရင်းကြောင့်,ပေါင်းသင်းရုပ်ပြန်,ရုပ်နာမ်ချင်းတွဲ,ဆင်းရဲမှုချ, ဒုက္ခ၏အနီး၌၊ **တသာရသော–** သူလည်းမပါ,ငါလည်းမရှိ,ဇာတိ က္ခာကင်း, ဇရာရှင်း၍, နာချင်းမှာဝေး, အေးတကြည်ကြည်, အားလုံးကုန် ကိန်းခမ်းဆိုက်သဖြင့်, ငြိမ်းချမ်းလိုက်မည့် နိဗ္ဗာန်၏ အရသာသည်၊ **ပကာသတေ–** တတွေးတတွေး, တရေးရေးနှင့်, တအေးအေး လမ်းပြနေသကဲ့သို့, မှန်းဆတိုင်း ထင်ရှား လေတော့ သတည်း။

သာဓုသာဓုသာဓု

ဘာသာပြန်ပေးသူ။ ။ဤကထိန်တရားတော်ကိုလည်း ဒေါ်အဂ္ဂညာဏီ (သာသနဓဇဓမ္မာစရိယ) ကပင်နီပေါလ်ဘာသာသို့ပြန်ဆိုပေးပါသည်။

## ပါတန်တရားပွဲ (Nagbahal in Patan)

ဘာတာပူ,ပါတန်,ကတ္တမန္ဒူမြို့သုံးမြို့သည်တစ်ဆက်တည်းလိုပင် တည်ရှိနေကြပါတယ်(၂၆.၁၀.၂၀၀၂)ညနေပိုင်းမှာပါတန်မြို့မှာတရား ဟောရန် စီစဉ်ထားပါတယ်၊ နေ့လည်ပိုင်းမှာ ခေတ္တမျှအနားယူပြီး နောက် ပါတန်မြို့တွင်းရှိ ကြည့်သင့်သောဘုရားကျောင်းကန်များသို့ သွားရောက် ကြည့်ရှုလေ့လာပါသည်၊ ဘုရားကျောင်းကန် အတော် များစွာတို့၌မဟာယာနဆိုင်ရာများလွှမ်းမိုးနေသည်ကိုတွေ့ရပါသည်၊ သို့သော်ဘုရားရှင်ကို မြတ်နိုးမှုအခြေခံစိတ်ဓာတ် များပြားကြသည့် အတွက်မိမိတို့လာရောက်လေ့လာသည်ကိုလှိုက်လှိုက်လှဲလှဲဝမ်းပန်း တသာထူးထူးခြားခြားအသိအမှတ်ပြုကာကြိုဆိုပြသကြပါတယ်၊ တရားဟောရာဌာနသို့ရောက်ခါနီးအချိန်မှာလူအတော်များစွာထီးများ အလံတော်များဖြင့်လာရောက်ကြိုဆိုကြပါတယ်၊တရားဟောရာဌာန သည်အလွန်သန့်ရှင်းအထက်တန်းကျသောရပ်ကွက်ရှိတိုက်ကြီး များ၏အလယ် ကွက်လပ်ကြီးမှာ ဖြစ်ပါတယ်၊ ဒီနေရာမှာ ရှေးက မဟာစည်ဆရာတော်ဘုရားကြီးနှင့် တောင်ပုလုဆရာတော်ဘုရား ကြီးတို့တရားဟောတော်မူခဲ့ကြဘူးသည်ဟုသိခဲ့ရပါသည်။

ဒီတရားပွဲမှာ သံဃာတော်များ, သီလရှင်ဆရာများ အတော် များစွာလာကြ၍ ပရိသတ်အတော်များပါသည်၊ အဆောက်အဦ အတွင်းမဟုတ်၊ကွင်းပြင်မှာဖြစ်၍အတိအကျတော့မမှန်းဆတတ်ပါ၊ တရားဟောရာမှာစိတ်ဓာတ်တက်ကြွမှုရှိလောက်အောင်ကွင်းကြီး

အပြည့်ပရိသတ်များရှိနေသည်ကိုသတိပြုမိခဲ့ပါသည်။ဒီတရားပွဲမှာ ဝိရုရှန်တိဝိဟာရပဓာနနာယကဆရာတော် အရှင်ဉာဏပုဏ္ဏိက (သာသနဓဇဓမ္မာစရိယ, အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA) ကိုယ်တိုင်ဘာသာပြန်ပေးပါသည်။ဆရာတော်အရှင်ဉာဏပုဏ္ဏိကသည် မိမိ၏နီပေါလ်ခရီးစဉ်အတွက်အဓိကစီစဉ်သူဖြစ်သော်လည်းကျန်းမာ ရေးအားနည်း၍ရှေ့ပိုင်းတရားပွဲများမှာဒေါ်အဂ္ဂဉာဏီ(သာသနဓဇ ဓမ္မာစရိယ)ကို ဘာသာပြန်စေခဲ့ပါတယ်၊ ဆရာတော် အရှင်ဉာဏ ပုဏ္ဏိက၏ ဆရာသမားဖြစ်သော ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဗုဒ္ဓ ဃောသကြွရောက်၍ငါးပါးသီလချီးမြှင့်ခြင်း,တရားပွဲအပြီးမှာအနု မောဒနာပြုခြင်းများ ဆောင်ရွက် ပေးတော်မူပါတယ်၊ ယခုတရားပွဲ ကျင်းပရာဌာန၏ပတ်ဝန်းကျင်ရှိပုဂ္ဂိုလ်များသည်များသောအားဖြင့် သကျ(သာကီဝင်)များဖြစ်ကြ၍ဘုရားရှင်၏အမျိုးအနွယ်များအဖြစ် ဂုဏ်ယူကြသည်ဟုသိရပါတယ်၊သို့အတွက် ဘုရားရှင်၏ ကျေးဇူး တော်ကိုဖော်ပြကာကျေးဇူးသိကြဘို့ရည်သန်ချက်ဖြင့်သူတော်ကောင်း လက္ခဏာတရားတော်ကိုဟောကြားခဲ့ပါတယ်။

## **သူတော်ကောင်းလက္ခဏာတရားတော်**

၂၆.၁၀.၂၀၀၂၊သာသနာခုနှစ်–၂၅၄၆–ခုနှစ်

ယခုညနေတရားပွဲမှာ အဓိကဟောကြားမည့်တရားတော်မှာ ‘‘သူတော်ကောင်းလက္ခဏာ’’တရားတော်ဖြစ်ပါတယ်––––

**ယောဝေကတညူကတဝေဒီမိရော၊**
**ကလျာဏမိတ္တော ဒဠှဘတ္တိ ဟောတိ။**
**ဒုက္ခိတဿသက္ကစ္စံ ကရောတိ ကိစ္စံ၊**
**တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။**

ဒီဂါထာကသူတော်ကောင်းလက္ခဏာကိုပြသောဂါထာဖြစ်ပါတယ်၊ သူတော်ကောင်းဖြစ်ဘို့ရာ ပင်ကိုယ်က မိမိသန္တာန်မှာ ကောင်းသောဓာတ်ခံရှိနေဘို့လိုအပ်ပါတယ်၊ကောင်းသောဓာတ်ခံများ မိမိသန္တာန်မှာများသထက်များအောင်ကြိုးစားရပါမယ်၊ အဲသလို ကြိုးစားတဲ့နေရာမှာ အမြဲမပြတ် မိမိ၏စိတ်ကို အကဲခပ်ပြီးရိုးသားဖြောင့်မတ်မှုရှိနေအောင်ကြိုးစားရပါမယ်၊မာယာ သာဌေယျဆိုတဲ့မရိုးသားမဖြောင့်မတ်တဲ့သဘောများကိုမိမိသန္တာန်မှ ဖယ်ရှားပစ်ရပါမယ်။

**မာယာပြစ်ဖုံး, ဟိတ်ဟန်သုံး, ခေါ်ထုံးသာဌေယျ။**

မာယာဆိုတာ မိမိမှာရှိနေသော အပြစ်ကို ဖုံးကွယ်ခြင်းဖြစ်၍ သာဌေယျကတော့မရှိတဲ့ဂုဏ်ဖြစ်ရှိဟန်ဆောင်ကာဟိတ်ဟန်လုပ်ခြင်း ဖြစ်ပါတယ်၊မမှန်မကန်မရိုးသားမဖြောင့်မတ်တဲ့မာယာသာဌေယျ တရားဆိုးများကို ရှင်းပစ်နိုင်မှ သူတော်ကောင်း ဖြစ်လာပါမယ်၊ ဒီအချက်များကအခြေခံအချက်များဖြစ်ပါတယ်။

**ကတညူ–သူတပါးတို့ပြုထားအပ်သည့်ကျေးဇူးကို အထူး ရှိသရွေ့သိလေ့ရှိသည်လည်းကောင်း ၊**

မိမိအပေါ်မှာ သူတပါးတို့ပြုထားဘူးသည့် ကျေးဇူးမှန်သမျှ အထူးသိရပါမယ်၊ ဘယ်လိုပုဂ္ဂိုလ်က ကျေးဇူးပြုပြု ကျေးဇူးပြုသူရဲ့ ကျေးဇူးကိုသိရပါမယ်၊ယနေ့ပါတနိမြို့သူမြို့သားတွေနီပေါလ်နိုင်ငံသူ နိုင်ငံသားတွေအနေနှင့်အခြားပုဂ္ဂိုလ်များထက်ပိုပြီးတော့ဘုရားရှင်၏ ကျေးဇူးတော်ကို သိသင့်တယ်လို့ ယူဆပါတယ်၊ ဘုရားရှင်ကို အကြောင်းပြုပြီး နီပေါလ်နိုင်ငံသားတွေမှာ ယနေ့အထိ ချမ်းသာမှု ရရှိနေပါတယ်၊ နီပေါလ်နယ်မြေသည် ဘုရားဖွားတော်မူရာ နယ်မြေ ဆိုတာအလွန်လည်းဂုဏ်ယူစရာကောင်းပါတယ်။

**ဒုလ္လဘော ပုရိသာဇညော, န သော သဗ္ဗတ္ထ ဇာယတိ၊**

**ယတ္ထ သော ဇာယတိ ဓီရော, တံ ကုလံ သုခမေဓတိ။**

ယောကျ်ားအာဇာနည်သည်ရှရှန်ခက်ခဲ,ပေါ်ပေါက်ရန်ခက်ခဲသော ဒုလ္လဘပုဂ္ဂိုလ်ထူး,ပုဂ္ဂိုလ်မြတ်ဖြစ်ပါတယ်၊ထိုယောကျ်ားအာဇာနည် သည် နေရာတိုင်းမှာ ဖြစ်ပေါ်သည်မဟုတ်ပါ၊ ယောကျ်ားအာဇာနည် ပညာရှင် ဖြစ်ပေါ်ရာ အမျိုးအနွယ်သည် ချမ်းချမ်းသာသာ ကြီးပွား တိုးတက်ရ၏ဟုဘုရားရှင်ကိုယ်တော်တိုင်ဟောကြားတော်မူခဲ့ပါတယ်။

ဘုရားရှင်သည် ယောကျ်ားအာဇာနည်အစစ် ဖြစ်တော်မူတယ် ဆိုတာကို အဘယ်သို့သောပညာရှိမှငြင်းချက်ထုတ်ဝံ့မည်မဟုတ်ပါ၊ ယောကျ်ားအာဇာနည်အစစ်ဖြစ်တော်မူတဲ့ဘုရားရှင်သည်နီပေါလ်နိုင်ငံ အတွင်းမှာပါဝင်သောလုမ္ဗိနီနယ်မြေမှာဖွားမြင်တော်မူခဲ့ပါတယ်၊ဘုရား ရှင်၏ဖွားမြင်မှုကိုအကြောင်းခံ၍ဘုရားရှင်၏အမျိုးတွေချမ်းသာခဲ့ ရပါတယ်၊ယနေ့အထိလည်းဘုရားရှင်၏ဖွားမြင်ရာနိုင်ငံဖြစ်မှုကို

အကြောင်းခံ၍တစ်ကမ္ဘာလုံးရဲ့အာရုံစိုက်မှုကိုအထူးခံယူနေရပါတယ်၊ ဘုရားရှင်ကြောင့် ချမ်းသာမှုခံစားကြရတာကတော့ ဘုရားရှင်၏ ဆွေတော်မျိုးတော် နီပေါလ်နိုင်ငံသူ နိုင်ငံသားတွေသာ မကပါဘူး၊ တစ်လောကလုံးခံစားကြရတယ်လို့ဆိုရပါမယ်၊မှန်ပါတယ်၊ဘုရားရှင်ပွင့်တော်မူလို့ဘုရားရှင်တရားဟောတော်မူလို့အသိမှန်သိကြရ, အကျင့်မှန် ကျင့်ကြရလို့ ချမ်းသာသုခအမျိုးမျိုး ရကြပါတယ်၊ ဘုရားရှင်၏ ကျေးဇူးတော်ကြီးမားပုံကို ဘုရားမပွင့်ခြင်း၏အပြစ်နှင့် ယှဉ်ပြီးစဉ်းစားကြည့်မှပေါ်လွင်စွာသိလာရပါမယ်။

**ဘုရားရှင်တော်,မပွင့်ပေါ်လျှင်,လူတော်အများ,စိတ်ကောင်းထားလည်း, ဤကားကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, မသိရ,များလှအပြစ်တွေ။**

**ဘုရားရှင်တော်,ပွင့်ထွန်းပေါ်၍,ဟောဖော်ညွှန်ကြား,မြတ်တရားကြောင့်,ဤကားကုသိုလ်,အကုသိုလ်နှင့်,ထိုထိုဘုံဘဝ, သိကြရ,များလှကျေးဇူးတွေ။**

ဒီလင်္ကာလေးတွေကတော့မိမိတို့စာသင်သားဘဝအမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌နေစဉ်ကကျေးဇူးတော်ရှင်ဘာသာ ဋီကာကျမ်းပြုအကျော် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပို့ချပေးခဲ့တဲ့လင်္ကာလေးတွေဖြစ်ပါတယ်၊အဓိပ္ပါယ်ပေါ်လွင်ပါတယ်။

ဘုရားရှင်သာ ပွင့်တော်မူမလာလျှင် လူတော်လူကောင်းတွေ စိတ်ကောင်းရှိသော်လည်းဤတရားကားကုသိုလ်ဖြစ်တယ်ဤတရားကတော့အကုသိုလ်ဟုကွဲပြားခြားနားစွာမသိနိုင်ကြသဖြင့်အကုသိုလ်

တွေ့ပြုမိကြ,ကုသိုလ်ကိုမပြုမိကြလို့မကောင်းတဲ့ဘုံဘဝမှာဒုက္ခ အမျိုးမျိုးခံစားရမှုအပြစ်များကြုံကြရပါမယ်။

ယခုအခါဘုရားရှင်ပွင့်တော်မူပြီးတရားတော်တွေကိုလေးဆယ့် ငါးဝါပတ်လုံး မနေမနား ဟောတော်မူခဲ့လို့ တရားတော်တွေ အစုံရှိ နေသဖြင့် ကုသိုလ် အကုသိုလ်တို့၏ သဘောလက္ခဏာ, ကိစ္စ, အကြောင်း,အကျိုးစသည်ကိုလည်းသိကြရ,လူ့ဘုံမှတပါးနတ်ဘုံ ဗြဟ္မာဘုံစသည် ရှိကြောင်းကိုလည်း သိကြရ, အကုသိုလ်တွေကို ရှောင်ရှား ကုသိုလ်တွေကို ပွားများနိုင်ကြသဖြင့် ဆင်းရဲဒုက္ခကင်း၍ ချမ်းသာသုခ အဝဝကို ရရှိခံစားရခြင်းသည် ဘုရားရှင်၏ ကျေးဇူး တော်များ ဖြစ်ပါတယ်၊ ဘုရားရှင်၏ ကျေးဇူးတော်များကို သိကြရ ပါမယ်၊ ဆရာသမား, မိဘများ၏ ကျေးဇူးကိုလည်း အထူးသိကြရ ပါမယ်။

ကျေးဇူးသိမှုနှင့်စပ်၍အထူးမှတ်သားစရာကောင်းတာကတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးပါပဲ၊အရှင်သာရိပုတ္တရာမထေရ်မြတ် ကြီး၏ကျေးဇူးသိပုံကိုအနည်းငယ်ပြောကြားလိုပါတယ်၊အရှင်သာရိ ပုတ္တရာမထေရ်မြတ်ကြီးသည် မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းတော်များတွင်အမြင့်မြတ်ဆုံးဧတဒဂ်ရအဂ္ဂသာဝကကြီးဖြစ်ပါတယ်၊ ပညာအရာမှာအသာဆုံးဧတဒဂ်ရအရှင်မြတ်ကြီးဖြစ်ပါတယ်၊အရှင် မြတ်ကြီး၏ကျေးဇူးသိပုံကိုပြောပြလိုပါတယ်။

ဘုရားရှင်လက်ထက်တော်အချိန်အခါက သာဝတ္ထိမြို့တော်ကြီး၌ အလွန်ဆင်းရဲတဲ့ရာဓအမည်ရတဲ့ပုဏ္ဏားကြီးတစ်ဦးရဟန်းတော်

များကို မှီခိုကာ အသက်မွေးရန် အကြံဖြင့် မြက်ရှင်း တံမြက်လှဲ မျက်နှာသစ်ရေကပ်ခြင်းစသောသံဃဝေယျာဝစ္စများပြုလုပ်လျက် ကျောင်းတွင်းမှာ နေထိုင်ပါတယ်၊ ရဟန်းတော် များကလည်း ရာဓပုဏ္ဏားကြီးကိုချီးမြှောက်ကြပါရဲ့ဖါပေမဲ့ရှင်ရဟန်းပြုပေးခြင်းငှာ အလိုမရှိကြပါဘူး၊ ပုဏ္ဏားကြီးခမျာ ရှင်ရဟန်းပြုခွင့်မရရှာသဖြင့် အလွန်ကြုံလှီပိန်ချုံးဆိတ်ဒုက္ခရောက်နေရရှာပါတယ်ဒီအကြောင်းကို သိတော်မူတဲ့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆက်လက်ဆင်ခြင် တော်မူရာ ဒီရာဓပုဏ္ဏား ရဟန္တာဖြစ်မည်ကို သိတော်မူလို့ ညနေ ချမ်းအခါ ကျောင်းစဉ်ဒေသစာရီ ကြွချီတော်မူသကဲ့သို့ ပုဏ္ဏားကြီး ရှိရာသို့ကြွချီတော်မူပြီး မေးမြန်းတော်မူရာ ပုဏ္ဏားကြီးက ရဟန်း တော်များ၏ဝတ်ကြီးဝတ်ငယ်များကိုပြုလုပ်ပေးနေပါကြောင်း၊ရဟန်း တော်များကစားဖွယ်သောက်ဖွယ်ပေးကမ်းကာသာချီးမြှောက်ကြ ပါကြောင်း၊ရှင်ရဟန်းအဖြစ်ကိုတော့ပြုမပေးကြကြောင်းလျှောက်ထား လိုက်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန်းသံဃာအားလုံး စုဝေး စေကာ ‘ရဟန်းတို့ ဤပုဏ္ဏားကြီး၏ လွန်ကဲစွာပြုအပ်သော ကျေးဇူးကိုအမှတ်ရသောရဟန်းတော်တစ်ပါးတလေရှိလေသလော’ ဟုမေးတော်မူရာအရှင်သာရိပုတ္တရာအရှင်မြတ်ကြီးက–––

မြတ်စွာဘုရား–တပည့်တော်အမှတ်ရပါသည်ဘုရား၊ရာဇဂြိုဟ် မြို့၌ဆွမ်းခံလှည့်လည်နေသောတပည့်တော်အားဤရာဓပုဏ္ဏားကြီးက သူ့အတွက်ဆောင်ယူအပ်သောဆွမ်းတဇွန်းကိုလောင်းလှူခဲ့ဘူးပါ

သည်ဘုရား၊ တပည့်တော်သည် ဒီရာဓပုဏ္ဏားကြီး၏ ဒီကျေးဇူးကို အမှတ်ရပါသည်ဘုရားဟုလျှောက်ထားပါတယ်။

ဘုရားရှင်က---

''သာရိပုတ္တရာ --- ကျေးဇူးရှိသောဒီပုဏ္ဏားကို ဒုက္ခနယ်မှ လွတ်စေခြင်းငှာမပြုသင့်သလော''ဟုမေးတော်မူတဲ့အခါ---

ကောင်းလှပါပြီဘုရားဟုဝန်ခံကာအရှင်သာရိပုတ္တရာအရှင်မြတ် ကြီးကရာဓပုဏ္ဏားကိုရဟန်းပြုပေးကာဆွမ်းစသည်ပြည့်စုံအောင် မိမိနှင့်ဆွမ်းခံအတူခေါ်သွားကာချီးမြှောက်လျက်အမြဲမပြတ်ဆုံးမ တော်မူပါတယ်၊ဆုံးမသမျှကောင်းမွန်စွာလိုက်နာကျင့်ကြံကြိုးစား သဖြင့်အရှင်ရာဓသည်နှစ်ရက်သုံးရက်မျှဖြင့်ရဟန္တာအဖြစ်သို့ရောက်ရှိ ခဲ့ပါတယ်။

ဒီဝတ္ထုသွားမှာအရှင်သာရိပုတ္တရာအရှင်မြတ်ကြီး၏ဆွမ်းတဇွန်း လောင်းသည့်ကျေးဇူးသိမှုကို အကြောင်းပြု၍ **''တစ်လုပ်စားဖူး သူ့ကျေးဇူး''**ဟုရှေးပညာရှိတို့မိန့်ဆိုခဲ့ကြပါတယ်အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး၏ ကျေးဇူးသိပုံကို အတုယူကြပြီးလျှင် မိမိတို့ တစ်တွေလည်းကျေးဇူးသိသူများဖြစ်အောင်သတိဆောင်ကာကြိုးစား ကြရပါမယ်၊ သူတပါးတို့ပြုအပ်သော ကျေးဇူးကို သိခြင်းသည် သူတော်ကောင်းဖြစ်ရန်လိုအပ်သောနံပါတ်တစ်လက္ခဏာဖြစ်ပါတယ်။

**ကတဝေဒီ။ ။သူများပြုအပ်, ကျေးဇူးရပ်ကို, တတ်သရွေ့ မှတ်သရွေ့ဆပ်လေ့ရှိသည်လည်းကောင်း--**

သူတော်ကောင်းသည် မိမိအပေါ်မှာ သူတပါးတို့ပြုအပ်ဖူးသော ကျေးဇူးကိုသိရမယ်၊သိပြီးနောက်မိမိတတ်နိုင်သည့်နည်းဖြင့်ပေးဆပ်ရပါမယ်၊စောစောကပြောပြခဲ့တဲ့အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးသည် ရာဓပုဏ္ဏားရဲ့ ဆွမ်းတစ်ဇွန်းလောင်းဖူးသည့် ကျေးဇူးကိုသိတယ်၊သိပြီးနောက် ရာဓပုဏ္ဏားကို ရဟန်းပြုပေးတယ်၊ရဟန်းပြုပေးပြီးနောက်ဆွမ်းခံအတူခေါ်သွားခြင်းဖြင့်ဆွမ်းကိုစွပြည့်စုံအောင်ဆောင်ရွက်ပေးတယ်၊ အမြဲမပြတ် ဆုံးမခြင်းဖြင့် ရဟန္တာဖြစ်အောင် ချီးမြှောက်တယ်၊ဒီအချက်တွေကရာဓပုဏ္ဏားရဲ့ကျေးဇူးကိုတုံ့ပြန်ပေးဆပ်ခြင်း ဖြစ်ပါတယ်၊သူတော်ကောင်းကြီးတွေသည် ဤကဲ့သို့ကျေးဇူးကိုသိလည်းသိကြ၊ပေးဆပ်လည်းပေးဆပ်ကြသလိုမိမိတို့လည်းကျေးဇူးသိတတ်သူများဖြစ်အောင်၊ကျေးဇူးကိုပေးဆပ်တတ်သူများဖြစ်အောင်ကြိုးစားကြရပါမယ်။

ယနေ့ နီပေါလ်နိုင်ငံသူ နိုင်ငံသားတွေ ပါတန်မြို့သူမြို့သားတွေအနေနှင့်ကျေးဇူးဆပ်ကြဖို့အထူးတိုက်တွန်းလိုတာကတော့ဘုရားရှင်ရဲ့ကျေးဇူးတော်ကြီးကိုပါပဲ၊ဘုရားရှင်ဖွားမြင်တော်မူခဲ့လို့ပွင့်တော်မူခဲ့လို့ မိမိတို့နယ်မြေသည် ချမ်းသာမှုဂုဏ်အရှိန်ကြီးမားမှုစသော အကျိုးကျေးဇူးများ ရရှိခဲ့သည်ကို သိအောင် ကြိုးစားကြရပါမယ်၊သိလည်းသိနေကြပါပြီ၊သိသည့်အတိုင်းဘုရားရှင်ရဲ့ကျေးဇူးတော်ကိုပေးဆပ်ကြရပါမယ်၊ဘယ်လိုပေးဆပ်ကြမလဲ၊ဘုရားရှင်ဟောကြားတော်မူ ဆုံးမတော်မူခဲ့တဲ့ တရားတော်တွေ မပျောက်ပျက်အောင်ထိန်းသိမ်းခြင်း၊ဘုရားရှင်ဆုံးမတော်မူခဲ့သည့်အတိုင်းလိုက်နာကျင့်ခြင်း

ထိန်းသိမ်းသူလိုက်နာကျင့်ကြံသူများကိုထောက်ပံ့အားပေးခြင်းစသည် တို့ဖြင့်ဘုရားရှင်၏အဆုံးအမသာသနာတော်ကြီးမကွယ်မပျောက် အောင်ထိုးတက်ထွန်းလင်းစည်ပင်ပြန့်ပွားအောင်ကြိုးစားခြင်းတို့ဖြင့် ဘုရားရှင်၏ကျေးဇူးတော်ကိုတုံ့ပြန်ပေးဆပ်ကြရပါမယ်၊ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းသည်သူတော်ကောင်းဖြစ်ရန်လိုအပ်သောအမှတ် စဉ်နှစ်လက္ခဏာဖြစ်ပါတယ်။

**ကလျာဏမိတ္တော။ ။မိကောင်းဖကောင်း,ဆရာကောင်းနှင့်, ဖော်ပေါင်းအတိ မိတ်ကောင်းရှိသည် လည်းကောင်း၊---**

သူတော်ကောင်းဖြစ်ရန်အတွက်ကောင်းသောအမိ,ကောင်းသော အဖ,ကောင်းသောဆရာ,ကောင်းသောမိတ်ဆွေသင်္ဂဟရှိရန်လိုအပ် ပါတယ်၊ ဒီနေရာ၌ ကောင်းဟူသည် သဒ္ဓါ,သီလ,စာဂ, ပညာရှိခြင်း ပါပဲ၊ဘုရားတရားသံဃာရတနာသုံးပါး၏ဂုဏ်နှင့်ကံကံ၏အကျိုးကို ယုံကြည်သော,ငါးပါး,ရှစ်ပါးစသောကိုယ်ကျင့်သီလနှင့်ပြည့်စုံသော စွန့်ကြဲပေးကမ်းလှူဒါန်းတတ်သော,ကမ္မဿကတပညာဝိပဿနာ ပညာရှိကြသော အမိအဖဆရာသမားမိတ်ဆွေများသည် ကောင်း သောမိတ်ဆွေ များ ဖြစ်ကြပါတယ်၊ ကောင်းသော သဒ္ဓါ,သီလ, စာဂ,ပညာရှိသောပုဂ္ဂိုလ်များနှင့်ပေါင်းသင်းမှမိမိကိုယ်တိုင်လည်းသဒ္ဓါ, သီလ,စာဂ,ပညာရှိသူဖြစ်လာပါမယ်၊ထိုကဲ့သို့သဒ္ဓါ,သီလ,စာဂ, ပညာရှိကြသော မိဘဆရာသမား မိတ်ဆွေရှိရခြင်းသည် သူတော် ကောင်းဖြစ်ရန်အတွက်လိုအပ်သောအမှတ်သုံးလက္ခဏာဖြစ်ပါတယ်။

**ဒွေဘတ္တိ၈။ ။မိတ်ကောင်းကိုဘဲ, အသဲစွဲမျှ, အမြဲမပြတ်, မှီဝဲဆည်းကပ်တတ်သည်လည်း၊ ဟောတိ– စင်စစ်မသွေဖြစ်ပါပေ၏။**

မိတ်ကောင်းဟူသည်သဒ္ဓါ,သီလ,စာဂပညာရှိသောအမိအဖ ဆရာသမားမိတ်သင်္ဂဟများဖြစ်တယ်ဆိုတာစောစောကပြောပြီးပါပြီ၊ ထိုမိတ်ကောင်းများနှင့်တွေ့ကြုံဘို့ခက်ခဲပါတယ်၊တွေ့ကြုံပြီးနောက် ကောင်းသောပုဂ္ဂိုလ်များနှင့်ဆက်ဆံနိုင်ဘို့ဆိုတာကလည်းခက်တတ် ပါတယ်၊ဓာတ်တူမှပေါင်းသင်းနိုင်ကြပါတယ်၊မိမိသန္တာန်မှာကောင်း သော ဓာတ်ခံတွေရှိနေအောင် အမြဲကြိုးစားရပါ့မယ်၊ ကောင်းသော ဓာတ်ခံရှိနေလျှင် ကောင်းသောပုဂ္ဂိုလ်များနှင့် ပေါင်းနိုင်မှာ သေချာ ပါတယ်၊ အလောင်းတော်ကြီးများရဲ့ ပါရမီဖြည့်ခန်းကို လေ့လာ ကြည့်လျှင် တစ်ဘဝသာမက တစ်သံသရာလုံး စွဲစွဲမြဲမြဲ ပေါင်း သင်းကြတာတွေ့ရပါတယ်၊ဘုရားအလောင်းတော်နှင့်ယသော်ဓရာ မိဖုရားတို့ဆိုလျှင် လွန်ခဲ့ပြီးသော ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်းထက်က ဒီပင်္ကရာဘုရားရှင်အထံမှာ နိယတဗျာဒိတ်ပန်း ပန်ဆင်ရာသုမေဓာရသေ့ဘဝမှစ၍နောက်ဆုံးဘဝအထိတစ်ဦးအပေါ် တစ်ဦး သစ္စာရှိရှိ မေတ္တာအပြည့်ဖြင့် ပေါင်းသင်းလာကြပါတယ်၊ ဤကဲ့သို့ ကောင်းသော မိတ်ဆွေများနှင့် တွေ့ပြီဆိုလျှင် စိတ်ထဲ အသဲထဲမှာစွဲမြဲစွာထားပြီးလေးလေးနက်နက်မှီဝဲဆည်းကပ်နေရ ပါ့မယ်၊ဤကဲ့သို့မိတ်ကောင်းကိုအသဲစွဲမျှအမြဲမပြတ်မှီဝဲဆည်းကပ် ခြင်းသည်လည်းဆုတော်ကောင်းဖြစ်ရန်အတွက်လိုအပ်သောအမှတ် လေးလက္ခဏာဖြစ်ပါတယ်။

**ဒုက္ခိတဿသက္ကစ္စံ ကရောတိကိစ္စံ၊**

**ဒုက္ခိတဿ–မိမိရှေ့မှောက်,ဒုက္ခရောက်သဖြင့်,ပံ့ထောက်မဲ့ဟူ,ဆင်းရဲသူ၏၊ကိစ္စံ–စားဝတ်နေရေး,ဆေးဝါးပေးလျက်,လုပ်ကျွေးသမှု,ကိစ္စစုကို၊သက္ကစ္စံကရောတိ–ကိုယ်ချင်းစာနာ,သနားညှာလျက်,ကောင်းစွာပုံသွေ့,ပြုစုတတ်ပေ၏။**

မိမိ၏ရှေ့မှောက်မှာအားကိုးရာမဲ့ထောက်ပံ့သူမရှိဒုက္ခရောက်နေသူတွေ့လာလျှင် စားစရာ,ဝတ်စရာ, နေစရာ, ဆေးဝါးစသည်ပေးကမ်းမှု ပြုစုလုပ်ကျွေးမှုစသော ကိစ္စစုကို ကိုယ်ချင်းစာတရားအပြည့်အဝထား၍ပြုစုပေးရပါမယ်၊ဒီနေရာမှာဒီအချက်နှင့်အလွန်ညီတဲ့အလောင်းတော်သီလဝဆင်မင်းကြီးရဲ့အကြောင်းကိုအနည်းငယ်မျှပြောပြလိုပါတယ်။

ဘုရားအလောင်းတော်ဆင်မင်းကြီးပါ။သီလရှိလို့သီလဝဆင်မင်းလို့အမည်တွင်နေပါတယ်၊ သီလဝဆင်မင်းကြီးသည် အရွယ်တော်ကြီးလာတော့ဆင်အပေါင်းမှဖယ်ခွာ၍တစ်စီးတည်းတောကြီးထဲမှာနေစဉ်ဗာရာဏသီမြို့သားတောလိုက်တဲ့ယောကျ်ားတစ်ယောက်သည်အသက်မွေးဝမ်းကြောင်းပစ္စည်းရှာရင်း မျက်စိလည် လမ်းမှားပြီးသီလဝဆင်မင်းကြီး နေထိုင်ရာ တောကြီးထဲရောက်ပြီး သေရမှာကြောက်လွန်းလို့ လက်နှစ်ဘက်ကို ခေါင်းပေါ်မှာမြှောက်တင်ပြီးသည်းထန်စွာငိုကြွေးနေပါတယ်။သီလဝဆင်မင်းကြီးကဒီယောကျ်ားငိုကြွေးနေသည်ကိုမြင်တော့ဒီယောကျ်ားကိုဒီဒုက္ခမှငါကယ်တင်မယ်ဆိုတဲ့အကြံနှင့်ယောကျ်ားရှိရာသို့သွားပါတယ်၊ဆင်မင်းကြီးကို

မြင်တော့ယောက်ျားကပြေးပါတယ်၊ယောက်ျားပြေးတော့ဆင်မင်းကြီးကရပ်နေတယ်၊ထိုအခါယောက်ျားကငါပြေးရင်ဆင်မင်းကြီးရပ်တယ်၊ ငါရပ်တဲ့အခါ ငါ့ဆီလာတယ်၊ ငါ၏ အကျိုးမဲ့ကို ပြုမည့် ဆင်မင်းကြီး မဟုတ်ပေဘူး၊ ငါ့ကို ဒီဒုက္ခဆိုးမှ လွတ်စေလိုတဲ့ ဆင်မင်းကြီးဖြစ်မယ်လို့တွေးပြီးရပ်နေလိုက်တယ်။

ဆင်မင်းကြီးကယောက်ျားကိုခေါ်သွားပြီးအားရှိအောင်အသီးအမျိုးမျိုး ကျွေး နှစ်ရက်သုံးရက်စောင့်ရှောက်ပြီး လူများနေထိုင်ရာအရပ်အနီးသို့ရောက်အောင်ပို့ပေးလိုက်ပါတယ်၊ဒီဝတ္ထုမှာသီလဝဆင်မင်းကြီးသည်ဘုရားအလောင်းတော်ကြီးပါ။ဘုရားအလောင်းတော်များ၏ဉာဏ်သည်အလွန်ကြီးကျယ်ပြီးသာဆိုတော့ဒီယောက်ျား၏စိတ်နေစိတ်ထားကိုမှန်းဆသိနိုင်လောက်ပါတယ်။ဒီယောက်ျားသည်မြို့ရွာရောက်ပြီးမကြာခင်ပြန်လာကာဆင်မင်းကြီး၏အစွယ်များကိုဖြတ်ယူကာဆင်မင်းကြီးကိုဒုက္ခပေးပါတယ်။ဒီလိုဒုက္ခပေးမည်ဆိုတာဆင်မင်းကြီးသိလောက်ပါလျက်ကယ်တင်တယ်၊မိမိမှာရောက်မည့်ဒုက္ခထက်ဒီယောက်ျားကိုရောက်ဆဲဒုက္ခမှကယ်တင်လိုတဲ့ဆန္ဒတော်ကအားကြီးလွန်းလို့ကယ်တင်တော်မူတယ်လို့ယူဆရပါတယ်။

မိမိရှေ့မှောက်မှာဒုက္ခရောက်ပြီးအကူအညီမရှိ၊ထောက်ပံ့သူမရှိသော ဆင်းရဲသူ၏ စားရေး, ဝတ်ရေး, နေရေး, ကျန်းမာရေးတို့အတွက် စားစရာ, ဝတ်စရာ, နေစရာ, ဆေးဝါးဓာတ်စာစသည်ပေးကမ်းမှုစသော ကိစ္စစုကို ယုယုယယ မေတ္တာကရုဏာတရားအပြည့်အဝထား၍ပြုစုရခြင်းသည်သူတော်ကောင်းဖြစ်ရန်

လိုအပ်သောအမှတ်ငါးလက္ခဏာဖြစ်ပါတယ်။

၁။ ကျေးဇူးသိတတ်ခြင်း ၂။ ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်း၊ ၃။ မိတ်မြတ်မိတ်ကောင်းအပေါင်းအသင်းရှိခြင်း၄။ထိုမိတ်ကောင်းမိတ်မြတ်ကိုအမြဲမပြတ်မှီဝဲဆည်းကပ်ခြင်း၅။ဧကွာရောက်သူတွေ့လာလျှင် ကြည်ကြည်ဖြူဖြူယုယုယယပြုစုခြင်းဆိုတဲ့အင်္ဂါလက္ခဏာငါးပါးကို သူတော်ကောင်းဖြစ်ဘို့ရန်လိုအပ်သောလက္ခဏာများဟုဘုရားရှင် ဟောတော်မူခဲ့ပါတယ်။သူတော်ကောင်းဖြစ်ကြောင်းလက္ခဏာငါးပါးကို မိမိတို့သန္တာန်မှာ ဖြစ်ပွားအောင် ကြိုးစားကြပါ၊ အမြဲသတိထားပြီး ကြိုးစားလို့ သူတော်ကောင်းလက္ခဏာများ အဖြစ်များလာလျှင် သူတော်ကောင်းဖြစ်ပါပြီ၊သူတော်ကောင်းတွေများလာလျှင်လောက ကြီး သာယာလာပါမည်၊ သူတော်ကောင်းကြောင့် အန္တရာယ် တစ်စုံ တစ်ရာ မရှိပါဘူး၊ လောကမှာ အန္တရာယ်ဖြစ်တယ်ဆိုတာ ကျေးဇူး မသိတတ်တဲ့သူယုတ်မာများကြောင့်ဖြစ်ပါတယ်။လောကကြီးသာယာ ရေးအတွက်လည်းသူတော်ကောင်းလက္ခဏာငါးပါးကိုလိုက်နာကျင့်ကြံ သူတွေများလာဘို့အလွန်လိုအပ်ပါတယ်။ဒီလက္ခဏာငါးပါးကိုကြိုးစား ပြီးဖြည့်ကျင့်ဖန်များလို့သူတော်ကောင်းဖြစ်လာပြီဆိုလျှင်သူတော် ကောင်းကြီးများ၏လမ်းစဉ်အတိုင်းနိဗ္ဗာန်ရောက်ကြောင်းမဂ္ဂရှစ်ရပ် အကျင့်မြတ်ကိုကြိုးစားပြီးပွားများကြရပါမယ်။ကောင်းသောလုပ်ငန်း များကို လုပ်သမျှ နိဗ္ဗာန်ကို ဦးတည်ကြရပါမယ်၊ နိဗ္ဗာန်သည်သာ ဗုဒ္ဓဘာသာများ၏ ဦးတည်ချက်ပန်းတိုင်ဖြစ်ပါတယ်၊ နိဗ္ဗာန်ရောက်မှ အို–နာ–သေဒုက္ခများကင်းပါတယ်။နိဗ္ဗာန်မရောက်သေးသမျှကာယ်မျှ

လောက်ပဲ ချမ်းသာတယ်ဆိုဆို အို–နာ–သေမကင်းကြလို့ ချမ်းသာ အစစ်လို့မဆိုနိုင်ပါဘူး။လောကီချမ်းသာမှန်သမျှအပေါ်စား၊အနှစ်မဲ့ ချမ်းသာများဖြစ်ကြပါတယ်။ပညာရှိသူတော်ကောင်းအစစ်ကြီးများသည် လောကအကြောင်းကို ကောင်းကောင်းသိကြလို့ နိဗ္ဗာန်ကို လိုချင် တောင်းတခဲ့ကြပါတယ်၊သာမန်လူတွေမှာတော့ဒုက္ခနှင့်ကြုံမှနိဗ္ဗာန် အာရုံသဘောပေါ်လာတတ်ပါတယ်။ဇာတိမကင်းသေးသမျှဒုက္ခမကင်း ပါဘူး၊ နိဗ္ဗာန်ကျတော့ သူလည်းမပါ, ငါလည်းမရှိ သူလို့ဆိုစရာ ရုပ်နာမ်လည်းမရှိ, ငါလို့ဆိုစရာ ရုပ်နာမ်လည်းမရှိ၊ အလွန်အေးချမ်း ပါတယ်။အလွန်အေးမြပါတယ်။အလွန်အေးမြတဲ့နိဗ္ဗာန်ကိုအာရုံပြု၍ တရားပွဲသိမ်းကြပါစို့–

**နိဗ္ဗာနံ ပရမံ သန္တံ၊ သန္တသန္တော ဘိပတ္ထိတံ။**

**ဒုက္ခိနော ဒုက္ခမာသန္နေ၊ တဿ ရသော ပကာသတေ။**

(အနက်ကိုရှေ့၌ဖော်ပြပြီးဖြစ်၍ဤ၌ထပ်မံဖော်မပြတော့ပါ)

သာဓုသာဓုသာဓု

## "သုမင်္ဂလဝိဟာရကထိန်အလှူတော်"

၂၇.၁၀.၂၀၀၂–တနင်္ဂနွေနေ့

၂၇.၁၀.၂၀၀၂–နေ့နံနက်ပိုင်းမှာဓိရှရှန်တိဝိဟာရ၌အရဟာစားပြီး နောက်ခေတ္တမျှအနားယူကာသုမင်္ဂလဝိဟာရကထိန်အလှူတော်သို့ သွားရောက်ကြရပါတယ်။ကထိန်အလှူတော်မှာလည်းဓိရှရှန်တိဝိဟာရ

ကထိန်အလှူတော်နှင့်အတူပင်ဖြစ်ပါတယ်၊ကထိန်အလှူဒါယကာများ မှာမလေးရှားနိုင်ငံအရှေ့ပိုင်းဂျော့ဟောဘာရူးမြို့ (Johor Bahru) ဒေါက်တာဘေးကြူးဝါး (Dr. Beh Choo wah)မိသားစုဖြစ်ပါ တယ်၊ပရိသတ်များပြားခြင်း,မြန်မာသံအမတ်ကြီးခေါင်းဆောင်သော သံရုံးမိသားစုများစုံညီစွာတက်ရောက်ခြင်း,မြို့လုံးကျွတ်သံဃာတော် များ,သီလရှင်များကြွရောက်ကြခြင်း,သံအမတ်ကြီးဦးနေဝင်းအင်္ဂလိပ် ဘာသာဖြင့်မိန့်ခွန်းပြောကြားခြင်း,မိမိကအနုမောဒနာတရားဟော ကြားရခြင်း စသည်ဖြင့် အားလုံးပင် တူညီပါတယ်၊ ဆွမ်းကပ်သည့် အခါမှာပုဂံပြားတစ်ချပ်တည်းမှာပင်မကြာမကြာလိုအပ်သမျှစားဖွယ် များထည့်ပေးခြင်းဖြင့် ဆက်ကပ် ကြသည်ကို ကထိန် အလှူတော် အားလုံးမှာ တွေ့မြင်ခဲ့ရပါတယ်၊မိမိမှာမူစားသောက်မှုအခက်အခဲ မရှိစေရန်နေ့စဉ်ပင်ဆရာတော်အရှင်ဉာဏပုဏ္ဏိကဏ်ညွှန်ကြားချက် အရ ဒေါ်ဥပ္ပလဝဏ္ဏာ (နီပေါလ် အခေါ် ဒေါ်ကျိနီ) ဆက်ကပ်သော မြန်မာနည်းမြန်မာဟန်မြန်မာဆန်ဆန်အစားအသောက်များကိုသာ နေ့စဉ် စားသောက်ခဲ့ရပါတယ်၊ သုမင်္ဂလဝိဟာရကထိန်အလှူတော် နေ့မှာ ကျောင်းတိုက်နှင့် နီးသော, သပ်ယပ်သော, အဆင့်အတန်း မြင့်သော ဟိုတယ်မှာ နေ့ဆွမ်း ဆက်ကပ်ပါတယ်၊ ကုသိနာရုံ ဆရာတော် အရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ), ဆရာတော် အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, M.A.),နီပေါလ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတာဝန်ခံအရှင်သုဇနပိယတို့အပါ အဝင်မိမိတို့အဖွဲ့ဝင်အားလုံးအတွက်ဟိုတယ်မှဝိနည်းတော်နှင့်လည်း

ညီပြည့်စုံမှုလည်းရှိအောင်စီစဉ်ပေးကြသည်ကိုစားသုံးကြရပါတယ်၊ ဟိုတယ်ပိုင်ရှင်များသည်နီပေါလ်တွင်နေသမျှမိမိ၏ဆွမ်းကိစ္စအတွက် အဆင်ပြေအောင်အမြဲတာဝန်ယူဆောင်ရွက်သောဒေါ်ဥပ္ပလဝဏ္ဏာ၏ အမျိုးရင်းများဖြစ်သည်ဟုသိရပါတယ်၊သဒ္ဓါတရားထက်သန်ကြပါ တယ်၊ဗုဒ္ဓါဘာသာအပေါ်မြှုတ်နိုးမှုအခြေခံအင်အားကောင်းမွန်ကြ ပါတယ်၊နီပေါလ်ကထိန်များမှာသံဃာတွေသီလရှင်တွေများသော် လည်းမ,တည်ပင်မအလှူဒါယကာများမှာတာဝန်မကြီးပါ၊လှူဒါန်း နိုင်သမျှလှူရုံဖြင့်အားလုံးအဆင်ပြေပါတယ်၊လာသမျှပရိသတ်တွေက မိမိတို့တတ်စွမ်းသမျှ သံဃာစေ့, သီလရှင်စေ့ လှူဒါန်းကြသဖြင့် အရမနည်းကြပါ၊ သံဃာတော်တွေ, သီလရှင်တွေ ထိုင်နေရာသို့ ဒကာဒကာမတွေက တန်းစီပြီး တတ်စွမ်းသမျှ လှူဒါန်းနေသည်ကို မြင်တွေ့ခဲ့ရသည်မှာကြည်နူးစရာပင်ဖြစ်ပါတယ်၊ဗုဒ္ဓဘာသာအင်အား နည်းပါးသေးသောနိုင်ငံတစ်ခုမှာညီညီညွတ်ညွတ်ပျော်ပျော်ရွှင်ရွှင် လှူဒါန်းနေသည်ကိုတွေ့မြင်ရသဖြင့်ထမ်းသာကြည်နူးမှုဖြစ်ခဲ့ပါတယ်။

## တော်ဝင် နီပေါလ် အကယ်ဒမီ တရားပွဲ
## (Royal Nepal Academy)

ဒီတရားပွဲတော်က အခမ်းအနားအကြီးဆုံးတရားပွဲလို့ဆိုနိုင်ပါ တယ်၊ ပရိသတ်အင်အားကတော့ ပါတန်တရားပွဲလောက် မများပါ၊ တရားပွဲကျင်းပရာဌာနကခန်းညားထယ်ဝါပါတယ်၊ဆယ်ပေခန့်

လောက်မြင့်သောအုဋ္ဌတံတိုင်းများဖြင့်ကာရံထားသောဝင်းခြံကျယ်ကြီးထဲမှာပါ။အဝင်မှာဂိတ်စောင့်စသည်များတွေ့ရပါတယ်၊ကြိုဆိုပုံကလည်းထူးဆန်းပါတယ်။ပန်းကိုင်အလံကိုင်သူများအပြင်မိမိ၏ရှေ့မှဖယောင်းတိုင်မီးကိုင်သူတစ်ဦး,ရေကရားလေးဖြင့်မြေပေါ်မှာရေဖြန်းကာ သွားသူတစ်ဦး, မြန်မာနိုင်ငံ ကျေးရွာများမှာ တွေ့ရတတ်တဲ့သုံးပေခန့်မျှရှည်သောတံမြက်စည်းနှင့်တူသောတံမြက်စည်းလေးဖြင့်မြေပေါ်မှာသာသာလေးဆွဲသွားသူတစ်ဦးစသည်ဖြင့်ကြိုဆိုပုံအထူးအဆန်းများကိုတွေ့ခဲ့ရပါတယ်ကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ်များကိုကြိုဆိုသောပုံစံဟုသိခဲ့ရပါတယ်။အကယ်ဒမီခန်းမကြီးထဲသို့ရောက်သွားသည့်အခါဆလိုက်မီး,မီးရောင်စုံ,ထိုင်ခုံစသည်များမှာအလွန်ခမ်းနားထယ်ဝါလှပါတယ်။မိမိတို့ထိုင်ရန်အတွက်စင်မြင့်ပေါ်မှာငါးပါးစာမျှသီးသန့်ခုံများခင်းပေးထားပါတယ်၊ထိုခုံများပေါ်မှာမိမိအပြင်ဆရာတော်အရှင်ဉာဏပုဏ္ဏိက၏ဆရာသမားဖြစ်သောဆရာတော်ဘုရားကြီးဆာဒ္ဓန္တဗုဒ္ဓယောသ,ဆရာတော်အရှင်ဉာဏပုဏ္ဏိက,အခြားသောနိုင်ငံရပ်ခြားသို့အတော်များစွာရောက်ဖူးသော,တိုင်းတစ်ပါးမှာပညာသင်ကြားဖူးသောဆရာတော်လေးတစ်ပါး,ပေါင်းလေးပါးထိုင်ကြပါတယ်၊ မြန်မာနိုင်ငံရှိ ရုပ်ရှင်ရုံများ၏ အဆင်အပြင်နှင့် တူပါတယ်၊ အောက်ထပ်ရှိခုံများအားလုံးပြည့်၍အထက်ထပ် ခုံများမှာ အချို့ထိုင်နေကြသည်ကိုတွေ့ခဲ့ရပါတယ်ဒီလိုခမ်းမကြီးမှာတရားဟောရန်မလွယ်ဟု ယူဆသဖြင့် မေးမြန်းကြည့်ရာ ရှေးက တရားမဟောဖူးသေးပါ၊ဟောပြောပွဲများတော့လုပ်ကြပါတယ်၊ခမ်းမကြီးအတွက်

ဗုဒ္ဓဘာသာအသင်းအဖွဲ့များမှုစုပေါင်းကုန်ကျခံသည်ဟုသိရပါတယ်၊ ကတ္တမန္ဍူတွင် ဗုဒ္ဓဘာသာအသင်းအဖွဲ့ပေါင်း ခြောက်ဆယ်ခန့်ရှိရာ တစ်သင်းတစ်ဖွဲ့လျှင်နီပေါလ်ငွေငါးရာမျှလှူဒါန်း၍စီစဉ်နိုင်သည်ဟု သိရပါတယ်၊အမေရိကန်ဒေါ်လာနှင့်ထန်ဘိုးသင့်ခဲ့လျှင်ဒေါ်လာလေးရာ ခန့်ဖြစ်ပါတယ်၊ဒီတရားပွဲတော်ကြီးမှာလည်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဗုဒ္ဓဃောသ,က ငါးပါးသီလချီးမြှင့်၍ မိမိဟောသည့်တရားကို ဆရာတော် အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, M.A)ကနီပေါလ်ဘာသာပြန်ဆိုပေးပါသည်၊ဒီတရားပွဲမှာ''ကိေ ဆာ မနုဿပဋိလာဘော'' အစချီကာ ဒုလ္လဘတရားလေးပါး တရားတော်ကိုပဌမဟော၍ဗုဒ္ဓါနုဿတိဘာဝနာဖြင့်တရားသိမ်းခဲ့ပါတယ်။

တရားမဟောမီ ဒီတရားပွဲမှာ နီပေါလ်နိုင်ငံသို့ ရောက်ရှိရခြင်း တရားဟောရခြင်းတို့အတွက် အထူးခံစားရပုံကို အနည်းငယ် ပြောကြားလိုပါတယ်၊မိမိအနေဖြင့်အမိမြန်မာနိုင်ငံမှပြည်ပသို့အကြိမ် အတော်များများစွာသွားရောက်ခဲ့ဘူးပါတယ်၊ထူးထူးခြားခြားသွားခဲ့ရတဲ့ အကြိမ်တွေလည်း ရှိခဲ့ဘူးပါတယ်၊ ဘန်ကောက်မြို့တော် မဟာ စူဠာလောင်ကွန်းရာဇဝိဇ္ဇာလယယူနီဗာစီတီမှအပ်နှင်းသောဗုဒ္ဓစာပေ ဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာ (Ph.D.)ဘွဲ့လက်ခံရန် သွားခဲ့ရခြင်း, အမေရိကန်နိုင်ငံ နယူးယောက်မြို့တော် ကမ္ဘာ့ကုလ သမဂ္ဂကြီးမှာ ကျင်းပတဲ့ နိုင်ငံပေါင်း တစ်ရာကျော်မှ ဘာသာရေး ခေါင်းဆောင်နှစ်ထောင်ခန့်တက်ရောက်တဲ့ နှစ်ထောင်ပြည့်နှစ် ဘာသာရေးထိပ်သီးညီလာခံသို့တက်ရောက်ခဲ့ရခြင်း,နှစ်ထောင်

ပြည့်နှစ်ထဲမှာပင် ဘန်ကောက်မြို့တော် ဗုဒ္ဓမွန်ထုမ်မှာ ကျင်းပသော နိုင်ငံပေါင်း တစ်ဆယ့်ရှစ်နိုင်ငံမှ ကိုယ်စားလှယ် တစ်ထောင်ကျော် တက်ရောက်သောဗုဒ္ဓဘာသာညီလာခံသို့တက်ရောက်ခဲ့ခြင်းစသည် ဖြင့် ထူးထူးခြားခြား သွားလာခဲ့ရတဲ့ ခရီးစဉ်တွေ ရှိခဲ့ပါတယ်၊ အဲဒီ ခရီးစဉ်တွေမှာယခုနီပေါလ်ခရီးစဉ်လောက်ဝမ်းသာကြည်နူးမှုမဖြစ် ခဲ့ပါဘူး၊ဒီနီပေါလ်ခရီးစဉ်မှာအထူးဝမ်းသာကြည်နူးရပါတယ်၊အထူး ဝမ်းသာကြည်နူးရခြင်းအကြောင်းများကတော့နီပေါလ်မြေသည်ဘုရား အလောင်းတော်၏ဖွားမြင်တော်မူရာနယ်မြေဖြစ်ခြင်း,ဘုရားအလောင်း တော်ဖွားမြင်တော်မူရာနယ်မြေရှိရဟန်းရှင်လူအများစုကဘုရားရှင်၏ တရားတော်ကိုလေးလေးစားစားနာယူကြတာကိုတွေ့ရခြင်း,ယနေ့ အခမ်းအနားကြီးမှာဆိုလျှင်မိမိကြိုတင်မမှန်းဆနိုင်အောင်ကြီးကျယ်တဲ့ အခမ်းအနားကြီးဖြစ်နေခြင်း,မိမိတို့ရောက်သည့်နေရာတိုင်းမှာထူးထူး ခြားခြားတက်တက်ကြွကြွကြိုဆိုကြသည်ကိုတွေ့ရခြင်း,ဗုဒ္ဓဘုရား အပေါ်မှာမြတ်နိုးမှုစိတ်ဓာတ်အခြေခံကြီးမားသည်ကိုတွေ့ရခြင်းတို့ ပါပဲ၊သို့အတွက်နီပေါလ်နိုင်ငံခရီးစဉ်အတွက်အစစအရာရာအဆင် ပြေအောင်စီမံပေးသောဝိရှုန်တိဝိဟာရဆရာတော်အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)နှင့်ဒီတရားပွဲကြီးဖြစ်မြောက် အောင် စီမံသောပုဂ္ဂိုလ်တို့အား အထူး ကျေးဇူးတင်ရှိကြောင်းနှင့် ဒီတရားပွဲမှာမြတ်စွာဘုရား၏အနွယ်တော်များစွာကိုတွေ့မြင်ရခြင်း, တရားစကားပြောခွင့်ရခြင်းတို့အတွက်အထူးပင်ဝမ်းသာကြည်နူးရပါ ကြောင်းကိုရှေးဦးစွာပြောကြားလိုပါတယ်၊ယခုအချိန်ကစပြီးဒုလ္လဘ

လေးပါးအခြေခံ၍ဘုရားရှင်ဟောကြားတော်မူအပ်သောတရားတော်များကိုစတင်ဟောကြားပါမည်။

## ဒုလ္လဘလေးပါး တရားတော်

**ကိစ္ဆော မနုဿပဋိလာဘော, ကိစ္ဆံ မစ္စာန ဇီဝိတံ၊**

**ကိစ္ဆံ သဒ္ဓမ္မဿဝနံ, ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။**

**ကိစ္ဆော မနုဿပဋိလာဘော–** လူ့ဘဝကို ရရန်ခဲယဉ်းပါတယ်၊ များပြားကြီးကျယ်သောဝီရိယအင်အားဖြင့်များပြားကြီးကျယ်သောကုသိုလ်ကံရှိမှလူ့ဘဝကိုရနိုင်ပါတယ်၊လူ့ဘဝကိုရရန်မလွယ်ကူပါ၊ မဟာသမုဒြာအတွင်းသို့တစုံတစ်ယောက်ကပစ်ချထား၍ရေမျောမျောနေသော,အပေါက်တစ်ခုသာပါသောထမ်းပိုး၏အပေါက်ထဲသို့အနှစ်တစ်ရာ, အနှစ်တစ်ရာကြာမှ တစ်ခါ,တစ်ခါသာ ပေါ်လာတတ်သောမျက်စိမမြင်ရသောလိပ်၏ ဦးခေါင်းဖြင့် လျှိုမိရန် ခက်သကဲ့သို့ မိုက်မဲသောပုဂ္ဂိုလ်တစ်ဦးအတွက်လူ့ဘဝကိုရရန်ခက်ခဲလှပါတယ်၊ ယခုမိမိတို့တစ်တွေသည် ထိုကဲ့သို့ အလွန်ရရန် ခက်ခဲလှသောလူ့ဘဝကိုရရှိနေကြပါပြီ။

**ကိစ္ဆံ မစ္စာန ဇီဝိတံ–** လူ့ဘဝကို ရလာပြန်တော့လည်း အသက်ရှည်ဘို့အသက်တမ်းစေ့နေရဘို့မလွယ်ပါ၊အဆက်မပြတ်လယ်ထွန်မှုစသည်ကိုပြုလုပ်၍အသက်မွေးပါသော်လည်းအသက်သည်တိုလျှသည့်အတွက်သတ္တဝါများ၏အသက်ကလည်းရခဲလှပါတယ်၊ယနေ့မိမိတို့တစ်တွေထိုကဲ့သို့ရခဲသောအသက်ရှင်မှုကိုလည်းရနေကြပြ ီ။

**ကုသိနာရုံဒွေမှုသဝန်း–** ကပ္ပါပေါင်းများစွာမှာ တရားဟောတတ်သောပုဂ္ဂိုလ်ကိုတစ်ခါတစ်ရံမှသာရတတ်လို့ပူတော်ကောင်းတရားကိုနာကြားရခြင်းသည် ရရန်ခက်ခဲသော အရာပင် ဖြစ်ပါသည်၊ ယနေ့ထိုခက်ခဲသောတရားနာရခြင်းအခွင့်အရေးကိုလည်းမိမိတို့တစ်တွေရနေကြပါပြီ။

**ကုဿလာဗုဒ္ဓါနမုပ္ပါဒေါ–** ဘုရားရှင်တို့၏ ပွင့်ပေါ်တော်မူခြင်းသည်ခဲယဉ်းလှပါတယ်၊ဘုရားအဖြစ်မဆိုထားဘိဘုရားဖြစ်ရန်ပါရမီစတင်ဖြည့်တဲ့ဘုရားဆုပန်ဘဝ နိယတဗျာဒိတ်ပန်ဆင်တဲ့ဘဝ ရဘို့ကိုပင်များစွာကြိုးစားမှ ပြီးစီးပြည့်စုံနိုင်ပါတယ်၊ အင်္ဂါရှစ်ချက်ညီမှ ဘုရားဖြစ်ရန်နိယတဗျာဒိတ်ပန်းကိုပန်ဆင်နိုင်ပါတယ်၊ဘုရားဖြစ်ရန်နိယတဗျာဒိတ်ရပြီးနောက်အနည်းဆုံးကပ္ပါပေါင်းလေးအသင်္ချေနှင့်ထတစ်သိန်းပါရမီဖြည့်မှဘုရားအဖြစ်ကိုရနိုင်လို့ဘုရားရှင်တို့၏ပွင့်တော်မူရာအခါသည်အလွန်ရခဲသောအခါမြတ်ဖြစ်ပါတယ်၊ထိုကဲ့သို့အလွန်ရခဲသောဘုရားရှင်တို့၏ပွင့်တော်မူရာဖြစ်သောဒုလ္လဘအခါကောင်းကိုမိမိတို့တစ်တွေရရှိနေကြပါပြီ။

ဘုရားပွင့်တော်မူရန်ခက်ခဲမှုဖြစ်သော်လည်းနီပေါလ်နိုင်ငံမြေမှာပါဝင်တဲ့လုမ္ဗိနီမြေမှာဖွားမြင်ခဲ့တဲ့အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ကြိုးစားမှုကြောင့်ယခုအချိန်မှာဘုရားပွင့်တော်မူခြင်းဆိုတဲ့ခက်ခဲခြင်းကိုရနေကြပါပြီ၊ဘုရားအလောင်းတော်သည်ကပ္ပါပေါင်းလေးအသင်္ချေနှင့်ထတစ်သိန်းတိုင်တိုင်ပါရမီတော်ဆယ်ပါး,စွန့်ခြင်းကြီးငါးပါး,

စရိယာသုံးပါးတို့ကို လေးလေးနက်နက် အဆက်မပြတ် အကြွင်း အကျန်မရှိအောင်ဖြည့်ဆည်းတော်မူပြီးလို့ဘုရားအဖြစ်သို့ရောက် တော်မူခဲ့ပါပြီ၊ ဘုရားအလောင်းတော် ဖွားတော်မူရာ နယ်မြေ ဖြစ်ရခြင်းဆိုတဲ့ ဂုဏ်သည် အလွန်ကြီးကျယ်မြင့်မြတ်တဲ့ဂုဏ် ဖြစ်ပါ တယ်၊ဘုရားအလောင်းတော်ဖွားမြင်တယ်ဆိုတာကြုံသလိုဖွားမြင် လာတာမဟုတ်ပါ၊ကြိုတင်ပြင်ဆင်စဉ်းစားကြည့်ရှုပြီးမှဖွားမြင်တာပါ၊ ဘုရားဖြစ်မည့် အလောင်းတော်ဘဝ ပဋိသန္ဓေမယူမီ တုသိတာ နတ်ပြည်သေတကေတုအမည်ရှိသောနတ်သားအဖြစ်မှာစုတေကာနီး အချိန်မှာတစ်သောင်းသောစကြာဝဠာရှိနတ်အပေါင်းတို့ကစုဝေးကြ ပြီးလျှင်အလောင်းတော်နတ်သားအား---

**''ကြီးကျယ် မြင့်မြတ်သော လုလ္လဝီရိယရှိတော်မူသော အလောင်းတော်နတ်သား ဘုရားပွင့်ချိန်တန်ပါပြီ၊ လူ့ပြည်ရှိ မယ်တော်လောင်းဖါဝမ်းဗိုက်၌သန္ဓေယူတော်မူ၍နတ်နှင့်တကွ သောတစ်လောကလုံးရှိသတ္တဝါတွေကိုကယ်တင်နိုင်ရန်မအို, မသေအမြဲနေရာနိဗ္ဗာန်တရားတော်ကိုသိတော်မူပါ''** ဟုတောင်း ပန်စကားလျှောက်ထားကြရာအလောင်းတော်နတ်သားသည်---

**ကာလံဒေသဥ္စဒီပဥ္စ,ကုလံမာတရမေဝစ၊**

**ဣမေပဥ္စဝိလောကေတွာ,ဥပ္ပဇ္ဇတိမဟာယသော–** ဆိုတဲ့ အတိုင်းကြည့်ခြင်းကြီးငါးပါးကိုကြည့်တော်မူပြီးမှလူ့ပြည်၌ပဋိသန္ဓေ ယူတော်မူခဲ့ခြင်းဖြစ်ပါတယ်။

**ကာလံ**–အသက်တမ်း တစ်သိန်းထက်ပိုမို၍ အသက်ရှည်ရာအခါ၌ ဇာတိဇရာမရဏတို့မှထင်ရှားကြသဖြင့်ဘုရားရှင်တို့ကအနိစ္စ,ဒုက္ခ, အနတ္တဟုဟောတော်မူကြလျှင်နာယူဖွယ်,ယုံကြည်ဖွယ်ဟုမထင်မှတ် ကြသောကြောင့်တရားထူးမရနိုင်ကြပါ၊တရားထူးကိုရမှုမဖြစ်လျှင် သာသနာတော်သည်ဝဋ်ဆင်းရဲမှထုတ်ဆောင်တတ်သည်မဖြစ်တော့၊ ထို့ကြောင့် တစ်သိန်းအထက် ပိုမိုအသက်ရှည်ရာအခါသည်လည်း ဘုရားပွင့်တော်မူရာအခါမဟုတ်ပါ။

တစ်ရာထက်ယုတ်လျော့သောအသက်တမ်းရှိရာအခါ၌သတ္တဝါ တွေသည် ကိလေသာများကြသဖြင့် ဘုရားရှင်တို့ ဆုံးမတော်မူ အပ်သော ဩဝါဒကို မလိုက်နာကြသောကြောင့် တစ်ရာအောက် ယုတ်လျော့သောအသက်တမ်းရှိရာအခါသည်လည်းဘုရားပွင့်တော်မူရာ အခါမဟုတ်ပါ၊ တစ်သိန်းတမ်းမှစ၍ အောက်, တစ်ရာတမ်းမှစ၍ အထက်ကာလသည်သာဘုရားရှင်တို့ပွင့်တော်မူရာအခါဖြစ်ပါတယ်၊ အမှတ်တစ်အနေဖြင့် ဘုရားရှင်ပွင့်တော် မူရာအခါဟုတ်/မဟုတ် ကြည့်တော်မူပါတယ်၊ မိမိတို့၏ ဘုရားပွင့်တော် မူရာအခါ, သန္ဓေ ယူရာအခါကလူတို့၏အသက်တမ်းသည်တစ်ရာတမ်းဖြစ်၍ပဋိသန္ဓေ ယူသင့်သောအခါဟုကာလကိုကြည့်တော်မူပါတယ်။

**ဒီပဥ္စ**– [ဂါထာပါဠိ၌''ဒေသဥ္စဒီပဥ္စ''ဟုရှိသော်လည်းအဓိပ္ပါယ် ပြောဆိုရာ၌ဒီပဥ္စ–ကိုစပြောမှရှင်းမည်ဖြစ်၍ဒီပဥ္စကိုစတင်ပြောပါ မည်] ဘုရားပွင့်တော်မူမည့်ကျွန်းသည် ကျွန်းကြီးလေးကျွန်းတွင် ဇမ္ဗူဒိပ်ကျွန်းသာဖြစ်ပါတယ်၊ထို့ကြောင့်အလောင်းတော်နတ်သား

သည်ရှေးဘုရားရှင်တို့သည်အရှေ့ကျွန်း,အနောက်ကျွန်း,မြောက်ကျွန်းတို့၌ ပွင့်တော်မမူကြ၊ ဇမ္ဗူဒိပ်တောင်ကျွန်း၌သာ ပွင့်တော်မူကြသည်ဟုကျွန်းကိုကြည့်တော်မူပါတယ်။

**ဒေသ၃** –ကျွန်းကိုကြည့်တော်မူပြီးနောက် ဇမ္ဗူဒိပ်တောင်ကျွန်းသည်ကျယ်ဝန်းလှ၏၊ယူဇနာပေါင်းတစ်သောင်းအတိုင်းအရှည်ရှိ၏၊ အဘယ်အရပ်၌ရှေးဘုရားရှင်များပွင့်တော်မူခဲ့ကြသနည်းဟုကြည့်တော်မူသည့်အခါမဇ္ဈိမဒေသအရပ်၌ပွင့်တော်မူခဲ့ကြသည်ဟုဘုရားပွင့်တော်မူရာအရပ်ကိုလည်းကြည့်တော်မူကာငါသည်ကပိလဝတ္ထုနေပြည်တော်၌သန္ဓေယူတော်မူမည်ဟုဆုံးဖြတ်တော်မူပါတယ်၊

**ကုလံ** –ဘုရားရှင်တို့မည်သည် လောကရှိသတ္တဝါအပေါင်းကအသိအမှတ်ပြုအပ်,အလေးအမြတ်ပြုအပ်သောအမျိုး၌ဖြစ်ရိုးရှိတော်မူကြပါတယ်၊ ယခုအခါ၌ ခတ္တိယမျိုးကို လောကရှိသတ္တဝါအများကအသိအမှတ်ပြုအလေးအမြတ်ပြုနေကြပါတယ်၊သို့အတွက်ငါသည်သာကီဝင် ခတ္တိယမျိုး၌ ဖြစ်တော်မူမည်၊ ငါ၏ခမည်းတော်သည်သုဒ္ဓေါဒနမဟာရာဇာဖြစ်၍ မယ်တော်သည် မဟာမာယာမိဖုရားကြီးဖြစ်လိမ့်မည်ဟုအမျိုးကိုကြည့်ရှုတော်မူပါတယ်။

**မာတရံ** –အမျိုးကို ကြည့်မြင်တော်မူပြီးနောက် မယ်တော်ကိုကြည့်တော်မူပါတယ်၊ဘုရားအလောင်း၏မယ်တော်သည်သေသောက်ကြူးသူမဖြစ်ရ,ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့၍ငါးပါးသီလကိုလုံခြုံစွာထိန်းသိမ်းသူဖြစ်ရပါမယ်၊ကပိလဝတ္ထုပြည်ရှင်သုဒ္ဓေါဒနဘုရင်ကြီး၏မိဖုရားခေါင်ကြီးဖြစ်သောမဟာမာယာဒေဝီသည်ဘုရားအလောင်း၏

မယ်တော်ဖြစ်ထိုက်သောဂုဏ်အင်္ဂါနှင့်လုံးဝပြည့်စုံသူဖြစ်နေပါတယ်၊ ထို့ကြောင့်မဟာမာယာမိဖုရားခေါင်ကြီးသည်ငါ၏မယ်တော်ဖြစ်ထိုက်၏ဟု ဆုံးဖြတ်တော်မူပြီးနောက် မယ်တော်၏ အသက်ကြွင်းကို ကြည့်တော်မူရာ ဆယ်လနှင့် ခုနစ်ရက်သာကြွင်းကျန်တော့ကြောင်း သိမြင်ရသဖြင့်မယ်တော်မာယာ၏ဝမ်း၌သန္ဓေယူရန်ဆုံးဖြတ်တော်မူခဲ့ပါတယ်၊ဘုရားအလောင်းတော်များ၏မယ်တော်များသည်ဘုရားအလောင်းတော်များကိုဖွားမြင်ပြီးနောက်ခုနစ်ရက်အရနတ်ရွာစံရခြင်းသည် ဓမ္မတာပင် ဖြစ်ပါတယ်၊ ဘုရားအလောင်း သန္ဓေယူခဲ့ရာဝမ်းဗိုက်ကိုအခြားသူများသုံးစွဲလို့မရပါ၊သို့အတွက်သန္ဓေယူရန်ကြည့်တော်မူစဉ်ကပင်သန္ဓေယူ၍ဖွားမြင်ပြီးနောက်ခုနစ်ရက်မျှသာအသက်ရှည်မည့် အသက်ကြွင်းကို ကြည့်တော်မူခြင်း ဖြစ်ပါတယ်၊ ဘုရားအလောင်းတော်ကိုဖွားမြင်မှုကြောင့်ပင်ပန်းဆင်းရဲမှုလုံးဝမရှိပါ၊ သက်တမ်းကုန်၍ မယ်တော် နတ်ရွာစံခြင်း ဖြစ်ပါတယ်၊ ဤကဲ့သို့ ဘုရားပွင့်သင့်ရာအချိန်အခါ,ကျွန်း,အရပ်,အမျိုး,မယ်တော်တို့ကို ကြိုတင်၍ ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်ပြီးမှ ရှေးဘုရားရှင်တို့၏ အစဉ်အလာနှင့်အညီသန္ဓေယူကာဖွားမြင်တော်မူခဲ့ခြင်းဖြစ်ပါတယ်၊ ဒီအချက်အလက်များကိုထောက်ထား၍ဘုရားဖွားမြင်ရာမြေများသည် ဘုရားတစ်ဆူ၏သာဖွားရာမြေဖြစ်သည်မဟုတ်၊ဘုရားရှင်အားလုံးတို့၏ ဖွားရာမြေဖြစ်သည်ဟု သိရပါမည်၊ အဝိဇဟိတဌာနဆိုတဲ့ မရွှေ့မပြောင်းနိုင်သောဌာနတွင်မပါဝင်လို့မြို့အနည်းငယ်တော့နေရာကွာဝေးမှုရှိနိုင်ပါတယ်၊ထို့သော်ငြားပတ်ဝန်းကျင်မှာပင်ဖွားမြင်တော်မူကြသည်

ဟု ယုံကြည်ကြရပါမယ်၊ နီပေါလ်မြေသည် ဘုရားရှင်၏ ဖွားရာမြေ ဖြစ်ရုံသာမက ရှေးရှေးသောဘုရားရှင်တို့၏ဖွားရာမြေလည်းဖြစ်နိုင်ပါတယ်။ ဘုရားရှင်တို့၏ဖွားရာမြေအဖြစ်ဂုဏ်ယူကြသလို ဘုရားရှင်တို့၏အဆုံးအမဩဝါဒများကိုလိုက်နာကျင့်သုံးကြဖို့လိုပါတယ်။ ဘုရားရှင်တို့၏ဩဝါဒများထဲမှတစ်ခုမျှထုတ်ပြလိုပါတယ်။

**ပုညဉ္စေ ပုရိသော ကယိရာ, ကယိရာ နံ ပုနပ္ပုနံ၊**
**တမှိ ဆန္ဒံ ကယိရာထ, သုခေါ ပုညဿ ဥစ္စယော။**

ပစ္စုပ္ပန်,သံသရာအကျိုးနှစ်မျိုးကိုကောင်းစွာမျှော်မြင်နိုင်သော ပညာရှိအမျိုးကောင်းသားအမျိုးကောင်းသမီးသည်မိမိ၏စိတ်သန္တာန်ကို စင်ကြယ်စေတတ်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုလျှင် ထိုကုသိုလ်ကောင်းမှုကို အဖန်ဖန် အထပ်ထပ် ပြုရပါမယ်၊ ပြုဖို့ရာ အခွင့်မသာသေးလျှင် ထိုကုသိုလ်ကောင်းမှု၌ အခွင့်သာသည့်အခါ ပြုလိုသောဆန္ဒကို မွေးမြူထားရပါမည်၊ ကုသိုလ်ပွားတိုးခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်သောကြောင့် ကုသိုလ်ကို အဖန်ဖန် အထပ်ထပ် ပြုရပါတယ်၊ မပြုနိုင်သေးလျှင် ပြုနိုင်သည့်အခါ ပြုရန် ဆန္ဒကိုမွေးမြူထားရပါမယ်။

ကုသိုလ်ပြုမှုနှင့်ဆက်စပ်ပြီးဘုရားရှင်ဟောကြားတော်မူအပ်သော ပုဂ္ဂိုလ်သုံးမျိုးကိုမှတ်သားသင့်ပါတယ်။

၁။ ပစ္စုပ္ပန်အကျိုး,သံသရာအကျိုး,စီးပွားရေး,ကုသိုလ်ရေးဆာမျှ မသိမမြင်သောအန္ဓပုဂ္ဂိုလ်။

၂။ ပစ္စုပ္ပန်အကျိုးနှင့် စီးပွားရေးကိုသာ သိမြင်ပြီး သံသရာအကျိုး ကုသိုလ်ရေးကိုမသိမမြင်သောကေစက္ခု–တစ်ဖက်မြင်ပုဂ္ဂိုလ်။

၃။ ပစ္စုပ္ပန်အကျိုး,သံသရာအကျိုးစီးပွားရေး,ကုသိုလ်ရေးနှစ်ဖက် လုံးသိမြင်တဲ့ဒွိစက္ခုပုဂ္ဂိုလ်လို့ပုဂ္ဂိုလ်သုံးမျိုးကိုဟောကြားတော် မူပါတယ်။ပုဂ္ဂိုလ်သုံးမျိုးထဲမှာဒွိစက္ခုနှစ်ဖက်မြင်ပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားရပါမယ်။ဒွိစက္ခုနှစ်ဖက်မြင်ပုဂ္ဂိုလ်ဖြစ်မှကုသိုလ်ကောင်းမှုပြု ပါမယ်။

ကုသိုလ်ကောင်းမှုများသည်––––

၁။ ဒါန –ချီးမြှောက်လို၍ဖြစ်စေ,ပူဇော်လို၍ဖြစ်စေမိမိ၏ပစ္စည်း ဥစ္စာများကိုသူတပါးအားပေးကမ်းလှူဒါန်းခြင်း။

၂။ သီလ – ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလစသော သီလများကိုထိန်းသိမ်းစောင့်ရှောက်ခြင်း။

၃။ ဘာဝနာ – သမထဘာဝနာ, ဝိပဿနာဘာဝနာများ ပွားများခြင်း။

၄။ အပစာယန – ပူဇော်ခြင်းအစွမ်းဖြင့်အရိုအသေပြုခြင်း။

၅။ ဝေယျာဝစ္စ – အရွယ်ကြီးသူ,ဂုဏ်ကြီးသူဂိလာနတို့၏လိုအပ် သောကိစ္စကိုပြုစုပေးခြင်း။

၆။ ပတ္တိဒါန – မိမိပြုထားအပ်သောကုသိုလ်ကိုသူတပါးတို့အား မိမိနည်းတူရရှိပါစေဟုအမျှပေးဝေခြင်း။

၇။ ပတ္တာနုမောဒနာ – သူတပါးတို့ကကုသိုလ်ပြု၍အမျှပေးဝေသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကာ အနုမောဒနာပြုခြင်း။

၈။ ဓမ္မဒေသနာ– မိမိအတွက်လာဘ်ကိုမမျှော်ကိုးဘဲသန့်ရှင်းသောစိတ်ထားဖြင့်အသိဉာဏ်ပွား၍အကျင့်မှန်ရအောင်တရားဟောခြင်း။

၉။ ဓမ္မဿဝန – အသိမှန်ရအောင် အသိမှန်ရပြီးလျှင် ကျင့်ကြံအားထုတ်နိုင်အောင် ပြန်ပြီးတစ်ဆင့် ဟောပြနိုင်အောင်ရည်သန်ချက်ဖြင့်တရားနာခြင်း။

၁၀။ ဒိဋ္ဌိဇုကမ္မ – စွန့်ကြဲပေးကမ်းလှူဒါန်းမှု၏ အကျိုးသည် ရှိ၏စသည်ဖြင့် မှန်ကန်သော အယူရှိခြင်းစသည်ဖြင့်

ကုသိုလ်အမျိုးမျိုးရှိပါတယ်ဒီနေ့ဒီနေရာမှာဘာဝနာကုသိုလ်ထဲမှာပါတဲ့ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်အောင်ဟောပြလိုပါတယ်၊ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်သည်ဘာဝနာများတွင်အမြတ်ဆုံးဘာဝနာဖြစ်သည်ဟုဘုရားရှင်များကိုယ်တော်တိုင်ဟောကြားတော်မူခဲ့ကြပါတယ်၊ဘုရားရှင်နှင့်ဆက်စပ်၍ဘာဝနာအဆင့်ရောက်အောင်ပွားများမှု၏ အကျိုးကြီးမည်မှာ သေချာလှပါတယ်၊ ‘‘ဗုဒ္ဓေါ–ဘုရား၊ ဗုဒ္ဓေါ–ဘုရား’’စသည်ဖြင့်ရွတ်ဖတ်ပွားများနေသူ၏သန္တာန်၌ဘုရားအာရုံကိုအခြေခံပြီးဃီတိဖြစ်လာလျှင်ပင်ထိုပီတိ၏အကျိုးသည်တစ်မြေပြင်လုံးကိုအစိုးရသောစကြဝတေးမင်းဖြစ်ရခြင်းထက်သာလွန်မြင့်မြတ်သည်ဟူသောဒေသနာတော်များအထင်အရှားရှိပါတယ်။

(၁၂၀) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

**ဗုဒ္ဓေါ်တိကိတ္တယန္တသား,ကာယေဘဝတိယာပိတိ၊**

**ဝရမေဝဟိသာပိတိ,ကသိဏေနာပိဇမ္ဗုဒီပသား။**

ဗုဒ္ဓါနုဿတိဘာဝနာပွားများတဲ့အခါမှာ ပဌမဆုံး ''သိရီ'' ဘုန်းတော်ကိုအာရုံပြုသင့်ပါတယ်။

**ရွှေမျက်နှာတော်, လက်ခြေတော်မှ စ၍မကြွင်း, ပင်လုံး ဝင်းသည့်,ပန်းမင်းအနေ,ကျက်သရေမင်္ဂလာ,စုဝေးကာဖြင့်, လွန်စွာတင့်တယ်,သပ္ပါယ်တော်မူသောသိရီဘုန်းတော်---**

တစ်ပင်လုံးဝင်းနေအောင်ထွင့်တဲ့ပန်းပင်ကြီးအလားရွှေမျက်နှာ တော်လက်ခြေတော်မှစပြီးတစ်ကိုယ်တော်လုံးကျက်သရေမင်္ဂလာ များ၏စုဝေးရာဖြစ်သောဘုရားရှင်၏ရူပကာယတော်ကိုအစွမ်းကုန် မိမိ၏စိတ်အာရုံမှာပေါ်အောင်ဖော်ပေးပါ။

သိရီဘုန်းတော်အရာဘုရားရှင်၏ရူပကာယတော်မိမိ၏စိတ်အစဉ် တွင်ကောင်းစွာထင်လာသည့်အခါမှာဆက်လက်ပြီးအရဟံဂုဏ်တော် အရစိတ်တော်၏စင်ကြယ်ပုံကိုအာရုံပြုသင့်ပါတယ်။

**တစ်ထောင့်ငါးရာ, ကိလေသာတို့, ဝါသနာဓလေ့, အထုံ ငွေ့မျှ, မငွေ့မရိပ်, ဝင်းဝင်းဖိတ်သို့, ရွှေစိတ်ပျို့သင်း, လွန်သန့်ရှင်း၍, မင်းမင်း ပြည်သူ, ကြည်ဖြူကော်ရော်, အလှူတော်မှန်, အပူဇော်ကို ခံတော်မူထိုက်သော အရဟံမည် တော်မူသောမြတ်စွာဘုရား--** ဟုတစ်လောကလုံးမှာအတင့်တယ် ဆုံး,ကျက်သရေအရှိဆုံး,အသပ္ပါယ်ဆုံး,အလှဆုံးရူပကာယတော်နှင့်

တွဲဖက်လိုက်လျှောညီထွေရှိတော်မူလှတဲ့ ကိလာသာတွေ အားလုံး ဝါသနာမှုမကျန်အောင်ကုန်ခမ်းပြီးဆိတ်တော်၏စင်ကြယ်တော်မူပုံကို အာရုံပြုကာပွားများသင့်ပါသည်။

ထို့နောက်ဆက်လက်ပြီးသမ္မာသမ္ဗုဒ္ဓဂုဏ်တော်အရ---

**သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်အစင်, သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကြီးကို အာရုံပြုသင့်ပါတယ်။**

အတင့်တယ်ဆုံးသောရူပကာယ၏ပိုင်ရှင်ဘုရား,စိတ်ဓာတ်အစင်ကြယ်ဆုံးသောဘုရား, သဗ္ဗညုတဉာဏ်တော်ကြီး၏ပိုင်ရှင်ဘုရားဟုဘုရားရှင်ကိုမိမိ၏စိတ်အစဉ်မှကွာမသွားအောင်ထပ်ကာထပ်ကာစဉ်းစားပွားများခြင်းဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများကြပါ၊ ဗုဒ္ဓါနုဿတိပွားပါများလို့ပီတိဖြစ်လာလျှင်ပီတိကိုခွာပြီးဝိပဿနာသို့ကူးလျှင်အမြန်ဆုံးတရားထူးကိုရနိုင်ပါတယ်၊ဗုဒ္ဓါနုဿတိဘာဝနာကိုများစွာပွားများ၍ဗုဒ္ဓါနုဿတိဘာဝနာထက်သန်မှုကြောင့်တရားထူးကို မြန်စွာ ရယူသွားသော ပုဂ္ဂိုလ်များစွာ ရှိပါတယ်၊ ဒ့ါကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကိုကြိုးစားပွားများကြပါလို့တိုက်တွန်းပါတယ်၊ ဗုဒ္ဓါနုဿတိဘာဝနာပွားများမှုများကြောင့် တရားထူးမရသေးသော် ပစ္စုပ္ပန်ချမ်းသာ,သံသရာချမ်းသာများကိုထူးထူးခြားခြားခံစားရပါမယ်၊ သာသနာစိတ်ထက်သန်လာပြီးလျှင်သာသနာကိုစောင့်ရှောက်လိုစိတ်များပြီးသာသနာပြုပုဂ္ဂိုလ်များဖြစ်လာကြပါမယ်၊ဘုရားရှင်ရဲ့ဖွားရာနယ်မြေ,မြင့်မြတ်သောမြေဖြစ်သောနီပေါလ်မြေမှာသာသနာတော်ကြီး

ပြန်လည်စည်ပင်လာအောင်ကြိုးစားအားထုတ်နိုင်သူတွေများပြားစွာ ပေါ်ထွက်လာကြပါစေ၊ဗုဒ္ဓါနုဿတိဘာဝနာကိုကြိုးစားပွားများနိုင်ကြ ပါစေ၊ ဗုဒ္ဓါနုဿတိဘာဝနာပွားများမှုကြောင့် ချမ်းသာသုခ အဝဝကို ရရှိနိုင်ကြပါစေ၊ ဗုဒ္ဓါနုဿတိဘာဝနာကြောင့်ထူးခြားသောပီတိများ ဖြစ်ပေါ်နိုင်ကြပါစေ၊မဂ်–ဖိုလ်တရားထူးတရားမြတ်များရရှိနိုင်ကြပါစေ ဟုဆုမွန်ကောင်းတောင်းအပ်ပါသတည်း။

## ဒုဋ္ဌာဗဟာဒုရ်

ဒုဋ္ဌာဗဟာဒုရ်သည်စာကြည့်တိုက်ကြီးတစ်ခု၏အမည်ဖြစ်ပါတယ်၊ မြန်မာပြည်သာသနာရေးဝန်ကြီးဌာနမှကျင်းပအပ်သောဓမ္မာစရိယ စာမေးပွဲကိုအောင်မြင်သဖြင့်သာသနဓဇဓမ္မာစရိယဘွဲ့ရရှိသွားသော ဆရာလေးဒေါ်အဂ္ဂညာဏီ၏ ဦးလေးတော်သူ ဉပါသကာတစ်ဦး တည်ထောင်ထားသော စာကြည့်တိုက်ကြီးပါ၊ နီပေါလ်ဘာသာဖြင့် ပြန်ဆိုထားသောပိဋကကျမ်းစာများပြားစွာရှိပါတယ်၊ဒီစာကြည့်တိုက် ကြီးသို့ (၂၆.၁၀.၂၀၀၂)နေ့ နေ့လည်ပိုင်းမှာ ပါတန်တရားပွဲကြီး မဟောကြားမီ ဝင်ရောက်ခဲ့ပါတယ်၊ ကုသိနာရုံဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ(အဂ္ဂမဟာပဏ္ဍိတ)အရှင်မြတ်လည်းကြွရောက်ပါတယ်၊ အဆောက်အဦအပြည့်မှုကြိုဆိုကြ,တရားနာကြပါတယ်၊အဆောက် အဦကြီးမှာအတော်ကြီးကျယ်ခန့်ညားသောလေးထပ်တိုက်ကြီးဖြစ်ပါ တယ်၊ ပါတန်တရားပွဲကြီး ဟောကာနီးအချိန်ဖြစ်၍ မေတ္တာဝိဟာရီ အစချီသော ဂါထာတော်ဖြင့် တရားစကား အကျဉ်းမျှ ဟောကြား ခဲ့ပါတယ်။

**မေတ္တာဝိဟာရီယောဘိက္ခု,ပသန္နောဗုဒ္ဓသာသနေ၊**
**အဓိဂစ္ဆေပဒံသန္တံ,သင်္ခါရူပသမံသုခံ။**

ဒီဒေသနာဂါထာတော်မှာအကြောင်းအားလျော်စွာ“ယောဘိက္ခု” ဟုရဟန်းကိုဦးတည်ပြီးဟောကြားတော်မူပါသော်လည်းရဟန်းတော် သာမကမြတ်စွာဘုရား၌သက်ဝင်ကြည်ညိုသောဗုဒ္ဓဘာသာအားလုံး နှင့်ဆိုင်ပါသည်။သာသနာ့ဝန်ထမ်းရှင်ရဟန်းစသောပုဂ္ဂိုလ်အားလုံး သည်သတ္တဝါအားလုံးအပေါ်မှာကျန်းမာစေလိုချမ်းသာစေလိုသော မေတ္တာတရားဖြင့်နေထိုင်လေ့ရှိရပါမယ်။ဘုရားရှင်၏သာသနာတော် ၌သဒ္ဓါတရားဖြင့်ယုံကြည်ရပါမည်။မေတ္တာတရား,သဒ္ဓါတရားခိုင်မာ ထက်သန်စွာရှိသောရဟန်းရှင်လူမည်သူမဆိုဇာတိဇရာဗျာဓိမရဏာ သဘောတို့ကင်းသဖြင့် အအေးမြဆုံးသော သင်္ခါရအားလုံးတို့၏ အေးငြိမ်းရာဖြစ်သောဒုက္ခနှင့်မရောယှက်သဖြင့်ချမ်းသာစစ်ချမ်းသာ မှန်ဖြစ်သောနိဗ္ဗာန်ကိုရရှိခံစားရမည်ဟုဆိုလိုပါတယ်။

ဒီဒေသနာတော်မှာ အကြောင်းအကျိုးခွဲကြည့်လျှင် အကြောင်း ကျင့်စဉ် အနေဖြင့် မေတ္တာနှင့် သဒ္ဓါ, အကျိုးတရားမှာ ဗုဒ္ဓဘာသာ အားလုံးတို့၏ပန်းတိုင်ဖြစ်သောနိဗ္ဗာန်ကိုပြဆိုတော်မူသည်ကိုတွေ့ရ ပါတယ်၊ မေတ္တာနှင့် သဒ္ဓါ ခိုင်မာစွဲမြဲစွာ တည်ရှိကြလျှင် နိဗ္ဗာန်သို့ ရောက်နိုင်တယ်လို့အဓိပ္ပါယ်ရပါတယ်။

**မေတ္တာ။** ။၁။မိမိကိုယ် ၂။မိတ်ဆွေ၊မိတ်ဆွေလည်းမဟုတ် ရန်သူလည်းမဟုတ်သောအလယ်အလတ်ပုဂ္ဂိုလ်

၄။ရန်သူပုဂ္ဂိုလ်ဟူသောပုဂ္ဂိုလ်လေးမျိုးတို့၌ခွဲခြားမှုမရှိတစ်ညီတည်း ကျန်းမာစေလိုချမ်းသာစေလိုသောသဘာဝကိုမေတ္တာဟုခေါ်ဆိုပါ တယ်။သတ္တဝါအားလုံးကိုအာရုံပြု၍“အားလုံးသတ္တဝါတွေကျန်းမာ ကြပါစေ,ချမ်းသာကြပါစေ”စသည်ဖြင့်မိမိ၏မေတ္တာစိတ်ကိုသတ္တဝါ အားလုံးအပေါ်မှာဖြန့်ကျက်ထားရပါမယ်။

**သဒ္ဓါ။** ။သဒ္ဓါတရားဆိုသည်မှာဘုရား,တရား,သံဃာ,ရတနာ သုံးပြာနှင့်ကံ,ကံ၏အကျိုး,ဤလောက,တမလွန် လောကတို့ကိုယုံကြည်မှုဖြစ်ပါတယ်။

ငါတို့၏ဘုရားသည်သဗ္ဗညုတဉာဏ်တော်သခင်ဘုရားရှင်ဖြစ်၍ တစ်လောကလုံးတွင် အမြတ်ဆုံး အတုမရှိ ဘုရားစစ် ဘုရားမှန် ဖြစ်တော်မူပါပေ၏။

တရားတော်သည်လည်းဘုရားရှင်ကိုယ်တိုင်ထုတ်ဖော်ဟောကြား အပ်သောတရားတော်ဖြစ်၍အမှားမရှိအမှန်ချည်းအတိဖြစ်သော နိယျာနိကသတ္တိ အပြည့်အဝရှိသော တရားစစ်တရားမှန် ဖြစ်တော်မူပါပေ၏။

သံဃာတော်အရှင်မြတ်အပေါင်းသည်လည်းဘုရားရှင်ဆုံးမတော် မူအပ်သမျှကို အတိအကျ လိုက်နာကြသဖြင့် ကိုးကွယ်ဆည်းကပ် သင့်သောသံဃာစစ်သံဃာမှန်ဖြစ်တော်မူပါပေ၏ဟုရတနာသုံးပါး အပေါ်၌ယုံကြည်မှုသဒ္ဓါဖြစ်ရပါမယ်။

ကံသည်ရှိ၏၊ကောင်းသောကံကိုပြုလျှင်ကောင်းသောအကျိုး ရရှိ၍မကောင်းသောကံကိုပြုလျှင်မကောင်းသောအကျိုးကိုရရှိ မည်ဟု

ကံနှင့်ကံ၏အကျိုးကိုလည်းယုံကြည်ရပါမည်၊ဤလောကရှိသလို တမလွန် လောကရှိတယ်၊ အခြားသော လောကရှိတယ်လို့လည်း ယုံကြည်ရပါမယ်၊ ဤကဲ့သို့ မေတ္တာနှင့် သဒ္ဓါကို ခိုင်မာစွာထားပြီး ကြိုးစားလျှင် ဗုဒ္ဓဘာသာများ၏အဓိကပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ကြမည် ဖြစ်ပါတယ်၊ နိဗ္ဗာန်ဂုဏ်ရည်များမှာ များပြားစွာရှိပါတယ်။

ဒီဒေသနာတော်မှာ----

**သန္တံ** –ဇာတိဒုက္ခ–ပဋိသန္ဓေနေရခြင်းဆင်းရဲ,ဇရာဒုက္ခ– အိုရခြင်းဆင်းရဲ၊ဗျာဓိဒုက္ခ–နာရခြင်းဆင်းရဲ၊မရဏဒုက္ခ–သေရခြင်း ဆင်းရဲစသောဆင်းရဲအားလုံးကင်းဝေးသဖြင့်အေးမြသောသန္တတရား ဖြစ်ခြင်း။

**သင်္ခါရူပသမံ**–လောကမှာရှိနေ တွေ့နေရတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရ အားလုံးတို့၏ငြိမ်းအေးရာတရားတော်ဖြစ်ခြင်း၊

**ပဒံ**–ပညာရှိသူတော်ကောင်းများသာ ရောက်နိုင်သိမြင်နိုင်သော တရားတော်ဖြစ်ခြင်း။

**သုခံ**–လောကီချမ်းသာများကဲ့သို့ဖြစ်မှု,ပျက်မှုနှင့်မဆက်စပ် သဖြင့်အမြတ်ဆုံးချမ်းသာစစ်,ချမ်းသာမှန်ဖြစ်ခြင်းဆိုတဲ့ဂုဏ်ထူး ဝိသေသလေးမျိုးကိုပြဆိုထားပါတယ်ဒီဂုဏ်ထူးဝိသေသလေးမျိုးနှင့် ပြည့်စုံသောနိဗ္ဗာန်တရားကိုမေတ္တာနှင့်သဒ္ဓါခိုင်မာစွာထား၍ကြိုးစား အားထုတ်လျှင်ရနိုင်သည်ဟုဆိုလိုပါတယ်ထို့အတွက်ယနေ့ဒကာ, ဒကာမတွေအားလုံးသတ္တဝါအားလုံးအပေါ်မှာမေတ္တာတရားပွားများ

ကြပါသောသာသနာတော်မှာယုံကြည်မှုသဒ္ဓါတရားခိုင်မာစွာထားကြပါလို့ တိုက်တွန်းရှေ့မေတ္တာသဒ္ဓါခိုင်မာစွာထားကာကြိုးစားခြင်းဖြင့်မိမိတို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေဟု ဆုတောင်း ပတ္ထနာပြုအပ်ပါသတည်း။

## လုမ္ဗိနီနှင့် ကပိလဝတ္ထု

(၂၈.၁၀.၂၀၀၂)နေ့မှာလုမ္ဗိနီနှင့်ကပိလဝတ္ထုသွားရန်ဝိရှုရှန်တိ ဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA) က လေယာဉ်ပျံလက်မှတ်များ, သွားရေးလာရေး အဆင်ပြေအောင် မော်တော်ယာဉ်များ,ဆွမ်းကိစ္စအတွက်အလှူရှင်များ,စသည်အားလုံး အကောင်းဆုံး အဆင်အပြေဆုံးဖြစ်အောင် ကြိုတင်စီမံထားပါတယ် (၂၈.၁၀.၂၀၀၂)နေ့သွားရန်ဖြစ်သော်လည်းကတ္တမန္ဒူမြို့မှာဆန္ဒပြမှု နှင့်ကြုံကြိုက်နေ၍မြန်မာသံအမတ်ကြီးဦးနေဝင်း၏အကြံပေးလျှောက် ထားချက်အရ(၂၈.၁၀.၂၀၀၂)နေ့မှာဝိရှုရှန်တိဝိဟာရမှာပင်တစ်ရက် လုံးအနားယူ၍(၂၉.၁၀.၂၀၀၂)နေ့နေ့လည်၁၁း၃၀–နာရီအချိန်တွင် ကြိုတင်စီစဉ်ထားသည့်အတိုင်းမိမိတို့အဖွဲ့ လုမ္ဗိနီသို့ဗုဒ္ဓအဲယားဖြင့် ခရီးထွက်ခဲ့ကြပါတယ်ဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ, MA)ကိုယ်တိုင်လိုက်ပါပို့ဆောင်ပါတယ်ခရီးစဉ်မှာ ဆွမ်းကိစ္စအဆင်ပြေအောင်ဒေါ်ဥပ္ပလဝဏ္ဏာလည်းလိုက်ပါလာပါတယ်၊ လေယာဉ်ကို ဗုဒ္ဓအဲယားဟု အမည်တပ်ထားသလို လေဆိပ်ကို ဂေါတမလေဆိပ်အနီးအပါးရှိမြို့ကိုသိဒ္ဓတ္ထမြို့စသည်နာမည်များ

တပ်ထားသည်ကိုလည်းတွေ့ခဲ့ရပါတယ်၊လုမ္ဗိနီအနီးဂေါ်တမလေဆိပ် တွင်ဗုဒ္ဓဘာသာအဖွဲ့များက သရဏဂုဏ်နမောတဿစသည်များကို သာယာနာပျော်ဖွယ် ရွတ်ဆိုကြူးရင့်၍ ပန်းများ ဆက်ကပ်ကာ ကြိုဆိုကြပါတယ်၊ လေးမြတ်မှု, ရင်းနှီးမှု, တက်ကြွမှု ပြည့်ဝစွာဖြင့် ကြိုဆိုကြသည်ကိုတွေ့ရသဖြင့်အထူးဝမ်းသာခဲ့ရပါတယ်၊ကြိုဆိုကြသူ များလည်းမနည်းပါ၊တစ်ရာခန့်ရှိမည်ဟုမှန်းရပါတယ်၊လုမ္ဗိနီမြန်မာ ကျောင်းမှဆရာတော်အရှင်ဓမ္မာနန္ဒာဘိဝံသ(ဒီဃနိကာယကောဝိဒ) အမှူးရှိသော အဖွဲ့ဝင်များကလည်း လာရောက် ကြိုဆိုကြပါတယ်၊ လေဆိပ်မှလုမ္ဗိနီဘုရားအလောင်းတော်ဖွားတော်မူရာဌာနသို့ဦးတိုက် သွားရောက်ကာဖူးမြော်ပြီးမှမြန်မာကျောင်းတော်သို့သွားကြပါတယ်၊ မြန်မာကျောင်းတော်ကြီးသည် အလွန်အဆင်ပြေ လှပါတယ်၊မြန်မာ ကျောင်း၌ခေတ္တမျှအနားယူပြီးနောက် ကပိလဝတ္ထုမြို့တော်ရာသို့ သွားရောက်ကြည့်ရှုလေ့လာကြပါတယ်မြန်မာကျောင်းမှကားသုံးစီးဖြင့် သွားကြရာ၁၀–နာရီခန့်လောက်ကြာသည့်အခါကပိလဝတ္ထုမြို့တော် ရာသို့ရောက်ကြပါတယ်၊ကပိလဝတ္ထုမြို့တော်နေရာမှအုဋ္ဌဘိနပ်များ, အုဋ္ဌခုံများကိုကြည့်ရှုရင်းဘုရားရှင်လက်ထက်တော်အချိန်အခါက နတ်မြို့တမျှအလွန်ကြီးကျယ်ခဲ့သော မြို့တော်ကြီး, နန်းတော်ကြီး စသည်နှင့် အလောင်းတော်သိဒ္ဓတ္ထမင်းသား စသည်တို့ သွားလာ လှုပ်ရှားခဲ့သည်များကိုလည်းကောင်း, ဘုရားဖြစ်တော်မူပြီးနောက် ဆွမ်းခံကြွတော်မူခဲ့သည်များနှင့်တရားတော်ဟောကြားတော်မူခဲ့သည် ကိုလည်းကောင်းတွေးတောကာအာရုံပြုခဲ့,ဖြစ်ပျက်သဘောကို

ဆင်ခြင်ခဲ့ရပါတယ်၊ ကပိလဝတ္ထုနန်းတော်ရာအတွင်းမှာ ထိုင်ကာ ဖျော်ရည်သောက်ခဲ့ပါတယ်၊ ကပိလဝတ္ထုမြို့တော်ရာမှ အပြန်တွင် နိဂြောဓာရုံကျောင်းတော်ရာသို့ဝင်ကာကျောင်းတော်ဟောင်းများ၏ အုတ်ခုံများမှာရှိသော,လှပသောအနုပညာပန်းကွက်များကိုကြည့်ရှု ခဲ့ရပါတယ်။အနုပညာလက်ရာများသည်အနုစိပ်လက်ရာမြောက်ကြ ပါတယ်။ဘုရားရှင်သီတင်းသုံးတော်မူစဉ်အချိန်အခါကအရှင်နန္ဒ,အရှင် ရာဟုလာစသည်တို့သာသနာတော်သို့ဝင်ရောက်ခဲ့ပုံစသည်ကိုအာရုံ ပြုပြီးလျှင်သင်္ခါရတို့၏ပြောင်းလဲမှုသဘာဝကိုလည်းဆင်ခြင်စဉ်းစား ခဲ့ပါသည်။ညရး၀၀–နာရီကျော်မှမြန်မာကျောင်းသို့ပြန်လည်ရောက်ရှိ ကာ အနားယူကြ ပါသည်၊ မြန်မာကျောင်းမှာရှိသမျှ ဆရာတော် အရှင်ဓမ္မာနန္ဒာဘိဝံသမှစ၍အားလုံးပင်သိက္ခာမ်းပြီးသားနှင်းနှီးပြီးသား ပုဂ္ဂိုလ်များချည်းဖြစ်၍လည်းကောင်း, အဓိ မြန်မာကျောင်းဆိုတဲ့ အသိကြောင့်လည်းကောင်းအခြားနေရာများထက်စိတ်တွင်လွတ်လပ် မှုအရသာကို ပိုမို၍ ခံစားခဲ့ရပါတယ်၊ မိမိသည် ရောက်လေရာ, တွေ့လေရာဆရာတော်များအားလုံးအားအကောင်းစားသရီးရိုင်ဖယ် သက်န်းများ လှူဒါန်းခဲ့ပါတယ် မြန်မာကျောင်းဘုန်းတော်ကြီး များအားလည်းလှူဒါန်းခဲ့ပါတယ်။ဘုန်းကြီးများလိုသလိုအသုံးပြုနိုင်ရန် ကပ္ပိယကာရကမှတဆင့်နဝကမ္မလည်းအသင့်အတင့်လှူခဲ့ပါသေး တယ်၊မြန်မာကျောင်း၌အိပ်စရာအခန်းများအလွန်ကောင်းသလိုရေ, မီးစသည်လည်း ပြည့်စုံပါတယ်၊ ၃၀.၁၀.၂၀၀၂–ရက်နေ့ နံနက် အရုဏ်ဆွမ်းအတွက်မြန်မာဆန်ဆန်ဆွမ်း,ဆွမ်းဟင်းများစီမံပေးကြ

ပါတယ်။ဝိရှုရှုနိတိဝိဟာရဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA) တို့၏ အစီအစဉ်အရ ဟိုတယ်တစ်ခုမှ လည်းခေါက်ဆွဲချပါတီစသည်စားဖွယ်များစုံလင်စွာလာရောက်ဆက်ကပ်ကြပါတယ်။မြန်မာကျောင်းအနီးရှိမြန်မာပြည်ကဿမီးချစ်ဟုအသိများသောဒေါ်ဓမ္မဝတီ(ဒေါ်သုဓမ္မဝတီ)၏ကျောင်းသို့သွားရောက်ခဲ့၍ ရွှေတောင်ကုန်း ပဏ္ဍိတာရာမသာသနာ့ရိပ်သာခွဲကျောင်းမှ ရဟန်းတော်များဆီလရှင်ဆရာလေးများအားလုံးပင်မြန်မာကျောင်းသို့လာရောက်ကြသဖြင့်လည်းကောင်းအချိန်မရသဖြင့်လည်းကောင်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့မရောက်ဖြစ်ခဲ့ပါ။

အရုဏ်စားပြီးနောက်အစီအစဉ်အတိုင်းထွက်ခွာကြကာဝန်ကြီးဟောင်းတစ်ဦးဆိုးစီးကာတည်ထောင်သောကျောင်းသို့ရောက်သည့်အခါ ကျောင်းဒကာဝန်ကြီးဟောင်း အမျိုးပြုသော နီပေါလ် ဒကာ, ဒကာမများအပြင် မြန်မာပြည် မိုးကုတ်ဇာတိဘုန်းကြီး ဦးဇဋိလ ဦးဆောင်သော ဒုလ္လဘရဟန်းတော်များနှင့် မြန်မာအနွယ်အတော်များများတွေ့ကြုံခဲ့ရပါတယ်။အချိန်မရသဖြင့်ကန်တော့ကြသည်ကို ဆုပေးရုံ,နှုတ်ဆက်စကားပြောရုံမျှပြုနိုင်ခဲ့ပါတယ်။ကြေးဖြင့်ပြုလုပ်သောအမှတ်တရပစ္စည်းများလှူဒါန်းကြပါတယ်။ပန်းအိုး,ရေစက်ချကရား,ဆီမီးခွက်စသည်တို့ဖြစ်ကြပါတယ်။ကျောင်းဒကာဝန်ကြီးဟောင်းမျိုးရိုးဇာတိသည်တမ္ဗကာရ(ကြေးလုပ်သမား)မျိုးရိုးဖြစ်၍လက်ရာမြောက်လှပသော ကြေးပစ္စည်းများ လှူလိုက် ကြပါတယ်၊ ထိုကျောင်းမှကားများဖြင့်ထွက်ခွာခဲ့၍မိနစ်၃၀–ခန့်မျှသွားကြသည့်

အခါမဟာယာနကျောင်းတစ်ကျောင်းသို့ရောက်ရှိကြရာမဟာယာန ကျောင်းဘုန်းကြီးဦးဆောင်၍ဒကာဒကာမအများကအရွတ်အဆို အတီးအမှုတ်ဖြင့် ကြိုဆိုကြပါတယ်၊ မဟာယာနကျောင်းတော်၌ မေတ္တာဝိဟာရီစသောဂါထာကိုအစချီ၍မေတ္တာတရား,သဒ္ဓါတရား တို့၏ အဓိပ္ပါယ် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်, မဟာကရုဏာ တော်,နိဗ္ဗာန်၏အဓိပ္ပါယ်များကိုရှင်းပြပြီးလျှင်သတ္တဝါအားလုံးအပေါ်မှာ မခွဲမခြားမေတ္တာထားကြရန်,သဗ္ဗညုတဉာဏ်တော်,မဟာကရုဏာ တော်သခင် ဘုရားရှင်၏ သာသနာတော်၌ ခိုင်ခိုင်မာမာ ယုံကြည်မှု သဒ္ဓါတရားရှိကြရန်, အို–နာ–သေဒုက္ခကင်းရာ သင်္ခါရအားလုံးတို့၏ ငြိမ်းရာ ဖြစ်ပျက်များနှင့် မဆက်စပ်သဖြင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ကိုအမြဲဦးတည်ချက်ထားကာကြိုးစားကြရန်ဟောကြားခဲ့ပါတယ်။

မိမိဟောကြားအပ်သောတရားတော်ကို ဝိရှရှန်တီဆရာတော် အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)က ဘာသာပြန်ပေးပါသည်။

မဟာယာနဘုန်းကြီးနှင့်ပရိတ်သတ်များသည်လေးလေးနက်နက် နာယူမှတ်သားကြပါတယ်၊ မဟာယာနကျောင်း၌ တရား ဟောပြီး နောက်အစီအစဉ်အရလုမ္ဗိနီသို့ထွက်ခွာခဲ့ကြပါတယ်ဖွားတော်မူရာ နေရာကိုရှိခိုးဦးချဓာတ်ပုံရိုက်ပြီးနောက်စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့ဆွမ်းစားကြပါတယ်၊စားသောက်ဆိုင်ပိုင်ရှင်များသည်ဆရာတော် အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA),ဒေါ်ဥပ္ပလ ဝဏ္ဏာတို့၏ဒကာရင်းများဖြစ်၍အားလုံးပရိသတ်များအားလိုလေ

သေးမရှိပြည့်ပြည့်စုံစုံအလှူဒါနပြုကြပါတယ်၊ဆွမ်းစားပြီးနောက် သီလယူကြပြီး တရားဟောပေးရန် လျှောက်ထားသဖြင့် ဆင္ဇင်ဒါန သုတ်ကိုအကျဉ်းချုပ်ဟောပြခဲ့ပါတယ်။

## "အနုမောဒနာတရားတော်"

အလှူတစ်ခု အကျိုးကြီးမားဘို့ရန်အတွက် အင်္ဂါခြောက်ချက် ပြည့်စုံရန် လိုအပ်ပါတယ်၊ အင်္ဂါခြောက်ချက်မှာ အလှူရှင်ဘက်မှ သုံးချက်,အလှူခံပုဂ္ဂိုလ်ဘက်မှသုံးချက်ဖြစ်ပါတယ်။အလှူရှင်ဘက်မှ သုံးချက်မှာ---

၁။ အလှူမလှူခင်လှူရန်ပြင်ဆင်နေတဲ့အချိန်ကစပြီး၊ငါသည်အလှူ တစ်ခု လှူရတော့မယ်ဟု ကြိုတင် တွေးတောဆင်ခြင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပါမယ်၊ ဒီလို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းကို ပုဗ္ဗစေတနာဟု ခေါ်ပါတယ်၊ ယနေ့ အလှူရှင်များ၏ အခြေအနေသည် မလှူခင်ကပင် ကြိုတင်ဝမ်းသာမှု ပုဗ္ဗစေတနာ ဖြစ်ခဲ့မည်မှာသေချာပါတယ်။

၂။ လှူဒါန်းဆဲအချိန်မှာလည်း နှမြော စေးနဲ ဝန်တိုမှု မစ္ဆရိယဆိုတဲ့ တရားဆိုးကို ပယ်ရှင်းပြီး မိမိ၏စိတ်အစဉ်ကို သဒ္ဓါတရားဖြင့် ကြည်လင်ရွှင်ပျနေရပါမယ်၊ ဒီလိုလှူဒါန်းဆဲမှာ မစ္ဆရိယကို ပယ်ခွာရှင်း လင်းပြီး သဒ္ဓါတရားဖြင့် ကြည်လင်ရွှင်ပျနေခြင်းကို မုဉ္စစေတနာလို့ ခေါ်ပါတယ်၊ ယနေ့အချိန်မှာ အလှူရှင်များ၏ လှူနေပုံကို ကြည့်ရ သည်မှာ မစ္ဆရိယတရားဆိုးကို ရှင်းလင်းပယ်ခွာထားတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

၃။ လျှဒါန်းပြီးတဲ့အချိန်မှာလည်းလျှဒါန်းမှုကိုမေ့ပျောက်မသွားစေပဲ ငါသည် ဘယ်နေ့ ဘယ်ရက်က ဘယ်လိုလှူခဲ့တယ်လို့တွေးပြီး ဝမ်းသာကြည်နူးနေရပါမယ်ဗိုလ်လှူဒါန်းပြီးနောက်မှာတွေးပြီးဝမ်းသာ ကြည်နူးနေရမှုကို အပရစေတနာလို့ ခေါ်ပါတယ်၊ ယနေ့ အလှူရှင် များလည်းမြန်မာနိုင်ငံမှကြွလာသောတိပိဋကဓရဆရာတော်နှင့်တကွ မိမိတို့အမြဲကိုးကွယ်ဆည်းကပ်သော နီပေါလ်ဆရာတော်စသော သံဃာတော်များ, အတူပါလာသော ဒကာဒကာမအားလုံးအား အကောင်းဆုံးအပြည့်စုံဆုံးဖြစ်အောင်စီမံ၍ဆွမ်းကပ်ခဲ့တယ်ဆိုတာ ကိုမမေ့မပျောက်စေဘဲအမြဲတွေးပြီးအပရစေတနာဖြစ်နေကြရပါမယ်၊ ဤကဲ့သို့မလှူခင်ပုဗ္ဗစေတနာ, လှူဆဲမှာမုဉ္စစေတနာ, လှူဒါန်းပြီး ချိန်မှာအပရစေတနာဆိုတဲ့စေတနာသုံးတန်ထက်သန်စွာဖြစ်နေလျှင် အလှူရှင်ဘက်မှ ပြည့်စုံရမည့်အင်္ဂါ သုံးချက် ပြည့်စုံနေပြီလို့ ဆိုရ ပါတယ်။

အလှူခံများဘက်မှလည်းအင်္ဂါသုံးချက်ပြည့်စုံရပါမယ်၊အလှူခံများ ဘက်မှအင်္ဂါများကတော့–––

၁။ ရာဂကင်းပြီးဖြစ်ကြခြင်း, သို့မဟုတ် ရာဂကင်းအောင် ကျင့်နေ ကြခြင်း။

၂။ ဒေါသကင်းပြီးဖြစ်ကြခြင်း,သို့မဟုတ်ဒေါသကင်းအောင်ကျင့်နေ ကြခြင်း။

၃။ မောဟကင်းပြီးဖြစ်ကြခြင်း, သို့မဟုတ် မောဟကင်းအောင် ကျင့်နေကြခြင်းဆိုတဲ့အင်္ဂါသုံးချက်ပါပဲ။

ယနေ့မြတ်စွာဘုရား၏ သာသနာ့ဝန်ထမ်း ဆရာတော် သံဃာတော် အရှင်မြတ်များသည် ရာဂကင်းပြီး,ဒေါသကင်းပြီး, မောဟကင်းပြီးတွေဖြစ်ချင်လည်းဖြစ်ကြပါမယ်။ရာဂ,ဒေါသ,မောဟမကင်းကြသေးလျှင်လည်း ရာဂကင်းအောင် ကျင့်နေကြခြင်း, ဒေါသကင်းအောင်ကျင့်နေကြခြင်း,မောဟကင်းအောင်ကျင့်နေကြခြင်းဆိုတဲ့ အင်္ဂါနှင့်တော့အသေအချာညီညွတ်ကြပါတယ်။မှန်ပါတယ်။သာသနာ့ဝန်ထမ်းဆရာတော်သံဃာတော်တွေသည်ဘုရားရှင်ကိုယ်တော်တိုင် ရာဂကင်းအောင်,ဒေါသကင်းအောင်,မောဟကင်းအောင်ဟောတော်မူတဲ့တရားစာပေတွေကိုသင်ယူကြ,ပို့ချကြ,ကျင့်ကြံနေကြခြင်းသည် ရာဂကင်းအောင်, ဒေါသကင်းအောင်, မောဟကင်းအောင် ကျင့်ကြံနေကြခြင်းပါပဲ။ယနေ့အလှူမှာအလှူရှင်ဘက်မှအင်္ဂါသုံးချက်ညီသလို အလှူခံများဘက်မှလည်း အင်္ဂါသုံးချက် ညီနေတဲ့အတွက် အင်္ဂါခြောက်ချက်ညီတဲ့ အလှူတော်ကြီး ဖြစ်ပါပြီ၊ အင်္ဂါခြောက်ချက်ညီတဲ့ အလှူတော်ကြီးဖြစ်လျှင် အကျိုးတရားသည် ရေတွက် တိုင်းတာလို့ မရအောင်များပြားကြီးကျယ်ပါမယ်။မဟာသမုဒ္ဒရာရေသည်ခွက်ဖြင့် ရေတွက်မရအောင်ပေကြိုးဖြင့်တိုင်းတာမရအောင်များပြားသလိုအင်္ဂါခြောက်ချက်ညီသောအလှူ၏အကျိုးသည်များပြားကြီးကျယ်သည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်၊ ယနေ့ အလှူတော်သည်လည်းဘုရားရှင်၏ဟောကြားတော်မူချက်နှင့်အညီ အကျိုးတရားသည်ရေတွက်တိုင်းတာလို့မရအောင်များပြားကြီးကျယ်မည်ဟုယုံကြည်စွာဖြင့်အမြဲမပြတ်ဝမ်းမြောက်ဝမ်းသာစွာမိမိတို့၏

အလှူကိုပြန်လည်အမှတ်ရမှုစာဂါနုဿတိကမ္မဋ္ဌာန်းကိုပွားများနိုင်ကြပါစေ၊ စာဂါနုဿတိကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာပွားကာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရရှိပြီးသကာလနိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြပါစေသတည်း။

## "လုမ္ဗိနီ ခရစ္စတယ်"

ဆွမ်းစားပြီးနောက်လေဆိပ်သို့မဆင်းမီဟိုတယ်ကြီးတစ်ခုသို့ ခေတ္တသွားရောက်ကာအနားယူကြပါတယ်၊ထိုဟိုတယ်ကြီးသည်နိုင်ငံခြားအမျိုးသမီးများထဲမှ ပ႘မဦးဆုံးအမ္ဘာစရိယဘွဲ့ကိုဆွတ်ခူးနိုင်သောသမီးချစ်ဟုကျော်ကြားခဲ့သောဆရာကြီးဒေါ်ဓမ္မဝတီ(ဒေါ်သုဓမ္မဝတီ)၏ ဒကာရင်းဆတနုရတ္တနမည်သောဒကာပိုင်ဆိုင်သောဟိုတယ်ကြီးဖြစ်ပါတယ်၊ ဟိုတယ်ကြီး၏ အမည်မှာ လုမ္ဗိနီ ခရစ္စတယ် ဖြစ်ပါတယ်၊ ဆွမ်းကပ်လိုကြသော်လည်း ရက်မရသဖြင့် ဆွမ်းမလှူကြတော့ပဲ ကပ်လှူလို့ဖြစ်နိုင်သော ဖျော်ရည်စသည် ဆက်ကပ်ကြပါတယ်၊ မိမိတို့က ခေတ္တမျှသွားရောက်အနားယူတည်းခိုခြင်း, ပရိတ်တရားရွတ်ပွားခြင်းများဖြင့် ချီးမြှောက်ပေးခဲ့ကြပါတယ်၊ ဟိုတယ်ကြီးမှာ အလွန်ပင်အဆင့်အတန်းမြင့်မားကြီးကျယ်သန့်ရှင်းလှပါတယ်။

## "ကတ္တာမန္ဒူမြို့သို့ အပြန်"

အချိန်နီးမှ ကတ္တာမန္ဒူသို့ပြန်ရန် ဂေါတမလေဆိပ်သို့ဆင်းခဲ့ကြပါတယ်၊လေဆိပ်၌လိုက်ပါပို့ဆောင်နှုတ်ဆက်သူများရောက်ရှိနေကြပါ

သေးတယ်။နီပေါလ်ခရီးစဉ်မှာဆယ်ရက်ကြာခဲ့ရာဆယ်ရက်အတွင်း သွားလေရာ, ရောက်လေရာ အရပ်တိုင်းမှာ ကြိုဆိုသူ, ပို့ဆောင်သူများ၏ချစ်ခင်လေးစားမြတ်နိုးမှုကိုအပြည့်အဝရရှိခဲ့သဖြင့်နီပေါလ်လူမျိုးတို့၏ဗုဒ္ဓအပေါ်မြတ်နိုးမှု,ဘုရားရှင်၏ကျေးဇူးတော်ကိုသိမှုနှင့် မြန်မာပြည်၏ ကျေးဇူးကို သိမှုများသည် အထူးကြီးမားကြပါတယ်၊ မိမိတို့ကို တကယ်ဆွေမျိုး ရင်းခြာတစ်ဦးအလား ဝမ်းသာအားရ လိုက်လှဲစွာကြိုဆိုမှုများကိုတွေ့ရတိုင်း---

**စိရပ္ပဝါသိံ ပုရိသံ, ဒူရတော သောတ္ထိ မာဂတံ၊**

**ဉာတိမိတ္တာသုဟဇ္ဇာစ,အဘိနန္ဒန္တိ အာဂတံ–** ဟူသောဂါထာတော်ကိုအာရုံပြုမိခဲ့ပါတယ်။

ဒီဂါထာလေးက အချိန်ကြာမြင့်စွာ ကွေကွင်းခဲ့ခွာနေထိုင်ပြီး နောက်အရပ်ဝေးမှချမ်းသာစွာပြန်လည်ရောက်လာသောပုဂ္ဂိုလ်ကို ဆွေမျိုးမိတ်ဆွေများ,စိတ်ကောင်းရှိသူများကအလွန်ဝမ်းသာအားရ ကြိုဆိုကြတယ်လို့ဆိုလိုပါတယ်။

နီပေါလ်မှာမိမိတို့ကိုရောက်လေရာအရပ်တိုင်းရှိပုဂ္ဂိုလ်များက ယုံကြည်လေးမြတ်စွာကြိုဆိုကြပင့်ဖိတ်ကြပါတယ်၊လုမ္ဗိနီခရီးစဉ်မှာ ဗောဓိပင်စိုက်ပွဲတစ်ခုတွင်ပါဝင်ဆောင်ရွက်ပေးဖို့ဖိတ်မံကြရာခရီးစဉ် ကိုမိမိစီစဉ်ခြင်းမဟုတ်၍မိမိမဆုံးဖြတ်နိုင်ပါ၊ခရီးစဉ်ကိုစီစဉ်ပေးသော ဆရာတော်အရှင်ဉာဏပုဏ္ဏိကအထံ သွားလျှောက်ပါဟု ပြောရာ ခရီးစဉ်နှင့်အဆင်မပြေအချိန်မရသဖြင့်ဗောဓိပင်စိုက်ပွဲမှာပါဝင်

ဆောင်ရွက်မပေးနိုင်သည်ကိုမိမိစိတ်မကောင်းဖြစ်ခဲ့ရပါတယ်(၃၁.၁၀. ၂၀၀၂) ညနေပိုင်းမှာ ဂေါတမလေဆိပ်မှ ဗုဒ္ဓအဲယားဖြင့် မိမိတို့ အဖွဲ့သည်ကတ္တမန္ဒူမြို့သို့ပြန်လာခဲ့ကြပါသည်၊လေယာဉ်လေးသည် လူနှစ်ဆယ်ခန့်သာတင်နိုင်သောအသေးစားလေယာဉ်လေးဖြစ်သော် လည်းစီးရသည်မှာသက်သာပါသည်၊လှုပ်ခါမှုသိပ်မရှိပါ၊ပတ်ဝန်း ကျင်ရှိတောင်ကြီးများ၏ရှုခင်းကိုကြည့်ရင်း လိုက်ပါလာရာ မိနစ် ၃၀–မပြည့်မီပင်ကတ္တမန္ဒူလေဆိပ်သို့ပြန်လည်ရောက်ရှိလာပါတယ်၊ သံအမတ်ကြီးဦးနေဝင်းကိုယ်တိုင်လေဆိပ်၌လာရောက်ကြိုဆိုသဖြင့် လေယာဉ်ပေါ်မှ ဆင်းပြီးလျှင် ကားပေါ်ပြောင်းတက်ခါ ချမ်းသာစွာ ပြန်လာရပါတယ်။

## တရားစကား ပြောကြား

(၃၁.၁၀.၂၀၀၂)ရက်နေ့မှာ လေယာဉ်ဖြင့် တောင်ပေါ်ရှုခင်းများ ကြည့်ရှုရန်စီစဉ်ထားသော်လည်းကြည့်လိုသည့်ဆန္ဒမရှိမှု,မလိုအပ်ဘဲ အကုန်အကျမများစေလိုမှုစသောအကြောင်းများကြောင့် (Mountain Flight) အစီအစဉ်ကို ဖျက်သိမ်းစေခဲ့ပါတယ်၊ ဝိရှုရှန်တီ ဆရာတော်များဘက်မှလိုလေသေးမရှိစေတနာအပြည့်ဖြင့်စီစဉ်ပေး ကြခြင်းကိုအထူးကျေးဇူးတင်ရပါတယ်၊ကုန်ကျစရိတ်အတွက်လည်း သူတို့ဘက်မှာဘမှာဝန်ကြီးသည့်အမူအရာမတွေ့ခဲ့ရပါ၊ယနေ့အစီ အစဉ်မရှိ၍ အေးဆေးစွာ အနားယူပြီး ကျောင်းသို့ရောက်လာသော ပုဂ္ဂိုလ်များအားတရားစကားပြောဟောပေးခဲ့ပါသည်။

## သြဝါဒတရားတော်

မိမိရောက်မလာမီကပင်ကြိုတင်၍မြို့တွင်းသို့သီးသန့်ပုဂ္ဂလိကဌာနများမှ မပင့်ဖိတ်ကြရန် စည်းကမ်းပြုလုပ်ထားသဖြင့် များသောအားဖြင့်အများစုပေါင်း၍တရားနာယူရာ,သြဝါဒခံယူရာဌာနများသို့သာ သွားရောက်ခဲ့ရပါတယ်၊ပုဂ္ဂလိကဌာနများတွင်ဗုဒ္ဓမြတ်စွာသာသနာတော်အား အထူးကျေးဇူးပြုခဲ့ကြသည်ဟု ထင်ရှားကျော်ကြားသောအသက်ကြီးလွန်းသူများရှိရာဌာန,မကျန်းမာသူများရှိရာဌာနလောက်သာအနည်းအကျဉ်းသွားရောက်ခဲ့ပါတယ်၊ဝိရှုရှန်တီကျောင်းတိုက်ဆရာတော် အရှင်ဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA)၏သာသနာပြုလုပ်ငန်းများတွင်အမြဲအကျိုးပြုဆောင်ရွက်နေသော,မိမိနီပေါလ်တွင်ရှိနေသမျှဆွမ်းကိစ္စစသည်အဆင်ပြေအောင်အမြဲဆောင်ရွက်နေသော ဒေါ်ဥပ္ပလဝဏ္ဏာ၏မယ်တော်ကြီး အသက်ကိုးဆယ်ခန့်ဒကာမကြီး၏အိမ်ဂေဟာ,မကျန်းမာသောရွှေတောင်ကုန်းရိပ်သာဒကာကြီးတစ်ဦး၏အိမ်ဂေဟာ,ဝိရှုရှန်တီကျောင်းတိုက်အနီးရှိဒေါ်အဂ္ဂဉာဏီ(ဓမ္မာစရိယ)၏ခမည်းတော်,မယ်တော်များ၏အိမ်ဂေဟာစသည်လောက်သာသွားရောက်ခဲ့ပါတယ်၊မိမိ၏ရဟန်းမယ်တော်ကြီး ဒေါ်ရူပမာလာ (ပဌမကျော်, ဓမ္မာစရိယ)၏ တပည့်သီလရှင်ဒေါ်မာဓဝီ၏ယသော်ဓရာဝိဟာရမည်သောကျောင်းတိုက်သို့အထူးစိစဉ်ကာ သွားခဲ့ပါတယ်၊ မိမိ၏ ရဟန်းမယ်တော်ကြီးအထံမှကြားသိထားသဖြင့်မိမိကပင်သွားလိုကြောင်းဆွင့်တောင်းကာသွားခဲ့

ပါတယ်၊ကလေးငယ်များစွာကိုပညာသင်ကြားပေးကာသာသနာပြု နေသည်မှာ ကျေနပ်ဖွယ်ပင် ဖြစ်ပါတယ်၊ ဒေါ်မာဓဝီသည် သူ၏ ဆရာသမားဖြစ်သော မိမိ၏ ရဟန်းမယ်တော်ကြီး ဒေါ်ရူပမာလာ၏ ပုံကြီးကို ထင်ရှားစွာချိတ်ဆွဲ၍ အမြဲအရိုအသေပြုနေသည်ကိုလည်း တွေ့ခဲ့ရသဖြင့်ဒေါ်မာဓဝီ၏ကျေးဇူးသိမှု,သူတော်ကောင်းစိတ်ဓာတ် ရှိမှုအတွက်ဝမ်းသာကြည်နူးမှုဖြစ်ခဲ့ရပါတယ်၊အရပ်တွင်းသို့ဆွမ်းစား မလိုက်ခဲ့ရပါ၊ ကျောင်းတိုက်များကိုတော့ အားလုံးကုန် စုံအောင် သွားရောက်ခဲ့ပါတယ်၊ ဩဝါဒပေးရန်လျှောက်ထားကြသည့် အခါ အချိန်ကိုကြည့်၍ဩဝါဒတရားများဟောကြားခဲ့ရပါသေးတယ်မြန်မာ နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်ပူဇော် အပ်သောဆရာတော်ဘုရားကြီး၏ကျောင်းတိုက်ဖြစ်တဲ့သကျသီဟ ကျောင်းတိုက်၌ ဩဝါဒတရား ဟောကြားခဲ့ပါတယ်၊ အနီးအပါးရှိ သံဃာတော်များကျောင်းတိုက်ဆိုင်ရာဒကာဒကာမများလည်းအတော် များစွာရောက်ရှိနေကြပါတယ်၊

## ဩဝဒေယျာနုသာသေယျ,အသဗ္ဘာစနိဝါရယေ။
## သတံဟိသောပိယောဟောတိ,အသတံဟောတိအပ္ပိယော။

ဩဝါဒဆိုတာအဆုံးအမပေးခြင်းပါပဲဒီဂါထာတော်လေးမှာဘုရား ရှင်က ဩဝဒေယျ အနုသာသေယျ–ဟု ဆုံးမမှုကိုပင် စကားတော် နှစ်မျိုးခွဲခြားကာ ဟောကြားထားပါတယ်၊စကားတော် နှစ်မျိုးခွဲခြား ကာဟောထားသည့်အတိုင်းအဓိပ္ပါယ်လည်းနှစ်မျိုးခွဲယူရပါမည်၊

ဩဝဒေယျ–အကြောင်းဝတ္ထုပေါ်လာကဆုံးမရာ၏အနုသာသေယျ–အကြောင်းဝတ္ထုမပေါ်ခင် ဒီလိုနေလျှင် သင့်အတွက် ကျော်စောမဲ့မှု ဖြစ်စရာရှိတယ်စသည်ဖြင့်နောင်ရေးကိုညွှန်ပြကာသွန်သင်ရာ၏။

တနည်း–ဩဝဒေယျ–မိမိ၏ရှေ့မှောက်သို့အရောက်ခေါ်ကာဆုံးမရာ၏၊အနုသာသေယျ–ကိုယ်စားလွှတ်ကာ သို့မဟုတ် ဆုံးမစာရေးပို့ကာသွန်သင်ရာ၏။

တနည်း–ဩဝဒေယျ–တစ်ကြိမ်ဆုံးမရာ၏၊ အနုသာသေယျ–အကြိမ်ကြိမ်သွန်သင်ရာ၏။

တနည်း–ဩဝဒေယျနှင့်အနုသာသေယျ–ကိုအဓိပ္ပါယ်အတူလို့လဲ ယူနိုင်ပါတယ်၊ဆုံးမသွန်သင်ပါ၊ပွဲလမ်းသဘင်၌မကောင်းသောမတင့်တယ်သောအကုသိုလ်တရားများကိုမပြုကျင့်အောင်တားမြစ်ပေးပါ၊ ကုသိုလ်တရား၌တည်နေအောင်တိုက်တွန်းပေးပါ။

ဆုံးမမှု, သွန်သင်မှု, အကုသိုလ်တရားများကို မပြုကျင့်အောင် တားမြစ်မှုပြုသောပုဂ္ဂိုလ်ကိုတရားအစရှိသောပညာရှိသူတော်ကောင်း ကြီးတွေက ချစ်ခင်နှစ်သက် မြတ်နိုးကြပါတယ်၊ ပစ္စုပ္ပန်အကျိုး, သံသရာအကျိုးကို မသိမမြင်ကြတဲ့ စားဝတ်နေရေးဆိုတဲ့ အာမိသ လောက်သာ ကြည့်ရှုတတ်တဲ့ သူယုတ်မာတွေကတော့ ဆုံးမမှု, သွန်သင်မှု,အကုသိုလ်တရားများကိုမပြုကျင့်အောင်တားမြစ်မှုပြုပေး သောပုဂ္ဂိုလ်ကို မချစ်ခင် မနှစ်သက်သဖြင့် ငါတို့၏ ဆရားလည်း မဟုတ်,ဥပဇ္ဈာယ်လည်းမဟုတ်ဘဲငါတို့ကိုဘာ့ကြောင့်ဆုံးမရသလဲ

စသည်ဖြင့်နှုတ်လုံ့ထိုးတတ်ပါတယ်လို့ဒီဒေသနာဂါထာတော်လေးက ပြဆိုပါတယ်။

ယနေ့ဒီကျောင်းတိုက် ဒီနေရာမှာ ဩဝါဒခံယူလိုပါတယ်လို့ လျှောက်တယ်ဆိုရင်ပဲ ဒေသနာဂါထာတော်အရ သူတော်ကောင်း စားရင်းတွင် ပါဝင်နေကြပြီလို့ဆိုရပါမယ်၊ ဒေသနာဂါထာတော်မှာ သူတော်ကောင်းများသာ ဆုံးမမှု, သွန်သင်မှုကို လိုလားကြ, ဆုံးမ သွန်သင်သူကိုနှစ်သက်မြတ်နိုးကြတယ်လို့ပါရှိနေပါတယ်၊ဒါကြောင့် မို့ သူတော်ကောင်းများပီပီ အပြစ်ရှိ၍ မကောင်းကျိုးကို ပေးမည် ဖြစ်သော အကုသိုလ်တရားများကို ရှောင်ရှားပြီး အပြစ်ကင်း၍ ကောင်းသောအကျိုးများကိုပေးစွမ်းနိုင်သောကုသိုလ်တရားများကို ကြိုးစားပြုကြပါလို့သာ တိုက်တွန်းစကား ပြောကြားလိုပါတယ်၊ အကုသိုလ်များကိုရှောင်ရှား၍ကုသိုလ်တရားများကိုကြိုးစားပွားများ ခြင်းဖြင့် ပစ္စုပ္ပန်ချမ်းသာ, သံသရာချမ်းသာ, နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာအားလုံးကိုရရှိကြပါစေသတည်း။

## နှုတ်ဆက်ပွဲ

မိမိတို့ရဲ့ခရီးစဉ်ပြီးဆုံးကာနီးဖြစ်၍(၁.၁၁.၂၀၀၂)ညနေပိုင်းမှာ ဝိရှုရှန်တီဝိဟာရ၌နှုတ်ဆက်ပွဲအခမ်းအနားကျင်းပပါတယ်၊ကတ္တမန္ဒူ မြို့တော်နှင့် ပတ်ဝန်းကျင်မြို့များရှိ သံဃာတော်များ, သီလရှင်များ, ဒကာဒကာမများ,သတင်းစာ,စာနယ်ဇင်းရေဒီယို,ရုပ်မြင်သံကြား စသည်တို့မှကိုယ်စားလှယ်အတော်များများဆက်ရောက်ကြပါတယ်၊

ဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA) က အခမ်းအနားဖွင့်စကား ပြောကြား၍ မိမိအား ကျောင်းတိုက်၏ ကျောင်းဒကာဒကာမများအဖွဲ့စသည်တို့ကအမှတ်တရလက်ဆောင် ပစ္စည်းများ ဆက်ကပ်ကြပါတယ်၊ ဒီအခမ်းအနားမှာ အနည်းငယ်မျှ တရားဟောရန်ခွင့်ပန်ကြသဖြင့်သပ္ပုရိသဘူမိအဓိပ္ပါယ်ကိုရှင်းလင်း ဟောကြားခဲ့ပါတယ်

## သပ္ပုရိသဘူမိတရားတော်

ဝိရုရှုန်တိဝိဟာရကျောင်းတိုက်ဆိုတာကမ္ဘာငြိမ်းချမ်းရေးကျောင်း တိုက်လို့အဓိပ္ပါယ်ရပါတယ်၊ကမ္ဘာငြိမ်းချမ်းရေးကျောင်းတိုက်ငြိမ်းအေး ရာကျောင်းတိုက်ဆိုတဲ့အမည်နှင့်လိုက်လျောညီထွေဖြစ်မယ့်တရား ဟောတရားတော်လေးတစ်ခုအကျဉ်းချုပ်ဟောပြပါမယ်။

အင်္ဂုတ္တရနိကာယ်ဒုကနိပါတ်သမစိတ္တဝဂ်မှာပါတဲ့တရားတော်ပါ၊ အသပ္ပုရိသဘူမိ–မသူတော်တို့၏တည်ရာနှင့်သပ္ပုရိသဘူမိ–သူတော် ကောင်းတို့၏တည်ရာကိုခွဲခြားဟောပြတော်မူပါတယ်။

သူတော်ကောင်းမဟုတ်သူယုတ်မာသည်သူတပါးပြုအပ်သော ကျေးဇူးကို မသိတတ်, သူတပါးပြုအပ်သော ကျေးဇူးကို ထင်စွာ ထုတ်ဖော်မပြောဆိုတတ်,သူတော်မဟုတ်သူယုတ်မာသည်သူတစ်ပါး ပြုအပ်သောကျေးဇူးမသိမှုသူတပါးပြုအပ်သောကျေးဇူးကိုထင်စွာ ထုတ်ဖော်မပြောဆိုမှုကိုချီးမွမ်းဂုဏ်တင်ကာပြောဆိုတတ်၏၊

သူတစ်ပါးပြုအပ်သော ကျေးဇူးကို မသိမှု, သူတစ်ပါးပြုအပ်သော ကျေးဇူးကိုထင်စွာထုတ်ဖော်မပြောဆိုမှုအားလုံးသည်အသပ္ပုရိသဘူမိ–သူတော်မဟုတ်သူယုတ်မာတို့၏ဖြစ်တည်ရာဌာနဖြစ်၏။

သူတော်ကောင်းသည်သူတစ်ပါးပြုအပ်သောကျေးဇူးကိုသိ၏၊ သူတစ်ပါးပြုအပ်သော ကျေးဇူးကို ထင်စွာထုတ်ဖော်ပြောဆိုပြုလုပ်တုံ့ပြန်ပေးဆပ်တတ်၏၊သူတော်ကောင်းသည်သူတစ်ပါးပြုအပ်သောကျေးဇူးသိမှု,သူတစ်ပါးပြုအပ်သောကျေးဇူးကိုထင်စွာပြောဆိုပြုလုပ်တုံ့ပြန်ပေးဆပ်မှုကိုချီးမွမ်းဂုဏ်ပြု၏၊သူတစ်ပါးပြုအပ်သောကျေးဇူးကိုသိမှု သူတပါးပြုအပ်သောကျေးဇူးကို ထင်စွာပြောဆိုပြုလုပ်တုံ့ပြန်ပေးဆပ်မှုသည်သပ္ပုရိသဘူမိ–သူတော်ကောင်းတို့၏ဖြစ်တည်ရာဌာနဖြစ်၏ဟုဘုရားရှင်ဟောတော်မူခဲ့ပါတယ်။

အနည်းငယ်မျှထပ်ဆင့်ရှင်းပြပါဦးမယ်–––

**မေတ္တာရှေးဦး,ပြုပေးဘူးကို,ကျေးဇူးသိမှု,ကတညုတည်း၊ ထိုသူ့ထက်ပင်,ကျေးဇူးအင်ကို, ထင်ထင်မချွတ်, ပြောဆိုတတ်က,သူမြတ်မှန်လှ,ကတဝေဒီ,ဟုတုံ့ပြီရှင့်။** (မဃဒေဝ)

မိမိ၏အပေါ်၌ မေတ္တာထား၍ ရှေးဦးစွာပြုပေးသောပုဂ္ဂိုလ်၏ကျေးဇူးကို သိခြင်းသည် ကတညုတာမည်၍ မိမိ၏အပေါ်၌ မေတ္တာထား၍ရှေးဦးစွာပြုပေးသောပုဂ္ဂိုလ်၏ကျေးဇူးကိုစိတ်ဖြင့်သိရုံသာမက ကျေးဇူးရှိကြောင်းကိုအများ၏အလယ်မှာထင်ထင်ရှားရှားပြည့်ပြည့်စုံစုံပြောဆိုခြင်း,တုံ့ပြန်ပေးဆပ်ခြင်းသည်ကတဝေဒိတာမည်ပါတယ်။

သူတော်ကောင်းသည် မိမိ၏အပေါ်၌ မေတ္တာထား၍ ရှေးဦးစွာ ပြုပေးသောပုဂ္ဂိုလ်တို့၏ကျေးဇူးကိုစိတ်ဖြင့်လည်းသိလေ့ရှိ၏၊ကျေးဇူးရှိကြောင်းကို အများ၏အလယ်မှာ ထင်ထင်ရှားရှား ပြည့်ပြည့်စုံစုံ ပြောဆိုလေ့,တုံ့ပြန်ပေးဆပ်လေ့ရှိ၏၊ကျေးဇူးသိမှုဆိုတဲ့ကတညုတာ တရားနှင့်ကျေးဇူးကိုထင်ရှားပြောဆိုမှု,တုံ့ပြန်ပေးဆပ်မှုဆိုတဲ့ကတဝေဒိတာတရားကို သူတော်ကောင်းတို့က ချီးမွမ်းဂုဏ်ပြုပါတယ်၊ သူတစ်ပါးတို့ပြုအပ်သောကျေးဇူးကိုသိမှုကတညုတာနှင့်သူတစ်ပါးတို့ပြုအပ်သောကျေးဇူးကိုထင်ရှားစွာထုတ်ဖော်ပြောဆိုမှု,တုံ့ပြန်ပေးဆပ်မှုကတဝေဒိတာသည်သပ္ပုရိသဘူမိ–သူတော်ကောင်းတို့၏ ဖြစ်တည်ရာဌာနဖြစ်ပါတယ်။

ဝိရှုရှန်တီဝိဟာရသည် ကျေးဇူးသိမှု ကတညုတာတရားနှင့် ကျေးဇူးကို ထင်ရှားထုတ်ဖော်ပြောဆိုမှု, တုံ့ပြန်ပေးဆပ်မှု ကတဝေဒိတာ တရားတို့ကိုလက်ကိုင်ထားသူတို့၏တည်ရာဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်၊ ရှေ့ဆက်လက်ပြီးတော့လည်း ကတညုတာ ကတဝေဒိတာတရားနှစ်ပါးကို လက်ကိုင်ထားကာ ကြိုးစားကြခြင်းဖြင့် သပ္ပုရိသဘူမိ–သူတော်ကောင်းတို့၏နယ်မြေဖြစ်အောင်ကြိုးစားကြဘို့ တိုက်တွန်းလိုပါတယ်၊သံဃာအများနေထိုင်ရာဖြစ်တဲ့ဝိရှုရှန်တီလို ကျောင်းတိုက်ကြီးမှာ ကတညုတာ ကတဝေဒိတာတရားနှစ်ပါးကို များများ ကျင့်သုံးကြဖို့ လိုပါတယ်၊ ဒီတရား နှစ်ပါးကို များများ ကျင့်သုံးနိုင်အောင်ဆရာ,တပည့်ဆက်ဆံရေးနှစ်လုံးသွင်းကျင့်စဉ် များကိုဆက်လက်ပြောလိုပါတယ်။

(၁၄၄) **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏**

**နိမိနံဝပဝတ္တာရံ,ယံပဿေဝဇ္ဇဒဿိနံ။**

**နိဂ္ဂယှဝါဒိံမေဓာဝိံ,တာဒိသံပဏ္ဍိတံဘဇေ။**

**တာဒိသံဘဇမာနဿ,သေယျောဟောတိနပါပိယော။**

ဦးဆောင်လမ်းပြ အုပ်ချုပ်ထိမ်းသိမ်းသော ဆရာသည် တပည့် ဖြစ်သူတို့၏ချို့ယွင်းချက်များကွက်အပြစ်များကိုမြင်အောင်ကြည့်ရှု ရပါတယ်၊ကြည့်ရှုလို့တပည့်များ၏အပြစ်များကိုမြင်တွေ့လာလျှင် အပြစ်အားလျော်စွာ နှိပ်ကွပ်ပြောဆိုဆုံးမရပါတယ်၊တပည့်များကို မှန်ကန်သော တိုးတက်ရေးလမ်းကြောင်းပေါ်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်သောဉာဏ်ပညာလည်းရှိရမယ်။

တပည့်လုပ်သူသည်မိမိ၏အပြစ်ကိုမြင်အောင်ကြည့်ရှု၍အပြစ် အားလျော်စွာမိမိကိုနှိပ်ကွပ်ပြောဆိုဆုံးပြီးလျှင်မိမိကိုမှန်ကန်သော တိုးတက်ရေးလမ်းကြောင်းပေါ်သို့ပို့ဆောင်ပေးနိုင်သောဆရာသမား ကိုချမ်းချမ်းသာသာအသက်မွေးမြူနိုင်ရေးအတွက်မြေ၌မြှုပ်ထား သောရွှေငွေအပြည့်ပါသောရွှေအိုးကြီးများကိုပြောပြကာပေးသူကို ကဲ့သို့ ရှုမြင်ကာ ဆရာသမားကို လေးလေးစားစား ဆည်းကပ် ဆက်ဆံရပါမည်၊ထိုကဲ့သို့အပြစ်ကိုရှုကြည့်ကာအပြစ်အလျောက် ပြောဆို ဆုံးတတ်သော ပညာရှိ ဆရာသမားကို ရွှေအိုးကြီးများကို ပြသကာပေးလာသူကဲ့သို့ရှုမြင်ကာဆက်ဆံသူမှာမြင့်မြတ်တိုးတက် မှုသာဖြစ်၍ဆုတ်ယုတ်မှုတစ်စုံတစ်ရာမရှိနိုင်ပါ။

ဒီအဓိပ္ပါယ်များဟာဖော်ပြခဲ့သောဘုရားဟောဂါထာတော်လေးက ပြဆိုတဲ့အဓိပ္ပါယ်များဖြစ်ပါတယ်၊ဒါ့ကြောင့်ဆရာသမားများသည်

ဆရာသမားတာဝန်ကျေပွန်အောင်ထာပည့်များ၏အပြစ်ကိုမြင်အောင် ကြည့်ရှု၍အပြစ်အလျောက်ပြောဆိုနှိပ်ကွပ်ဆုံးမရပါမယ်၊တပည့် များ၏ အပြစ်ကို မြင်အောင်ကြည့်ရှု၍ အပြစ်အလျောက် ပြောဆို နှိပ်ကွပ်ဆုံးမမှုကိုဆရာသမားများပြုရသည်မှာဆရာသမားများ၏ တာဝန်အရမပြုမနေပြုရမည့်တာဝန်ဖြစ်လို့ပါပဲ၊ဒီအချက်ကိုဆရာ သမားများသာမကတပည့်များကလည်းသဘောပေါက်ဘို့လိုပါတယ်၊ တပည့်များသည် မိမိတို့၏ အပြစ်ကို မြင်အောင်ကြည့်၍ အပြစ် အလျောက်ပြောဆိုနှိပ်ကွပ်ဆုံးမတတ်သောဆရာသမားကိုအပြစ် မတင်ဘဲရွှေအိုးကြီးများကိုပြသပေးလာသူကိုကဲ့သို့လေးလေးစားစား ဆက်ဆံကာ ဆရာသမားများ ပြောဆိုဆုံးမသမျှ တိတိကျကျ နားထောင်ကာပြင်စရာရှိကပြင်ဆင်ကာတိုးတက်အောင်ကြိုးစား ကြရပါမယ်၊နှလုံးသွင်းဓာတ်ခံကောင်းသူများသည်မိမိတို့ကိုနှိပ်ကွပ် ဆုံးမသော်လည်းကျေနပ်စွာပင်နာခံ၍ပြုပြင်သဖြင့်အထက်တန်း ရောက်ကြပါတယ်၊ဓာတ်ခံမကောင်းသူများကတော့ပြုပြင်ဖို့မကြိုး စားဘဲပြောဆိုဆုံးမသူကိုရန်ငြိုးထားသဖြင့်ဒီဘဝမှာလည်းဆင်းရဲ, သံသရာခရီးမှာလည်း ဆင်းရဲဒုက္ခရောက်ကြရပါတယ်၊ ဒီနေရာမှာ ဓာတ်ခံကောင်းသူများအတွက်နမူနာပြအရှင်ဥပသေနမထေရ်မြတ်ကို ထုတ်ပြ၍ဓာတ်ခံမကောင်းသူများအတွက် နမူနာပြအပြစ် သုဘဒ္ဒ ရဟန်းကြီးကိုထုတ်ပြပြောဆိုလိုပါတယ်။

## တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ( Ph.D)၏

## အရှင်ဥပသေနမထေရ်

အရှင်ဥပသေနမထေရ်သည် နာလကရွာ၌ ဝင်္ဂန္တပုဏ္ဏားကြီးနှင့် သာရိပုဏ္ဏေးမကြီးတို့မှ ဖွားမြင်လာသူ ဖြစ်ပါတယ်၊ အရွယ်ရောက် လာသည့်အခါ ဗေဒင် သုံးပုံတို့ကို တတ်မြောက်ပြီးမှ ဘုရားရှင်၏ တရားတော်ကိုနာကြားရသဖြင့်သဒ္ဓါတရားဖြစ်ကာသာသနာတော်သို့ ရဟန်းအဖြစ်ဖြင့် ဝင်ရောက်လာသော ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ခဲ့သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ဦးဖြစ်ပါတယ်၊ရဟန်း ဖြစ်ပြီး၍ တစ်ဝါရသည့်အခါ အရိယာဖြစ်သော ကိုယ်ဝန်သူငယ်ကို တိုးပွားစေမယ်၊ (အရိယာ အလောင်းအလျာတစ်ဦး တိုးပွားအောင် ပြုလုပ်မယ်)ဟုကြံကာ အမျိုးသားငယ် တစ်ဦးကို ရှင်ရဟန်းပြုပေး လိုက်ပါတယ်၊ဝါကျွတ်၍ပဝါရဏာပြုပြီးချိန်မှာအရှင်ဥပသေနသည် ကိုယ်တိုင်နှစ်ဝါရှိပြီး တစ်ဝါရရှိသော သဒ္ဓိဝိဟာရိက တပည့်ကို အကြောင်းပြု၍ ဘုရားရှင် နှစ်သက်တော်မူမည်ဟုသောအထင်ဖြင့် တပည့်ရဟန်းကိုခေါ်ကာ ဘုရားရှင်ကို ဖူးမြင်ရန် သွားပါတယ်၊ ဘုရားရှင်အထံတော်သို့ရောက်သည့်အခါမှာဘုရားရှင်ကသိက္ခာဝါ များကိုမေးတော်မူ၍''တပည့်တော်ကနှစ်ဝါရပါပြီဘုရား၊ဒီရဟန်း လေးက တစ်ဝါရပါပြီ ဘုရား''ဟု လျှောက်ထားဖြေကြားပါတယ်၊ ဘုရားရှင်ကဆက်လက်ပြီး''သင်နှင့်ဘယ်လိုတော်စပ်သလဲ''ဟု မေးတော်မူပြန်ရာတပည့်တော်၏သဒ္ဓိဝိဟာရိက(အတူနေတပည့်)ပါ ဘုရားဟုလျှောက်ထားလိုက်သည့်အခါမှာအရှင်ဥပသေနမျှော်လင့်

ခဲ့သည့်အတိုင်းနှစ်သက်မှုကိုမရရှိဘဲ–––

မောဃပုရိသ–သင်သည် အလွန်မြန်စွာ ပရိသတ်များခြင်းငှာ ပြုကျင့်ဆောင်ရွက်ပေတယ်စသည်ဖြင့်အမျိုးမျိုးရှုတ်ချကဲ့ရဲ့တော်မူမှုကို ခံယူလိုက်ရပါတယ်။အရှင်ဥပသေနသည်ရဟန်းငယ်လေးကိုရဟန်း ပြုပေးစဉ်ကသာသနာတော်အတွက်အရိယာလောင်းတစ်ဦးဆိုးစေရန် ဟူသောဆန္ဒမွန်ဖြင့် ရဟန်းပြုပေးခဲ့ခြင်းဖြစ်သလို ဘုရားရှင်အထံ လာသည့်အခါမှာလည်း ဒီရဟန်းငယ်လေးကို ရဟန်းပြုပေးခဲ့သည့် အတွက်ဘုရားရှင်၏ကျေနပ်မှုကိုခံယူရရှိမည်ဟုမျှော်လင့်ခဲ့ပါတယ်၊ ဘုရားရှင်၏အထံတော်သို့ရောက်လာသည့်အခါမှာ မျှော်လင့်သလို ဖြစ်မလာဘဲ‘‘မောဃပုရိသ’’ဟူသောအသုံးအနှုံးဖြင့်ရှုတ်ချကဲ့ရဲ့မှုကို ခံယူလိုက်ရပါတယ်။မောဃပုရိသဆိုသည်မှာ‘‘မဂ်–ဖိုလ်တရားထူးမရှိ အချည်းနှီးအလကားလူ’’ဟုဆိုလိုခြင်းဖြစ်ပါတယ်။အရှင်ဥပသေနသည် နောင်အခါမှာ မဂ်–ဖိုလ်တရားထူးများကို ရရှိမည်ဖြစ်သော်လည်း ယခုအချိန်၌ မဂ်–ဖိုလ် မရရှိသေး၍ ‘‘မောဃပုရိသ–မဂ်–ဖိုလ်မမှီး အချည်းနှီးယောကျာ်း’’ဟုခေါ်တော်မူမှုကိုခံလိုက်ရပါတယ်၊

နှလုံးသွင်းရည်ရွယ်ချက်ကောင်းမွန်စွာဖြင့်ဆောင်ရွက်ခဲ့သောမိမိ ကိုဘုရားရှင်ကအပြင်းထန်ဆုံးစကားလုံးတော်များဖြင့်နှိပ်ကွပ်ဆုံးမ တော်မူသည်ကိုအနည်းငယ်မျှမကောင်းစိတ်မဖြစ်ဘဲ‘‘ဆုံးမနှိပ်ကွပ် အပြစ်တင်သော လပြည့်ဝန်းသဖွယ် တင့်တယ်အသရေရှိလှသော ဉာဏ်နှုတ်တော်ဖြင့်ပင်ပရိသတ်ကိုအကြောင်းပြု၍ပင်ကောင်းချီး

ပေးတော်မူအောင်ကြိုးစားမည်”ဟုတွေးကာထိုင် နေ့၌ပင်ထားစ်နေရာ
သို့သွားရှိပြီး၌ပါပသဿနာတရားပွားများအားထုတ်ရာမကြာမီပင်ဖြင့်ရဟန္တာ
ဖြစ်တော်မူပါတယ်။

အရှင်ဥပသေနမထေရ်မြတ်သည်ဆွေမျိုးကြီးမှရဟန်းပြုလာသူ
လည်းဖြစ်၊တစ်မြေပြင်လုံးကျော်ကြားသောဓမ္မကထိကကြီးလည်း
ဖြစ်လို့မို့မထေရ်မြတ်အထံမှာရဟန်းပြုလိုသူတွေများပြားကြပါတယ်၊
ရဟန်းပြုလို၍မိမိအထံ ရဟန်းပြုပေးရန် တောင်းပန်လျှောက်ထား
သည့်အခါငါသည်အာရညကင်ပံသုကူလိကင်စသောဓုတင်များကို
ဆောက်တည်ကျင့်သုံးတယ်၊ငါကဲ့သို့ဓုတင်ဆောင်သူဖြစ်လျှင်ရှင်ပြု
ပေးမည်ဟုမိန့်တော်မူ၍ဓုတင်ဆောင်ရန်ဝန်ခံသဘောတူသူများကို
ရှင်ပြုပေးခဲ့ပါတယ်၊ထိုတပည့်သာမဏေများသည်စွမ်းအားအလျောက်
ဓုတင်များဆောက်တည်ကြပါတယ်၊အရှင်ဥပသေနဆယ်ဝါမပြည့်မီမှာ
ကိုရင်များသာပြုပေး၍ ဆယ်ဝါပြည့်ပြီးမှ တပည့်များကို ဝိနည်းကို
တတ်ကျွမ်းအောင်သင်ပေးပြီးလျှင်ရဟန်းပြုပေးပါတယ်၊ဤသို့လျှင်
အရှင်ဥပသေနမှာတပည့်ရဟန်းပေါင်းငါးရာအထိရှိလာပါတယ်။

အရှင်ဥပသေနသည်ဘုရားရှင်တစ်ပါးတည်းသီတင်းသုံးတော်
မူရာသို့ပရိသတ်နှင့်အတူသွားရောက်ဖူးမျှော်ရာဘုရားရှင်ကတရား
စကားပြောကြားတော်မူရန်ရည်သန်တော်မူ၍အနီး၌ထိုင်နေသော
အရှင်ဥပသေန၏သဒ္ဓိဝိဟာရိကရဟန်းတစ်ပါးကို‘‘ရဟန်း–သင်သည်
ပံသုကူသင်္ကန်းများကိုနှစ်သက်သဘောကျသလား’’ဟုမေးတော်မူရာ

“မြတ်စွာဘုရားအတပည့်တော်သည်ပံသုကူသက်န်းများကိုနှစ်သက် သဘောကျသည်တော့မဟုတ်ပါဗုပဇ္ဈာယ်ဆရာ၌လေးစားမှုကြောင့် ပံသုကူသက်န်းများကိုဆောင်ရပါတယ်ဘုရား”ဟုရဟန်းငယ်လေးက လျှောက်ထားသည့်အခါဘုရားရှင်ကအရှင်ဥပသေနအားသာဓုခေါ် တော်မူ၍ သမန္တပါသာဒိကဆိုတဲ့ တေဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော် မူပါတယ်၊ သမန္တပါသာဒိကဆိုတာ အရှင်ဥပသေနကိုယ်တိုင်သာ ကြည်ညိုစရာကောင်းသည်မဟုတ်အရှင်ဥပသေနကိုယ်တိုင်နှင့်တကွ တပည့်ပရိသတ်အားလုံးပါကြည်ညိုစရာကောင်းလို့ချီးမြှင့်တော်မူတဲ့ တေဒဂ်ဘွဲ့ထူးကြီးပါအရှင်ဥပသေန၏ရည်ရွယ်ချက်အတိုင်းပရိသတ် ကိုအကြောင်းပြုပြီးဘုရားရှင်၏ရွှေနှုတ်တော်မှထုတ်ဖော်ကာချီးကျူး မြှောက်စားမှုကိုအရှင်ဥပသေနရရှိပါပြီငယ်စဉ်ကပရိသတ်အကြောင်း ပြုပြီးအပြစ်တင်စဉ်ကမကောင်းစိတ်မဝင်စေဘဲအကောင်းစိတ်ဖြင့် ပြုပြင်ကြိုးစားခဲ့လို့ရရှိသောကြီးမားလှသောအကျိုးကြီးဖြစ်ပါတယ်၊ အရှင်ဥပသေနအရှင်မြတ်၏နှလုံးသွင်းမြင့်မြတ်ပုံ,ကျင့်ကြံကြိုးစားပုံ များကိုအတုယူကြပြီးလျှင်မိမိတို့ကိုဆုံးမသည့်အခါမကောင်းစိတ် မဝင်စေဘဲအကောင်းစိတ်ဖြင့်ပြုပြင်ကြိုးစားရမယ်ဆိုတဲ့နှလုံးသွင်း ကောင်း ရရှိအောင် ကြိုးစားကြရပါမယ်၊ နှလုံးသွင်းကောင်းသည့် အတိုင်းအကျင့်ကောင်းများကိုကြိုးစားအားထုတ်ကြခြင်းဖြင့်မိမိတို့ ရည်မှန်းအပ်သောနိဗ္ဗာန်ပန်းတိုင်အထိရောက်ရှိကြပါမယ်။

## သုဘဒ္ဒရဟန်းကြီး

သုဘဒ္ဒဆိုတာ ငယ်စဉ်က လူ့ဘဝမှာ ဆတ္တာသည်အလုပ်ဖြင့် အသက်မွေးနေထိုင်ပြီး အသက်ကြီးမှ သာသနာတော်တွင်းသို့ ဝင်ရောက်လာသော တောထွက်ရဟန်းကြီးတစ်ပါး ဖြစ်ပါတယ်၊ အာတုမာမြို့မှာနေထိုင်ပါတယ်၊အာတုမာမြို့သို့များစွာသောရဟန်း သံဃာနှင့်အတူဘုရားရှင်ကြွလာတော်မူမည်ဟူသောသတင်းကိုကြား သည့်အခါမှာသုဘဒ္ဒရဟန်းကြီးသည်မိမိ၏သားကိုရင်လေးတွေကို ဆတ္တာသည်အလုပ်ဖြင့်ပစ္စည်းရှာစေ၍ဆွမ်းကပ်ရန်စုဆောင်းထားပါ တယ်၊ကိုရင်လေးများကလူတွေ၏ဆံပင်များကိုပြင်ဆင်ပေးပြီးနောက် အခယူသည့်အခါဘုရားရှင်အမှူးရှိသောသံဃာတော်များအားဆွမ်း ကပ်ရန်ပစ္စည်းလိုချင်ကြောင်းပြောကြသည့်အတွက်လူတွေကလည်း ပိုပိုမိုမိုပေးကမ်းကြလို့တစ်သိန်းတန်လောက်အထိစုမိကြပါတယ်၊ ဘုရားရှင်ကြွလာသည့်အခါမှာတော့သုဘဒ္ဒရဟန်းကြီးသည်ကျောင်း တွင်းမှာပင် ဖိုခနောက်စသည်ပြင်ဆင်ကာ အစွမ်းကုန် ချက်ပြုတ်မှု စသည်ကိုပြုပါတယ်၊နောက်တစ်နေ့နံနက်မှာဘုရားရှင်ဆွမ်းခံကြွ တော်မူချိန် လူအများက ''ကိုယ်တော်ကြီး---အဘယ်သူ့အတွက် ချက်ပြုတ်လုပ်ကိုင်နေပါသလဲ၊ဘုရားရှင်ဆွမ်းခံကြွတော်မူလာပြီ''ဟု ပြောသည့်အခါယာဂုအိုးများကိုမွှေနေရာမှယောင်းမကြီးကိုကိုင်လျက် အပြေးအလွှားသွားကာဘုရားရှင်အားသူ၏ဆွမ်းကိုအလှူခံပါရန် လျှောက်ထားပါတယ်၊ထိုအခါဘုရားရှင်ကသုဘဒ္ဒကိုယ်တော်ကြီး

စိမံထားသောစားဖွယ်များ၏ဝိနည်းတော်နှင့်မညီမှုကိုသိတော်မူ၍ သုဘဒ္ဒရဟန်းကြီးကိုကဲ့ရဲ့တော်မူကာရဟန်းတော်များကိုသုဘဒ္ဒ၏ စားဖွယ်များကိုအလှူမခံကြရန်မိန့်တော်မူပါတယ်။

သုဘဒ္ဒရဟန်းကြီးသည်မိမိလှူလိုသောပစ္စည်းများကိုဘုရားရှင် အလှူခံတော်မမူသည့်အတွက်ဘုရားရှင်ဆိုးမပြစ်တင်တော်မူသည်ကို အကောင်းမမြင်ဘဲမကောင်းမြင်ကာဘုရားရှင်အပေါ်မှာရန်ငြိုးထား၍ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူကြောင်းကြားသိရသဖြင့်ငိုမ်းနည်းပူဆွေး နေကြသော ရဟန်းများကို ''ဝမ်းမနည်းနေကြနှင့်၊ မငိုကြွေးကြနှင့်၊ ငို့အပေါ်မှာအပြစ်တင်လွန်းတယ်၊ချုပ်ချယ်လွန်းတယ်၊ဂေါတမဘုရား ပရိနိဗ္ဗာန်ဝင်စံသွားသည့်အခါငို့အတွက်ကောင်းကောင်းကြီးလွတ်လပ် ကြပြီ'' စသည်ဖြင့် ရိုင်းပျဆိုးယုတ်သောစကားများကို ပြောကြားမိ သည်အထိအကုသိုလ်တရားများပွားများရှာပါတယ်။

ဒီဝတ္ထုကိုကြည့်လျှင် မိမိ၏ အမှားကို မြင်အောင်မကြည့်နိုင်ဘဲ နှလုံးသွင်းဓာတ်ခံကောင်းမရှိတော့ ဘုရားရှင်၏ ဆိုးမစကားများကို အကောင်းမမြင်မကောင်းမြင်ပြီးဘုရားရှင်အပေါ်မှာရန်ငြိုးထားလျက် အပြစ်များစွာပြုလုပ်သည့်အတွက်သံသရာမှာနစ်မွန်းရရှာပါတယ်၊ သုဘဒ္ဒရဟန်းကြီးကဲ့သို့ နှလုံးသွင်း မမှားမိအောင် ရှောင်ရှားပြီး အရှင်ဥပသေနမထေရ်မြတ်ကဲ့သို့နှလုံးသွင်းကောင်းထားကာ ဆိုးမ သမျှ မကောင်းမမြင်မိအောင် သတိဆောင်၍ အကောင်းမြင်စိတ်ဖြင့် ကျိုးနွံစွာနာခံကာကောင်းသထက်ကောင်းအောင်ပြုပြင်ကြရပါ့မယ်၊ ကောင်းသထက်ကောင်းအောင်ပြုပြင်ကြသဖြင့်မိမိတို့သန္တာန်မှာရှိသမျှ

မကောင်းတရားတွေအားလုံးကင်းစင်ပြီးပစ္စုပ္ပန်, သံသရာနှစ်ဖြာလုံးမှာအကောင်းတရားများနှင့်ပြည့်စုံကြပြီးသကာလအကောင်းဆုံး, အမြတ်ဆုံးနိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြပါစေသတည်း။

## စိတ်ဝင်စားဖွယ်ရာ မေးခွန်းများ

နှုတ်ဆက်ပွဲအခမ်းအနားသို့တက်ရောက်လာသောပုဂ္ဂိုလ်များမှာ ရဟန်းသံဃာတော်များ,သီလရှင်များ,ဗုဒ္ဓဘာသာကိုကြည်ညိုသော ဒကာဒကာမများ,ဗုဒ္ဓဘာသာကိုလေ့လာနေသောဒကာဒကာမများ, ရုပ်မြင်သံကြား, ရေဒီယို, စာနယ်ဇင်းဌာနများမှကိုယ်စားလှယ်များ စသည်ဖြင့်စုံလင်လှပါတယ်။ နိုပေါလ်ဝိရှုရှန်တိဝိဟာရပဓာနနာယက ဆရာတော်အရှင်ဉာဏပုဏ္ဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, MA) ကလူတန်းစားအလွှာစုံမှလာကြခြင်းဖြစ်ကြောင်း,စာနယ်ဇင်းသမား တွေအသံလွှင့်ဌာန,ရုပ်မြင်သံကြားဌာနများမှပုဂ္ဂိုလ်တွေသည်သူတို့ အလိုအလျောက် အလွန်စိတ်ဝင်စားစွာ လာကြကြောင်း, ရှေးက ယခုလောက်အထိစုံစုံလင်လင်များများမလာဘူးကြကြောင်း,သူတို့ တစ်တွေမေးလိုတာလေးတွေမေးခွင့်တောင်းနေကြကြောင်း,နိုင်ငံရေး ကိစ္စတွေမမေးရန်သူပြောထားကြောင်းစသည်ဖြင့်မိမိအားပြောကြား ပါတယ်၊ မေးလာသည့်အခါမှာ တိုက်ရိုက်နိုင်ငံရေး မေးခွန်းများကို ရှောင်ပြီးမေးကြပါတယ်။ မေးသမျှမေးခွန်းများထဲမှစိတ်ဝင်စားဖွယ် မေးခွန်းအချို့ကိုဖော်ပြပေးလိုက်ပါတယ်။

**သတင်းဌာနများမှ ပုဂ္ဂိုလ်တစ်ဦး။** ။ပစ္စုပ္ပန်လက်ရှိဘဝမှာ ကမ္ဘာ့ငြိမ်းချမ်းရေး,နိုင်ငံငြိမ်းချမ်းရေး

အေးချမ်းသာယာပျော်ရွှင်ရေးအတွက်ဗုဒ္ဓဘာသာမှကျင့်ကြံလိုက်နာဖွယ်ညွှန်ကြားချက်ပေးနိုင်ပါသလား ?။

**အဖြေ။** ။ပေးနိုင်ပါတယ်။ဗုဒ္ဓဘာသာတရားတော်သည်ပစ္စုပ္ပန်ငြိမ်းအေးရေး, သံသရာငြိမ်းအေးရေး လုံးဝငြိမ်းအေးရေးတို့အတွက် လိုက်နာဖွယ် ညွှန်ကြားချက်များ အပြည့်အစုံ ရှိပါတယ်၊ ပစ္စုပ္ပန်လက်ရှိဘဝမှာကမ္ဘာကြီးငြိမ်းချမ်းရေး,နိုင်ငံများငြိမ်းချမ်းရေးအေးချမ်းသာယာပျော်ရွှင်ရေးတို့အတွက်ဗြဟ္မဝိဟာရတရားလေးပါးကိုပွားများလိုက်နာကျင့်ကြံရပါမယ်။ဗြဟ္မဝိဟာရတရားများကိုလိုက်နာသူတွေများလျှင်များသလောက်ငြိမ်းအေးသာယာပျော်ရွှင်ချမ်းသာမှုများကိုရရှိကြမည်ဖြစ်ပါတယ်။ဗြဟ္မဝိဟာရတရားလေးပါးဆိုသည်မှာမေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ–တို့ဖြစ်ပါတယ်။မေတ္တာဆိုတာ–သတ္တဝါအားလုံးအပေါ်မှာထပ်တူထပ်မျှချမ်းသာကြစေလိုတဲ့သဘောဖြစ်ပါတယ်။၁။မိမိကိုယ်တိုင်၊၂။မိမိ၏အကျိုးကိုဆောင်ရွက်ပေးသောမိတ်ဆွေ၃။မိမိအတွက်မကောင်းကျိုးလည်းမပြုကောင်းကျိုးလည်းမပြုသာမန်ပုဂ္ဂိုလ်၄။မိမိ၏အကျိုးမဲ့ကိုပြုသောရန်သူဆိုတဲ့ပုဂ္ဂိုလ်လေးစားအပေါ်မှာမခွဲမခြားထပ်တူထားပြီးကျန်းမာကြပါစေချမ်းသာကြပါစေလို့မေတ္တာပွားရပါမယ်၊အားလုံးအပေါ်မှာကျန်းမာချမ်းသာစေလိုတဲ့မေတ္တာတရားအမြဲထားကာအမြဲပွားနေလျှင်အခြားသူများ၏ဆင်းရဲဒုက္ခရောက်မည့်ကိစ္စတွေအားလုံးကိုရှောင်ရှားပါတော့မယ်၊

အခြားသူများ၏ ဆင်းရဲဒုက္ခရောက်မည့် ကိစ္စများ ရှောင်ရှားလျှင် အေးချမ်းသာယာပျော်ရွှင်ဖွယ်လောကဖြစ်လာပါမယ်။

**ကရုဏာဆိုတာ။** ။ဆင်းရဲနေသော ပုဂ္ဂိုလ်သတ္တဝါများအပေါ်မှာ သနားကြင်နာငဲ့ညှာတတ်တဲ့သဘောတရားဖြစ်ပါတယ်၊ ဆင်းရဲသောပုဂ္ဂိုလ်များအပေါ်မှာ သနားကြင်နာငဲ့ညှာမှုသဘောတရားဖြစ်သောကရုဏာတရားကိုမိမိတို့သန္တာန်၌များများဖြစ်အောင်မွေးမြူရပါမယ်၊ဆင်းရဲသောပုဂ္ဂိုလ်များအပေါ်မှာသနားကြင်နာမှုသဘောတရားကရုဏာတရားအဖြစ်များလာလျှင်အခြားသူများ ဆင်းရဲနေသည်ကို မကြည့်ရက်တော့ဘဲ မိမိကိုယ်တိုင်ပင်ဆင်းရဲနေသူများကိုဆင်းရဲတွင်းမှကူညီစောင့်ရှောက်လိုစိတ်များပြားစွာ ဖြစ်ပေါ်လာပါမယ်၊ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်တွေကို ဆင်းရဲအောင်လုပ်လိုတဲ့သဘောမှလည်းလုံးဝကင်းဝေးသွားပါမယ်၊ကရုဏာတရားအဖြစ်များလာလို့ဆင်းရဲသူတွေကိုကယ်တင်လိုမှုချမ်းသာသူများကိုချမ်းသာနေမှုမှ မပျောက်ပျက်အောင် စောင့်ရှောက်လိုမှု ဖြစ်လာလို့ဆင်းရဲသူတွေကို ကယ်တင်ကြမည့်သူတွေ, ချမ်းသာသူတွေကိုချမ်းသာမှုမပျက်အောင် စောင့်ရှောက်ကြမည့်သူတွေများလာလျှင်ကမ္ဘာလောကကြီး သည် ငြိမ်းချမ်းသာယာ ပျော်ရွှင်ဖွယ်ကောင်းတဲ့ကမ္ဘာလောကကြီးဖြစ်လာမည်မှာသေချာလှပါတယ်။

**မုဒိတာဆိုတာ။** ။ချမ်းသာနေသောပုဂ္ဂိုလ်များကိုကြည့်ပြီးဆမ်းသာကြည်နူးမှုသဘောတရားဖြစ်ပါတယ်၊ချမ်းသာနေ

သူများကိုကြည့်ပြီး ဝမ်းသာကြည်နူးမှုသဘောတရားဖြစ်တဲ့ မုဒိတာတရားကိုမိမိတို့သန္တာန်မှာများများဖြစ်အောင်ဖွံ့မြှုရပါမယ်၊ချမ်းသာနေသူများကိုကြည့်ပြီးကြည်နူးမှုသဘောတရားဖြစ်တဲ့မုဒိတာတရားအဖြစ်များလာလျှင် ချမ်းသာသူများကို ဆင်းရဲစေမည့် လုပ်ငန်းရပ်များကိုရှောင်ရှားပြီးချမ်းသာသူများ၏ချမ်းသာရေး,ဆင်းရဲသူများ၏ဆင်းရဲကင်းကွာ ချမ်းသာလာရေးတို့အတွက် ကြိုးစားဆောင်ရွက်လိုစိတ် ပေါ်လာပါမည်၊တကယ်လက်တွေ့ အများချမ်းသာရေးကိုဆောင်ရွက်လာပါမည်၊အများချမ်းသာရေးအတွက်ဆောင်ရွက်သူတွေများလာလျှင်ကမ္ဘာလောကကြီးသည်ဆင်းရဲကင်းကွာပြီးအေးချမ်းသာယာပျော်ရွှင်ဖွယ်လောကကြီးဖြစ်လာပါမယ်။

**ဥပေက္ခာဆိုတာ။** ။မတရားပြုတတ်သူများ၏မတရားမှုကိုလျစ်လျူရှုခြင်းသဘောဖြစ်ပါတယ်၊မတရားပြုတတ်သူများ၏မတရားမှုကိုလျစ်လျူမရှုဘဲကြည့်ရှုနေလျှင်စိတ်ဆင်းရဲမှုလည်းဖြစ်တတ်,မကောင်းစိတ်လည်းဆင်တတ်ပါတယ်၊ထို့အတွက်မတရားပြုသူများ၏ မတရားမှုကိုတော့ လျစ်လျူရှုမှု ဥပေက္ခာပြုရပါမယ်၊မတရားပြုသူတွေဆိုတာ အချိန်အခါအားလျော်စွာ ရှိနေကြမှာဘဲ၊သူတို့ရဲ့မတရားမှုများကိုရှင်းဘို့ဆိုသည်မှာမလွယ်ပါ၊မတရားပြုသူများရဲ့စိတ်ထဲမှာမတရားမှုရဲ့မကောင်းပုံ,မလုပ်သင့်ပုံကိုသိမြင်လာပါမှမတရားမှုများလျော့နည်းသွားမည်ဖြစ်ပါတယ်၊အများကမေတ္တာကရုဏာစတဲ့အကောင်းတရားတွေကျင့်ကြံပွားများလာလျှင်ရေများ

ရေနိုင်မီးများမီးနိုင်ဆိုသလိုမတရားမှုပြုသူများ၏မတရားမှုများ ပျောက်ကင်းပြီး အကောင်းဘက်သို့ ပါလာနိုင်ပါတယ်၊ သို့အတွက် မတရားသူများ၏မတရားမှုများကိုကြည့်ရှုမနေဘဲမိမိဘက်ကအစွမ်း ကုန်အကောင်းတရားများကိုကြိုးစားပွားများကြခြင်းဖြင့်မတရားမှု များကိုပျောက်ကင်းအောင်ကြိုးစားကြပါ၊မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာဆိုတဲ့ဗြဟ္မဝိဟာရတရားလေးပါးသည်ငြိမ်းချမ်းသာယာရေး အတွက် ကျင့်ကြံရမည့် တရားတော်များဖြစ်ပါတယ်၊ ကမ္ဘာကြီး၏ ငြိမ်းချမ်းသာယာမှုကိုလိုလားသူအားလုံးမေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာဆိုတဲ့ဗြဟ္မဝိဟာရတရားလေးပါးကိုပွားများကြဘို့တိုက်တွန်း လိုပါတယ်။

**ထပ်ဆင့်မေး။** ။နိုင်ငံရေးသမားတွေဗုဒ္ဓတရားတော်များကိုသိဘို့ ကျင့်ဘို့လို-မလိုသိပါရစေ။

**ဖြေ။** ။ဗုဒ္ဓတရားတွေကိုမသိသင့်သူ,မကျင့်သင့်သူမရှိပါ၊မည်သူ မဆိုသိသင့်,ကျင့်သင့်ပါတယ်နိုင်ငံကြီးကိုသာယာတိုးတက် အောင် ကြံဆောင်နေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အခြားပုဂ္ဂိုလ်များထက် ပိုမို၍ပင်ဗုဒ္ဓတရားတော်များကို သိသင့်ကြပါတယ်၊ ကျင့်ကြံသင့်ကြ ပါတယ်၊ အများကို ဦးဆောင်နေတဲ့ ပုဂ္ဂိုလ်တွေက အမှန်တရားကို ကျင့်ကြံကြလျှင်အားလုံးပင်တဖြေးဖြေးနဲ့အမှန်တရားကိုကျင့်ကြံ လာကြပြီးလောကကြီးပိုမိုသာယာချမ်းသာလာမည်ဖြစ်ပါတယ်။

**ရဟန်းတော်တစ်ပါးအမေး။** ။အသားစားခြင်းသည် ဗုဒ္ဓဝါဒနှင့် မဆန့်ကျင့်ပါလား၊ မဟာကရုဏာတော်ရှိမြတ်စွာဘုရား၏အလိုတော်နှင့်မဆန့်ကျင်ပါလား။

**အဖြေ။** ။ဘုရားရှင်သည် သတ္တဝါအားလုံးအပေါ်မှာ ကြီးမားသောကရုဏာထားတော်မူသောကြောင့် မိမိကို အကြောင်းပြု၍မည်သည့်သတ္တဝါကိုမျှ သေကြေ ပျက်စီးမှု မဖြစ်စေလိုပါ၊ သို့ပါ၍မိမိကိုအကြောင်းပြုကာ သတ္တဝါများ သေရမည်ကို မြင်လျှင် သေရသည်ဟုကြားလျှင် သေရသည်ဟု ယုံမှားလျှင် ထိုသေသောသတ္တဝါများ၏ အသားကို မစားရန် ဘုရားရှင် ပညတ်တော်မူပါတယ်၊ မိမိကြောင့်သေသည်ကိုမမြင်ရ,သေသည်ဟုမကြားရ,သေသည်ဟုမယုံမှားအပ်သောအသားကိုကားစားသုံးရန်ဘုရားရှင်ခွင့်ပြုတော်မူပါတယ်၊ သို့အတွက် အသားစားတိုင်း ဗုဒ္ဓဝါဒနှင့် မဆန့်ကျင်ပါ၊ မိမိအတွက် ရည်ရွယ်ကာ သတ်အပ်သောအသားကို သတ်သည်ကိုမြင်လျက်မိမိအတွက်ရည်ရွယ်ကာသတ်သည်ဟုကြားပါလျက်မိမိအတွက် ရည်ရွယ်ကာ သတ်သည်ဟု ယုံမှားပါလျက် ထိုအသားကိုစားလျှင်တော့ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်ပါတယ်၊မိမိကိုအကြောင်းပြုကာသေရသည်ကိုမမြင်မကြားမယုံမှားအပ်သောအသားများကိုစားခြင်းသည်ဗုဒ္ဓဝါဒနှင့်မဆန့်ကျင်ပါ၊ဘုရားရှင်ကိုယ်တော်တိုင်စားသုံးရန်ခွင့်ပြုတော်မူပြီးဖြစ်၍မည်သည့်အပြစ်မျှမရှိပါ။

**အခြားရဟန်းတစ်ပါးအမေး။** ။ပရိနိဗ္ဗာန်ဝင်စံတော်မူကာနီးမှာ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်လို့ခေါ်တဲ့ အသေးစားသိက္ခာပုဒ်များကို နုတ်လိုက နုတ်ပယ်ကြရန် မိန့်တော်မူခဲ့ပါတယ်၊ထိုခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကိုနုတ်ပယ်ရန်မသင့်ပါလား။

**အဖြေ။** ။ဘုရားရှင်မိန့်တော်မူစဉ်ကပင်ဘုရားရှင်၏သန္တာန်၌နုတ်ပယ်စေလိုသောဆန္ဒတော် မရှိခဲ့ပါ၊ အရှင်မဟာကဿပ၏ နုတ်ပယ်မှုမပြုဘဲဆက်လက်တည်တံ့အောင်ထိန်းသိမ်းလိုသည့်ဆန္ဒ ဘုရားရှင်၏ ဆန္ဒတော်နှင့်အညီ ဆက်လက် ထိန်းသိမ်းနိုင်မည့် စွမ်းအားကိုသိတော်မူ၍ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကိုနုတ်ပယ်လိုက နုတ်ပယ်ရန်မိန့်တော်မူခြင်းဖြစ်ပါတယ်၊ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို နုတ်ပယ်ခဲ့လျှင် အများ၏ အပြစ်တင်မှုကိုလည်း ခံရပါမယ်၊ ရဟန်းတော်များဘက်မှကျင့်စရာသိက္ခာပုဒ်များနည်းပါးသွားပါလျှင်ရှိသေဖွယ် ဂုဏ်သိက္ခာလည်း နည်းပါးသွားမည်ဖြစ်ပါတယ်၊ ထေရဝါဒ ဗုဒ္ဓဘာသာသည် ဘုရားရှင်၏စကားတော် ဥပဒေတော်အားလုံးကို အစွမ်းကုန်ကြိုးစားလိုက်နာသည့်ဘာသာဖြစ်ပါတယ်။မလိုရာများကို ဖြုတ်ပယ်ခွင့်မရှိပါ၊အဋ္ဌကထာဆရာကြီးများကိုလည်း‘‘ဗုဒ္ဓမတညူ–ဘုရားရှင်၏အလိုတော်ကိုသိတော်မူကြသောပုဂ္ဂိုလ်ကြီးများ’’အဖြစ် အသိအမှတ်ပြုကြပြီး အဋ္ဌကထာဆရာကြီးများ၏ စကားကိုလည်း ဘုရားရှင်၏စကားကဲ့သို့လေးစားလိုက်နာကြရပါတယ်၊အဋ္ဌကထာ၏ ဖွင့်ဆိုချက်များသည် ဘုရားရှင်၏ ဟောကြားချက်များကို ထောက်ထား၍ဖွင့်ဆိုထားသောအချက်များဖြစ်၍ဘုရားရှင်၏အလိုတော်နှင့်

ဆန့်ကျင်မှု မရှိပါ။ ဘုရားရှင်၏ အလိုတော်နှင့် ညီညွတ်သည်သာ ဖြစ်ကြပါတယ်၊ အဋ္ဌကထာ, ဋီကာတို့၌ မနုတ်ပယ်သင့်ကြောင်း အကြောင်းအကျိုးစုံလင်စွာပြဆိုထားပါတယ်ထို့အတွက်ရုဒ္ဒါနုရုဒ္ဒက သိက္ခာပုဒ်များကို နုတ်ပယ်ရန် မသင့်တော်ပါ၊ နုတ်ပယ်မှုပြုရန် မဖြစ်နိုင်ပါ။

**အခြားရဟန်းတော်တစ်ပါးအမေး။** ။မိန်းမများလည်းပညာရှိသည် ဟူသောစကားနှင့် မာတုဂါမ များညာဏ်နည်းပါးသည်ဟူသောစကားနှစ်ခုသည်မညီမညွတ်ဖြစ်နေ ပါတယ်၊အဘယ်သို့ယူဆရပါမည်လဲ။

**အဖြေ။** ။မိန်းမများလည်းပညာရှိသည်ဟူသောစကားသည်ကုဏ္ဍလ ကေသာထေရီဝတ္ထု၌ကုဏ္ဍလကေသာကမိမိကိုသတ်ရန် ကြိုးစားနေသောခိုးသူလင်ယောကျ်ားကို မိန်းမတို့၏ ပရိယာယ်ဖြင့် လှည့်ပတ်ကာ ခိုးသူယောကျ်ားကို တောင်ပေါ်မှ တွန်းချအနိုင်ယူ လိုက်သည့်အတွက်ရုက္ခဇိုးနတ်ကကုဏ္ဍလကေသာအားကောင်းချီး ပေးသောအားဖြင့်ရွတ်ဆိုအပ်သော---

**နဟိသဗ္ဗေသုဌာနေသု,ပုရိသောဟောတိပဏ္ဍိတော၊**

**ဣတ္ထီပိပဏ္ဍိတာဟောတိ,တတ္ထတတ္ထဝိစက္ခဏာ–** ဟူသော ဂါထာမှစကားဖြစ်ပါတယ်ဒီဂါထာသည်ဘုရားဟောဂါထာမဟုတ်ပါ၊ ရုက္ခဇိုးနတ်ရွတ်ဆိုအပ်သောဂါထာဖြစ်ပါတယ်၊အရာအားလျော်စွာ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို ပညာရှိသည်ဟု ချီးကျူး ဂုဏ်ပြုခြင်းဖြစ်ပါတယ်။

**ဒုပ္ပညော အာနန္ဒ မာတုဂါမော** –အာနန္ဒာ––– မာတုဂါမသည် ပညာနည်းပါး၏–ဟူသောစကားတော်ကတော့ဘုရားရှင်ကိုယ်တော် တိုင်ဟောကြားတော်မူအပ်သောစကားတော်ဖြစ်ပါတယ်။အင်္ဂုတ္တရ နိကာယ်စတုက္ကနိပါတ်အပဏ္ဏကဝဂ်မှာပါရှိပါတယ်။

ပညာရှိသည်ဟူသောရက္ခဗိုးနတ်၏စကားသည်အခြေအနေကို ကြည့်၍အန္တရာယ်မှလွတ်ရန်ကြံစည်စဉ်းစားပြုလုပ်နိုင်မှုကိုပညာ ရှိသည်ဟုချီးမွမ်းခြင်းဖြစ်၍''အာနန္ဒာမာတုဂါမသည်ပညာနည်းပါး သည်''ဟူသောဘုရားရှင်၏စကားတော်ကယောကျ်ားများလောက် ဉာဏ်ပညာမကြီးမှုကို ရည်ရွယ်၍ ဟောတော်မူသည်ဟု ယူဆလျှင် ဆန့်ကျင်ဖွယ်မရှိပါ၊ မာတုဂါမများသည် သမ္မာသမ္ဗောဓိဉာဏ်ကို မရနိုင်ကြပါ၊ယောကျ်ားများသာသမ္မာသမ္ဗောဓိဉာဏ်ကိုရနိုင်ကြပါတယ်၊ သမ္မာသမ္ဗောဓိဉာဏ်ဆိုတာဘုရားရှင်တို့၏ဉာဏ်ဖြစ်ပါတယ်။

**အခြားရဟန်းတော်တစ်ပါးအမေး။** ။သာသနာပြုဆရာတော် ကြီးအချို့ဝတ္ထုငွေများ အလှူခံခြင်းကိုအဘယ်သို့စဉ်းစားရပါမည်လဲ။

**အဖြေ။** ။ဝတ္ထုငွေ လှူဒါန်းသည့်အခါ ကပ္ပိယကာရကအထံ အပ်နှံ လှူဒါန်း၍ကပ္ပိယကာရကဖြစ်သောဥပါသကာကအပ်စပ် အောင်ထိန်းပေးလျှင်အပြစ်မရှိပါ၊ကပ္ပိယကာရကပြုလုပ်သူဥပါသကာ ကကျွမ်းကျင်လျှင်ဆရာတော်ကြီးများမှာလုံးဝအပြစ်မရှိသည့်အပြင် ကျယ်ပြန့်စွာသာသနာပြုနိုင်သဖြင့်အကျိုးရှိပါတယ်။

# ရွှေတောင်ကုန်း သာသနာ့ရိပ်သာခွဲ

# ကထိန်အလှူတော်

ရန်ကုန်မြို့ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဦးစီး၍ဖွင့်လှစ်တည်ထောင်ထားသောနီပေါလ်ကတ္တမန္ဒူ ရွှေတောင်ကုန်းသာသနာ့ရိပ်သာခွဲ (I B M C) ၌ကျင်းပအပ်သော ကထိန်အလှူတော်၌လည်းကထိန်အနုမောဒနာတရားဟောကြားခဲ့ရ ပါသေးတယ်၊ ဟောသည့်တရားမှာ ဝိရူရှန်တီဝိဟာရကထိန်၌ ဟောကြားခဲ့သောတရားနှင့်ထူးခြားမှုသိပ်မရှိလှသဖြင့်ထပ်မံဖော်ပြမှု မပြုတော့ပါ။ကထိန်အခမ်းအနားပြင်ဆင်ပုံ,ကထိန်၌ရတနာသုံးပါး အား ပူဇော်ပုံ, မြန်မာသံအမတ်ကြီးအမျိုးရှိသော သံရုံးမိသားစုများ တက်ရောက်ပုံ,သံအမတ်ကြီးစကားပြောပုံ,မိမိတရားဟောပုံအားလုံး ပဲတူညီကြပါတယ်။မိမိဟောကြားအပ်သောအနုမောဒနာတရားကို ယခင်အခမ်းအနားများ၌ စကားပြန်လုပ်ပေးခဲ့သူမှာ ဒေါ်အဂ္ဂညာဏီ (ဓမ္မာစရိယ)ဖြစ်၍ရွှေတောင်ကုန်းရိပ်သာခွဲ (I B M C) ကထိန် အလှူတော်ဝယ် စကားပြန်လုပ်ပေးသူကတော့ မြန်မာနိုင်ငံ၌ "သမီးချစ်" ဟုကျော်ကြားသောမြန်မာနိုင်ငံအစိုးရဓမ္မာစရိယစာမေး ပွဲကို နိုင်ငံခြားသူများထဲမှ ပဌမဆုံးအောင်မြင်ကာ ဓမ္မာစရိယဘွဲ့ ရယူထားသောဒေါ်ဓမ္မဝတီ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဖြစ်ပါတယ်၊ (I B M C) သည် နီပေါလ်ဇာတိ ဒကာ, ဒကာမအများစုကို ဗုဒ္ဓတရားဖြင့်စည်းရုံးနိုင်မှုအင်အားအတော်ကြီးမားစွာရှိနေပြီဟု

ယူဆပါသည်၊ကထိန်အလှူတော်ဒကာများသည်လည်းနီပေါလ်ဇာတိ ဒကာဒကာမများဖြစ်ကြပါတယ်၊ ရွှေတောင်ကုန်းကထိန်ရောက်မှ ရဟန်းသံဃာတော်များနှင့်သီလရှင်များအားလှူကြပုံကိုကျောင်းကြီး ပေါ်မှသေချာစွာကြည့်မြင်ခဲ့ရပါတယ်၊ထိုင်နေကြသောရဟန်းတော် များ,သီလရှင်များရှိရာသို့အလှူရှင်များတန်းစီ၍လှူဒါန်းနေကြသည်ကို ကြည့်မြင်ရသည်မှာ အားရကြည်နူးဖွယ်ကောင်းလှပါတယ်၊ ကထိန် အလှူတော်သို့ လာသမျှပုဂ္ဂိုလ်များက မိမိတို့တတ်စွမ်းသမျှလှူဒါန်း ကြသည်ဟုသိခဲ့ရပါတယ်၊ရဟန်းသံဃာတော်များနှင့်သီလရှင်များ သည် မြို့လုံးကျွတ် ကြွရောက်ခြင်းဖြစ်၍ ငါးရာလောက်အထိ ရှိနိုင် ပါတယ်၊ တစ်ပါးအတွက် ရသည်လှူဖွယ်များလည်း မနည်းပါ၊ နီပေါလ်ငွေ တစ်ထောင်ပတ်ဝန်းကျင် ရကြသည်ဟု သိခဲ့ရပါတယ်၊ နီပေါလ်မှာကျင်းပသမျှကထိန်အားလုံးမှာဤကဲ့သို့ပင်လှူကြသည် ဟုလည်းသိခဲ့ရပါတယ်။ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ ခွဲသည်နေရာလည်းကျယ်အဆောင်အဦလည်းပြည့်စုံသလိုနီပေါလ် လူမျိုးများစွာတို့စိတ်ဝင်စားစွာအားပေးကြ,စာသင်ကြ,တရားထိုင်ကြ စသည်ဖြင့်စည်ကားနေသည်ကိုတွေ့ရသဖြင့်ထေရဝါဒသာသနာတော် အတွက်အားတက်ခဲ့ရပါတယ်။

## "အမိမြန်မာ ပြန်အလာ"

(၂.၁၁.၂၀၀၂)စနေနေ့တွင် (I.B.M.C)ကထိန်အလှူတော်၌ ကထိန်အနုမောဒနာတရားဟောကြား၍ ဆွမ်းစားပြီးနောက် အမိမြန်မာနိုင်ငံ သို့ပြန်ရန် အစီအစဉ်အတိုင်း နီပေါလ်ကတ္တမန္ဒူမြို့ ဝိရှုရှန်တီဝိဟာရ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏပုဏ္ဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, M.A) သံအမတ်ကြီး ဦးနေဝင်း စသည်တို့နှင့်အတူ ကတ္တမန္ဒူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်ခဲ့ပါသည်၊ ပဋ္ဌာနသမဏ အရှင်ဉာဏိဿရ (တိုက်ကြပ်, နာယက,စာချ) ကပ္ပိယကာရက မောင်ကျော်သူရထွန်းတို့သည် မြန်မာသံရုံးမှာန်ထမ်းအချို့နှင့်အတူလေဆိပ်သို့ကြိုတင်သွားရောက်၍ ဆောင်ရွက်ဖွယ်ရာများကိုကြိုတင်ဆောင်ရွက်ထားကြသဖြင့်မိမိသည် လေယာဉ်ထွက်ချိန်နီးကပ်မှ (I.B.M.C)မှလေဆိပ်သို့သွားရောက် ခဲ့ပါသည်၊ကတ္တမန္ဒူလေဆိပ်မှ (TG)လေယာဉ်ကြီးဖြင့်ပြန်လာကြရာ ညနေ၄းနာရီခန့်တွင်ဗန်ကောက်မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ကြီးသို့ရောက်သည့်အခါမှာမြန်မာစစ်သံမှူးကြီးဗိုလ်မှူးကြီးကိုကို မောင်–စသော စစ်သံရုံးဝန်ထမ်းများနှင့် ဝပ်မဟာဓာတ်ကျောင်း တော်ကြီးအဆောင်၂၅–ကျောင်းဘုန်းကြီးဝရပညာဂုဏ်စသော

ပုဂ္ဂိုလ်များကလာရောက်ကြိုဆိုပေးကြပါသည်။အစီအစဉ်အတိုင်းပင် ဝပ်မဟာဓာတ်ကျောင်း တော်ကြီး အဆောင် ၂၅–၃ နှစ်ညမျှ တည်းခိုးကာမြဘုရား,ဗုဒ္ဓမွန်ထုန်စသောတန်ခိုးကြီးဘုရားများကို ဖူးမျှော်၍ (၄.၁၁.၂၀၀၂)နေ့ နံနက်ပိုင်း (TG)လေယာဉ်ကြီးဖြင့် ပြန်လာခဲ့ရာ နံနက် ၉း၀၀–နာရီခန့်မှာ ဘေးရန်ကင်းကွာ ချောမော စွာဖြင့် အမိမြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့ပါသည်၊ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးမှတိပိဋကမဟာဂန္ဓာရုံတိုက်အုပ် ဘုန်းကြီးအရှင်ကဝိဓဇ(မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်ကဝိန္ဒာလင်္ကာရ (စာချဓမ္မာစရိယ) အရှင်တေဇဝန္တ(စာချ) ရှင်ခေမာဝံသ–စသော တပည့်သံဃာများနှင့်သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်,ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးထင်မျိုး,ညွှန်ကြား ရေးမှူး ဦးကျော်ငြိမ်း, အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှဖေ, ကာကွယ်ရေး ဝန်ကြီးဌာန (ကကလှမ်း)မှ ဗိုလ်မှူးမြင့်ဌေး , မိမိ၏ မယ်တော်ကြီး ဒေါ်ခင်ကြည်စသောပုဂ္ဂိုလ်များကကြိုဆို၍ဆောင်ရွက်ဖွယ်ရာများကို ကူညီဆောင်ရွက်ပေးကြပါသဖြင့်အခက်အခဲမရှိချမ်းသာစွာပြီးစီး ခဲ့ပါသည်။

နီပေါလ်နိုင်ငံသူ,နိုင်ငံသားအများစုကလှူဖွယ်အမျိုးမျိုးလှူကြရာ တွင်ကြေးသွန်းထားသောသယမ္ဘူစေတီတော်ပုံစံငယ်စေတီတော်,

ဆင်းတုတော်,ဘုရားအလောင်းတော်၏ပုံတော်များစွာပါဝင်ကြသဖြင့် လျှူဖွယ်များကိုစာစ်ပါးတည်းအကုန်မသယ်ယူနိုင်ပါနီပေါလ်ကတ္တာ မန္တလေးမြို့၌ချန်ထားခဲ့သောလှူဖွယ်များကိုမြန်မာသံအမတ်ကြီးဦးနေဝင်း ကလည်းကောင်း,ဘန်ကောက်မြို့၌ချန်ထားခဲ့သောလှူဖွယ်များကို စစ်သံမှူးကြီး ဗိုလ်မှူးကြီးကိုကိုမောင်ကလည်းကောင်း တာဝန်ယူ စီစဉ်ပေးကြသဖြင့်လှူဖွယ်ပစ္စည်းများ အားလုံးအဆင်ပြေစွာ အမိ မြန်မာနိုင်ငံသို့ရောက်ရှိလာပါသဖြင့်နီပေါလ်ပုံစံစေတီတော်,ဆင်းတု တော်, ဘုရားအလောင်းမြတ်၏ ပုံတော်များကို ဝမ်းသာကြည်နူးစွာ ဖူးမြော်ကြရပါသည်၊သာသနာစိတ်ရှိသူများ၏ကူညီမှုကြောင့်မိမိ၏ သာသနာပြုခရီးစဉ်သည်အပြည့်အဝအောင်မြင်ခဲ့ပါသည်။

## "နိဂုံးနှင့် ပဏ္ဏနာ"

တစ်လောကလုံး၌အမြတ်ဆုံး,အကြီးကျယ်ဆုံးဖြစ်တော်မူသော အတူမရှိသော ပုဂ္ဂလဝိသေသ ပုရိသာဇည ဗုဒ္ဓမြတ်စွာ၏ ဇာတိမြေ ဖြစ်သောနီပေါလ်နိုင်ငံ၌ဟောကြားအပ်ခဲ့သောတရားဒေသနာများနှင့် ခရီးစဉ်မှတ်တမ်းများကို ဖော်ပြထားသော ''မြေမြတ်မဟာ တရား မြတ်ဒေသနာ'' အမည်ရှိ ဤကျမ်းစာငယ်လေးသည် သာသနာ တော်နှစ် ၂၅၄၆–ခုနှစ်၊မြန်မာသက္ကရာဇ်၁၃၆၄–ခု၊တပို့တွဲလဆန်း

(၁၆၆)   **တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရ(          Ph.D)၏**

၂–ရက်နေ့(၂၃.၂.၂၀၀၃)နေ့၌ အောင်မြင်ပြီးဆုံးခြင်းသို့ရောက်ခဲ့ပါသည်။

ဤကျမ်းစာငယ်ကိုဖတ်ရှုရသောပုဂ္ဂိုလ်များ၏သန္တာန်၌သူတော်ကောင်းဆိတ်ဓာတ်များကိန်းဝပ်ကြပြီးလျှင်သူတော်ကောင်းကြီးများ၏လမ်းစဉ်အတိုင်း သာသနာတော်ကြီး၏ အနှစ် အငြိမ်းဓာတ်အစစ်ကေန်ဖြစ်သောမင်္ဂ,ဖိုလ်,နိဗ္ဗာန်သို့ကေန်မုချရောက်ရှိနိုင်ကြပါစေသတည်း။

အရှင်သုမင်္ဂလာလင်္ကာရ(Ph.D.)
တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက

❖ ❖ ❖ ❖ ❖ ❖ ❖

## ရန်ကုန်မြို့ ၊ ကမ္ဘာအေး
## တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်
## ၂၈-နှစ်တာခရီးအတွင်း

### ထူးခြားသော အောင်မြင်မှုများစာရင်းချုပ်

❀ ❀ ❀ ❀ ❀

တိပိဋကရွေးချယ်ရေးစာမေးပွဲကြီး၌

အောင်မြင်သူပေါင်း ..... ၆၃-ပါး

အစိုးရဓမ္မာစရိယဘွဲ့ရပေါင်း ..... ၆၂-ပါး

မန္တလေးမြို့ သာမဏေကျော် ဘွဲ့ရပေါင်း ..... ၆၆-ပါး

ရန်ကုန်မြို့ သာမဏေကျော် ဘွဲ့ရပေါင်း ..... ၃၀-ပါး

ပဲခူးမြို့ သာမဏေကျော် ဘွဲ့ရပေါင်း ..... ၂၉-ပါး

မော်လမြိုင်ကျွန်းမြို့ သာမဏေကျော် ဘွဲ့ရပေါင်း ..... ၃၀-ပါး

အစိုးရနိကာယ် ဝိနယဓုရဘွဲ့ရပေါင်း ..... ၁၃၂-ပါး

အစိုးရနိကာယ် အင်္ဂုတ္တရနိကာယဓုရဘွဲ့ရပေါင်း ..... ၄၇-ပါး

နိကာယပုဒ္ဓောတကာသမိတိဘွဲ့ရပေါင်း ..... ၁၃-ပါး

စိန်ပန်းပရိယတ္တိနုဂ္ဂဟာမွှာစရိယဘွဲ့ရပေါင်း ..... ၆-ပါး

ဝိနယာဓိကာမွှာစရိယဘွဲ့ရပေါင်း ..... ၂၇-ပါး

မဟာဂန္ထာရာမိကဂဏဝါစကမွှာစရိယဘွဲ့ရပေါင်း ..... ၇၉-ပါး

မဟာဂန္ထာရာမိကဂဏဝါစကသာသမဏောကျော်

ဘွဲ့ရပေါင်း ..... ၁၀၂-ပါး

အစိုးရပဋ္ဌမကျော်ဘွဲ့ရပေါင်း ..... ၂-ပါး

အစိုးရစာမေးပွဲ တစ်ပြည်လုံး

ပထမ, ဒုတိယ, တတိယပေါင်း ........ ၃၆-ပါး

ယခုဖော်ပြထားသော စာရင်းများသည် ကျောင်းတိုက် တည်ထောင်သည့် ၁၃၃၆-ခုနှစ်မှ ၁၃၆၄-ခုနှစ် ပြာသိုလအထိ ဘွဲ့ထူး, ဂုဏ်ထူးရ စာရင်းများ ဖြစ်ပါသည်၊

# ကျမ်းစာအုပ် အလှူရှင်များစာရင်း

| စဉ် | အမည် နှင့် နေရပ်လိပ်စာ | အလှူတော်ငွေ |
|---|---|---|
| ၁။ | သီရိသုဓမ္မဇောတိကဓဇ ဒေါက်တာသာရင်မြတ်+<br>သီဟသုဓမ္မသိင်္ဂီဒေါ်နွယ်နွယ်အေး<br>သမီး-မရွှေရာစုမြတ် မိသားစု အမှတ်-၁၃၂<br>အဝိုကြင်မြိုင်လမ်းသွယ်-၁၊ သင်္ဃန်းကျွန်းမြို့နယ်<br>သုဝဏ္ဏ၊ ရန်ကုန် | ၅၀၀,၀၀၀ိ/ |
| ၂။ | အဘဦးငွေသော်+အမိဒေါ်စန်းရီ<br>အစ်ကိုကိုမျိုးမြင့်တို့အား ရည်စူး၍<br>ကျန်ရစ်သူမိသားစု၊ ၃၅၊ ဗိုးစိန်လမ်း၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | ၃၀၀,၀၀၀ိ/ |
| ၃။ | ဦးအုန်းဖေ+ဒေါ်အေးအေးမွန် သမီး-အိကောနိုင်<br>နဝရတ်ပုံနှိပ်တိုက်၊ နဝရတ်စာအုပ်ရောင်းဝယ်ရေးနှင့်<br>ဖိတ်စာဖြန့်ချိရေး မိသားစု၊ အမှတ်-၁၈<br>သင်္ဃဟလမ်း၊ ကျောက်မြောင်း၊ တာမွေ | ၂၀၀,၀၀၀ိ/ |
| ၄။ | ဘန်ကောက်မြို့ ဝပ်မဟာဓာတ်ကျောင်း<br>အဆောင်-၂၅၊ ဆရာတော်ဇေရာဇပညာဝုဏ်နှင့်<br>တပည့်ဒါယကာ/ဒါယိကာမများ | ၁၅၀,၀၀၀ိ/ |

၅။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်ကြည်
ဘ ၂၁၊ လသာလမ်း လသာမြို့ ၁၀၀,၀၀၀/

၆။ ဦးနီ+ဒေါ်ဝန်းစန်းရီ သား-မောင်ထွန်းနေဝင်း
သမီး-မသီတာ မိသားစု
ကိုအောင်မိုးဦး+မခင်ခင်ဦး သမီး-အိမြတ်မိုးဦး မိသားစု
ဒေါက်တာကျော်မျိုးလှိုင်+မလှခင်လှခင်မော်
သမီး-အိမ့်သဉ္ဇာကျော် မိသားစု
ကိုတင်ထွန်းအောင်+မကြည်သာဝင်း
သမီး-နန်းအိအိဝင်း မိသားစု
၅၉၊ ရေကျော်ဘုတာရုံလမ်း၊ ကမ္ဘာအေး ၁၀၀,၀၀၀/

၇။ ဦးညာဏ်+ဒေါ်မြင့် သမီး-မဝင်းဝင်းမော်
မဝင်းဝင်းနိုင်၊ သား-စိုးမင်းနိုင်
(သား-ကိုစိုးမင်းအောင်+မနိုင်မာစန်း)
မြေး-ရန်အောင်ဇလ မိသားစု
မြို့အမှတ်-၂ ရေကျော်ဘုတာရုံလမ်း၊
ဝ-ရပ်ကွက်၊ကမ္ဘာအေး ၁၀၀,၀၀၀/

၈။ (ကိုဇော်ဦး (ခ) ကိုမြင့်ဦး)+မမြတ်မြတ်မိုး
မိသားစု မြို့အမှတ်-၇၅၊ ကမ္ဘာအေးဘုရားလမ်း၊
ဝ-ရပ်ကွက်၊ ကမ္ဘာအေး ၁၀၀,၀၀၀/

၉။ ဒေါ်တင်တင်ဦး ၁၈/ဇီ၊ ဦးဘဟန်လမ်းသွယ်
ချောင်တွင်းကုန်း၊ ပါရမီ၊ ရန်ကုန်မြို့ ၁၀၀,၀၀၀/

၁၀။ ဒုတိယဝန်ကြီးဦးကျော်တင်+ဒေါ်ရုရု မိသားစု
၈၁၊ အေ–၉၊ စုပေါင်းလမ်း၊ အင်းယားမြိုင် ၁၀၀,၀၀၀ိ/

၁၁။ မိခင်ကြီးဒေါ်ကျင်သန်းအား အမှူးထား၍
ဦးသန့်ဇင်+ဒေါ်နန်းအေးမွန် သား–စိုင်းဆိုင်လင်း
စိုင်းသန်းထိုက် မိသားစု၊ ၃၄၂ မဟာဗန္ဓုလလမ်း၊
ကျောက်တံတား၊ ရန်ကုန်မြို့ ၁၀၀,၀၀၀ိ/

၁၂။ ဦးသိန်းဝင်း+ဒေါ်ကြည်ကြည်ဆော် မိသားစု
၁၉၇–ဃ၊ ရှမ်းလမ်း(ဇဟိုလမ်း)၊ စမ်းချောင်း ၁၀၀,၀၀၀ိ/

၁၃။ ဗိုလ်မှူးချုပ်ဝင်းတင် (ငြိမ်း)+ဒေါ်နီနီတင် မိသားစု
အမှတ်–၃၊ သဇင်မြိုင်လမ်း၊ ပါရမီ ၁၀၀,၀၀၀ိ/

၁၄။ ဦးမောင်မောင်လွင်+သိရိသုဓမ္မသိင်္ဂီ ဒေါ်စိန်စိန်
(မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာစီးပွားရေး
အဖွဲ့ခေါင်းဆောင်၊ မြန်မာအမျိုးသမီး စီးပွားရေး
စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ)
သား–မောင်အောင်ဇေယျာလွင်၊ သမီး–မနန္ဒာလွင်
မိသားစု၊ အမှတ်–၄၁၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ် ၁၀၀,၀၀၀ိ/

၁၅။ ဦးလင်းမြင့်+ဒေါ်ခင်ခင်ဝင်း မိသားစု
အမှတ်–၅၊ ရွှေစပယ်လမ်းသွယ်
အောင်သိဒ္ဓိလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် ၁၀၀,၀၀၀ိ/

၁၆။ ဒေါက်တာနိုင်ထွန်းအောင်+ဒေါက်တာဝေဝေရင်
သား-ရန်ပြည့်အောင်၊ မိုးမြတ်အောင်မိသားစု ၇၀- ဆ
ငွေဝတ်မှုန်၊ ရွှေတောင်ကြားရိပ်သာ-၁၊ ဗဟန်း ၁၀၀,၀၀၀ိ/

၁၇။ ဦးငွေ+ဒေါ်အေးအေးသွယ် မိသားစု
အမှတ်-၄၁၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း ၁၀၀,၀၀၀ိ/

၁၈။ ဒေါက်တာခင်မောင်လွင်+ဒေါက်တာခင်ခင်ငွေ၊
မိသားစု၊ အမှတ်-၂ ကန်သာယာ ၃-လမ်း၊
ရွှေကြာရုံရိပ်သာ၊ ရန်ကုန်မြို့ ၅၀,၀၀၀ိ/

၁၉။ ဗိုလ်မှူးသန်းမောင်အားရည်စူး၍ ဒေါ်ခင်ညွန့်
သား-ဦးခင်မောင်သိန်း၊ သမီး-ဒေါ်မေသီတာသန်း
၂၁-က၊ နတ်မောက်ရိပ်သာလမ်း၊ တာမွေ ၅၀,၀၀၀ိ/

၂၀။ ဦးထွန်းမြင့်၊ ဦးကျော်ငြိမ်း၊ ဒေါ်တင်ရီ မောင်နှမတစ်စု
၁၁-ဓ၊ မကြီးကြီးလမ်း၊ စမ်းချောင်း၊ ရန်ကုန် ၅၀,၀၀၀ိ/

၂၁။ မိခင်ကြီးဒေါ်သောင်းရီအားရည်စူး၍ ဦးကိုကို+ဒေါ်မြို
(ထီးလှိုင်ရှင်) သား-မောင်နန္ဒဟိန်း၊ မောင်ချမ်းမြေ့
မိသားစု၊ အခန်း-၄၊ အဆောင်-၉၁၊
တောသွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန် ၅၀,၀၀၀ိ/

၂၂။ ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)+ဒေါ်နှင်းကြူ
သား-မောင်ထင်အောင်ကျော်ဦး၊ သမီး-မစံပယ်နှင်းကြူ
မိသားစု၊ ဂျူးမြို့ပတ်လမ်း၊ ကံသာရပ်၊ တောင်ကြီးမြို့ ၅၀,၀၀၀ိ/

၂၃။ ဦးစံအားရည်ရွယ်၍ ဒေါ်သန်းစိန် (ဦးစံထပင်ဆိုင်)

မိသားစု ၄၅၊ ၇-လမ်း၊ လမ်းမတော်၊ ရန်ကုန် ၅၀,၀၀၀ိ/

၂၄။ ကိုကျော်ဇော+မကေသီနိုင် သမီး-နိုင်ရည်ကျော်ဇော

မိသားစု၊ ၃၁-ဧ၊ အခန်း-၃၀၃၊ ၉-ရပ်ကွက်၊ လှိုင် ၅၀,၀၀၀ိ/

၂၅။ နှစ်ဘက်မိဘများအား အမျှပေး၍

ဦးကြောင်ခဲ+ဒေါ်စန်းကြည် ရွှေလီရတနာရွှေဆိုင် မိသားစု

၇၄၄၊ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့်

သံချေးအဆင့်မြင့်ကွန်ဒိုအဆောက်အဦး၊ ရန်ကုန် ၅၀,၀၀၀ိ/

၂၆။ ဦးဆေစ်ဂျီ+ဒေါ်ခင်မေလွှင် မိသားစု

၁၇၊ ၁၅-လမ်း၊ လမ်းမတော်၊ ရန်ကုန် ၅၀,၀၀၀ိ/

၂၇။ ဦးဇော်တင့်+ဒေါ်နွယ်မေ သား-ဝေဖြိုးအောင်

လှိုင်ဖြိုးအောင်၊ လယ်ဆီစက် မိသားစု၊ ဝက်လက်မြို့ ၅၀,၀၀၀ိ/

၂၈။ ဦးသန်းအေး+ဒေါ်ခင်ဝင်းမော် သမီး-ရွှေသုဇာအောင်

သား-ထက်လင်းအောင် မိသားစု အမှတ်-၅၀၁

ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၅၀,၀၀၀ိ/

၂၉။ ဦးသန်းညွန့် +ဒေါ်လှမြင့်

မြင့်တားပွဲရုံ မိသားစု ဝက်လက်မြို့ ၅၀,၀၀၀ိ/

၃၀။ မိဘများအား အမျှပေး၍ မောင်မင်းမင်းဦး

အမှတ်-၇၊ ဒဂုံသိဒ္ဓိလမ်း၊ ကျောက်မြောင်း၊ ရန်ကုန် ၃၅၀၀၀ိ/

၃၁။ ရွှေကြက်ဦးတင်ဦး+ဒေါ်ကြင်မွေး
သိင်္ဂီရွှေရည်မိသားစု အမှတ်-၆၊
ဝက်မှုလက်မှု ၁-လမ်းမြေပဋ္ဌာညွှန့်ရပ်ကွက်၊ တာမွေ ၃၀,၀၀၀/

၃၂။ ဦးသန်းဆွေ+ဒေါ်စိန်ရီ မိသားစု အမှတ်-၁၊
ဗိဇ္ဇါလမ်း၊ ပါရမီ၊ ရန်ကုန် ၃၀,၀၀၀/

၃၃။ ဦးမြသိန်း+ဒေါ်ဝင်းစိန်
ဟင်္သာမင်းမုန့်တိုက် မိသားစု ဝက်လက်မြို့ ၃၀,၀၀၀/

၃၄။ ဒေါ်ကြင်ထွေး သမီး-မခင်သီလှိုင် မိသားစု
ဓာတ်ပုံပစ္စည်းရောင်းဝယ်ရေး
၁၂၆၊ ၃၄-လမ်းရန်ကုန်မြို့ ၂၅,၀၀၀/

၃၅။ ဦးမြင့်လွင် အမှတ်-၁၆၆၊ ပထမထပ်၊
၄၉-လမ်း၊ ပုဇွန်တောင် ၂၂၅၀၀/

၃၆။ ဦးမြင့်တင်+ဒေါ်ထွေးထွေး မိသားစု ၁၆-စီ၊
သလ္လာဝတီလမ်း၊ ၇-မိုင်၊ မရမ်းကုန်း ၂၀,၀၀၀/

၃၇။ ဦးအောင်တင်+ဒေါ်မြင့်မြင့်ကြည်
ဦးသိန်းဇော်+ဒေါ်ကေသီတင် သမီး-ဆုဇာဝေနှင်း
သား-စိုးဝေဏ္ဏထွန်း မိသားစု ၅၆၈-ဆ၊ သုမနလမ်း၊
၁၆၊ ၄-ရပ်ကွက်၊ သင်္ဃန်းကျွန်း ၂၀,၀၀၀/

၃၈။ ဒုတိယဝန်ကြီးဦးမြင့်သိန်း+ဒေါ်ခင်မေစန်း မိသားစု၊
သတ္တုတွင်းဝန်ကြီးဌာန၊ ၅၆၊ ချင်းတွင်းလမ်း၊ ရန်ကုန်မြို့ ၂၀,၀၀၀/

၃၉။ ဦးမောင်မောင်ချို+ဒေါ်တင်စန်းရီ မိသားစု
နယူးယောက်မြို့ အမေရိကန်နိုင်ငံ ၂၀,၀၀၀/

၄၀။ ဒေါ်သန်းဦး မိသားစု
၈၄၊ ဝင်းဒါမီယာ၊ ဗဟန်း၊ ရန်ကုန် ၂၀,၀၀၀/

၄၁။ ဦးသန့်ဇင်+ဒေါ်အေးယဉ် သမီးကြီး-မယဉ်ယဉ်အောင်
သမီးငယ်-မခင်သူဇာ မိသားစု
၂၈၀၊ ကျိုက္ကဆံလမ်း၊ တာမွေ ၂၀,၀၀၀/

၄၂။ ဦးထွန်းသိန်း+ဒေါ်ဘီဘီ
မြစ်ရွာဆိပ်ကပ် မိသားစု ဝက်လက်မြို့ ၂၀,၀၀၀/

၄၃။ ဦးဘုန်းအောင်+ဒေါ်ခင်သန်းဝင်း မိသားစု
အမှတ်-၁၃၅၊ ကော-၃၊ သံလွင်လမ်း၊ ဝင်းဒါမီယာ၊ရန်ကုန် ၂၀၀၀၀/

၄၄။ ဦးကျော်ဝင်း (အကောက်ခွန်မှူး)+ဒေါ်ခင်ငွေမြင့် မိသားစု
၄၆၀၈၊ မှော်ရုံ ၁-လမ်း၊ ၁၁-ရပ်ကွက်၊ ၆-မိုင်ခွဲ၊ လှိုင် ၂၀၀၀၀/

၄၅။ ဦးကြည်ဆန်း+ဒေါ်စန်းစန်းတင့် မိသားစု
အမှတ်-၆၈၊ ၉၄-လမ်း၊ ကန်တော်လေး၊ ရန်ကုန် ၂၀၀၀၀/

၄၆။ ဦးမောင်နိုင်+ဒေါ်တင်သန်းတို့အားရည်စူး၍
ကျန်ရစ်သူ သားသမီးတစ်စု
၁၇၀၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင် ၁၅၀၀၀/

၄၇။ နှစ်ဘက်သောမိဘများအမှူးထား၍
ဦးစောခင်+ဒေါ်သန်းသန်းဌေး မိသားစု
အမှတ်-၇၊ ၃-လွှာ-ဘီ၊ ကျားကွက်သစ်လမ်း၊
ကျောက်မြောင်း၊ တာမွေ ၁၅၀၀၀/

၄၈။ ဦးခင်မောင်ဦး+ဒေါ်သဲခင်လတ် မိသားစု
အရှေ့ဝါယာလက် ၁-လမ်း ကမ္ဘာအေး ၁၀,၀၀၀ိ/

၄၉။ ဦးတင့်လွင် ပါမောက္ခ (ငြိမ်း) အရှေ့တိုင်းပညာဌာန
ရန်ကုန်တက္ကသိုလ် ၁၀,၀၀၀ိ/

၅၀။ ကွယ်လွန်သူဒေါ်သန်းရင်အားရည်စူး၍
အင်ကြင်းပင်ကျောင်းဘုန်းတော်ကြီးအရှင်ဝိမလနှင့်
ဦးသာမြင့် မိသားစု အင်ကြင်းပင်ကျေးရွာဇလက်လက် ၁၀,၀၀၀ိ/

၅၁။ ဒေါ်စိန်မြ မိသားစု ၁၈-စီ၊ ရုနိယံပါတ်၊ ရန်ကင်း ၁၀,၀၀၀ိ/

၅၂။ မောင်ခင်မောင်ဝှေ့စေ့
၁၁-အေ၊ မကြီးကြီးလမ်း၊ စမ်းချောင်း ၁၀,၀၀၀ိ/

၅၃။ ဒေါ်စိန်ကြည် ကထိက (ငြိမ်း) မကွေးတက္ကသိုလ် ၁၀၀၀၀ိ/

၅၄။ (ဒေါက်တာတင်အေး)+ဒေါ်နုနုဝေ မိသားစု
၄၃-ဘီ၊ ပါရမီရိပ်သာ၊ ပါရမီလမ်း၊ ရန်ကုန် ၁၀၀၀၀ိ/

၅၅။ ဦးချိုထွန်း+ဒေါ်ခင်တောဝင်း မိသားစု
၁၇-၂ ပထမထပ်၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန် ၁၀,၀၀၀ိ/

၅၆။ ဦးမင်းကော+ဒေါ်သီတာမြင့် မိသားစု
၆၃၊ ပြည်ဘာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန် ၁၀,၀၀၀ိ/

၅၇။ ဦးလှရွှေ+ဒေါ်လှလှ မိသားစု
၇၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန် ၁၀,၀၀၀ိ/

၅၈။ ဦးကျော်ဝင်း+ဒေါ်ခင်ခင်စိန် မိသားစု
၁၅၆၊ ၄၈-လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန် ၁၀,၀၀၀ိ/

၅၉။ ဦးဒွေးမြင့်+ဒေါ်ခင်ဟန်ရီ မိသားစု
ဥတ္တရမင်္ဂလာခန်းမ၊ ၁၁၉၃၊ သုဝဏ္ဏလမ်းမ၊ မ/ဥ ၁၀,၀၀၀ိ/

၆၀။ ဦးဟန်စိန်+ဒေါ်လှကြည် (ရွှေဖာ ဆပ်ပြာစက်)
မိသားစု ၊ ၁၁၉၄၊ သုဝဏ္ဏလမ်းမ၊ မ/ဥ ၁၀,၀၀၀ိ/

၆၁။ ဦးသိန်းဟန်+ဒေါ်ခင်တင့် မိသားစု
၁၅၆၊ ၄၈-လမ်း၊ ဗိုလ်တထောင် ၁၀၀၀၀ိ/

၆၂။ ဦးတိတိုး+ဒေါ်စွန်တီ မိသားစု ၁၅၊ ဓနသိဒ္ဓိလမ်း၊
၈-ရပ်ကွက်၊ ကမ္ဘာအေး ၁၀၀၀၀ိ/

၆၃။ ဦးချစ်ကောင်စုအားရည်စူး၍ ဒေါ်တင်ကြည် မိသားစု
၁၆၊ ၁၅-လမ်း၊ လမ်းမတော် ၁၀၀၀၀ိ/

၆၄။ နှစ်ဘက်မိဘများအမှူးထား၍
ကိုမြင့်ဦးနိုင်+မချိုချိုမြင့် မိသားစု
၇၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း ၁၀၀၀၀ိ/

၆၅။ ဒေါ်သိန်းတင် သား-မောင်မြင့်သိန်း မိသားစု
၁၄၊ ဝိဇ္ဇာသုခလမ်း၊ ကျောက်မြောင်း၊ ရန်ကုန် ၁၀၀၀၀ိ/

၆၆။ ဦးကျောင်းစိန်+ဒေါ်မော်နီဌေး သား-ကျော်စွာလင်း
သန့်စင်လမ်း၊ မိသားစု၊ ၂၂ ၁၅-လမ်း၊ လမ်းမတော် ၁၀၀၀၀ိ/

၆၇။ ဦးအာဒိစ္စ ညီမကျောင်းအမကြီးဒေါ်လှ
(မိုးဒိဗယ်) မိသားစု ၁၁၂ ၁၅၇-လမ်း၊ တာမွေ ၁၀၀၀၀ိ/

၆၈။ ဦးထွန်းလွင်+ဒေါ်ခင်လေးမြင့် မိသားစု
၂၁၊ ဝိဇ္ဇာသုခလမ်း၊ ကျောက်မြောင်း ၁၀၀၀၀ိ/

၆၉။ ဒေါ်မြင့်မြင့် မိသားစု ၅၅၀-ခ၊
သုမနလမ်း၊ ၁၆/၁-ရပ်ကွက်၊ သင်္ဃန်းကျွန်း ၁၀၀၀ိ/

၇၀။ ဒေါ်ရွှေအိုင် သားသမီးတစ်စု ၃၆၊ ၁၅-လမ်း၊ လမ်းမတော် ၁၀၀၀ိ/

၇၁။ ဦးနိုင်အောင်အားရည်စူး၍ ဒေါ်ကြိုင်ကြိုင်
၄၈၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ် ၁၀၀၀ိ/

၇၂။ ဦးခင်မောင်+ဒေါ်ကျင်မေ မိသားစု ပြည်တော်အေး ၁၀၀၀ိ/

၇၃။ ဒေါ်ယဉ်ကြည် ညီမဒေါ်မြင့်မြင့်ဆွေ မိသားစု
ပြည်တော်အေး ၁၀၀၀ိ/

၇၄။ ဦးကံထွန်း+ဒေါ်သိန်းကြွယ် မိသားစု ပြည်တော်အေး ၁၀၀၀ိ/

၇၅။ ဒေါ်ခင်တင့် မိသားစု ရတနာလမ်း၊ ကျောက်မြောင်း ၁၀၀၀ိ/

၇၆။ ဒေါ်ခင်သိန်း (ပါမောက္ခ) အရှေ့တိုင်းပညာဌာန၊
ရန်ကုန်တက္ကသိုလ် ၁၀၀၀ိ/

၇၇။ ဆရာမဒေါ်မြညွန့် (ငြိမ်း)
၈၂ ကြေးတိုင်စု ၁-လမ်း၊ ဗိန္ဒုကုန်းရပ်ကွက်၊ အင်းစိန် ၁၀၀၀ိ/

၇၈။ ဦးကျော်မင်း+ဒေါ်အေးအေးယဉ် စိန်နှင်းမြမှုယာဆိုင်
၂၂ ဗိဿုကလမ်း၊ ကျောက်မြောင်း ၅၀၀ိ/

၇၉။ ဦးဟန်ညွန့်+ဒေါ်မြမြလတ် မိသားစု
၂၉၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့် ၅၀၀ိ/

၈၀။ ဒေါ်တင်အေး သား-မောင်လှိုင်မိုး၊ မောင်နေလင်းအောင်
မိသားစု၊ တိုက်-၂၉၂၊ ၃၊ နတ်ချောင်း၊ တာမွေ ၅၀၀ိ/

၈၁။ မောင်မင်းဇော် အမှတ်–၂၇၊ ၁၆၅–လမ်း၊ တာမွေ ၅၀၀ိ/

၈၂။ ဦးမြင့်ဝေ+ဒေါ်သန်းစိန် မိသားစု
၂၇၊ ၁၆၅–လမ်း၊ တာမွေ ၅၀၀ိ/

၈၃။ ဦးစန်း+ဒေါ်အေး မိသားစု
၄၇၀၊ ကျိုက္ကစံလမ်း၊ တာမွေ ၅၀၀ိ/

၈၄။ ဦးပြေသိန်း+ဒေါ်ချစ်တင် မိသားစု
၅၀၊ ဆင်မင်းရပ်၊ ကွင်းကျောင်းလမ်း၊ အလုံ ၅၀၀ိ/

၈၅။ ဦးတင်ညွန့်+ဒေါ်ငွေငွေဝင်း မိသားစု
သက်နှံ့ပရိက္ခရာဆိုင်၊ ၄၈၊ ကွင်းကျောင်းလမ်း၊ အလုံ ၅၀၀ိ/

၈၆။ ဦးခင်မောင်ဝင်း+ဒေါ်စိန်စိန် မိသားစု
၂၀၊ သိရိမြိုင်လမ်း၊ ၁၃–ရပ်ကွက်၊ လှိုင် ၅၀၀ိ/

၈၇။ ဦးထွန်းလင်း+ဒေါ်ငြိမ်းငြိမ်း
၉၀၅၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာမ၊ အင်းစိန် ၅၀၀ိ/

၈၈။ ဦးမြတ်လင်းရွှေ+ဒေါ်တင်တင်မြို့ မိသားစု
၁၇၊ မွေသုခကျောင်းလမ်း၊ ၁၃–ရပ်ကွက်၊ လှိုင် ၅၀၀ိ/

၈၉။ ဦးကျော်မြင့်+ဒေါ်ကျင်သန်း မိသားစု
ကျောက်ကုန်း၊ ဘောက်ထော်၊ ရန်ကုန် ၅၀၀ိ/

၉၀။ အရှင်ဝိစက္ခဏနှင့် ရဟန်းအမကြီးဒေါ်သန်းနွဲ့ မိသားစု
၁၇၃၊ ပထမထပ်၊ လမ်း–၄၀၊ ကျောက်တံတား ၅၀၀ိ/

၉၁။ ဒေါ်ဝိပုလညာဏီနှင့် ညီမ မစိန်သင်း မိသားစု
တောတိုက်မမှူရိပ်သာ ၅၀၀ိ/

၉၂။ တိပိဋကဓရမယ်တော်ကြီးဒေါ်ခင်ကြည်မိသားစု
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ကမ္ဘာအေး ၅၀၀၀ိ/

၉၃။ ဆရာမဒေါ်ရီရီ၊ ဒေါ်တင်ညွန့်ညွန့်၊ ဒေါ်တင်တင်အုံး
အမှတ်-၆၅၊ မင်းလမ်း၊ စမ်းချောင်း ၅၀၀၀ိ/

၉၄။ ဆရာမဒေါ်ခင်သန်းနု အမှတ်-၈၁၊ ကြေးတိုင်စု ၁-လမ်း
ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန် ၃၀၀၀ိ/

၉၅။ မစန်းစန်းတင့် ၂၇၊ ၁၆၅-လမ်း၊ တာမွေ ၃၀၀၀ိ/

၉၆။ ဒေါ်သန်းသန်းမြင့် ၂၃-လမ်း၊ လသာမြို့နယ် ၃၀၀၀ိ/

၉၇။ ဒေါ်ခင်ခင်အေး ၂၇၊ ၁၆၅-လမ်း၊ တာမွေ ၃၀၀၀ိ/

၉၈။ မနှင်းကေခိုင်ထွန်း အမှတ်-၁၊ ဆေးတက္ကသိုလ်
ထိယာလက်၊ ပြည်သာယာ ၃၀၀၀ိ/

၉၉။ ဦးတင်အေး+ဒေါ်အုံး မိသားစု
၄၇၉၊ မြို့တာစာ ၁-လမ်း၊ မ/ဥက္ကလာ ၃၀၀၀ိ/

၁၀၀။ ဦးထွန်းကြည်+ဒေါ်တပေါ် မိသားစု
၁၀၁၊ ရေကူးဘုတာရုံလမ်း၊ ၈-ရပ်ကွက်၊ကမ္ဘာအေး ၃၀၀၀ိ/

၁၀၁။ ဦးတင်မောင်လှ+ဒေါ်သက်သက်ဦး
သမီး-ထက်ထက်လင်း မိသားစု ၃၀၀၀ိ/

၁၀၂။ ဦးသက်တင်+ဒေါ်မြင့်မြင့်အေး
သမီး-ဒေါ်ဘီသက်တင် မိသားစု ၂၅၀၀ိ/

၁၀၃။ ဦးမြင့်မောင်+ဒေါ်မြမြ မိသားစု ၉ရာ၊ ဗိဇါလမ်းမ
၂-ရပ်ကွက်၊ မ/ဥက္ကလာ ၂၅၀၀ိ/

၁၀၄။ ဒေါ်ရီ မိသားစု၊ ကျောက်မြောင်း ၂၅၀၀ိ/

၁၀၅။ ဦးကျော်မင်း+ဒေါ်ခင်မလေး ကျောက်မြောင်း ၂၀၀၀ိ/

၁၀၆။ အင်္ဂါနေ့ဆွမ်းလောင်းအသင်း မိသားစု ၂၀၀၀ိ/

၁၀၇။ ဦးဇော်မင်း+ဒေါ်နွဲ့နွဲ့ဝင်း မိသားစု၊ ကျောက်မြောင်း ၁၅၀၀ိ/

၁၀၈။ ဒေါ်စိန်ရီ သမီး-ဒေါ်ခင်ခင်ဆင့် မိသားစုကျောက်မြောင်း ၁၅၀၀ိ/

၁၀၉။ ဦးအေးမြင့်+ဒေါ်သန်းသန်းကြည် မိသားစု ၁၅၀၀ိ/

၁၁၀။ ဦးအောင်ခင်+ဒေါ်ငွေငွေ မိသားစု
၁၀၆ရ၊ သုဓမ္မာ ၁-လမ်း၊ မ/ဥက္ကလာ ၁၀၀၀ိ/

၁၁၁။ ဒေါ်ကျင်မြ ၁၁၀၅၊ သုဓမ္မာ ၅-လမ်း၊ မ/ဥက္ကလာ ၁၀၀၀ိ/

၁၁၂။ ဒေါ်ခင်မြဦး သမီး-မေမေတင် ကျောက်မြောင်း ၁၀၀၀ိ/

၁၁၃။ ဒေါ်ခင်မေ မိသားစု ၁၀၉၁၊ သုဓမ္မာ ၅-လမ်း၊ မ/ဥ ၁၀၀၀ိ/

၁၁၄။ ဦးသန်းအောင်+ဒေါ်လှမြင့် မိသားစု
၁၁၄၊ ရေကျော်ဘုတာရုံလမ်း၊ ၈-ရပ်ကွက်၊ ကမ္ဘာအေး ၁၀၀၀ိ/

၁၁၅။ ဦးဇော်ဦး+ဒေါ်ခင်သန်းငွေ မိသားစု ၁၀၀၀ိ/

၁၁၆။ ဦးရန်လင်းအောင်+ဒေါ်စိုးစိုးငွေ မိသားစု ၁၀၀၀ိ/

| | |
|---|---|
| ၁၁၇။ ဒုတိယဗိုလ်မှူးကြီးမင်းဆော်+ဒေါ်တင်တင်အေး | |
| ဥ/ဘိ၊ မိုးကောင်းဝင်း အလှူ | ၁၀၀၀/ |
| ၁၁၈။ မောင်အေးချမ်းသိုက် ပြည်တော်အေး | ၁၀၀၀/ |
| ၁၁၉။ မဝင်းမြတ်မွန်၊ ကျောက်မြောင်း | ၅၀၀/ |
| ၁၂၀။ မကေသီထွန်း၊ ကျောက်မြောင်း | ၅၀၀/ |
| ၁၂၁။ မောင်ကျော်ဇင်ဇင်၊ ကျောက်မြောင်း | ၅၀၀/ |
| ၁၂၂။ ဦးအေးမင်းစိုး+ဒေါ်ခင်နီလာလတ်၊ ကျောက်မြောင်း | ၅၀၀/ |
| ၁၂၃။ ကောင်းမြတ်မင်းဆော် အလှူ | ၅၀၀/ |
| ၁၂၄။ မမြင့်မြင့်မော် အလှူ | ၅၀၀/ |
| ၁၂၅။ မောင်သက်ညီညီ အနောက်မြင်းပြိုင်ကွင်း၊ ဗဟန်း | ၅၀၀/ |
| ၁၂၆။ မောင်ဝေယံမင်းဆော် ၊ ကျောက်မြောင်း | ၅၀၀/ |



ကျေးဇူးတော်ရှင် ဥပဇ္ဈာယ်ဖြစ်တော်မူသော
အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ အဓိပတိ
မဟာနာယကဘဒ္ဒန္တဇနကာဘိဝံသ ကျမ်းပြုအကျော်ဆရာတော်
ဘုရားကြီး၏ " တရားဟောရာမှာ မိမိစိတ်ဝင်စားသည့်
အကြောင်းအရာများကို မိမိရားသည့်သလိုရားသည်ပါစေ
ဟူသော စေတနာဖြင့် ဟောပါ " ဆိုသောဩဝါဒကြားချက်
နှင့်အညီ ဟောကြားပေးခဲ့သဖြင့် ပရိသတ်အများ
စိတ်ပါဝင်စား နှစ်ခြိုက်ကြသည်ဟု ယူဆပါသည်။